www.burmeseclassic.com

SHWE THAMIEE PUBLISHING HOUSE

# hand

လုံးချင်းဝတ္ထုသစ်

## သုဝေ

T h u w a y

www.burmeseclassic.com

www.burmeseclassic.com

သားသား စိစဥ်၍

ရွှေသမီးစာပေမှ
တင်ဆက်သည်။

အကြိမ်
ပထမအကြိမ်

ထုတ်ဝေသူ
ဦးတင်ကိုကို (ရွှေသမီးစာပေ)
အမှတ်-၁၂၅၊ ၃၉ လမ်း ကျောက်တံတား ရန်ကုန်။

ပုံနှိပ်သူ
Grace Printing House

စာအုပ်ချုပ်
ရွှေသမီး
အဆင့်မြင့်စာအုပ်ချုပ်လုပ်ငန်း

ပုံနှိပ်ခြင်း
၂၀၁၅ ခုနှစ် ၊ ဒွန်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၁၅၀၀ ကျပ်

၈၉၅.၈၃

( ဟန်း ) သူဝေး ၊ ရန်ကုန်၊
ရွှေသမီးစာပေ၊ ၂၀၁၅

…၊ ၁၃.၅ စင်တီ။ (၁) ဟန်း

# ဟန်း

www.burmeseclassic.com

www.burmeseclassic.com

ဟန်း

ကြာ့ဝတ္ထုဇာတ်လမ်းအတွင်းမှ ဇာတ်ကောင်နှင့် အသွင်သဏ္ဍာန်တူညီနေသူများ ဒေသတစ်နေရာရာတွင် တကယ်တည်ရှိနေခဲ့ပါလျှင် အထူး ပင် တောင်းပန်အပ်ပါသည်။ မည်သူ့ကိုမျှ ရည်ရွယ်ရေးသားခြင်း မဟုတ်ပါကြောင်း ပြောလိုပါသည်။

⁂

လေးစားခြင်းအားဖြင့်
**သူဝေး**



www.burmeseclassic.com

www.burmeseclassic.com

## (1)

"ထွက်သွား"

"ကျက်သရေမရှိတဲ့ နာနာဘာဝ ထွက်သွား"

"ငရဲကောင် . . . အမျိုးယုတ်"

"မီးနဲ့ရှို့ပစ်ကြမယ်ဟေ့"

"ထွက်သွားကြစမ်းပါ။ ငါတို့ကို ဒုက္ခမပေးပါနဲ့"

". . . . ."

". . . . ."

အော်ဆဲ နှင်ထုတ်နေကြတယ်။

လူတစ်စု အိမ်ကလေးတစ်လုံးရှေ့မှာ စုဝေးပြီး အဲဒီအိမ်ကလေးကို ခဲလုံးတွေ၊ တုတ်ချောင်းတွေ၊ ပြောင်းဖူးရိုးတွေ၊ ပုပ်ပွနံစော်နေတဲ့ ဟင်းသီးဟင်းရွက်တွေနဲ့ ပစ်ပေါက်နေကြတယ်။

အဲဒီလူတစ်စုထဲမှာ ကျွန်တော် မပါပါဘူး။

ဘာလို့လဲဆိုတော့ ကျွန်တော်က သူတို့ပစ်ပေါက်နေတဲ့ အိမ်ကလေးထဲမှာ ရှိနေခဲ့လို့ပေါ့။

ᄌ ᄌ ᄌ



ဒေါ်လေးကတော့ တရှိုက်ရှိုက် ငိုရင်းနဲ့ပဲ အသုံးတည့်မယ့် ပစ္စည်းတွေကို ရွေးချယ်ပြီး အိတ်ထဲ ထည့်နေပါတယ်။ မနက်စောစောမှာပဲ ထွက်ခွာနိုင်ဖို့အတွက် ကျွန်တော်တို့ ပြင်ဆင်ရပါလိမ့်မယ်။ ငွေအဖြစ် ပြောင်းလဲလို့ရမယ့် (ရောင်းစားလို့ရမယ့်) ပစ္စည်းအချို့နဲ့ အမှတ်တရ ပစ္စအချို့ကိုပဲ ယူခဲ့ရတော့မှာပဲလို့ သူ့ဘာသာသူ တစ်ယောက်တည်း ပြောနေတယ်။

အိမ်သေးသေးလေးထဲမှာ ပစ္စည်းလေးတွေ ရှုပ်ပွလို့ပေါ့။ ကျွန်တော့်အဖေနဲ့ အမေတွဲရိုက်ထားတဲ့ ဓာတ်ပုံကို သူ ဂရုတစိုက်နဲ့ ထုတ်ပြီး အိတ်ထဲ ထည့်ရှာတယ်။ မိုးကာသားနဲ့ ချုပ်ထားတဲ့ အိတ်ကြီးသုံးလုံးလောက်ရှိတော့မှ အဲဒီလို ပစ္စည်းထည့်တာကို သူရပ်လိုက်တယ်။ သူ ချန်ရစ်ရတော့မယ့် ပစ္စည်းတွေကိုလည်း နှမြောဝမ်းနည်းစွာ ကြည့်နေပါသေးတယ်။

ကျွန်တော်က ဒေါ်လေးမြင်ကွင်းနဲ့ လွဲနေအောင် မျက်နှာကို ဟိုဒီကြည့်နေရတယ်။ နောက်တော့ ဒေါ်လေးဟာ ပစ္စည်းအပြည့်နဲ့ မိုးကာအိတ်ကြီးသုံးလုံးကို သူတစ်ယောက်တည်း သယ်ဖို့ကြိုးစားပါတယ်။ အားမတန်မှန်း သိလျက်နဲ့ သူ အတင်းလုပ်ပါတယ်။ မရပါဘူး။ လက်ထဲကနေ အိတ်တွေ လွတ်ကျတယ်။ သူ ထပ်ကြိုးစားတယ်။ မရပါဘူး။ သူ နှုတ်ခမ်းကို ကိုက်ပြီး အကြိမ်ကြိမ် ကြိုးစားတယ်။ မရပါဘူး။ နောက်



www.burmeseclassic.com

www.burmeseclassic.com

ဆုံးတစ်ခေါက်မှာတော့ သူ ခါးညွတ်ပြီးတောင် လဲကျသွားပါတယ်။ ကျွန်တော်လည်း ဘယ်လိုမှ မနေနိုင်တော့ဘဲ မိုးကာအိတ်တွေကို ကူသယ်ဖို့ ပြင်လိုက်ပါတယ်။

"မထိနဲ့ . . . နင့်လက်နဲ့ ငါ့ပစ္စည်းတွေကို မထိနဲ့။ နင့်လက်နဲ့ ဘာကိုမှ မထိနဲ့"

ရှုံ့သွပ်နေတဲ့ အရိုင်းအစိုင်းတစ်ကောင်လို ဒေါ်လေးက ရှုးရှုး ရဲရဲ အော်နေပါတယ်။ နောက်ပြီး သူငိုတယ်။ ဘယ်တော့မှ မပြီးဆုံးတော့မယ့် ဝမ်းနည်းမှုမျိုးနဲ့ကို သူ ငိုနေတော့တယ်။

"ညီမလေးရေ . . . မင်းကတော့ ငါ ဒီလိုဖြစ်နေတာတွေ မမြင်နိုင်တော့ဘူးပေါ့"

ဆုံးပါးသွားပြီဖြစ်တဲ့ သူ့တစ်ဦးတည်းသော ညီမလေးကိုလည်း တိုင်တည်သေးတယ်။ သူ့ညီမဆိုတာ ကျွန်တော့်အမေပါ။ သူ ဒီလိုဖြစ်တာကို ကျွန်တော် မနှစ်သိမ့်နိုင်ပါဘူး။ တကယ်လို့များ ကျွန်တော်ဟာ အခုချိန်မှာ သူ့ရဲ့ပခုံးလေးကို ကိုင်ပြီး အားပေးလိုက်မယ်ဆိုရင် သူ့ကို သတ်တာနဲ့တောင် တူသွားပါလိမ့်မယ်။

ပြတင်းပေါက်ကလေးနား သွားပြီး ကျွန်တော် အဝေးငေးနေလိုက်ပါတယ်။ ကြယ်တွေ အရောင်ဖျော့လာပြီ။ လေညင်းထဲမှာလည်း အအေးဓာတ်တွေ လျော့နည်းလာပြီ။ ပုန်းလျှိုးပြီး နေထိုင်တတ်တဲ့ ပိုးကောင်ကလေးတွေရဲ့ အော်သံကိုလည်း မကြားရတော့ဘူး။ မကြာခင် မိုးလင်းတော့မှာပဲ။

ဒေါ်လေးဟာ အကြာကြီးငိုရလို့ မောသွားတယ် ထင်ပါရဲ့။ မိုးကာအိတ်ကြီးတွေပေါ် ခေါင်းတင်ပြီး တမှေး အိပ်ပျော်သွားသေးတယ်။ ဒေါ်လေး ပင်ပန်းနေမှန်း ကျွန်တော်သိပါတယ်။ ဒီနှစ်ပိုင်းအတွင်း သူ့လောက်ပင်ပန်းမယ့်သူ ကမ္ဘာပေါ်မှာ ရှိလိမ့်မယ်လို့တောင် မထင်ပါဘူး။ သူ တကယ်ပဲ ကံဆိုးခဲ့သူပါ။ ကျွန်တော်နဲ့ ဆွေမျိုးအဖြစ် အတူနေထိုင်နေရတာက သူ့အတွက် တကယ့် အမှောင်ငရဲပါပဲ။ ရွာသားတွေရဲ့ ငြိုငြင်



ဖယ်ကျဉ်မှုကို ကျွန်တော်နဲ့ အတူခံရတယ်။ သူ့မှာ အပြစ်လုံးဝမရှိဘဲနဲ့ အကျဉ်းသားတစ်ယောက်လို ဒဏ်ခတ်ခံနေရတယ်။ ဘယ်အချိန်မှာမှ သူ ဒီဒုက္ခတွေက လွတ်မြောက်မလဲ။ ကျွန်တော် သေမှလား။ ဒါမှမဟုတ် သူသေမှလား။ တစ်ယောက်ယောက်သေမှ အဆင်ပြေမယ့် ပြဿနာမျိုးတွေ ဒီလောကမှာ ဘယ်လောက်တောင် များများပြားပြား ရှိသလဲ။ တကယ်တော့ အဲဒီမေးခွန်းအတွက် အဖြေရှိရင် ကျွန်တော် မသိချင်ပါဘူး။

ဟိုး . . . ရွာနဲ့ မလှမ်းမကမ်းက တောင်တန်းမည်းမည်းကြီးတွေကို လူထွားကြီးတစ်ယောက်လို မြင်တယ်။ ဒါ ကျွန်တော် နောက်ဆုံး မြင်ခွင့်ရသွားတဲ့ ရွာရဲ့ ရှုခင်းလည်း ဖြစ်နိုင်တယ်။ မနက်ဖြန်ဆိုရင် ဟင့်အင်း . . . မဟုတ်ဘူး . . . မဟုတ်ဘူး . . . နောက်ထပ် မကြာခင် နာရီပိုင်းလောက်ဆိုရင် ကျွန်တော်တို့ နှုတ်ဆက်သူမဲ့စွာ ထွက်သွားရတော့မှာ။ နေရောင်ခြည်ထွက်လာတာနဲ့ ကျွန်တော်တို့ ထွက်သွားရတော့မှာ။

မိနစ်အတော်ကြာ အိပ်ပျော်သွားတဲ့ ဒေါ်လေးဟာ ရုတ်ခနဲ နိုးလာတယ်။ သူ အိပ်မက်ထဲမှာတောင် ပျော်ရွှင်မှု မရခဲ့ဘူးထင်ရဲ့။ မိုးကာအိတ်ကြီးတွေကို လက်ထောက်ပြီး သူ ကမန်းကတန်း ထရပ်တယ်။ ပြတင်းပေါက်ကနေ အပြင်ကို ကြည့်တယ်။ သူ မျက်နှာစိုးထိတ်သွားတယ်။ သူဟာ တစ္ဆေသရဲတစ်ကောင်လိုမျိုး မိုးလင်းသွားမှာကို ကြောက်ရွံ့နေတယ်။ တကယ်တော့ မိုးလင်းတဲ့အချိန်မှာ ဒီအိမ်ကနေ မထွက်ခွာနိုင်မှာကို စိုးရိမ်နေတာပါ။

သူ ကျွန်တော့်ကိုမကြည့်ဘဲ ကျွန်တော့်ကိုပြောပါတယ်။ မိုးကာအိတ်ကြီးနှစ်လုံးကို မနိုင်မနင်းနဲ့ မရင်း . . . .

"ငါတို့ မြန်မြန်သွားရမယ်"

တဲ့။ ကျွန်တော်က ကျန်တဲ့ မိုးကာအိတ်ကြီးတစ်လုံးကို မ,သယ်ခဲ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်အပြင်ကိုရောက်တော့ ကျွန်တော်တို့ အကြောင်းသား ငေးကြည့်နေမိသေးတယ်။ အိမ်အပြင်မှာတော့ ခဲလုံးတွေ၊ ကုလားထိုင် အကျိုးအပဲ့တွေ၊ အမှိုက်သရိုက်နဲ့ စားကြွင်းစားကျန်တွေ၊ ခေါင်မိုးပေါ် ကြည့်မိတော့ ဖိနပ်စုတ်တွေနဲ့ တခြား တိုလီမိုလီတွေ အများကြီးပါပဲ။

အရင်နေ့တွေက မြင်ကွင်းများစွာကိုလည်း အလိုလို ပြန်မြင်မိလာတယ်။ ရွာသားတွေဟာ သုံးရက်ဆက်တိုက် ကျွန်တော်တို့အိမ်ကို ခဲတွေ၊ အညစ်အကြေးတွေနဲ့ ပစ်ပေါက်ခဲ့ကြပါတယ်။ အမှိုက်သရိုက်၊ အပုပ်အပွတွေကိုလည်း အိမ်ရှေ့တည့်တည့် လာစွန့်ပစ်ကြတယ်။ ညစ်ညမ်းတဲ့စကားလုံးတွေနဲ့ ဆူညံအောင် ဆဲဆိုကြတယ်။ စုန်းပညာတတ်တဲ့သူတစ်ယောက်ကို နှင်ထုတ်သလိုမျိုး သူတို့ ပြုမူကြတယ်။

အဲဒီအချိန်မှာ ကျွန်တော်တို့ကို ကာကွယ်မယ့်သူ ဘယ်သူမှ မရှိဘူး။ ကျွန်တော်တို့ဟာ အိမ်ထဲက မထွက်ရဲခဲ့ပါဘူး။ ဒေါ်လေးကတော့ ပိုးကောင်ကလေးတွေ ဖောက်ထားတဲ့ အိမ်နံရံအပေါက်ထဲကနေ အပြင်က ရွာသားတွေကို ချောင်းကြည့်ခဲ့သေးတယ်။ သုံးရက်လုံးလုံး အိမ်ငယ်ကလေးထဲမှာ ပိတ်လှောင်နေခဲ့ပြီး မုန်လာဥနီတွေကိုသာ ခြိုးခြိုးခြံခြံ စားခဲ့ရတယ်။

တကယ်တော့ မုန်လာဥနီတွေကို နေ့တိုင်းစားသောက်ရအောင် ကျွန်တော်တို့ မနှစ်သက်ခဲ့ပါဘူး။ ဒါပေမဲ့ တခြားရွေးချယ်စရာလည်း မရှိဘူးလေ။ အကယ်၍ အခုသာ ကျွန်တော်တို့ ဒီရွာကနေ ထွက်မသွားခဲ့ဘူးဆိုရင် နောက်တစ်နေ့မနက်မှာ ဒီအိမ်နဲ့အတူ ကျွန်တော်တို့ကိုပါ မီးရှို့ပစ်လိမ့်မလားပဲ။

နောက်ဆုံးမှာတော့ ဒေါ်လေးဟာ ဒီအိမ်၊ ဒီရွာကနေ ထွက်ခွာဖို့ ဆုံးဖြတ်လိုက်ရပါတော့တယ်။



**(2)**

ကိုယ့်အကြောင်းကိုယ် ပြန်မပြောချင်တဲ့ လူတွေရှိတယ်။

ကျွန်တော်က အဲဒီလူတွေထဲက တစ်ယောက်ပေါ့။ ဒါပေမဲ့ ကျွန်တော် လုံးဝမပြောပြချင်တဲ့ အကြောင်းကို အခု နည်းနည်းပြောပြပါ့မယ်။

ဂျူးလီးယက်ဆီဇာက ဓားကို လက်နဲ့ကိုင်မှာပါ။ ဂျေ-အက်ဖ်-မီလက်ကလည်း 'ကောက်သင်းကောက်သူများ' ပန်းချီကားကို လက်နဲ့ဆွဲမှာပဲ။ လောင်းဖဲလိုးက 'ဟိုင်ယာဝါသာ' ကို လက်နဲ့ရေးမှာ သေချာပါတယ်။ ဆော့ခရေးတီးကလည်း သူ မော့သောက်မယ့် အဆိပ်ခွက်ကို လက်နဲ့ကိုင်မှာပါပဲ။ အိုင်းစတိုင်းလည်း ဒီလိုပဲပေါ့။ အီကွေးရှင်းတစ်ခုကို လက်နဲ့ရေးလိမ့်မယ်။ ငှက်ကလေးတွေကတော့ လက်နှစ်ဖက် . . . အင်း . . . တောင်ပံတွေကိုပေါ့ ဆန့်တန်းပြီး ပျံသန်းကြရတယ်။

လက်မရှိရင် လက်ပတ်နာရီ ပတ်လို့မရဘူး။ လက်သည်းနီဆိုးလို့မရဘူး။ စိုက်ခင်းထဲမှာ အာလူးတူးလို့ မရဘူး။ ချစ်သူမေးဖျားလေးကို ကိုင်လို့မရဘူး။ လက်ဝှေ့ထိုးဖို့ မဖြစ်နိုင်တော့ဘူး။ ငိုးသမားလည်း လုပ်မရဘူး။ သေနတ်ပစ်ဖို့လည်း သိပ်ခက်ခဲသွားပြီ။ အားလုံး



www.burmeseclassic.com

www.burmeseclassic.com

ထက် အဆိုးဆုံးကတော့ အညစ်အကြေး စွန့်ပြီးရင်တောင် သန့်ရှင်းဖို့ အတွက် သူတစ်ပါးအကူအညီ ယူရတော့မှာပဲ။ လက်တွေက လူတစ် ယောက်အတွက် သိပ်ကို အရေးကြီးတယ်ဆိုတာကို လက်ရှိတဲ့လူတွေ ကော၊ လက်မရှိတဲ့လူတွေကောက သိကြမှာပါ။

ကျွန်တော်ကတော့ လက်တွေအကြောင်းတွေးရင် လက်တွေ တုန်လာပါတယ်။ အဲဒီလို လက်တွေတုန်ရာကနေ တစ်ကိုယ်လုံးတုန် လာပြီး . . .

"အား . . . "

လို့ အသံနက်ကြီးနဲ့ အော်ဟစ်ပစ်တတ်တော့တာပဲ။ လက်တွေ နဲ့ ပတ်သက်ရင် ကျွန်တော် နာကျင်ပြီး စိတ်လွတ်သွားတတ်သူပါ။ လက် တွေအကြောင်း တွေးလိုက်တာနဲ့ ကိုယ့်လက်တွေက ကိုယ့်လည်ပင်း ကိုယ် လာညစ်တော့မတတ် ခံစားရတာ ကျွန်တော်ပါ။

ဘာကြောင့်လဲ။ ဘာကြောင့်လဲ ခင်ဗျားတို့ သိချင်မှာပဲ။

ကျွန်တော် ဖြည်းဖြည်းချင်း ပြောပြသွားပါ့မယ်ဗျာ။



အသက်လေးဆယ်အရွယ် မိန်းမတစ်ယောက်နဲ့ အသက် ဆယ့် တစ်နှစ်အရွယ် ကောင်ကလေးတစ်ယောက်တို့ဟာ ဝေးလံခေါင်ဖျားတဲ့ နယ်ပုဒ်ရွာကနေတစ်ဆင့် တဖိတ်ဖိတ်လက် ခမ်းနားတဲ့ မြို့ပြကြီးတစ်မြို့ ဆီ တစ်နေ့ ရောက်ရှိလာလိမ့်မယ်လို့ ကြိုတင် ထင်မထားခဲ့ကြပါဘူး။

အဲဒီ အသက်လေးဆယ်အရွယ် မိန်းမဟာ ဒေါ်လေးဖြစ်ပြီး အသက် ဆယ့်တစ်နှစ်အရွယ်ကောင်လေးတစ်ယောက်ဟာ ကျွန်တော် ပါပဲ။ ကျွန်တော်တို့ တကယ် ဒီလိုမြို့ကြီးဆီ ရောက်ရှိရလိမ့်မယ်လို့ လုံးဝ လုံးဝ လုံးဝ ထင်မထားခဲ့ဖူးဘူး။ ကမ္ဘာကြီးကျယ်ဝန်းကြောင်း အခုမှ တော်ပင်းသိရတော့တယ်။

မြင့်မားတဲ့တိုက်တွေဟာ လူတွေတည်ဆောက်ထားတဲ့ အရာ တွေမှ ဟုတ်ပါရဲ့လားလို့ မော့ကြည့်ရင်း သံသယဝင်နေမိတယ်။ တန်းစီ တိတ်ဆို့နေတဲ့ ယာဉ်တွေကို အပေါ်စီးကကြည့်ရင် သိပ္ပံနဂါးတစ်ကောင် နဲ့ တူနေမလားပဲ။ နေအိမ်တချို့ထက်တောင် ကြီးမားနိုင်တဲ့ (Pepsi)အချို ရည် ကြော်ငြာဆိုင်းဘုတ်ကြီးအောက် ဖြတ်လျှောက်ရတာ ရင်ဖိုလိုက် တာ။

ငှက်တွေကလည်း သူတို့နားခိုဖို့ သစ်ကိုင်းစိမ်းစိမ်းလေးတွေ ဆီ တပင်တပန်း လိုက်ရှာနေရတယ်။ စက်ရုံတွေကလည်း ပူးကပ်ပြည့်

www.burmeseclassic.com

ကြပ်လို့။ အဲဒီ စက်ရုံတွေကနေ မိုးသားထက်ကို ဆန့်တက်သွားတဲ့ မီးခိုးလုံးကြီးတွေက နတ်ဆိုးရဲ့ ညှော်ခန်းစားပွဲမှာ အလှထိုးတဲ့ ပန်းပွင့်အိုကြီးတွေလိုပဲ။ လူတွေ ရဲ့ စကားသံတွေထက် စက်တွေရဲ့ အော်ဟစ်သံတွေက ပိုဆူညံတယ်။

ကုဗအစိုင်အခဲ ရှုခင်းတွေဟာ မြို့ပြရဲ့ သင်္ကေတပေါ့။ ကျွန်တော်နဲ့ ဒေါ်လေးဟာ စိတ်ညစ်စရာတွေကိုတောင် ခဏမေ့ပြီး မြင်မြင်သမျှမှာ ငေးမောနေမိပါသေးတယ်။ မြို့ပြမြင်ကွင်းမှာ နစ်ဝင်ရင်း ရွာမှာချန်ခဲ့ရတဲ့ ဂေါ်ဖီစိုက်ခင်းကြီးတွေကိုတောင် လွမ်းသလိုလို ဖြစ်မိသေးတယ်။ ထားပါတော့ . . . အဲ့ဒါတွေ . . . ။

မြို့ကိုရောက်ပြီး ကျွန်တော်တို့ ပထမဆုံး ကံကောင်းခဲ့တာက နေထိုင်ဖို့ အိမ်တစ်လုံးကို အခက်အခဲနည်းစွာနဲ့ ရှာတွေ့ခဲ့တာပဲ။ မြို့စွန်က ဆင်ခြေဖုံးရပ်ကွက်တစ်ခုမှာ ကျွန်တော်တို့ အိမ်ငှားလို့ ရခဲ့ပါတယ်။

အိမ်ဆိုတာထက် ဂိုဒေါင်အသေးလေးနဲ့ ပိုတူနေပါတယ်။ ခေါင်မိုးကလည်း ဝင်ခါနီးနေလို ခုံးခုံးကလေး ဖြစ်နေသေးတယ်။ လေလုံမိုးလုံ ရှိပေမယ့် အနံ့အသက် ဆိုးလှပါတယ်။ ကုန်ပစ္စည်းတစ်မျိုးကို လအတန်ကြာအောင် လှောင်ထားခဲ့လို့ထင်တယ်။ နေ့ဘက် အလင်းသိပ်ရပုံ မပေါ်လို့ ဒေါ်လေးက . . .

"ကျွန်မကတော့ ပြတင်းအသစ် ထပ်ဖောက်ချင်တယ်"

လို့ အိမ်ပိုင်ရှင်ဦးလေးကြီးကို ပြောပါတယ်။ ဦးလေးကြီးကလည်း ပြေပြေလည်လည်ပဲ။

"ခင်ဗျား အဆင်ပြေသလိုလုပ်ပါ"

တဲ့။ ဦးလေးကြီးက သဘောကောင်းတဲ့ မျက်နှာပေါက်နဲ့ပါ။ ဒေါ်လေးနဲ့ အိမ်ရှင်ဦးလေးကြီး အိမ်ငှားစာချုပ် ညှိနေကြပါတယ်။ ကျွန်တော်ကတော့ အနောက်ဘက်အခန်းထဲ လှျောက်ကြည့်နေလိုက်တယ်။ အနောက်ထဲ ရှည်ဝင်သွားတဲ့ အိမ်တစ်လုံးပေါ့။ မီးဖိုခန်းအပြင် အခန်းခွဲနှစ်ခု အပိုပါတယ်။ ညှော်ခန်းကတော့ ခပ်ကျယ်ကျယ် ဖြစ်နေပါတယ်။

အိပ်ခန်းထဲက မျက်နှာကျက်တွေကတော့ ကွာကျနေပါပြီ။ ကြွက်တွေ ဖလူးဖလဲ ဖြတ်ပြေးသွားသံကိုလည်း ကြားရသေးတယ်။ ကျွန်တော် ဒေါ်လေးအနား ပြန်ရောက်လာတော့ . . .

"မိုးရွာရင်တော့ နည်းနည်းစိုးရိမ်ရတယ်"

လို့ အိမ်ရှင်ဦးလေးကြီးက ပြောတယ်။

"ခေါင်မိုး မလုံလို့လား"

"ခေါင်မိုးမလုံလို့ မဟုတ်ပါဘူး။ ဒီရပ်ကွက်က မြေနိမ့်ပိုင်းမို့လို့ ရေဝင်တယ်"

လို့ အိမ်ရှင်ဦးလေးကြီးက ဒေါ်လေးကိုကြည့်ပြီး ပြောတယ်။ ကျွန်တော် အိမ်ပေါက်ဝအနားသွားပြီး အိမ်ခေါင်မိုးအစွန်းက ငှက်အိမ်သေးသေးလေးကို မော့ကြည့်နေမိတယ်။ တစ်အိမ်လုံးမှာ ကျွန်တော်နှစ်သက်တာ ဒီငှက်အိမ်ကလေးပဲ ရှိသေးတယ်။ ငှက်တွေတော့ မရှိဘူးထင်တယ်။ ဘာသံမှ မကြားရဘူး။ အပြင် ခဏသွားတာလည်း ဖြစ်ရင်ဖြစ်မှာပေါ့။

အိမ်ရှင်ဦးလေးကြီးက ပြန်ခါနီး ကျွန်တော့်ကျောကုန်းကို ပုတ်ပြီး ပြောသွားသေးတယ်။

"ခါးကုန်းလေးရေ . . . မင်း ဒီအိမ်မှာ နေရင်းနဲ့ ပျော်သွားမှာပါ"

တဲ့။ ကျွန်တော်က ရုတ်တရက် ကြောင်သွားတယ်။ ဒေါ်လေးကလည်း ရုတ်ခနဲ အိမ်ရှင်ဦးလေးကြီးကို ကြည့်လိုက်တယ်။ ဦးလေးကြီးကလည်း သူ့စကား တစ်ခုခုမှားသွားပြီမှန်း သိလိုက်တယ်။

"ရှင် သူ့ကို ခါးကုန်းလေးလို့ မခေါ်ပါနဲ့။ ပြီးတော့ ရှင် သူ့ကျောကုန်းကိုလည်း လက်နဲ့ ဟိုပုတ်ဒီပုတ် မပုတ်ပါနဲ့"

"ဩော် . . . ဟုတ်ကဲ့၊ တောင်းပန်ပါတယ်"

ဒေါ်လေးရဲ့ စူးရှရှစကားမှာ သူ ငိုက်ကျသွားတယ်။ ပြီးတော့ အားနာယဲ့တဲ့ မျက်နှာနဲ့ပဲ ပြန်သွားရှာပါတယ်။ ကျွန်တော်က ခါးကုန်း

www.burmeseclassic.com

www.burmeseclassic.com

လေး မဟုတ်ပါဘူး။ ကျောကုန်းက ဖောင်းနေလို့ ခါးကကုန်းသလို ဖြစ်နေတာပါ။ ဒါပေမဲ့ ကျွန်တော်ဟာ ကျောကုန်းဖောင်းနေတဲ့သူလည်း မဟုတ်ပါဘူး။

နားရှုပ်သွားကြပြီ ထင်တယ်။ ကျွန်တော် ဖြည်းဖြည်းချင်း ပြောပြသွားပါ့မယ်ဗျာ။

ဒေါ်လေးက အိမ်ထဲက မီးကြိုးတွေကို လိုက်ကြည့်ပြီး အလိုမကျ ဖြစ်နေတယ်။ အလုပ်ကတော့ မြန်မြန်ရှာရမှာပဲလို့ သူ့ဘာသာသူ တစ်ယောက်တည်း ပြောနေသေးတယ်။ ဒေါ်လေးက အဲ့ဒီလို အသံထွက်ပြီး ရေရွတ်တတ်တဲ့ အကျင့်ရှိတယ်လေ။

ဒီလိုနဲ့ ကျွန်တော်တို့ ဒီအိမ်မှာ နေခဲ့ကြတယ်။ ပထမ သုံးလေးရက်မှာ ညညတွေ ကျွန်တော် အိပ်မရဘူး။ အိပ်တဲ့နေရာ အပြောင်းအလဲ ဖြစ်လို့လည်း နေမှာပါ။ အိပ်ခန်းနှစ်ခန်း ရှိတဲ့အနက် ကျွန်တော်နဲ့ ဒေါ်လေးက တစ်ယောက်တစ်ခန်း နေကြတယ်။ ညတွေ တော်တော်နဲ့ အိပ်မရတော့ ကျွန်တော် အိမ်ရှေ့တံခါးပေါက်မှာပဲ ထိုင်နေလိုက်တယ်။ ငှက်အိမ်ကလေးတွေကိုပဲဖြစ်ဖြစ်၊ ဟိုဘက်အိမ်ရှေ့က ခြံထဲမှာ စုပုံထားတဲ့ ကားဘီးတာယာကြီးတွေကိုပဲဖြစ်ဖြစ်၊ အဝေးက ကြယ်တွေကိုပဲဖြစ်ဖြစ် ကြည့်နေလိုက်တာပဲ။

ဒါပေမဲ့ မြို့ပြကောင်းကင်ကြီးဟာ ကျဉ်းမြောင်းတယ်လို့ ကျွန်တော် ထင်မိတယ်။ ကြယ်တွေကိုကြည့်တော့ မြင့်မားတဲ့ တိုက်တာတွေဆီက မမှိတ်သေးတဲ့ မီးရောင်တွေက အနှောင့်အယှက်ဖြစ်စေတယ်။ ကျွန်တော်တို့ရဲ့ ဂိုဒေါင်သဏ္ဌာန်အိမ်ကလေးရဲ့ရှေ့မှာ မော်တော်ကားတစ်စီး ရှေ့တိုးနောက်ဆုတ်လုပ်လို့ရတဲ့ မြေကွက်ကလေးရှိတယ်။ အဲဒီ မြေကွက်ကလေးမှာပဲ ကျွန်တော် ခေါက်တုံ့ခေါက်ပြန်လျှောက်ပြီး အချိန်တွေကို ဖြုန်းတီးနေလိုက်တယ်။ ဆွေးဟောင်းနေတဲ့ သစ်သားချောင်းတွေနဲ့ ယိုင်နဲ့နဲ့ ကာရံထားတဲ့ စည်းရိုးလေးကိုကိုင်ပြီး အပြင်က လမ်းဘက်ကိုလည်း ငေးကြည့်နေမိသေးတယ်။ အဲဒီလမ်းတစ်လျှောက် ဘာတွေရှိမလဲ။ ဒီ



ညဘက်လမ်းက ရှုခင်းတွေကိုတော့ ကျွန်တော် တစ်ခါမြင်ဖူးပြီးသားပါ။ ဒီအိမ်ကိုစလာတုန်းက Taxi ပေါ်ကနေ ကျွန်တော် မြင်ဖူးခဲ့တာလေ။ ဒီအိမ်ရောက်ပြီးကတည်းက ကျွန်တော် အပြင်မထွက်ဖြစ်တော့ဘူး။ အပြင်မှာ လူတွေအများကြီးရှိတယ်။ လူများတဲ့နေရာကို သွားတာဟာ ကိုယ့်ကိုယ်ကိုယ် ငရဲတွင်းထဲ ဝတ်လစ်စလစ် ခုန်ချလိုက်တာနဲ့ အတူတူပါပဲ။

စိတ်ကိုဖွင့်ပြီး ပြောရရင်တော့ ကျွန်တော် တကယ့်ကို အိမ်အပြင်လောကကြီးဆီ သွားချင်တာပေါ့။ ဒီမြို့က ကျွန်တော်နဲ့ ရွယ်တူကလေးတွေဟာ ဘာတွေလုပ်တတ်ကြသလဲ။ ဘယ်လိုအဝတ်အစားတွေကို ဝတ်ကြသလဲ။ စားစရာ သွားရည်စာ အဆန်းအပြားတွေ စားတတ်ကြမှာပဲနော်။ အရောင်းဆိုင်တွေ ဘယ်လောက်အများကြီး ရှိသလဲ။ မိတ်ဆွေအချင်းချင်းတွေ့ကြရင် ဘယ်လိုစကားတွေနဲ့ နှုတ်ဆက်ကြသလဲ။ လူကြီးတော်တော်များများကကော အိမ်ပိုင်ရှင်ဦးလေးကြီးလို သဘောကောင်းတတ်ကြသလား။ အင်း . . . သူကလည်း ကျွန်တော့်ကို ခပ်ဆန်းဆန်းဖြစ်နေတဲ့ လူတစ်ယောက်မှန်း မသိသေးလို့ သဘောကောင်းပြနေတာ နေမှာပါ။

ဒီလိုနဲ့ ကျွန်တော်တို့ ဒီအိမ်မှာနေလာခဲ့တာ (၁၀) ရက်ကျော်သွားခဲ့ပါပြီ။ ကျွန်တော် အိမ်ထဲက အိမ်ပြင်မထွက်မိအောင် ထိန်းချုပ်ထားဆဲပါပဲ။ ဒေါ်လေးကတော့ အလုပ်တစ်ခုကို အပူတပြင်း လိုက်ရှာနေတယ်။ စက်ရုံတစ်ခုထဲမှာ သူ အလုပ်ရလိုက်သေးတယ်။ အဲဒီက ဓာတ်ငွေ့အနံ့တွေကို မခံနိုင်လို့ သူ နောက်ရက်မှာပဲ အဲဒီအလုပ်က ထွက်လိုက်တယ်။

အဲဒီနေ့က အလုပ်ဆင်းပြီး အိမ်ပြန်လာတဲ့ ဒေါ်လေးပုံစံက လောင်မီးကျနေတဲ့ တောထဲက ထွက်ပြေးလွတ်မြောက်လာတဲ့ သေလုမျောပါး တိရစ္ဆာန်ငယ်လေးတစ်ကောင်လိုပါပဲ။ 'တော်တော်ဆိုးတဲ့ ဓာတ်ငွေ့တွေ ပဲ'လို့ သူပြောသေးတယ်။ ကျွန်တော့်ကို ပြောတာလားတော့ ဘယ်ဟုတ်မလဲ။ ထုံးစံအတိုင်း သူ့ဘာသာသူ ရေရွတ်တာပေါ့။ နောက်တော့



www.burmeseclassic.com

www.burmeseclassic.com

သူ သတင်းစာတွေ၊ ကြော်ငြာစာတွေထဲမှာ ကြိုးစားရှာပါတယ်။ အခု ထိတော့ ဘာအလုပ်မှ ထပ်မရသေးပါဘူး။ အပြင်ကပြန်လာလို့ အိမ် ရောက်ရင်လည်း သူ့ပစ္စည်းတွေကို နေရာချထားတယ်။ အခုထိကို မိုးကာ အိတ်လေး သုံးလေးအိတ်ထဲက ပစ္စည်းတွေကို စိတ်တိုင်းကျ နေရာမချ နိုင်သေးဘူး ဖြစ်နေတယ်။ ဒေါ်လေးက အဲ့ဒီလို အိမ်မှုကိစ္စတွေကိုလည်း စိတ်ဝင်တစား လုပ်တတ်တယ်။ အင်း . . . သူလုပ်မှ ပြီးမယ့်ကိစ္စတွေ လို့လည်း သူ သိထားလို့ပါ။ ကျွန်တော် ဝင်ကူလို့လည်း မဖြစ်ပါဘူး။ ခင်ဗျားဟာ မိုးမီးလောင်တယ်ဆိုတဲ့ စကားကို ကြားဖူးမှာပေါ့။ အဲ့ဒီ အတိုင်း ပေါ့။

ဒေါ်လေးဟာ တာဝန်ယူစိတ် ပြင်းထန်သူပါ။ ကျွန်တော်နဲ့ ဆွေမျိုးသားချင်းဆိုပေမယ့် သူ ကျွန်တော့်ကို ချစ်ခင်တဲ့စိတ် ရှိမရှိ မသိရ ပါဘူး။ သူ ကျွန်တော် မနှစ်မြို့တာ ဝဋ်ရှိလို့ခံရတာပဲဆိုပြီး သတ်မှတ် ထားတာတွေကိုတော့ ကျွန်တော်သိပါတယ်။ ကျွန်တော့်ကို တစ်လနေ လို့ တစ်ခါ စကားမပြောဘူး။ စားချိန်တန်ရင်တော့ ကျွန်တော်စားဖို့ လာပေးတတ်တယ်။ ဒါမှမဟုတ် စားပွဲပေါ်မှာ ပြင်ဆင်ပေးထားတတ် တယ်။ နဂိုကလည်း အေးပြီး ငြိမ်တဲ့သူပါ။ ကျွန်တော့်ကြောင့် စိတ်ဒဏ် ရာတွေရပြီး ပိုအေးစက်လာပါတယ်။ ဒါပေမဲ့ အခုထိ ကျွန်တော့်ကို ငြိုငြင် လျှက်နဲ့တောင် ရှာဖွေကျွေးမွေးနေသေးတယ်။ အဲ့ဒီအတွက် တစ်ခုတည်း သော အကြောင်းပြချက်ကတော့ သူဟာ သူ့ညီမလေး(ကျွန်တော့်အမေ) ကို သိပ်ပြီး သံယောဇဉ်ကြီးလို့ပါပဲ။

အင်း . . . သူ မြန်မြန်အလုပ်ရဖို့ ကျွန်တော် ဆုတောင်းပါ တယ်။

* * *



အဲ့ဒီဆုတောင်း မြန်မြန်ပြည့်လာလိမ့်မယ်လို့ မထင်ခဲ့ပါဘူး။

ဒါပေမယ့် မကြာခင်ရက်ပိုင်းမှာပဲ ဒေါ်လေးဟာ အိမ်ကို ပျော် ပျော်ရွှင်ရွှင်နဲ့ ပြန်ရောက်လာပါတယ်။ သူ စိတ်ပျော်နေတဲ့ပုံစံက သိပ် သိသာပါတယ်။ သီချင်းတစ်ပုဒ်ကို အသံတိုးတိုးလေးနဲ့ မပြီးဆုံးနိုင် အောင် ဆိုနေတတ်တယ်။ တီးတိုးဆိုတာမို့ ဘာသီချင်းမှန်းလည်း မသိရ ဘူး။ သူ ပျော်နေရင် စားကောင်းသောက်ဖွယ်တစ်ခုခုလည်း လုပ်ကျွေး တတ်ပြီး ကျွန်တော့်ကိုလည်း စကားတွေ ရှာပြောလာတတ်တယ်။ အဲဒီ အချိန် ကျွန်တော် သိချင်တာတွေ မေးလို့ရတတ်တယ်။

"ငါ အလုပ်နှစ်ခုတောင် ရလာခဲ့တယ်"

လို့ ဒေါ်လေး ဝမ်းသာမြူးတူးစွာ ပြောတယ်။ တစ်ခုကတော့ မြို့ထဲက လူစည်ကားတဲ့နေရာတွေမှာ လက်ကမ်းကြော်ငြာစာတွေ လိုက် ဝေရတဲ့ အလုပ်ပါ။ နောက်တစ်ခုကတော့ အိမ်မှာပဲ သက်သောင့်သက် သာ လုပ်နိုင်တဲ့အလုပ်ပါ။ မြို့ထဲက ပင်မင်းဆိုင်ကနေ လျှော်ပြီးသား အဝတ်အစားတွေကိုယူပြီး မီးပူတိုက်ပေးရမယ့် အလုပ်ပေါ့။

'အဲဒီအလုပ်နှစ်ခုနဲ့ဆို ငါတို့ စားလောက်မှာ သေချာတယ်' လို့လည်း ကျေကျေနပ်နပ် ပြောသေးတယ်။ ဒေါ်လေးဆီက မြင့်မားတဲ့ အနာဂတ်တွေနဲ့ ပတ်သက်တဲ့ အစီအစဉ်တွေ စကားလုံးတွေ ကျွန်တော် တစ်ခါမှ မကြားဖူးပါဘူး။ သူဟာ ဒီလို သင့်တင့်တဲ့ နေထိုင်မှုလေးနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com

ကျင့်သားရနေသူလား။ ဒါမှမဟုတ် တကယ်ပဲ ရောင့်ရဲနိုင်စွမ်းတဲ့သူလား။ ကျွန်တော် တွေးရခက်ပါတယ်။

သူ အလုပ်ရပြီဆိုလို့ ကျွန်တော်လည်း အရမ်းပျော်ပါတယ်။ နောက်ပြီး ကျွန်တော်တောင်းဆိုချင်တာ တစ်ခုအတွက်လည်း ချင့်ချိန်နေမိတယ်။ လူတွေက သူတို့ စိတ်ပျော်နေတဲ့အချိန်၊ စိတ်ကောင်းဝင်နေတဲ့အချိန် သူတို့ကို အခွင့်တောင်းတဲ့ ကိစ္စတချို့ကို ခွင့်ပြုတတ်ကြတယ်။ ကျွန်တော် မဝံ့မရဲနဲ့ပဲ ဒေါ်လေးကို ခွင့်တစ်ခုတောင်းလိုက်ပါတယ်။

"ဒေါ်လေး . . . ကျွန်တော် အပြင်ဘက် ခဏလျှောက်ကြည့်ချင်တယ်"

ဒေါ်လေး ခဏငြိမ်သွားတယ်။ တကယ်တော့ ကျွန်တော် ခွင့်မတောင်းဘဲ ခိုးထွက်လို့တော့ ရပါတယ်။ ဒါပေမဲ့ ကျွန်တော် သူ့ကို မလေးမစား မပြုချင်ဘူး။ သူဟာ ကျွန်တော့်ရဲ့ အုပ်ထိန်းသူ၊ ကျွန်တော့်ရဲ့ ဆွေမျိုးလေ။ ကျွန်တော့်အပေါ် ကြီးမားတဲ့ သူ့ကျေးဇူးတရားတွေကို စကားလုံးတွေနဲ့ ဖော်ပြပြောဆိုရမှာ တန်ဖိုးလျော့ပါတယ်။ ဒေါ်လေးက သူ့အင်္ကျီဟောင်းတစ်ခုက ဖဲပွင့်ကလေးတွေရဲ့ အနားစတွေကို ကတ်ကြေးနဲ့ ညှပ်နေရင်း ပြောတယ်။

"သွားပါ . . . အပြင်မှာ မင်း မမြင်ဖူးတာတွေ အများကြီးရှိတယ်။ မင်းလက်တွေကိုတော့ မင်း သတိထားရမယ်"

ကျွန်တော် ဝမ်းသာစွာနဲ့ ပြန်ပြောလိုက်တာပေါ့။

"ဟုတ်ကဲ့"

အဲ့ဒီလို ခွင့်ပြုလိုက်ပေမယ့် ဒေါ်လေးရင်ထဲ စိတ်မကောင်းဖြစ်နေတာ ကျွန်တော် သိပါတယ်။ ကျွန်တော်ကလည်း အိမ်အပြင်မှာ ဘာတွေရှိမလဲဆိုတာကို ပြတင်းပေါက်ကနေ ငေးကြည့်နေရုံလောက်နဲ့ မတင်းတိမ်နိုင်တော့ ခက်တယ်။ အဲဒီနောက် ကျွန်တော်ဟာ အပြင်ထွက်ဖို့ အထူးတလည် ပြင်ဆင်ရပါတော့တယ်။ အင်္ကျီလက်ရှည် ထူထူကြီး တစ်ထည်ကို အပေါ်ကနေ ထပ်ဝတ်လိုက်ရတယ်။ ပြီးတော့ ဖောင်းနေ



တဲ့ ကျောကုန်းဘက်ကိုလည်း လက်နဲ့ စမ်းကြည့်မိသေးတယ်။ အဆင်ပြေပါတယ်လေ။ ကျွန်တော့်ရင်တွေ တဒိတ်ဒိတ်ခုန်နေပါတယ်။ ဆုချီးမြှင့်မယ့် စင်ပေါ်ကို တက်မှာလည်းမဟုတ်၊ အမြင့်က ပြုတ်ကျတော့မှာလည်း မဟုတ်ဘဲနဲ့ ကျွန်တော် ရင်တွေ ခုန်နေပါတယ်။ အိမ်ပေါက်ဝမှာ ဖိနပ်ကြိုးကို ငုံ့ချည်နေတုန်း ဒေါ်လေးက အနားရောက်လာပြီး ပြောသေးတယ်။

"လူရှုပ်တဲ့နေရာကို သွားမိရင်တော့ မင်းရောဂါရော ဒုက္ခရောက်ရမှာကို မမေ့နဲ့"

တဲ့။ ကျွန်တော် အသာခေါင်းညိတ်ပြလိုက်ပါတယ်။

ဒေါ်လေး အိမ်ထဲဝင်သွားတော့ ကျွန်တော် အိမ်အပြင် ထွက်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

## (3)

အိမ်အပြင်ဟာ ချမ်းစီးစီး အေးစက်စက် ဖြစ်နေတယ်။ အိမ်အပြင်ကို ရောက်ရောက်ချင်း ခဲလုံးသေးသေးလေးတစ်လုံးကို ဘာရယ်မဟုတ်ဘဲ ငုံ့ကောက်ခဲ့မိသေးတယ်။ ကျွန်တော်တို့အိမ်နဲ့ ကပ်လျက်က အိမ်ကိုလည်း ဖြတ်သွားရင်းနဲ့ စတင်ကြည့်မိခဲ့တယ်။ အဲ့ဒီအိမ်ထဲမှာ တခြား ဘယ်သူတွေနေလဲ ကျွန်တော် မသိပါဘူး။ ဒါပေမဲ့ အင်မတန် သီချင်းဆိုတတ်တဲ့ လူကြီးတစ်ယောက်ရှိတာတော့ သိတယ်။ သူ ဘာအလုပ်လုပ်လဲတော့ မသိဘူး။ မိုးလင်းကနေ မိုးချုပ်အထိတော့ သီချင်းတွေ ဆိုနေတာပဲ။ အင်း . . . အရက်သမားကြီးလည်း ဖြစ်ချင်ဖြစ်မှာပေါ့။

ကျွန်တော် လမ်းတစ်လျှောက် လျှောက်ကြည့်လာခဲ့ပါတယ်။ ဆင်ခြေဖုံးလမ်းကြားဆိုတော့ အနံ့အသက်တွေ မကောင်းဘူးဗျ။ အမှိုက်သရိုက်တွေလည်း လမ်းဘေးမှာပဲ ဖြစ်သလို ပစ်ထားတာမျိုးတွေလည်း တွေ့ရတယ်။ စည်သွပ်ဘူးခွံတွေကထွက်တဲ့ အနံ့တွေဟာ အဆိုးဆုံးပေါ့။ လမ်းတစ်လျှောက် ဆံသဆိုင်တစ်ဆိုင်ကလွဲလို့ ဘယ်ဆိုင်မှ မတွေ့ခဲ့ရဘူးဗျ။ တွေ့ခဲ့ရတဲ့ဆိုင်ကလည်း သည်မြို့ကြီးနဲ့ နှိုင်းယှဉ်ရင် သေးငယ်



ကျဉ်းမြောင်းလွန်းပါတယ်။ လမ်းပေါ်မှာ သွားနေကြတဲ့ လူတချို့ရှိပါတယ်။ သူတို့က ကျွန်တော့်ကို သတိမထားမိလောက်ပါဘူး။ သတိထားမိတဲ့လူကလည်း သာမာန် လမ်းလျှောက်သူတစ်ယောက်အဖြစ်ပဲ ထင်မိမှာပါ။

ကျွန်တော်တို့ ရပ်ကွက်ကိုကျော်ပြီး အတန်ကြာအောင် လျှောက်လာမှ ဆွဲဆောင်မှုရှိတဲ့ မြင်ကွင်းတွေကို တွေ့ရပါတယ်။ ဥယျာဉ်လေးတစ်ခုကို တွေ့ရတယ်။ ဥယျာဉ်ထဲက သစ်သားခုံလေးတွေကို လှမ်းမြင်ရတယ်။ ကျွန်တော်နဲ့ အနီးဆုံး ဥယျာဉ်အစပ်မှာတော့ ပွင့်ဖတ်ကြီးတဲ့ အဖြူရောင် ပန်းကလေးတွေကို တွေ့ရတယ်။ ဥယျာဉ်စည်းရိုးက မီးတိုင်ကလေးတွေကြောင့် အဲဒီပန်းကလေးတွေကို အသေအချာ တွေ့ရပါတယ်။ မြို့ကြီး ကိုရောက်ပြီး ကျွန်တော် ပထမဆုံးမြင်ရတဲ့ ပန်းပွင့်ကလေးတွေပေါ့။ ပန်းပွင့်ခတ်တွေကူးပြီး ကျွန်တော့်စိတ်တွေ မြူးပျလာခဲ့တယ်။

ဆက်လျှောက်လာတော့ သပ်ရပ်တဲ့ ဈေးဆိုင်တချို့ကိုလည်း တွေ့ရတယ်။ သစ်လုံးကလေးတွေနဲ့ ဆောက်လုပ်ထားတဲ့ ကော်ဖီဆိုင်လေးတစ်ဆိုင်ကိုလည်း တွေ့ရပါတယ်။ သစ်သားပေါပေါနဲ့ လှအောင် ဆောက်လုပ်ထားတဲ့ အဲဒီဆိုင်ကလေးကိုမြင်တော့ ရွာက အိမ်တွေကိုလည်း သတိရမိတယ်။ ကြီးမားတဲ့ ရုံကြီးတစ်ခုကိုလည်း တွေ့ရသေးတယ်။ ရုံကြီးအဝင်ဝနံရံမှာ ကာယဗလတောင့်တင်းတဲ့ လူကြီးတွေရဲ့ပုံတို ကပ်ထားတယ်။ အားကစားရုံကြီး ဖြစ်မယ်လို့ ကျွန်တော်ထင်တယ်။

ကွန်ကရစ်ခင်းထားတဲ့ လမ်းတွေဆီရောက်တော့ လမ်းလျှောက်ရတာ တစ်မျိုးဖြစ်လာတယ်။ ဘတ်စ်ကားမှတ်တိုင်က ထိုင်ခုံလေးတွေမှာ ထိုင်ချင်စရာဖြစ်နေတာနဲ့ ကျွန်တော် ခဏထိုင်ခဲ့သေးတယ်။ သေချာကြည့်တော့ ဒီဘတ်စ်ကားဂိတ်က ကျောင်းကားဂိတ်ဆိုတာ သိလိုက်ရတယ်။ ရှေ့မလှမ်းမကမ်းက အဆောက်အဦတွေက ကျောင်းဆောင်တွေ

www.burmeseclassic.com

ပေါ့။ ကျွန်တော် စိတ်ဝင်စားသွားတယ်။ ကျောင်းနံရံ ဖြူဖြူကြီးဆီ အပြေးသွားလိုက်မိတော့တယ်။ ပြောရင် ယုံပါ့မလား မသိဘူး။ ကျွန်တော် စာရေးတတ်၊ ဖတ်တတ်တဲ့ အကြောင်းကိုလေ။ ကျွန်တော် စာရေးတတ်ဖတ်တတ်အောင် ကျွန်တော့်အသက် ငါးနှစ်၊ ခြောက်နှစ်ကတည်းက ဒေါ်လေးက သင်ပေးခဲ့တာ။ သင်ပေးတာလည်း တစ်ရက်သင်ပြီးရင် တစ်ပတ်ဆယ်ရက်လောက် နားပြန်ရော။ သူက ကျွန်တော့်အပေါ် စိတ်သဘောထားကောင်းကြောင်း ပြချင်တာ မဟုတ်ဘူးလေ။ အဲ့ဒီလိုမှ တစ်လမှ လေးငါးခါ သင်ရလို့ ကျွန်တော်က မေ့မသွားအောင် သင်ပြီးသမျှကို အမြဲပြန်ဖတ်မှတ်နေရသေးတယ်။ ကျွန်တော် စာအုပ်တချို့ စမ်းသပ်ဖတ်ရှုတဲ့အချိန်မှာတော့ ဒေါ်လေးက ကျွန်တော် စာနည်းနည်းတတ်ပြီလို့ ယူဆပြီး ဆက်မသင်တော့ပါဘူး။ ဒေါ်လေးကိုယ်တိုင်ကလည်း အဆင့်မြင့်တဲ့စာတွေ မသင်ခဲ့ရပါဘူး။

ကျွန်တော် အိမ်မှာရှိတဲ့ စာအုပ်နည်းနည်းလေးကိုပဲ ထပ်ခါထပ်ခါ ဖတ်ခဲ့ရပါတယ်။ အိမ်မှာ ဘာစာအုပ်တွေရှိလဲဆိုတာ ပြောဖို့ဆိုရင် ကျွန်တော့်အဖေအကြောင်းကိုလည်း နည်းနည်းပြန်ပြောမှဖြစ်မယ်။ အများကြီးလည်း ပြန်မပြောနိုင်ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်က အဖေ့ကိုလည်း ကောင်းကောင်းမှ မမီလိုက်တာ။ ဒေါ်လေး ပြောကြားချက်အရ တစ်စွန်းတစ်စပဲ သိခဲ့ရတာပါ။ အဖေက စာဖတ်ရတာ သိပ်ဝါသနာကြီးတယ်တဲ့။ တောရွာခေါင်ခိုက်မှာသာ နေပေမယ့် နိုင်ငံရေးနဲ့ စစ်ရေးတွေကိုလည်း ရင်ခုန်တတ်တယ်။

ကျွန်တော် အရွယ်ရောက်လို့ တွေ့ရတဲ့အချိန်မှာတော့ အိမ်မှာ ဗျူးလိယက်ဆီဇာစာအုပ်တွေ များတယ်။ တခြားစာအုပ်တွေတော့ လေးငါးအုပ်ပဲ တွေ့တယ်။ အဖေက စာဖတ်ဝါသနာပါခဲ့ပေမယ့် ကျွန်တော်တို့ ဒေသအနေအထားကြောင့် စာအုပ်တွေတော့ စုမိခဲ့ပုံ မပေါ်ပါဘူး။ ဒီမြို့ကိုပြောင်းလာတော့လည်း အဲ့ဒီစာအုပ်တွေ မသယ်လာခဲ့နိုင်တော့ဘူး။



အခု ကျောင်းကြီးကို လှမ်းမြင်ရတော့ ကျွန်တော့်စိတ်ထဲမှာ တစ်မျိုး ခံစားရတယ်။ ကျောင်းဝန်းတံခါးသံတိုင်ကိုကိုင်ပြီး ကျွန်တော် ကျောင်းထဲ ကြည့်နေလိုက်တယ်။ လရောင်တွေ ဖြာကျနေတဲ့ ကျောင်းဘောလုံးကွင်းကြီးကလည်း ကျယ်ပြန့်လှပနေတယ်။ လရောင်တွေက ကျောင်းဆောင်ခေါင်မိုးတွေကို လင်းကျင်းလှပနေစေတယ်။ ကျွန်တော့်အရွယ်ကလေးတွေ ကျောင်းတက်ကြမှာပဲနော်။ ကျောင်းတက်ရတဲ့ အရသာက ဘယ်လိုလဲ။ သူငယ်ချင်းတွေ အများကြီးရလာမယ်။ အသိပညာတွေ သင်ကြားကြွယ်ဝမယ်။ ကစားကွင်းထဲမှာ ပျော်ရွှင်ရမယ်။ တစ်ချိန်မှာ ထင်ရှားတဲ့ တက္ကသိုလ်တွေဆီ ကူးပြောင်းပြီး ထင်ရှားတဲ့ လူတန်းစားတွေ ဖြစ်ရမယ်။ အဲ့ဒီလိုမျိုးတွေလား။

ကျောင်းဆောင်တွေဟာ ကျွန်တော့်ကို မခံမရပ်ဖြစ်အောင် ဆွဲဆောင်နေတယ်။ ပြီးတော့ ရုက်ချင်းပဲ သိမ်ငယ်အောင် နောက်ပြောင်နေပြန်ပါတယ်။ ခေါင်းကို မြန်မြန်ခါပြီး ကျွန်တော် နောက်တစ်လှမ်းဆုတ်လိုက်တယ်။ မျက်လုံးနဲ့ခြေလှမ်းကို ကျောင်းဆောင်တွေဆီက ခွာခိုင်းလိုက်တယ်။ နောက်ပြီး ရှေ့ဆက်လျှောက်လာခဲ့တယ်။ ဒါပေမဲ့ ကျွန်တော် ရှောင်းတွေကိုတော့ မမြင်နိုင်တော့ပါဘူး။ အာရုံထဲမှာ ကျောင်းတော်ကြီး က ကြီးစိုးနေတယ်။ အာရုံထဲမှာ ကျွန်တော်က ကျောပိုးအိတ် အသစ်တစ်လုံးနဲ့ ဟန်ကျနေတဲ့ ကျောင်းသားလေးတစ်ယောက်ဖြစ်နေပြီး ခုန က ကျောင်းတံခါးကိုတွန်းဖွင့်လို့ သူငယ်ချင်းတွေနာမည် အော်ခေါ်ပြီး ကျောင်းတော်ကြီးဆီ ပြေးနေသလိုမျိုး မြင်ယောင်ခံစားနေမိတယ်။

အာရုံတွေကို လွှဲနိုင်သလောက်လွှဲပြီး ဟိုး . . . အဝေးဆီ ကြည့်လိုက်တယ်။ မြို့အပြင် ခပ်လှမ်းလှမ်းက တောင်ကြီးတစ်လုံးကို တွေ့လိုက်ရတယ်။ ညအမှောင်ကြောင့် တောင်ကြီးရဲ့ အရိပ်ဟာလည်း ညည်းနက်နေတယ်။ မီးရောင်ပျပျလေးတောင် မရှိဘူး။ အဝေးက တိုက်တာကြီးတွေနဲ့တော့ ကွာပါ့။ အဲဒီတောင်ကြီးဆီလည်း တစ်နေ့သွားဦးမယ်လို့ ကျွန်တော် အမှတ်အသား ပြုမိတယ်။



www.burmeseclassic.com

www.burmeseclassic.com

အပြန်လမ်းမှာတော့ ဒီလမ်းအတိုင်းပဲမို့ ရှုခင်းတွေက မသစ်တော့ပါဘူး။ ကျောင်းရှေ့ကဖြတ်တော့ စောင်းငုံ့မကြည့်မိဖို့ ကျွန်တော် ကြိုးစားခဲ့တယ်။ အရာမထင်တဲ့ ကြိုးစားမှုပဲ။ ခဏခဏကို ကျောင်းကြီးဆီ ကျွန်တော် လှည့်ကြည့်မိတယ်လေ။ နှစ်ချို့ ကျောက်တုံးကြီးတစ်တုံးထမ်းပြီး ပြန်လာရသလို စိတ်တွေ လေးလံနေခဲ့ပါတယ်။ လမ်းတစ်လျှောက်မှာ လူသူ ရှင်းလင်းနေပါတယ်။ လမ်းဘေးအုတ်ခုံတစ်ခုမှာ ယိုင်ရွဲ့ရွဲ့ဖြစ်နေတဲ့ လူကြီးနှစ်ယောက်ကိုတော့ တွေ့သေးတယ်။ သူတို့အချင်းချင်း ဗလုံးဗထွေး ပြောနေကြတယ်။ အသက်အရွယ်က လေးငါးဆယ်တန်းလောက်ပဲ။ သေချာသိနိုင်တာကတော့ သူတို့ အတော်မူးနေပြီဆိုတာပဲ။ ကြည့်ပါလား သူတို့ခြေထောက်တွေက စပရင်လို ပျော့အိအိဖြစ်နေတာ။

အဲ့ဒီလူကြီးနှစ်ယောက်ရှေ့ကဖြတ်တော့ သူတို့က ကျွန်တော့်ကို စေ့စေ့ကြည့်နေတယ်။ ရီဝေဝေ မျက်လုံးတွေနဲ့ပေါ့။

"ဟေ့ကောင်လေး . . . ရပ်စမ်း"

မာထန်တဲ့ အသံတစ်သံက လှမ်းတားလိုက်တယ်။ သူတို့ ပြောသလို ရပ်နေရမလား။ ဆက်လျှောက်သွားရမလား။ ကြောက်စိတ်တစ်မျိုးနဲ့ တွေဝေနေချိန်မှာပဲ သူတို့က ကျွန်တော့်ရှေ့ ရောက်လာပါတယ်။ သူတို့ တော်တော်မူးနေပါပြီ။ မျက်ခွံကိုတောင် အားစိုက်ဖွင့်နေရတာပဲ ကြည့်လေ။ သူတို့ထဲက ရှေ့သွားကြီးကြီးနဲ့ တစ်ယောက်က ကျွန်တော့်ကို ငုံ့ကြည့်ပြီး အကြောင့်မဲ့ တဟားဟား ရယ်ပါတယ်။

သူတို့ ငွေလုမလို့ထင်တယ်။ ကျွန်တော့်မှာ ငွေနဲ့တူတာဆိုလို့ သစ်ရွက်ခြောက်တောင် မရှိဘူးဆိုတာ သူတို့ သိပုံမရဘူး။ ရှေ့သွားကြီးကြီး၊ ဗလကောင်းကောင်း၊ ရင်အုပ်ကျယ်ကျယ်နဲ့လူက တဟားဟား ရယ်နေဆဲပဲ။ ကျန်တဲ့တစ်ယောက်က ဆံပင်ရှည်ရှည် ပိန်ခြောက်ခြောက်နဲ့။ အဲ့ဒီလူက ကျွန်တော့်ပခုံးကို လက်နဲ့ညှစ်ထားတယ်။ ကျွန်တော် ထွက်မပြေးအောင်ပေါ့။ ဒုက္ခပါပဲ။ ကိုယ့်ဘာသာကိုယ် အရက်အေးဆေး မသောက်ဘဲ ဘာလို့ ကျွန်တော့်ကို နှောင့်ယှက်နေရတာလဲ။

ကျွန်တော် ရှန်းကန်ရင်း အော်ပြောလိုက်တယ်။

"ဦးလေးတို့ . . . ဘာလုပ်မလို့လဲဗျ။ ကျွန်တော်က မချမ်းသာပါဘူး။ အခုလည်း တစ်ပြားမှ အိတ်ကပ်ထဲ ပါမလာပါဘူး"

သူတို့ ရယ်ကြပြန်တယ်။ ပိန်ခြောက်ခြောက်နဲ့လူက . . .

"ငါတို့က မင်းနဲ့ ကစားမလို့ပါ"

လို့ပြောပြီး ရှေ့သွားကြီးကြီးနဲ့လူဆီ တွန်းလွှတ်တယ်။ အဲ့ဒီလူဆီရောက်တော့ ခုနက လူဆီ တွန်းလွှတ်တယ်။ သူတို့နှစ်ယောက်က ဘောလုံးပုတ်သလို သဘောထားပြီး ကျွန်တော့်ကို အလည်မှာထားပြီး တွန်းလွှတ်ကစားနေကြတယ်။ ကျွန်တော် ခေါင်းမူးပြီး ခြေလှမ်းတွေ ယိုင်လာတဲ့ပုံစံကို ကြည့်ပြီးလည်း သူတို့ တဟားဟား ရယ်ကြပြန်တယ်။

"ဦးလေးတို့ . . . တော်ပါတော့ဗျာ။ မလုပ်ပါနဲ့တော့။ ကျွန်တော် တောင်းပန်ပါတယ်"

လို့ ကျွန်တော် အော်ပြောမိတော့ ရှေ့သွားအကြီးကြီးနဲ့လူက ကျွန်တော့်ကို အင်္ကျီကနေဆွဲပြီး ကြောင်တစ်ကောင်လို မြှောက်ထားလိုက်တယ်။

"မင်းက ကလေးပဲ ရှိပါသေးတယ်။ ခါးကုန်းလေးရယ်"

ကျွန်တော့်ကို ကလေးမုန်းသိရက်နဲ့ သူတို့ အနိုင်ကျင့်ကြတာပဲ။ လေပေါ်မှာ တန်းလန်းကြီး ယက်ကန်ယက်ကန်ဖြစ်နေတဲ့ ခြေထောက်ကို ပိန်ခြောက်ခြောက်လူက ဆွဲကိုင်လိုက်တယ်။ အဝတ်လှန်းတဲ့ ကြိုးတန်းကြီးလို ကျွန်တော် လေပေါ်မှာ တန်းလန်းကြီး ဖြစ်သွားတာပေါ့။ အဲဒီလို ဖြစ်သွားတဲ့ ကျွန်တော့်ကို ကစားကွင်းထဲက ဒန်းတစ်ခုလို လွှဲထမ်းဆော့ကစားကြတယ်။ ကိုယ့်ထက် အားနည်းတဲ့လူတစ်ယောက်ကို စိတ်ရှိလက်ရှိ နိုင်စားရလို့ သူတို့ ပျော်နေကြပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

တဟားဟားနဲ့ရယ်သံတွေဟာ နားထဲကို ပိုးကောင်တွေအောင်ပံခတ်ပြီး တရစပ်ဝင်လာသလို ဝင်လာတယ်။ ကမ္ဘာမြေကို ဖောက်ထိုးကြည့်နေရပြီး လှုပ်ယမ်းခံရလို့ ကျွန်တော့်ခေါင်းတွေ မခံမရပ်နိုင်အောင် မူးလာပါတယ်။ ကျွန်တော် ရုန်းကန်ပေမယ့် အားမတန်လို့ အချည်းနှီးဖြစ်နေတယ်။

ဒီတော့ မတတ်သာတဲ့နောက်ဆုံးမှာ ကျွန်တော်လည်း လုပ်နိုင်တာတစ်ခုကို လုပ်လိုက်မိပါတော့တယ်။

တဟားဟားရယ်နေတဲ့ သူတို့နှစ်ယောက်ဟာ ရယ်သံတွေ ရုတ်တရက် ဖျော့သွားတယ်။ သူတို့ တရှုရှုလှုပ်ရှားလာတဲ့ ကျွန်တော့်ကျောကုန်းကြီးကို မြင်မိလာလို့ပါပဲ။

"ဟင် . . ."

ဖောင်းနေတဲ့ ကျောကုန်းဟာ ပြားချပ်သွားပြီး အကျႌအောက်ဘက်ထဲကနေ လက်နှစ်ဖက် လျှိုထွက်လာတာကို ပိန်ခြောက်ခြောက်နဲ့လူအရင်မြင်မှာပဲ။ သူ ကျွန်တော့်ကို အကြောင်သား လွှတ်ချမိပြီး နောက်တစ်လှမ်း ဆုတ်သွားတယ်။

သွားကြီးကြီးနဲ့ လူကလည်း သူ့လက်ထဲမှာ လက်တစ်စုံကို ကိုင်ထားလျက်နဲ့ အကျႌအောက်က လျှိုထွက်လာတဲ့ လက်နှစ်ဖက်ကို မြင်ပြီးကြောင်သွားတယ်။ သူလည်း တွန်းထုတ်လွှတ်ချလိုက်ရော ကျွန်တော်လည်း ဘုတ်ခနဲ မြေပေါ် ပြုတ်ကျပါလေရော။ သူတို့ အရက်မူးပြေချင်သွားသလို ခေါင်းတွေကို ခါရမ်း၊ မျက်လုံးတွေ ပြူးဆန့်ပြီး ကြည့်ကုန်ကြတယ်။

ကျွန်တော် မြေကနေ ဖြည်းဖြည်းချင်း ထလိုက်တယ်။ ပြီးတော့ အပေါ်အကျႌကို ချွတ်ပစ်လိုက်တယ်။ အဲ့ဒီအချိန်မှာတော့ . . .

"အား . . ."

"သရဲ . . . သရဲ . . ."



ပိန်ခြောက်ခြောက်နဲ့လူက ရှေ့ခ်တက်ပြီး မူးလဲသွားတယ်။ သွားကြီးကြီးနဲ့ ဗလကြီးဟာ တချိုးတည်း စုတ်ပြတ်ချော်လဲအောင် ထွက်ပြေးသွားတော့တယ်။

လက်လေးဖက်နဲ့ လူတစ်ယောက်ကို မြင်လိုက်ရတာ အဲ့လောက်တော့ ဖြစ်သွားမှာပေါ့လေ။ ရှေ့ခ်ဖြစ်သွားတဲ့လူတော့ မသေနိုင်လောက်ပါဘူး ထင်ပါတယ်။

မြေပြင်ပေါ်က အပေါ်အကျႌကို ကောက်ယူပြီး ကျွန်တော် ထွက်ခဲ့လိုက်တယ်။

www.burmeseclassic.com

ကျွန်တော် အိမ်ကိုပြန်ရောက်တော့ မျက်နှာကို ပျော်ရွှင်တဲ့ပုံစံ လုပ်ထားရတယ်။ ကျွန်တော် ဒီလို ပြဿနာတစ်ခုခုဖြစ်ခဲ့တာကို ဒေါ်လေး သိလို့ မဖြစ်ဘူးမို့လား။ ဒေါ်လေးဟာ မိုးကာအိတ်ကြီးထဲက ပစ္စည်း တွေကို အကုန်နေရာချပြီးလို့ ကျေနပ်နေရဲ့။ ကျွန်တော်ဝင်လာတာကို မြင်တော့ လှမ်းပြောသေးတယ်။

"ဘယ်လိုလဲ . . . ထူးခြားတာတွေ အများကြီး တွေ့ခဲ့တယ် မဟုတ်လား"

"ဟုတ်ကဲ့ . . . ရှုခင်းတွေ၊ အဆောက်အဦတွေ အားလုံး ထူးခြား ပါတယ်။ ဒါပေမယ့် လူတွေကတော့ မထူးခြားပါဘူး။ အားလုံး အတူတူ ပါပဲ"

"မင်း လူတွေနဲ့ တွေ့ခဲ့တာလား"

"အင်း . . . လမ်းဖြတ်သွားရင်း တွေ့ခဲ့တာပါ။ ဘာပြဿနာ မှ မဖြစ်ခဲ့ပါဘူး။ သူတို့ကလည်း ကျွန်တော့်ကို မှတ်မိမှာ မဟုတ်ပါ ဘူး"

ဖြေပြီးပြီးချင်း အိပ်ခန်းထဲ အမြန်ဝင်ခဲ့ပါတယ်။ အိပ်ရာပေါ်မှာ အသာလဲလျောင်းပြီး လမ်းလျှောက်ရင်း တွေ့ကြုံခဲ့သမျှကို ပြန်တွေးနေ မိတယ်။ အပြင်က ဒေါ်လေးရဲ့ . . .



"ညစာ မစားဘူးလား"

ဆိုတဲ့အမေးကို . . .

"ညနေက အများကြီး စားထားတာ"

လို့ ပြန်အော်ဖြေလိုက်တယ်။

အဝတ်အစား မြန်မြန်လဲပြီး အိပ်ရာထဲ လှဲလိုက်တယ်။

မျက်လုံးစမှိတ်တော့ ဟိုမုန်းစရာ လူကြီးနှစ်ယောက်ကိုလည်း ကျွန်တော် မြင်ယောင်လာမိတယ်။ ကျွန်တော် ပြဿနာ ရှာခဲ့မိပြီ။ ဟင့်အင်း . . . ပြဿနာကမှ ကျွန်တော့်ကို လာရှာတာပါ။ အဲဒီလို မဟုတ်လား။ သူတို့ ကျွန်တော့်ကို မှတ်မိနေမှာ ကျွန်တော် စိုးထိတ် နေတယ်။ သူတို့ ကျွန်တော့်ကို မေ့သွားပါစေ။ သူတို့ အမှတ်ရနေရင် လည်း ဘယ်သူ့ကိုမှ အဲဒီအကြောင်း ပြန်မပြောပါစေနဲ့။ ပြန်ပြောခဲ့ရင် လည်း သူတို့စကားကို ဘယ်သူမှ မယုံကြပါစေနဲ့။



www.burmeseclassic.com

www.burmeseclassic.com

**(4)**

ဟုတ်ပါတယ်။

ကျွန်တော့်မှာ လက်လေးဖက် ရှိနေပါတယ်။

မယုံနိုင်စရာကောင်းပေမယ့် အဲ့ဒါ အဖြစ်မှန်တစ်ခုပေါ့။ ခင်ဗျားက ကျွန်တော့်ကို လူလို့သတ်မှတ်ရင် ကျွန်တော်ဟာ လက်လေးဘက်နဲ့ လူတစ်ဦးပေါ့။ ကျွန်တော့်မှာ လက်အပိုနှစ်ဖက်ပါရှိနေပါတယ်။

မိုးရာသီတစ်ခုရဲ့ အလယ်လောက်မှာ ကျွန်တော့်ကို မွေးခဲ့တယ်။ မိုးရာသီဆိုတော့ မိုးတွေရွာတာပေါ့။ ဒါပေမဲ့ ရွာသားတွေက ထူးထူးဆန်းဆန်းမွေးလာတဲ့ ကျွန်တော့်ကြောင့် သူ့ဘာသာသူ ရွာနေတဲ့မိုးကိုတောင် ဥပါဒ်မကင်းစွာ ဆွဲတွေးကြပါတော့တယ်။ အဲ့ဒီနေ့က ရွာတဲ့မိုးရေစက်တွေဟာ အလောင်းကောင်ဆန်အောင် အေးစိမ့်နေတာပဲတဲ့။ အသံနက်ကြီးတွေပြုပြီး သည်းကြီးမည်းကြီး ရွာခဲ့သတဲ့။ နာရီအတော်ကြာအောင် မတိတ်နိုင်ခဲ့ဘူးလို့ အရှိအတိုင်းပဲလား၊ ချဲ့ကားပြီးလား မသိဘူး ပြောခဲ့ကြပါတယ်။

“မိုးကြိုးတော့ နှစ်ခါဆက်တိုက်ပစ်တာ အမှန်ပဲ”

လို့ ဒေါ်လေးက ပြောဖူးပါတယ်။ တကယ်လည်း မိုးက အဲ့ဒီလို ရွာကောင်း ရွာနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကြောင့်လို့တော့



တစ်ထစ်ချ ကောက်ချက် မပြုသင့်ဘူးမို့လား။ ဒေါ်လေး စိတ်ကောင်းဝင်တဲ့ အချိန်တုန်းကလည်း တစ်ခါ ပြောဖူးပါတယ်။ အမေ့ ကျွန်တော့်ကို မွေးပြီးချင်းမှာပဲ ကျွန်တော့်ကို မမြင်လိုက်ရဘဲ သေဆုံးသွားခဲ့တဲ့ အကြောင်းကိုပေါ့။ ဒါပေမဲ့ ရွာသားတွေကတော့ ကျွန်တော့်ကို မြင်လိုက်လို့ သွေးလန့်ပြီး သေဆုံးသွားတာလို့ ပြောကြတယ်။ ဒေါ်လေးကပဲ ကျွန်တော့်ကို အပြစ်မတင်ချင်လို့ စိတ်မထိခိုက်ရအောင် လိမ်ညာပေးတာလား၊ ရွာသားတွေကပဲ ကျွန်တော့်ကို ငြူစူစိတ်နဲ့ ဇာချဲ့အဆိုး မြင်ခဲ့ကြတာလား၊ ကျွန်တော် တကယ်မသိပါဘူး။

နောက်ထပ် ဆိုးရွားတဲ့ တိုက်ဆိုင်မှုတစ်ခုလည်း ရှိသေးတယ်။ အဲ့ဒါကတော့ အဖေ သေဆုံးတာပဲ။ ကျွန်တော့်ကိုမွေးပြီး တစ်လလောက်အကြာမှာပဲ တောင်ပေါ်ကပြုတ်ကျပြီး သေဆုံးသွားခဲ့တာ။ အဲ့ဒါကိုလည်း ရွာသားတွေက ကျွန်တော့်လိုလူသားမျိုး မွေးလာလို့ ရှက်စိတ်နဲ့ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့တာလို့ ပြောကြပြန်တယ်။ အဖေဟာ တကယ်ပဲ ကျွန်တော့်ကြောင့် ရှက်စိတ်နဲ့ ပိတ်လှောင်ရာက ဒီလို မိုက်မိုက်မဲမဲ လွတ်လမ်းရှာသွားတာလား။ အဖေ သေဆုံးခဲ့တဲ့အကြောင်းနဲ့ ပတ်သက်လို့တော့ ဒေါ်လေးက . . .

“အဲ့ဒီအတိုင်ခင်ညက မိုးကျသေးတယ်။ တောင်ပေါ်မှာ လမ်းတွေ ချော်နေမှာပဲ”

ဆိုတဲ့ စကားတချို့ကလွဲရင် ဘာမှ ရဲရဲဝံ့ဝံ့ မပြောချင်ခဲ့ပါဘူး။ တိုက်ဆိုင်မှုတွေလား၊ ချဲ့ကား အထင်တရားတွေလား။ ဘာပဲဖြစ်ဖြစ် အဲ့ဒီအဖြစ်အပျက်တွေကတော့ ကျွန်တော့်ကို အများက မကောင်းဆိုးရွားတစ်ကောင်အဖြစ် မြင်ဖို့ လုံလောက်စေခဲ့ပါတယ်။

ပတ်ဝန်းကျင်နေရာဒေသရဲ့ ကံဆိုးမှုက အစိကပေါ့။ ကျွန်တော်တို့ရွာကလေးက ဝေးလံခေါင်ခိုက်နိမ့်ပါးတဲ့ ရွာကလေးပဲ။ ရွာကလူတွေက ထွားကျိုင်းဖွံ့ဖြိုးတဲ့ အသီးအနှံတွေ သီးဖို့၊ ရာသီဥတုကောင်းဖို့တွေကိုပဲ ဆုတောင်းတတ်တဲ့သူတွေ များတယ်။ သီချင်းလေး တအေးအေး



www.burmeseclassic.com

www.burmeseclassic.com

နဲ့ သစ်ခုတ်သွားနေရရင် သူတို့ ပျော်တယ်။ သစ်တောနဲ့ စိုက်ခင်းထဲမှာပဲ ကျင့်လည်ရင်းနဲ့ သူတို့ တစ်နေ့တာတွေကို ကုန်ဆုံးစေကြတယ်။ ရိုးရာအယူအဆတွေနဲ့ ကျင့်သားရ ကျေနပ်နေတဲ့ ရွာကလေးပေါ့။ ရှေးရိုးတွေနဲ့ ဆောင်ခတ်ထားတယ်။ ဒါကြောင့် ထူးဆန်းစွာ မွေးဖွားလာတဲ့ ကျွန်တော့်ကိုလည်း သူတို့ ပစ်ပယ်ကြတယ်။

ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ဆိုတာ ယောကျ်ားနောက်လိုက်ပြေးတာတို့ ဘာတို့လောက်အတွက်ပဲ မှန်ကန်မှုရှိပါတယ်။ ကျွန်တော့်အတွက်တော့ အသက်ဆယ့်တစ်နှစ် အရွယ်ထိတိုင်အောင် မငြီးမငွေ့ ရှုံ့ချခံရဆဲပါပဲ။ ကျွန်တော့်ကို တွင်တွင်ကြည့်ပြီး ပေါ်ပေါ်ထင်ထင် ကျိန်ဆဲဖို့ သူတို့ ဝန်မလေးကြပါဘူး။

ကျွန်တော့်ကို မွေးဖွားပြီး ရွာမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ပြဿနာတွေဟာ ပုံမှန်အတိုင်း ဆက်ဖြစ်ပါတယ်။ စိုက်ခင်းပိုးကျတာတို့၊ တချို့ မိုးရာသီတွေမှာ မိုးရွာတဲ့ရက် နောက်ကျတာမျိုး အစရှိသဖြင့်ပေါ့။ ဒါပေမဲ့ ရွာသားတွေက ဒါတွေအားလုံးအတွက် တရားခံကို ကျွန်တော်အဖြစ် သတ်မှတ်လိုက်ကြပါပြီ။ ကျွန်တော်ဟာ ကံဆိုးမှုကို လက်ဆုပ်လက်ကိုင် သယ်ဆောင်လာခဲ့သူလို့ သူတို့ ယုံကြည်လိုက်ကြပါပြီ။

လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကစပြီး ရာသီဥတု မကြုံစဖူး ဆိုးရွားခဲ့တာတော့ အမှန်ပါပဲ။ စိုက်ခင်းတွေ ပျက်စီးခဲ့ကြတယ်။ တချို့ ရွာသားတွေ စားရမဲ့၊ သောက်ရမဲ့တောင် ဖြစ်ကြတယ်။ အဓိကကတော့ မိုးမရွာတာပဲ။ မိုးရာသီ တွင်တွင်ရောက်ရှိတာတောင် မိုးက တဖြိုက်နှစ်ဖြိုက်ထက်ပို မရွာခဲ့ဘူး။ ချောင်းတွေ၊ မြောင်းတွေသွယ်ပြီး ယူခဲ့ကြပေမယ့် အဆင်မပြေခဲ့ပါဘူး။ မိုးမရွာလို့ ချောင်းတွေ မြောင်းတွေကလည်း ကောလုနီးနီးပါပဲ။ လုံလောက်ရေပမာဏကို ဘယ်မှာမှ ရှာမရခဲ့ဘူး။ မိုးတဖြိုက်၊ နှစ်ဖြိုက်ကရတဲ့ရေရယ် ချောင်းကောမြောင်းကောကရတဲ့ ရေရယ် အသုံးပြုပြီး စိုက်တဲ့စိုက်ခင်းတွေကလည်း မသန်မစွမ်း သီးပင်တွေပဲပေါက်ပြီး နောက်ဆုံး ပိုးကျပြီး သေရတယ်။ ဒီလို ဒုက္ခကို ခံစား



နေရတာ တစ်ရွာလုံးပါ။ ဒုက္ခတွေဟာ ဒေါသတွေဖြစ်လာ။ ဒေါသတွေဟာ အမြင်မတော်စရာဖြစ်နေတဲ့ ကျွန်တော့်ဆီပဲ ဦးတည်လာခဲ့ပေါ့။

"ဒီကောင့်ကြောင့် ဖြစ်ရတာပဲ"

"သေချာတာပေါ့။ ဒီကောင်ဟာ အဖျက်နတ်ဆိုးရဲ့ လက်ရုံးပဲ"

လက်အပိုပေါက်နေတဲ့ ကျွန်တော့်ကို အပြစ်တွေနဲ့ သူတို့ ပစ်ပေါက်ကြပါတယ်။ ရွာနဲ့ အနီးဆုံး တောအုပ်မှာ မီးလောင်တဲ့အခါမှာတော့ ကျွန်တော်ဟာ ဒီရွာက ထွက်ခွာဖို့ အချိန်တန်လာခဲ့ပါတယ်။ မိုးတွေ သည်းမည်းရွာတုန်းကလည်း ကျွန်တော်ပဲ၊ မိုးတွေမရွာတော့လည်း ကျွန်တော်ကြောင့်ပဲတဲ့။ နှစ်နှစ်လောက် မိုးညှံ့လွန်းလို့ ခြောက်သွေ့ပြီး တောမီးလောင်တော့လည်း ကျွန်တော် အလိုလို သိပါတယ်။ ကျွန်တော့်ကြောင့်ပဲပေါ့။ အယူသီးလွန်းတဲ့ ရွာသားတွေက သူတို့ကိုးကွယ်ရာ နတ်ဘုရားတွေ စိတ်ဆိုးအောင်လုပ်တဲ့ ကောင်ဆိုပြီး အပြင်းအထန်ကို စွပ်စွဲခဲ့ကြပါတယ်။

သုံးရက်ဆက်တိုက် ကျွန်တော်တို့ နေအိမ်ကလေးကို ခဲတွေ၊ တုတ်တွေနဲ့ ပစ်ခတ်ကြပါတယ်။ ညစ်ညမ်းတဲ့ စကားလုံးတွေနဲ့ ခိုင်းနှိုင်း ကျိန်ဆဲကြတယ်။ ခြိမ်းခြောက်စကားတွေပြောပြီး ကျွန်တော်တို့အိမ်ကိုလည်း မီးရှို့ဖို့ကြိုးစားကြပါတယ်။ နောက်တစ်နေ့မှ ဒီရွာက ထွက်မသွားရင် ကျွန်တော်တို့ကိုလည်း မီးရှို့ပစ်မယ်လို့ ခြိမ်းခြောက်ခဲ့တယ်။ အဲ့ဒီနောက်မှာတော့ . . . အင်း . . . ရွာနဲ့ ဘာမှမဆိုင်တဲ့ အဝေးဆုံး . . . မိုင်ထောင်ချီက မြို့ကြီးတစ်မြို့ဆီ အခုလို ရောက်ခဲ့တာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com

အဝါရောင်သမ်းနေတဲ့ ဓာတ်ပုံအဟောင်းလေးထဲမှာ အဖေနဲ့ အမေဟာ ပြုံးနေပါတယ်။ အဖေ့ရဲ့ သန့်မာတဲ့လက်ချောင်းတွေက အမေ့ရဲ့ ပခုံးသွယ်သွယ်ကလေးကို ဆုပ်ကိုင်ထားသေးတယ်။ အဖေက ယောကျ်ားဆန်လွန်းပြီး ခန္ဓာကိုယ်တောင့်တင်းတယ်။ စိတ်မြန်လက်မြန် ရှိမယ့်ပုံလည်း ပေါ်တယ်။ အမေကတော့ မိန်းမသားဆန်ပြီး နှာတံလှတယ်။ မျက်ရစ်က သေးသေးလေးပဲ။ မျက်ခုံးမွေးကလည်း ပါးပါးလေ။ ဓာတ်ပုံ ထဲမို့ မပေါ်တာလည်းဖြစ်လိမ့်မယ်။ အမေပြုံးနေတဲ့ ပုံလေးက သိမ်သိမ်မွေ့မွေ့ ရှိတယ်။ အဖေပြုံးနေတဲ့ပုံကတော့ သိပ်မလှဘူး။ နိုင်မာတဲ့ မေးရိုးထူထူကြီးနဲ့မို့ ကြည့်လို့မကောင်းဘူး။ ဓာတ်ပုံထဲက ပြုံးနေတဲ့ပုံတွေကို ကြည့်ရတာတော့ သူတို့ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြမယ့်ပုံပဲ။ ဒါပေမဲ့ အခုတော့ သူတို့ ကံဆိုးခဲ့ပါပြီ။

အမေက သူ့အစ်မဖြစ်တဲ့ ဒေါ်လေးထက်တော့ မျက်နှာ ပိုချိုမယ့်ပုံပါ။ သနားကြင်နာတတ်ပြီး အခက်အခဲတွေကို ဖြေရှင်းတတ်မယ့် သူလို့ ကျွန်တော် ယုံကြည်တယ်။ ဒီအချိန် အမေသာ ကျွန်တော့်နံဘေး ရှိနေရင် ကျွန်တော် ဘာတွေပြောမလဲ။

"သားလေး . . . ဘာလုပ်ချင်လဲ"

လို့မေးခဲ့ရင် ကျွန်တော် ဘယ်လိုဖြေရမလဲ။



"ကျောင်းတက်ချင်တယ်"

အဲဒီလို ဖြေမိသွားနိုင်ပါတယ်။

အဖေကလည်း ကျွန်တော့်ကို ပျော်ပျော်ရွှင်ရွှင်နဲ့ ကျောင်းလိုက်ပို့မယ်။ ကျောင်းတံခါးဝအထိ လိုက်ပို့ပြီးရင် 'ကျောင်းဆင်းရင် မြန်မြန်ပြန်ခဲ့။ သားမေမေ အိမ်မှာ သိပ်ကောင်းတဲ့ စားစရာတွေ အများကြီးလုပ်ထားလိမ့်မယ်' လို့ ပြောမှာပေါ့။ အဟင်း . . . ကျွန်တော် စိတ်ကူးယဉ်တာ သိပ်များသွားပြီး ထင်ပါတယ်။ လက်တွေ့က ရိုင်းတော့ စိတ်ကူးထဲမှာ ယဉ်လိုက်မိသွားတယ်။ ထိတွေ့ခွင့်မရလိုက်တဲ့ အဖေနဲ့အမေကို သတိရနေမိတယ်။ သူတို့ တစ်နေရာရာကနေ ကျွန်တော် ဒီလို လွမ်းဆွတ်နေတာကို မြင်နိုင်ကောင်းပါရဲ့။

ခုနကပဲ ဒေါ်လေး အလုပ်သွားတယ်။ တိရစ္ဆာန်ဥယျာဉ်ဘက်မှာ ကြော်ငြာဝေရမယ်လို့ သူ ရေရွတ်တာ ကြားမိသေးတယ်။ ကျွန်တော်ကတော့ ထုံးစံအတိုင်း ငှက်အိမ်ဟောင်းကလေးကိုပဲ မော့ကြည့်ရင်း အိမ်မှာ ကျန်ခဲ့ရတယ်။ ဒါပေမဲ့ ရောက်စတုန်းကလိုပဲ ငှက်အိမ်ထဲမှာ ငှက်မရှိသေး။

ကျွန်တော်က အိမ်ထဲမှာနေရတော့ လက်အပိုနှစ်ဖက်ကို ဒီအတိုင်းပဲ ရှေ့ချထားပါတယ်။ အင်္ကျီအနောက်ထဲပိုက်ပြီး သိမ်းထားတာကြာတော့ လက်တွေက ညောင်းလိုက်လာတယ်ဗျ။ ဒါကြောင့် လွတ်လွတ်လပ်လပ် ဆန့်ပြုလို့ရအောင် အပေါ်အင်္ကျီ ချွတ်ထားပြီးနေတယ်။ အိမ်ကိုလာစရာ ဧည့်သည်လည်း မရှိတော့ ကိစ္စမရှိပါဘူး။

အဲ့ဒီလိုထင်မိတာ မှားသွားတယ်။

ခြံတံခါးတွန်းဖွင့်မှုမှာ အသံတစ်ခုထွက်သွားလို့သာ အိမ်ဝန်းထဲ လူဝင်မှန်း ကျွန်တော် အချိန်မီ သိခဲ့တာ။ ကျွန်တော် အပေါ်အင်္ကျီ ထပ်ဝတ်ပြီး လက်နှစ်ဖက်လျှိုသွင်းလိုက်ချိန်မှာပဲ လူခေါ်ဘဲလ်က မြည်လာတယ်။ တံခါးသွားဖွင့်ပေးလိုက်တော့ ကျွန်တော် မြင်လိုက်ရသူက အိမ်ရှင်ဦးလေးကြီးပဲ။

www.burmeseclassic.com

"အန်ကယ်ရော်ဂျာ . . ."

အဲ့ဒါ အိမ်ရှင်ဦးလေးကြီး နာမည်ပေါ့။

သူ့လက်ထဲမှာ ဝိုင်ပုလင်းအသစ်တစ်လုံးနဲ့ ဂျာနယ်တစ်စောင်နဲ့။ သူ့မျက်လုံးက အိမ်ထဲကို လျှောက်ဝေ့ကြည့်နေတယ်။ တံခါးဖွင့်ပေးတဲ့ ကျွန်တော့်ကိုတောင် တန်းမကြည့်ဘဲ ကျွန်တော့်ကို ကျော်ပြီး အိမ်ထဲ အဲ့ဒီလို ဝေ့ကြည့်နေတာပါ။

"အိမ်ထဲ ဝင်ပါဦး"

အဲ့ဒီလိုပြောမှ ပြုံးပြပြီး အိမ်ထဲဝင်တယ်။ ထိုင်တယ်။ လက်ထဲက ပစ္စည်းတွေကိုလည်း စားပွဲပေါ်တင်တယ်။

"ဒေါ်လေးတောင် ခုနကပဲ အလုပ်သွားတယ်"

အဲ့ဒီလိုပြောလိုက်တော့ သူ မျက်နှာနည်းနည်း ပျက်သွားသလိုပဲ။ စားပွဲပေါ် ဝိုင်ပုလင်းကို အဓိပ္ပာယ်မဲ့သလို လှမ်းကြည့်တယ်။ ပြီးတော့ ဒေါ်လေးအသစ်ဖောက်ထားတဲ့ ပြတင်းပေါက်ကိုတွေ့တာနဲ့ ထသွားကြည့်တယ်။ လက်နဲ့ ပွတ်သပ်တယ်။ ခေါင်းတညိတ်ညိတ် လုပ်တယ်။

"မင်းဒေါ်လေးက သိပ်ကြိုးစားတဲ့လူ၊ သိပ်တော်တဲ့ မိန်းမတစ်ယောက်ပဲ။ ဒါနဲ့ အခု သူ စက်ရုံမှာ အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား"

"မပြောဘူး။ သူ တစ်ရက်တည်း လုပ်ပြီး ထွက်ခဲ့တာ"

ကျွန်တော်က ဒေါ်လေးရဲ့ အခု လက်ရှိအလုပ်တွေ အကြောင်းကိုပါ ပြောပြလိုက်ပါတယ်။ နောက်တော့ သူဟာ ဒေါ်လေးအကြောင်းတွေ ဆက်တိုက်မေးပါတော့တယ်။ အသက် ဘယ်လောက်ရှိပြီးလဲ။ အိမ်ထောင်ကျဖူးလား။ ဘာတွေ ဝါသနာပါလဲ။ ဘယ်လို အစားအစာကြိုက်တတ်လဲ။ အလုပ်နားရက်တွေမှာ ဘာလုပ်တတ်သလဲကအစ စုံစီနဖာ မေးခွန်း သေးသေးလေးတွေအထိ မေးနေတော့တာပဲ။ ကျွန်တော်လည်း သူမေးသမျှကို ကြည်ကြည်ဖြူဖြူ လိုက်ဖြေပေးလိုက်ပါတယ်။ သူက



ကိုယ့်ကိုယ်ကိုယ် ဒေါ်လေးအကြောင်း မေးခွန်းထုတ်တာ များပြီလို့ သတိဝင်မှ ကိုယ်ဟန်သပ်ပြီး တခြားစကားတွေ ပြောင်းပြောပါတယ်။

"မင်း ကျောင်းမတက်သေးဘူးလား"

"ကျွန်တော် ဘယ်ကျောင်းတက်ရမလဲ စဉ်းစားနေတုန်းပါ"

မှသားက အလိုအလျောက် လျင်လျင်မြန်မြန်ပဲ ထွက်သွားတယ်။ ဒါ ကောင်းတယ်။ ဒါမှ သူ သံသယမဝင်မှာလေ။ သူက စီးကရက်ထုတ် မီးညှိဖွာပြီး ဆက်ပြောတယ်။

"အိမ်နီးချင်းတွေနဲ့ကော အဆင်ပြေလား"

"ဘယ်သူနဲ့မှကို ကောင်းကောင်း မသိသေးဘူးဗျ"

လို့ ကျွန်တော်က ပြန်ပြောတော့ သူက အိမ်နီးချင်းတွေနဲ့ ဒီရပ်ကွက်အကြောင်းကို နည်းနည်းပြောပြတယ်။ ဘေးအိမ်က သီချင်းတွေဆိုတတ်တဲ့ လူကြီးကတော့ ကျွန်တော်ထင်သလို အရက်သမားကြီးတဲ့။

"ဟို . . . အရှေ့အိမ်လေ၊ ကားဘီးတာယာတွေ စုပုံထားတဲ့အိမ်လေ"

ဆိုပြီး အဲ့ဒီအရှေ့အိမ်က လူကြီးအကြောင်းကိုတော့ အချိန်အတော်ကြာအောင် ပြောပြတယ်။ သူနဲ့ အဆက်အဆံမလုပ်သင့်ကြောင်း၊ အဲ့ဒီလူက ဒုစရိုက်မျိုးစုံနဲ့ ထောင်ခဏခဏ ကျနေတဲ့လူလို့လည်း ပြောတယ်။ စကားပြောဖော် မရှိတာကြာတဲ့ ကျွန်တော်က သူနဲ့စကားပြောရတာကို ကျေနပ်နေမိပါတယ်။ တစ်ခုမကောင်းတာက သူက ကျွန်တော့်ကျောကုန်းက 'ဘု' ကို စိတ်ဝင်စားနေတာပဲ။ 'စိတ်တော့မရှိနဲ့ကွာ' လို့ တောင်းခံပြီး မေးပါတော့တယ်။

"မွေးရာပါလား"

"ဟုတ်ပါရဲ့ဗျာ"

ကျွန်တော်က စိတ်မကောင်းတဲ့ လေသံနဲ့ ပြန်ဖြေလိုက်တယ်။ သူက ကရုဏာသက်တဲ့ မျက်လုံးတွေနဲ့ ကျွန်တော့်ကို အားနာသလို ကြည့်တယ်။ သူမေးချင်တာကိုတော့ ဆက်မေးသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

"အဲ့ဒီလိုဖြစ်နေတော့ ဘယ်လိုခံစားရလဲ"

"ခါးညောင်းတာပေါ့ဗျာ။ အိပ်ရင်လည်း သက်သောင့်သက်သာ မဖြစ်ဘူး။ ရာသီမရွေး အင်္ကျီပွပွကြီးဝတ်ရတာလည်း စိတ်ညစ်စရာပဲ။ အဆိုးဆုံးကတော့ လူတောတိုးဖို့ မဝံ့မရဲ ဖြစ်ရတာပဲ။ ကျွန်တော် ဘယ်ပွဲလမ်းသဘင်မှ မသွားဖူးဘူးဗျ"

"အင်းပေါ့လေ . . . ဒါနဲ့ ရွာမှာ ရေ ခဏခဏကြီးလို့ ပြောင်းလာကြတာ ဟုတ်လား"

ရွာမှာ ရေကြီးဖို့နေနေသာသာ မိုးမရွာတာတောင် နှစ်နှစ်ရှိပြီ။ ဒါပေမဲ့ ဒေါ်လေးကတော့ ရေကြီးလို့လို့ ပြောထားပုံပဲ။

"အင်း . . . ဟုတ်တယ်ဗျ"

အလိုက်အထိုက် ပြောလိုက်ရသည်။ သူက အရိုးခံမေးပေမယ့် သူ့မေးခွန်းတွေက ကျွန်တော်တို့နောက်ကြောင်းကို မလုံခြုံစေဘူးလေ။ နောက်ထပ် ဒီလိုမျိုး ဆက်မေးမှာစိုးတာနဲ့ ကျွန်တော် စကားလွှဲပစ်လိုက်တယ်။

"အန်ကယ်ရော်ဂျာ ဟိုးအပြင်က တောင်ကုန်းကြီးကို သိလား"

ကျွန်တော် မနေ့ညက အပြင်ထွက်တုန်းက မြင်ခဲ့တဲ့ တောင်ကုန်းကြီးအကြောင်း မေးလိုက်တာပါ။ သူက သဘောမပေါက်သေးလို့ နှစ်ခါပြန်မေးရသေးတယ်။ အဲ့ဒီတော့မှ သူက . . .

"ဪ . . . သိတယ်။ အဲဒါ မတ်စောက်တဲ့တောင်ကုန်းကြီးပဲ။ တော်တော်လည်း မြင့်တယ်"

"အန်ကယ် . . . ရောက်ဖူးလား"

"တောင်ခြေကားလမ်းကတော့ ဖြတ်သွားဖူးတာပေါ့။ တောင်အရိုင်းကြီးပါ။ စိတ်ဝင်စားစရာ ထူးထူးခြားခြားရှိတယ်လို့ မကြားမိဖူးပါဘူး"

သူက အဲ့ဒီတောင်ကြီးဆီ အလွယ်တကူ သွားလို့ရမယ့် လမ်းကို ပြောပြတယ်။ ကျွန်တော်က သူ့ကို ချေ့ခံစရာ ဘာမှမရှိလို့ ဝမ်းနည်း



ကြောင်းပြောတော့ သူက 'ရပါတယ်' တဲ့။ စီးကရက်အစီခံကို လွှင့်ပစ်ဖို့ သူ ထရပ်တုန်း အိမ်တံခါးက ဝုန်းခနဲ ပွင့်လာတယ်။

တံခါးကို တွန်းဖွင့်လာသူက ဒေါ်လေးပဲ။ အလျင်စလို ဝင်လာတဲ့ ဒေါ်လေးမျက်နှာဟာ နီမြန်းနေတယ်။ ကျွန်တော့်ကိုကြည့်ပြီး တစ်ခုခုပြောမလို့ နှုတ်ခမ်းဟလာတယ်။ ဒါပေမဲ့ အန်ကယ်ရော်ဂျာကို ရှာတွေ့သွားတဲ့ အချိန်မှာတော့ အဲ့ဒီနှုတ်ခမ်း ပြန်ပိတ်သွားတယ်။

"ရှင်က ဒီကို ဘာလို့ရောက်နေတာလဲ"

"ဪ . . . လမ်းကြုံတာနဲ့ ခဏဝင်လာကြည့်တာပါ"

"ကျေးဇူးပဲ။ ဒါပေမယ့် အခု ကျွန်မနဲ့ ကျွန်မတူ နှစ်ယောက်တည်း စကားပြောဖို့ လိုအပ်နေလို့"

"ဟုတ် . . . ဟုတ်ကဲ့ပါ။ ကျွန်တော် ပြန်လိုက်ပါဦးမယ်"

အန်ကယ်ရော်ဂျာလည်း အားနာအနေခက်တဲ့ ပုံစံတစ်မျိုးနဲ့ နှုတ်ဆက်ပြီး ပြန်သွားတယ်။ အန်ကယ်ရော်ဂျာ ခြံပြင် သေချာထွက်သွားတဲ့အထိ ဒေါ်လေးက စောင့်ကြည့်နေသေးတယ်။ ပြီး ပြတင်းပေါက်တွေကို တဝုန်းဝုန်း လိုက်ပိတ်တော့တယ်။ ပြတင်းပေါက်တွေ အကုန်ပိတ်ပြီး ကျွန်တော့်ဆီ ပြန်လှည့်လာတဲ့ မျက်နှာမှာ မျက်ရည်တွေနဲ့။

ဒေါ်လေး ကျွန်တော့်ရှေ့လျှောက်လာတယ်။

"မင်း . . . မနေ့ညက ဘာတွေဖြစ်ခဲ့တာလဲ"

"ကျွန်တော် . . . ကျွန် . . . တော် . . . "

"ငါ အလုပ်သွားရင်း လမ်းမှာ ကြားခဲ့တယ်။ ညက အရက်သမားနှစ်ယောက်ကို လက်လေးဖက်နဲ့ သရဲတစ်ကောင်က ခြောက်ခဲ့တဲ့အကြောင်းတွေ။ မင်း . . . မင်း . . . တစ်ခုခု လုပ်ခဲ့ပြီမို့လား"

"သူ . . . သူတို့အရင် ကျွန်တော့်ကို အနိုင်ကျင့်ခဲ့တာ။ ကျွန်တော်ကို ခေါင်းတွေချာချာလည်မူးအောင် သူတို့ အရင်လုပ်ခဲ့ကြတာပါ"

"အဲ့ဒါနဲ့ မင်းက မင်းလက်တွေကို ထုတ်ပြလိုက်တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"တောင်းပန်ပါတယ်။ ကျွန်တော် တောင်းပန်ပါတယ် . . . ဒေါ်လေး။ သူ့အလိုလို ဖြစ်သွားတာပါ"

ကျွန်တော်လည်း လက်ကာလက်ကာနဲ့ နောက်ဆုတ်ရင်း မျက်ရည်တွေ ကျလာမိတယ်။ ဒေါ်လေး ဒူးထောက်ကျသွားတယ်။ အရစ်ပြန့်နေတဲ့ ရေပိုက်ခေါင်းထဲက ရေစက်တွေ ယိုနေသလိုမျိုး သူ့မျက်လုံးထဲက မျက်ရည်စက်တွေ တပေါက်ပေါက် မြန်မြန်ယိုကျနေတယ်။

"ဘာလို့ ဒီလိုဘဝမျိုး ရနေတာလဲ။ ကမ္ဘာကြီးက ဒီလောက်ကျယ်တာတောင် ဘာကြောင့် ငါ့အတွက် နေစရာရှားနေရတာလဲ။ ငါ သေလိုက်ရမှာလား။ ငါ့ကို သွယ်ဝိုက်ပြီး သေလိုက်တော့လို့ ပြောနေကြတာလား"

"တောင်းပန်ပါတယ် . . . ဒေါ်လေးရယ်။ ကျွန်တော် မှားသွားပါတယ်"

"မထိနဲ့၊ နင့်လက်နဲ့ ငါ့ကို အရိပ်နဲ့တောင် မထိနဲ့"

နှစ်သိမ့်ပေးဖို့လာတဲ့ လက်ကို ဒေါ်လေးက ဆောင့်တွန်းတယ်။ ကျွန်တော်လည်း လဲကျသွားတယ်။

"တစ်လမ်းလုံး အဲ့ဒီသရဲတစ်ကောင်အကြောင်း ပြောနေကြပြီး အဲ့ဒါ သရဲမဟုတ်ဘူး။ မင်းပဲဆိုတာ အနေးနဲ့အမြန် သိသွားကြတော့မှာပဲ။ ငါတို့ နေစရာ ပြောင်းရတော့မယ်။ ငါ့ကို အမြဲပင်ပန်းအောင် ဒုက္ခပေးတယ်"

ကျွန်တော် ဘာမှပြန်မပြောနိုင်တာမို့ ငိုနေမိတယ်။

"မင်း အထုပ်အပိုးတွေပြင်ထား။ ငါ အလုပ်ကပြန်လာတာနဲ့ ပြောင်းရွှေ့ဖို့ အသင့်ပြင်ထား"

ပြောပြောဆိုဆိုနဲ့ ဒေါ်လေးက သူ့အလုပ်သွားရင်း ယူသွားတတ်တဲ့ ပိုက်ဆံအိတ်ကြီးကို ဇစ်ဖွင့်ပြီး မှောက်သွန်လိုက်ပါတယ်။ အထဲက သော့ခလောက်တွေ အများကြီး ထွက်ကျလာတယ်။

"မင်းကို ငါမယုံဘူး။ မင်းကို သော့ခတ်ထားခဲ့မယ်"



ဒေါ်လေးဟာ အိမ်ရှေ့အိမ်နောက် တံခါးမတွေနဲ့ ပြတင်းပေါက်တွေအကုန်လုံးကိုပါ အပြင်ကနေ သံကြိုးတွေသော့တွေနဲ့ တွဲခတ်ပြီး ကျွန်တော့်ကို ပိတ်ဆို့ခဲ့ပါတယ်။ ပြီးတော့မှ သူ ထွက်သွားတယ်။ ကျွန်တော် တစ်နေ့လုံး ဘာမှမစားသောက်ဘဲ ညှော်ခန်းထဲမှာ ငိုနေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲ့ဒီနေ့ အလုပ်ကနေ ဒေါ်လေးပြန်လာတော့ ကျွန်တော် အထုပ်အပိုးတွေ မပြင်ရသေးပါဘူး။ ဒေါ်လေးက ပြောင်းရွှေ့ဖို့အတွက် စကား ထပ်မဟလာခဲ့ဘူး။ အခြေအနေစောင့်ကြည့်နေတာမျိုး ထင်ပါတယ်။ နောက် သုံးလေးရက်လောက်အကြာမှာတော့ လက်လေးဖက်နဲ့ သရဲဆိုတဲ့ကိစ္စဟာ လေထဲမှာ ပျက်ပြယ်သွားတယ်ထင်ပါတယ်။ ဘယ်သူမှ ယုံကြည်ပြောဆိုတာမျိုး မရှိတော့ဘူး။ အားလုံး မေ့သွားကြပြီတဲ့။

"တော်ပါသေးရဲ့"

လို့ ဒေါ်လေးက ရင်ဘတ်လက်ဖိပြီး သက်ပြင်းချတယ်။

ဘာပဲဖြစ်ဖြစ် အဲ့ဒီအချိန်ကစပြီး ကျွန်တော့်ကို ဒေါ်လေးအပြင်သွားတိုင်း သော့တွေ အထပ်ထပ်နဲ့ ခတ်ထားပစ်ခဲ့ပါတော့တယ်။

* * *



**(5)**

အန်ကယ်ရော်ဂျာဟာ အိမ်ကိုလာလည်ရင်း ဒေါ်လေး အလုပ်ကပြန်လာလောက်တဲ့ ညပိုင်းလောက်မှ လာလေ့ရှိတော့တယ်။ အန်ကယ်ရော်ဂျာက ဒေါ်လေးအပေါ် စိတ်တစ်မျိုးနဲ့ ခင်တွယ်နေပုံပဲ။ ဒေါ်လေးပုံစံက လှတာလည်းမဟုတ်၊ မလှတာလည်း မဟုတ်ဘူး။ တကယ့်ကို သာမာန်ရုပ်ပါပဲ။ ပိန်ကပ်ကပ်နဲ့ ဆွဲဆောင်မှုမရှိတာလည်း သေချာတယ်။

အန်ကယ်ရော်ဂျာလာလည်လည်း အေးစက်ပြီး သီးသန့်ဆန်တဲ့ ဒေါ်လေးဟာ ဝတ်ကျေတန်းကျေပဲ။ သူ့ပင်မင်းဆိုင်က ယူလာတဲ့ အကျီတွေကိုပဲ မီးပူတိုက်နေခဲ့တယ်။ အန်ကယ်ရော်ဂျာကလည်း အာဝဇ္ဇန်း ရွှင်ပါဘူး။ ဒါကြောင် သူတို့ စကားဝိုင်းက မိနစ်သုံးလေးဆယ်လောက်ရှိမှ စကားသုံးလေးခွန်းနဲ့ ခြောက်ကပ်ကပ် နိုင်လွန်းလှပါတယ်။

ကျွန်တော် အန်ကယ်ရော်ဂျာလာတိုင်း ပျော်မိတာ တစ်ခုတော့ ရှိတယ်။ သူက လက်ဆောင်တွေ ယူလာတတ်လို့ပဲ။ ဝိုင်ပုလင်းတွေ၊ ဆေးပတ်ဘူးတွေ အစရှိသဖြင့်ပေါ့။ အနည်းဆုံးတော့ ဂျာနယ်တစ်စောင်လောက် ပါလာတတ်တယ်လေ။ သူပြန်ရင် ဧည့်ခန်းက စားပွဲမှာ အဲ့ဒီဂျာနယ်ကို ချန်ထားခဲ့တတ်တယ်။ လုပ်စရာ ဘာမှမရှိလို့ ငြီးငွေ့နေရတဲ့



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ဟာ အဲ့ဒီဂျာနယ်လောက်ကို မက်မက်မောမောနဲ့ စောင့်ဖတ်ရတာမှာ နှစ်သက်နေခဲ့တယ်။

ဂျာနယ်ထဲမှာ စစ်ပွဲလက်နက်အကြောင်း သတင်းတွေက အများဆုံးဖြစ်နေတယ်။ မုန်တိုင်းကြောင့် လူတွေအများကြီးသေတဲ့ သတင်း၊ ပင်လယ်ပြင်မှာ ရေနံတင်သင်္ဘောတွေ မှောက်တဲ့သတင်း၊ တောမီးတွေ မကြာခဏလောင်တဲ့ သတင်းကိုကြားရတော့ အခုချိန် ရွာမှာကော ဘယ်လိုဖြစ်နေပြီလဲလို့ စိုးရိမ်မိတယ်။ ရွာကလေး ဘေးအန္တရာယ်ကင်းဖို့ ကျွန်တော် ဆုတောင်းနေပါတယ်။

သတင်းစာထဲက ဖတ်ရသမျှတော့ သတင်းဆိုးတွေချည်းပါပဲ။ သတင်းတစ်ခုကလည်း ထူးထူးဆန်းဆန်း ခြိမ်းခြောက်တယ်။ ကမ္ဘာ့ရာသီဥတုလမ်းမကြီးတစ်ခုက ထရပ်ကားတစ်စီးစာလောက် အလိုလို အက်ကွဲသွားတဲ့ သတင်းပေါ့။ ပျော်ပညာရှင်တွေကလည်း ပြဿနာကို ဖော်ထုတ်နေကြသတဲ့။ သတင်းစာထဲက ဓာတ်ပုံမှာမြင်ရတော့ အဲ့ဒီ အက်ကွဲကြောင်းကြီးက သတ္တဝါတစ်ကောင်ရဲ့ ပါးစပ်ကြီး ဟနေသလိုပါပဲ။ အဲ့ဒီသတင်းဖတ်မိတော့ ဒေါ်လေးကိုတောင် အပြေးသွားပြမိပါသေးတယ်။ ဒေါ်လေးက အရေးမလုပ်ပါဘူး။ သူ မီးပူတိုက်မယ့် အဝတ်တွေကိုသာ ရေတွက်နေတယ်။

ဂျာနယ်ထဲမှာ ထပ်တွေ့ရတာ . . . ထပ်တွေ့ရတာကတော့ ကျန်းမာရေး ဆောင်းပါးတစ်ပုဒ်ပါပဲ။ တိုက်ဆိုင်လိုက်တာ ကျွန်တော်ဖြစ်နေတဲ့ရောဂါနဲ့ ပတ်သက်တဲ့ ဆောင်းပါးဖြစ်နေတယ်။ ဇီဝဖောက်ပြန်မှုအကြောင်း၊ ပုံသဏ္ဌာန်မမှန်ပဲ မွေးလာတဲ့ သန္ဓေသားတွေအကြောင်းပေါ့။ ဦးခေါင်းနှစ်လုံးပါတာတို့၊ ပါးစပ်နှစ်ခု ဖြစ်နေတာတို့၊ လိင်အင်္ဂါနှစ်ခု ဖြစ်နေတာတို့ စသဖြင့်ပေါ့။

စာထဲမှာ ရေးထားတာက အဲ့ဒီလို ရောဂါနဲ့ မွေးဖွားလာသူတွေက အသက်မရှည်ကြပါဘူး။ စောစော သေဆုံးကြတယ်။ ပြီးတော့



ဉာဏ်ရည်နဲ့ အပြုအမူတွေကလည်း ပုံမှန်စွမ်း ရည်ရှိမလာကြဘူးတဲ့။ ပြီးတော့ အပိုပါလာတဲ့ အင်္ဂါပစ္စည်းတွေကလည်း အသုံးပြုလို့မရတာများတယ်တဲ့။ ဒါဆို ကျွန်တော် ကံကောင်းသေးတာပေါ့နော်။

ကျွန်တော် . . . ကျွန်တော့်လက် အပိုနှစ်ဖက်အကြောင်းကို ထပ်ပြောပြပါဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်လက် အပိုနှစ်ဖက်ဟာ မူမမှန်စွာ အပိုပါလာပေမယ့် မသန်မစွမ်း အသားပို ပုံစံမျိုးသက်သက် မဟုတ်ပါဘူး။ ဒီလက်အပိုနှစ်ဖက်ဟာ မူမှန်လက်နှစ်ဖက်ရဲ့ ဂုဏ်သတ္တိအတိုင်းပါပဲ။ နည်းနည်းလေးသေးငယ်ပြီး သိမ်နေပေမယ့် သေချာကြည့်မှပဲ သိသာမှာပါ။ မူမှန်လက်နှစ်ဖက်ထက် တကယ့်ကို နည်းနည်းလေးပဲ ပိုသေးတာပါ။ ဒီ လက်အပိုနှစ်ဖက်မှာ တစ်ဖက်ကို လက်ချောင်းငါးချောင်းစီလည်း ပါတယ်။ အဲ့ဒီလက်ချောင်းကလေးတွေနဲ့ စာအုပ်လှန်လို့ရတယ်။ ဒင်္ဂါးပြားအပိုင်းလေး လှည့်လို့ရတယ်။ အင်္ကျီကြယ်သီး တပ်လို့ရတယ်။ သစ်ကိုင်းခိုလို့ ရတယ်။ ဖြစ်ချင်သလို လုပ်လို့ရတယ်။ ဒါပေမဲ့ အပိုပါလာတဲ့အတွက် အပိုပါပဲ။ ဆိုးရွားတဲ့ သေရာပါ အပိုဆုကြီးပေါ့။

လူမှန်းသိတတ်တော့ ကျွန်တော် အရင်ဆုံး ကြုံရတဲ့ဒုက္ခက အင်္ကျီပါပဲ။ ကျွန်တော်ဝတ်ဖို့ အင်္ကျီကို လက်နှစ်ဖက်စာ အကျယ်ကြီး ဖောက်ထားရတယ်။ အဲ့ဒါ အိမ်နေရင်းဝတ်တဲ့ ဒီဇိုင်း။ လူတွေကြားထဲ သွားမယ်ဆိုရင်တော့ အပိုလက်နှစ်ဖက်ကို အင်္ကျီအတွင်းထဲ နောက်ပစ် ပြီး ဝှက်ထားရတယ်။ အမြင်သက်သာရအောင်လို့သာ ဝှက်ထားရတာ သိပ်တော့ မထူးလှပါဘူး။ တစ်ရွာလုံးက ကျွန်တော် ဘာကောင်လည်း



ဆိုတာ သိပြီးသားပဲလေ။ ဒါပေမဲ့ အခု မြို့မှာတော့ ကျွန်တော့်အကြောင်း မသိကြသေးပါဘူး။ ဘယ်သူမှ သိလာကြလို့လည်း မဖြစ်ဘူးလေ။

သော့တွေ အပြည့်ခတ်ထားတဲ့ ခုံးဝန်းတဲ့ အိမ်ကလေးထဲမှာ ပျင်းရိအထီးကျန်နေတဲ့ ကျွန်တော်ဟာ အတွေးတွေပဲ ပြန့်လွင့်နေခဲ့တယ်။ အိမ်အပြင် လမ်းလျှောက်ထွက်တုန်းက မြင်ခဲ့ရတဲ့ စာသင်ကျောင်းကိုပဲ ပြန်မြင်ယောင်နေမိတယ်။ ကျွန်တော့်မှာ လက်လေးဖက်ရှိတော့ ကျောင်းဘောလုံးအသင်းမှာ ဂိုးသမာလုပ်ရင် နာမည်ကြီးမှာပဲနော်။ မဖြစ်နိုင်တာတွေ ကျွန်တော် စိတ်ကူးယဉ်နေမိတယ်လေ။

ပြီးတော့ တွေးရင်း ကျွန်တော် ပိုစိတ်ခတ်ကျသွားတာ တစ်ခုရှိတယ်။ ကျောင်းတက်ပြီဟေ့ဆိုရင် သေချာပေါက်လိုအပ်မှာ တစ်ခုရှိပြီလေ။ ကျောပိုးအိတ်၊ ကွန်ပါဘူး၊ ပုံဆွဲစာအုပ်တွေ ဘာတွေ ပြောတာ မဟုတ်ဘူး။ ကျောင်းတက်မယ်ဆိုရင် ပထမဆုံး အရေးကြီးလိုအပ်မှာက နာမည်ပဲ။ ဟုတ်တယ်။ နာမည်။

ဒေါ်လေးရဲ့နာမည်က 'နယ်လီ'တဲ့။ ဘေးအိမ်က သီချင်းဆိုတဲ့ အရက်သမားကြီးနာမည်က 'ဘော့' တဲ့။ အရှေ့အိမ်က ဒုစရိုက်လူဆိုးကြီးရဲ့ နာမည်ကိုလည်း 'ဆင်းဂါးဝုဒ်'လို့ နားစွန်နားဖျား ကြားမိသလိုပဲ။ ထားပါတော့။ အဓိကကတော့ လူမှာ နာမည်တစ်လုံး ရှိရမယ်ဆိုတာပဲ။ ကျွန်တော်လည်း လူပါပဲ။ ဒါပေမဲ့ နာမည်တော့ . . .

အမေက ကျွန်တော့်ကို မွေးမွေးပြီးချင်း ဆုံးသွားခဲ့တာဆိုတော့ နာမည်ပေးဖို့အချိန် မရလိုက်ဘူးပေါ့။ အဖေကလည်း ကျွန်တော့်ကို နာမည်ပေးဖို့ စောသေးတယ်လို့ ထင်တဲ့အရွယ်မှာ ဆုံးသွားခဲ့ပြန်တာ မဟုတ်လား။ နောက်ဆုံးကျန်တဲ့ ဒေါ်လေးကလည်း စားဝတ်နေရေး ထုံးပမ်းရတာ၊ စိတ်ပင်ပန်းသောကရောက်ရတာတွေနဲ့ လုံးချာလည်လိုက်နေခဲ့ပြီး ကျွန်တော့်ကို နာမည်လေးတစ်လုံးပေးဖို့တောင် အာရုံမစိုက်နိုင်ခဲ့ဘူး။ ဒီလို ဝတ္တရားရှိသူတွေက မပေးနိုင်ခဲ့တဲ့အခါ ရွာထဲကလူတွေက ခဲ့ပေးနိုင်းခဲ့ကြတာပေါ့။ သူတို့ ကျွန်တော့်ကို ဒီလိုခေါ်ကြတယ်။

www.burmeseclassic.com

Hand (ဟန်း) တဲ့။

ဘယ်အချိန်က စခေါ်ခဲ့ကြတာလည်း မသိပေမယ့် ကျွန်တော် နားယဉ်သွားတဲ့အချိန်မှာ ဒါဟာ ကျွန်တော့်နာမည် မဟုတ်ပေမယ့် ကျွန်တော့်ကိုခေါ်မှန်း သိစေတဲ့ အမှတ်သညာတစ်ခုအဖြစ် စွဲထင်နေခဲ့ပြီ။ ဒီ 'ဟန်း' ဆိုတဲ့ နာမည်နဲ့သာ ကျောင်းတက်ရင် ပထမဆုံး ကျောင်းတက်တဲ့နေ့မှာပဲ တစ်ခန်းလုံးက အတန်းသားတွေရဲ့ ခွက်ထိုးခွက်လန် ပွဲကျမှုနဲ့ ရင်ဆိုင်ရမှာ သေချာတယ်။ ကျွန်တော် စိတ်ရှုပ်လွန်းလို့ လက်လေးဖက်လုံးနဲ့ ခေါင်းတွေကို ကုတ်ဖွပစ်နေလိုက်တယ်။

စိတ်ကူးယဉ်မနေနဲ့ တော်တော့။ ဘာမှလည်း လိုချင်မနေနဲ့တော့။ ကျောင်းလည်း မတက်ချင်နဲ့။ နာမည်လည်း မလိုချင်နဲ့။ မင်းကိုယ်မင်း သိထားရမှာက မင်းနာမည်က 'ဟန်း' ပဲ။

ဟုတ်တယ် မရှိတာထက်စာရင် ဒီနာမည်လေးနဲ့ပဲ ကိုယ့်ကိုယ်ကိုယ် ဖြစ်တည်လိုက်တော့မယ်။

Hay, What is your name?

My name is Hand.



ဒီလိုနဲ့

နှစ်တွေ ကုန် . . . ကုန် . . . သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

ခြောက်နှစ်ခန့် ကြာပြီးနောက် . . . .



**(6)**

ပြီးခဲ့တဲ့ တနင်္ဂနွေက ကျွန်တော် (၁၇) နှစ်ပြည့်တယ်။ ကျွန်တော်တို့ ဒီအမိုးခုံး ဂိုဒေါင်အိမ်ကလေးမှာ နေခဲ့တာ (၆) နှစ် ရှိခဲ့ပြီ။ ဒါ အံ့ဩစရာပဲနော်။

ခြောက်နှစ်ရှိခဲ့ပေမယ့် ကျွန်တော်တို့မှာ မိတ်ဆွေများများစားစား မရှိသေးပါဘူး။ အိမ်နားနီးချင်းတွေနဲ့လည်း ငါးမိနစ်လောက်တောင် စကားမပြောဖြစ်သေးဘူး။ သော့တွေ အပြည့်ခတ်ထားတဲ့အိမ်ကို အိမ်နီးနားချင်းတွေက ထူးဆန်းကြပါတယ်။ ကျွန်တော့်ကို ဒေါ်လေးက ခြောက်နှစ်လုံးလုံး အိမ်ထဲမှာပဲ ပိတ်လှောင်ထားသလားလို့ ခင်ဗျားက မေးချင်မှာပဲ။ ဒေါ်လေးကို အပြစ်မတင်ပါနဲ့။

ဒေါ်လေးက ဒီခြောက်နှစ်အတွင်းမှာ ကျွန်တော် အပြင်ထွက်လို့ရအောင် မကြာခဏ တချို့ပြတင်းပေါက်တွေကို သော့ခတ်ဖို့ မေ့ချင်ယောင်ဆောင်ပြီး ဒီအတိုင်းထားခဲ့တာမျိုးတွေ လုပ်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်က . . .

"ဒေါ်လေးရေ . . . ဒီပြတင်းပေါက် သော့မခတ်ရသေးဘူးဗျ" လို့ လှမ်းသတိပေးတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ပြောချင်တာက ဒေါ်လေးက ခြောက်နှစ်လုံး လူစိတ်မရှိဘွာ ပိတ်လှောင်ထားခဲ့တာမျိုး မဟုတ်ပါဘူး။ ကျွန်တော်ကသာ ကိုယ့်ကိုယ်ကိုယ် စိတ်လှောင်ထားခဲ့တာပါ။ အပြင် လုံးဝမထွက်ဘူး။ အလွန်ဆုံး ပြတင်းပေါက်ဘေးမှာပဲ ရပ်ပြီး အပြင်ကို ငေးတယ်။ ဒီလောက်ပဲ။ ဘာလို့ အိမ်ထဲမှာပဲ ခြောက်နှစ်လုံးလုံး နေခဲ့တာလဲ။ အပြင်ထွက်ဖို့ အခွင့်အရေးရတာကိုတောင် ဘာလို့ ငြင်းပယ်ရတာလဲလို့ မေးခဲ့ရင်တော့ ကျွန်တော် ဖြေစရာတစ်ခုတည်း ရှိပါတယ်။

ကျွန်တော့်စိတ်ကြောင့်ပေါ့။ ကျွန်တော်ကိုယ်တိုင်က အိမ်အပြင်မထွက်ချင်တော့လို့ပါ။ ဒါပေမဲ့ ကျွန်တော် (၁၇) နှစ်ပြည့်တဲ့ နေ့က ညသန်းခေါင်လောက်မှာတော့ ဒေါ်လေးက စကားခေါ်ပြောတယ်။

"မင်း ငါ့ကိုစိတ်ဆိုးပြီး ခြောက်နှစ်လုံး အိမ်ထဲမှာနေခဲ့တာလား"

"မဟုတ်ပါဘူး . . . ကျွန်တော်ကိုယ်တိုင် အပြင်မထွက်ချင်ခဲ့တာ ဖြစ်နိုင်ပါတယ်။ အပြင်ထွက်ရင်ကော ကျွန်တော့်အတွက် ဘာထူးခြားတာတွေ ကြုံတွေ့ရမှာလဲ။ နာကျင်စရာနဲ့ ထိတ်လန့်စရာတွေပဲ ရှိမှာပေါ့"

"ဘာပဲဖြစ်ဖြစ် မင်း အရွယ်ရောက်နေပြီပဲ။ မင်းရဲ့အားနည်းချက်ကို ဆက်ပြီး လျှို့ဝှက်ထားရမှာ ဆိုပေမယ့် အိမ်အပြင်မထွက်တာက ပတ်ဝန်းကျင်က တို့အိမ်ကို ပိုပြီး အာရုံစိုက်စေတယ်"

" . . . . "

"ပြီးတော့ မင်းကိုယ်တိုင်အတွက်လည်း မကောင်းဘူးလို့ ငါထင်တယ်။ မင်း အပြင်ထွက်ချင် ထွက်ပါတော့။ ငါ ခွင့်ပြုပါပြီ။ ပြဿနာတစ်ခုခုမဖြစ်ဖို့တော့ အရင်လိုပဲ ဂရုစိုက်ရမှာပေါ့"

"ဟုတ်ကဲ့ပါ . . . ဒါဆို ကျွန်တော် အပြင်ပြန်ထွက်ပါ့မယ်"

ကျွန်တော့်စကားကြောင့် ဒေါ်လေးပြုံးတယ်။ ပြီးတော့ ပြောသေးတယ်။

Happy Birthday တဲ့။



အဲ့ဒီညကို ကျွန်တော် စိတ်ချမ်းသာတယ်။

ဒေါ်လေးဟာ ကျွန်တော့်ကို ပထမဆုံး စကားအများကြီး ပြောတာဖြစ်သလို ပထမဆုံး ပြုံးပြတာလည်းဖြစ်ပြီး ပထမဆုံး မွေးနေ့ဆုတောင်းပေးခဲ့တာလည်း ဖြစ်ပါတယ်။

ခြောက်နှစ်လောက်ကြာပေမယ့် ကျွန်တော်တို့ အိမ်ငှားလခက ထူးထူးထွေထွေ တိုးသွားတယ် မရှိပါဘူး။ သိတယ်မို့လား။ အိမ်ရှင် အန်ကယ်ရော်ဂျာက ဒေါ်လေးကို တစ်ဖက်သတ်ဖြစ်နေတာလေ။

အခု ဒေါ်လေးက ကြော်ငြာစာရွက်ဝေတဲ့အလုပ်လည်း မလုပ်တော့ပါဘူး။ အော်ပရာပြဇာတ်ရုံမှာ လက်မှတ်ရောင်းရသူ ဖြစ်နေပါပြီ။ ဒါလည်း ကန်ကယ်ရော်ဂျာကတစ်ဆင့် အကူအညီပေးလို့ ရခဲ့တာပါပဲ။

အန်ကယ်ရော်ဂျာကလည်း ခြောက်နှစ်လောက်ကြာတဲ့အထိ ဒေါ်လေးကိုချစ်ကြောင်း၊ ကြိုက်ကြောင်း မပြောပြရသေးဘူးဗျ။ မျက်လုံးတနေသာ အကြင်နာအခိုးအငွေ့တွေ ထုတ်လွှတ်ပြနေတာပါ။ မီးပူပဲ ငုံ့တိုက်နေတဲ့ ဒေါ်လေးက သူ့အခိုးအငွေ့တွေကို ဘယ်မြင်မလဲ။ သနားစရာကြီးနော်။

တစ်ညတုန်းကတော့ အန်ကယ်ရော်ဂျာ ဖွင့်ပြောဖို့ ကြိုးစားသေးတယ်ဗျ။ ရဲဆေးတင်ပြီးမှ လာတဲ့သဘောနဲ့ နည်းနည်းမူးအောင် သောက်လာတယ်လေ။ ဒီရောက်တော့ . . .

"မစ္စနယ်လီ . . . ကျွန်တော် စကားတစ်ခွန်းလောက် ပြောချင်လို့ပါ"

ဆိုပြီး ကတုန်ကရင် ဖြစ်နေပါတယ်။ ဒေါ်လည်းကလည်း ဘယ်လိုအခြေအနေမှန်းကို မရိပ်မိဘူး။ ကော်ဖီပူပူကြီးတိုက်ပြီး ညှော်ခံလိုက်တယ်။ အန်ကယ်ရော်ဂျာက မူးမူးနဲ့ ကော်ဖီပူပူကြီးကို မှုတ်သောက်နေရတယ်ဗျာ။ အရက်မူးနေတဲ့အချိန်မှာ ကော်ဖီပူပူကြီး သောက်ရတာဆော်တော့ အစပ်အဟပ်လွဲပြီး ကပေါက်တိကပေါက်ချာဖြစ်မှန်း လူတိုင်း



www.burmeseclassic.com

www.burmeseclassic.com

သိမှာပါ။ အဲ့ဒီညက သူ့ကိုကြည့်ပြီး ကျွန်တော် ရယ်ချင်လိုက်တာ။ နောက်ဆုံး ဘာမှလည်း မပြောရဲဘဲ ကော်ဖီသောက်ပြီးတာနဲ့ ထပြန်သွားတယ်လေ။

နောက်ပိုင်းရက်တွေမှာ ဒေါ်လေးဟာ အလုပ်သွားရင် အိမ်ကို သော့တွေ ခတ်မထားခဲ့တော့ပါဘူး။ နှစ်တွေကြာအောင် သော့ခတ်ခံထားရတဲ့ ပြတင်းတံခါးတွေလည်း အခုမှ အညောင်းဆန့်ရပြီပေါ့။ ကျွန်တော် အိမ်ရှေ့တံခါးကို တွန်းဖွင့်လိုက်ပြီး အခန်းထဲကို နေရောင်ခြည် ဝင်စေလိုက်တယ်။ အပြင်လမ်းမပေါ်ဆီ မသွားချင်သေးတာကြောင့် အိမ်မျက်နှာစာရှေ့မှာပဲ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလိုက်တယ်။

အိမ်ရှေ့တံခါးဝမှာထိုင်ရင်း ခေါင်မိုးစွန်းက ငှက်အိမ်ကိုလည်း မော့ကြည့်မိတယ်။ အိမ်စပြောင်းလာတုန်းက ငှက်ကလေးတွေ မရှိသေးပေမယ့် အခု ငှက်တွေ ရှိနေပါပြီ။ နေ့စဉ်ပဲ ကျွန်တော် ငှက်ကလေးတွေကို မော့ကြည့်နေခဲ့တယ်။ ငှက်ကလေးတွေနဲ့ မျက်လုံးချင်း ဆုံတဲ့အခါ အသည်းငယ်တဲ့ သူတို့ကပဲ အရင်အကြည့်လွှဲကြတယ်။

ကျွန်တော် မတ်တတ်ရပ်ပြီး အနီးကပ်ကြည့်ရင် သူတို့ အိမ်ထဲကနေကို ထွက်မလာကြတော့ဘူး။ ကျွန်တော် ပြောင်းဖူးစေ့လေးတွေကို ခွဲခြမ်းပြီး ငှက်အိမ်ကလေးပေါ် တင်ပေးတာမျိုး လုပ်ပေးတယ်။ ပထမရက်တွေမှာ ကျွန်တော်ရှိနေရင် မစားဘူး။ ကျွန်တော် တစ်ခုခု သွားလုပ်နေပြီးမှ ပြန်လာကြည့်တဲ့အခါ မျိုးဆိုရင်တော့ ပြောင်းဖူးစေ့လေးတွေ ပျောက်ရကုန်ပြီ။ သူတို့ မြန်မြန်စားသောက်လိုက်ကြပြီ နေမှာပေါ့။ ကျွန်တော့်အလစ်မှာမှ စားပေမယ့် ကျွန်တော် ဗွေမယူပါဘူး။ သူတို့ကိုဆက်ပြီး ပြောင်းဖူးစေ့လေးတွေ ကျွေးမြဲပဲ။ တဖြည်းဖြည်း ငှက်ကလေးတွေနဲ့ ကျွန်တော် ပိုပြီး ယဉ်ပါးလာခဲ့တယ်။

နောက်ဆုံး ကျွန်တော် လက်ဖဝါးပေါ် ပြောင်းစေ့လေးတွေတင်ပြီး အိမ်ရှေ့ ထိုင်နေလိုက်ရုံနဲ့ သူတို့ဟာ ပြောင်းဖူးစေ့လေးတွေကို လာစားတတ်နေခဲ့ပြီလေ။ သူတို့တွေ အစာကောက်တဲ့အခါ လက်ဖဝါးနဲ့



နှုတ်သီးနဲ့လာထိတော့ ကျွန်တော် အူယားလို့ ရယ်ချင်နေမိသေးတယ်။

ဒါပေမဲ့ တစ်နေ့မှာတော့ ကျွန်တော် အမှားတစ်ခု ကျူးလွန်ခဲ့ပါတယ်။ မိုက်မဲတဲ့ စမ်းသပ်မှုတစ်ခုပဲ။ အတတ်စမ်းချင်တဲ့ လူ့စိတ်ဗီဇတစ်ခုလား။ ကျွန်တော် မလိုအပ်တာတစ်ခု လုပ်ခဲ့တယ်။

အဲ့ဒီနေ့က အိမ်ရှေ့ဝဲယာဘေးဘီကို ကြည့်တယ်။ အားလုံးတိတ်ဆိတ်နေတယ်။ လူရိပ်လူခြေ ကင်းနေတယ်။ ဒါနဲ့ အိမ်ရှေ့မှာ ထိုင်ရင်းနဲ့ ကျွန်တော်ဟာ လက်အပိုနှစ်ဖက်ကို ဖြည်ထုတ်လိုက်တယ်။

ပြီးတော့ လက်အပိုတစ်ဖက်ရဲ့ လက်ဖဝါးပေါ် ပြောင်းဖူးစေ့လေးတွေတင်ပြီး သူတို့လာအစားကို စောင့်နေလိုက်တယ်။ ကျွန်တော် စောင့်နေခဲ့ပါတယ်။ ရင်ခုန်စွာ စောင့်စားခဲ့ပါတယ်။ သူတို့ ပုံမှန်အစားတတ်ချိန်ရောက်လာလေ ကျွန်တော် ပိုရင်ခုန်လာလေပဲ။ တဒိတ်ဒိတ်နဲ့ ကျွန်တော့်လက်အပိုပေါ်မှာ အစာလာစားမယ့် ငှက်ကလေးကို စောင့်နေခဲ့တယ်။ ကျွန်တော် စောင့်နေခဲ့တယ်လေ။

သူတို့ ကျွန်တော့်ကို အားမနာကြဘူး။ ဒီနေ့မှ ဘာလို့ လာမစားကြတာလဲ။ သူတို့ ဒီနေ့ကျမှ တိုက်ဆိုင်စွာ ဗိုက်တွေ ပြည့်အင့်နေတာလား။ ငှက်အိမ်ပေါ်ကနေ ကျွန်တော့်ကို မမှတ်မိသလို ကြည့်နေတဲ့ ငှက်တစ်ကောင်ရဲ့ အူကြောင်ကြောင်မျက်လုံးကို ကျွန်တော် တွေ့လိုက်ရတယ်။ ငှက်တွေကအစ လက်အပိုနှစ်ဖက်ကို အသိအမှတ် မပြုတာလား၊ ငှက်တွေကအစ ဒီလက်တွေကို ရွံရှာကြောက်လန့်နေကြတာလား။ နေဝင်ခါနီးအထိ လာမစားတဲ့ ပြောင်းဖူးစေ့တွေကို လက်ဖဝါးပေါ်တင်ရင်း စောင့်နေခဲ့တယ်။

ရက်ရွဲ့ညောင်းညာမှုနဲ့အတူ ပြောင်းဖူးစေ့တွေကို လွှင့်ပစ်လိုက်တော့ အနောက်မြောက်အရပ်မှာ ကြယ်တစ်ပွင့်တောင် ထွက်နေပြီ။

အဲ့ဒီညက အခန်းပိတ် စောစောအိပ်တယ်။ ညစာလည်း မစားဘူး။ အိပ်တယ်ဆိုတာလည်း တကယ်မအိပ်ပါဘူး။ မျက်လုံးသက်သက်

www.burmeseclassic.com

ပဲ မှိတ်ထားတာပါ။ စိတ်ထဲမှာတော့ ကျွန်တော့်ကို အဖက်မလုပ်တဲ့ ငှက်တွေနဲ့ ကျွန်တော့်ကို လှောင်ပြောင်နေတဲ့ ပြောင်းဖူးစေ့တွေကိုပဲ ဝဲကတော့တွေလို ချာချာလည် မြင်ယောင်နေတော့တယ်။

ညသန်းခေါင်မှာ မိုးထစ်ချုန်းရွာတယ်။

အိပ်မပျော်ဘဲ ကြောင်စီစီဖြစ်နေတဲ့ ကျွန်တော်ဟာ မခံစားနိုင်တော့ဘဲ အိပ်ခန်းထဲကနေ ထွက်၊ အိမ်အပြင်ဘက်ထိ ထွက်သွားပြီး လက်လေးဖက်စလုံးကို အကုန်ထုတ်လို့ မိုးရေတွေထဲမှာ မတ်တတ်ရပ်ပစ်လိုက်တယ်။ အိမ်ရှေ့ မျက်နှာစာ မြေကွက်လပ်မှာပေါ့။ မိုးရေတွေကို လက်ခုပ်လေးဖက်စလုံးနဲ့ ဖြန့်ခံထားတယ်။ သောက်သုံးမကျတဲ့ မိုးရေတွေကျတော့ ကျွန်တော့်လက်တွေကို ရှောင်ကွင်းပြီး မရွာနိုင်ကြဘူးလေ။

"အား . . . "

စိုစိုရွှဲရွှဲနဲ့ အကျယ်ကြီး အော်နေပစ်လိုက်တယ်။

အိပ်မောကျနေတဲ့ ဒေါ်လေးလည်း အခုမှ နိုးလာပြီး ကမန်းကတန်း မိုးရွာထဲ ထွက်လာတယ်။ လက်လေးဖက်လုံး ထုတ်ထားတဲ့ ကျွန်တော့်မြင်တော့ ထိတ်လန့်သွားတယ်။ သေးဘီကို တစ်ချက်ကြည့်ပြီး ကျွန်တော့်ကို အိမ်ထဲဆွဲခေါ်တယ်။ ကျွန်တော်က တောင့်ခံနေတာမို့ ဒေါ်လေးက ပင်ပင်ပန်းပန်းကို ရိုက်နှက်ဆွဲခေါ်ရတယ်။ အိမ်ထဲရောက်တော့ 'ဝုန်း' ခနဲ နှစ်ယောက်စလုံး ပစ်လဲကျတော့တယ်။ မိုးရေတွေနဲ့ နှစ်ယောက်စလုံး ဖရိုဖရဲပေါ့။

"မင်း . . . ဘယ်လိုလုပ်နေတာလဲ။ အေးချမ်းနေတာကို ဖျက်ဆီးချင်ပြန်ပြီလား"

ကျွန်တော် ငိုနေလိုက်တော့တယ်။ ဒေါ်လေးက ကျွန်တော့်ကို ပြေးပြေးရိုက်တယ်။ ရိုက်ရင်းနဲ့လည်း . . . .

"ပြောစမ်း . . . မင်း ဘာစိတ်ဖောက်ပြီး ဒီလိုလုပ်တာလဲ"

"ကျွန်တော်ငှက်တွေကို မုန်းတယ် . . . ဒေါ်လေး"

" . . . . . "



ဒေါ်လေး ကျွန်တော့် ရုတ်တရက် ကြောင်ကြည့်တယ်။ နားမလည်စွာနဲ့ပေါ့။ ကျွန်တော် ဒီနေ့ အဖြစ်အပျက်ကို ပြောပြလိုက်ပါတယ်။ ကျွန်တော့်ရဲ့ ပြောင်းဖူးစေ့ကို မစားကြတော့ဘဲ ငှက်တွေအကြောင်းကို ကျွန်တော် ပြောပြလိုက်တယ်။ ပြောရင်းနဲ့ပဲ အိမ်ထောင့်ကွေးမှာ ကျွန်တော် မျက်ရည်တွေ မဆုံးနိုင်အောင် ကျနေမိတယ်။ ကျွန်တော် အဆုံးသတ်ထပ်ပြောမိသေးတယ်။

"ကျွန်တော် ငှက်တွေကို အရမ်းမုန်းသွားပြီ . . . ဒေါ်လေး"

ဒေါ်လေးက အကြာကြီး ကြည့်နေတယ်။ ကျွန်တော့်အဖြစ်အပျက်အပေါ် စိတ်မကောင်း ဖြစ်လို့နေတယ်။ ပြီးတော့ ကျွန်တော့်ကို လာပွေ့ဖက်တယ်။

ဒေါ်လေးဟာ နည်းနည်း အသက်ပိုကြီးလာလို့ပဲလား၊ ကျွန်တော်ပဲ နည်းနည်းပိုအရွယ်ရောက်လာတာကြောင့်လား၊ ဒါမှမဟုတ် ဒီနှစ်အတွင်း ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အကျဉ်းသားတစ်ယောက်နဲ့တူအောင် လှောင်ပိတ်နေခဲ့လို့လား၊ ဘာကြောင့်မှန်းတော့ မသိပါဘူး။ ကျွန်တော့်ကို ဟိုးအရင်ကထက် အများကြီးပိုပြီး နူးနူးညံ့ညံ့ ဆက်ဆံလာပါပြီ။

နောက်တစ်နေ့ နံနက်မှာ ဒေါ်လေးက ငှက်အိမ်ကို အလုပ်သွားရင်း သူ ယူသွားမယ်။ ပြီးရင် . . . လမ်းမှာတွေ့တဲ့ သစ်ပင်တစ်ပင်မှာ ချိတ်ထားခဲ့မယ်လို့ပြောတယ်။ ကျွန်တော်က . . .

"နေပါစေ . . . သူတို့ဘာသာနေပါစေ . . . ဒေါ်လေးရာ။ ဒါပေမဲ့ ကျွန်တော်ကတော့ ဘယ်တော့မှ သူတို့ကို ကြည့်လည်းမကြည့်၊ အစာလည်း မကျွေးတော့ဘူး"

လို့ ပြောလိုက်တယ်။

ပြီးတော့ ဒေါ်လေး အလုပ်သွားဖို့ အိမ်ပေါက်ဝက အထွက်မှာပဲ ကျွန်တော် ထပ်ပြောလိုက်တယ်။

"ကျွန်တော် ဒေါ်လေးကို အလုပ်လိုက်ပို့ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်လေးက တရိပ်ရိပ်ဝမ်းသာလာတဲ့ မျက်နှာနဲ့ လှည့်ကြည့်လာပါတယ်။ ကျွန်တော်လည်း ပြုံးလျှက်ပေါ့။ နောက်တော့ ကျွန်တော်တို့ အတူတူ ထွက်ခဲ့ကြတယ်။

"နောက်ဆိုရင်တော့ ခဏခဏ လိုက်မပို့နဲ့တော့။ ငါတို့အတွက် အန္တရာယ်ရှိတယ်"

ဘတ်စ်ကားစထွက်တော့ လေသံသဲ့သဲ့နဲ့ ဒေါ်လေးက ပြောတယ်လေ။ ဘတ်စ်ကားပေါ်က လူတွေက ကျွန်တော်တို့ ဝင်လာတော့ ကျောကုန်းဘုကြောင့် ခါးကုန်းနေသယောင်ဖြစ်နေတဲ့ ကျွန်တော့်ကို နည်းနည်း စူးစူးစမ်းစမ်း ကြည့်ကြသေးတယ်လေ။ ကျွန်တော် ကိုယ့်ဘာသာကိုယ် မှင်သေသေ နေရတာပေါ့။

မြို့ထဲက ရှုခင်းတွေကို ဒီတစ်ခါမှပဲ ကောင်းကောင်းပြန်မြင်ရတော့တယ်။ မြို့ကိုစရောက်တဲ့အချိန်က တစ်ခါပဲ မြို့ရောက်ဖူးသေးတဲ့ ကျွန်တော်ဟာ အခု ရှုခင်းတွေကိုကြည့်ပြီး ပျော်နေတာပေါ့။ ဒေါ်လေး လက်မှတ်ရောင်းတဲ့ ပြဇာတ်ရုံဆီရောက်တော့ ခပ်လှမ်းလှမ်းမှာပဲ နေခဲ့လိုက်တယ်။ အဝေးကနေပဲ ဒေါ်လေးနဲ့ ကျွန်တော် တစ်ယောက်ကိုတစ်ယောက် လက်ပြခဲ့တယ်။

အပြန် ဒေါ်လေးပြောတဲ့ ဘတ်စ်ကားနံပါတ်အတိုင်း စီးပြန်ခဲ့တယ်။ အပြန်လမ်းဟာ ကျွန်တော့်အတွက် ပိုအဓိပ္ပာယ်ရှိပြီး စိတ်ဝင်စားစရာ ကောင်းခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ မြို့ပြင်က တောင်ကြီးကို ကောင်းကောင်းမြင်ရတဲ့ လမ်းဖြစ်နေတယ်လေ။

"အဲ့ဒီတောင်ကို သွားလို့ရမယ့် အနီးဆုံးမှတ်တိုင်မှာ ရပ်ပေးပါ"

လို့ လွှတ်ခနဲ ကျွန်တော် အော်လိုက်တော့ တစ်ကားလုံးက ဝိုင်းကြည့်ကြသေးတယ်။ ကားဆရာက ကျွန်တော်ပြောတဲ့အတိုင်း ရပ်တော့ ရပ်ပေးပါတယ်။ ကျွန်တော် ကားပေါ်ကအဆင်းပဲ ကားဆရာက . . .

"နည်းနည်းတော့ လမ်းလျှောက်ရလိမ့်ဦးမယ်။ အဲ့ဒီတောင်ဆီရောက်တဲ့ ဘတ်စ်ကားတော့ မရှိဘူး"



"ဟုတ်ကဲ့ . . . ကျေးဇူးပါ"

တောင်ခြေရောက်တော့ ကျွန်တော် တောင်ကြီးကို မော့ကြည့်တယ်။ တော်တော်မြင့်မြင့်ရှိတဲ့ တောင်တစ်လုံးပါပဲ။ တောင်ပေါ်တက်တဲ့ လမ်းလည်း မရှိဘူး။ လူသူ မလာကြဘူး ထင်ပါရဲ့။

ကျွန်တော် တောင်ကြီးကိုကြည့်ရင်း တောင်ကြီးဟာ ကျွန်တော့်ကိုယ်ပွားလို့တောင် ခံစားရလာတယ်။ ဘာဖြစ်လို့လဲဆိုတော့ တောင်ကြီးက တိုက်တာတွေစည်ကားနေတဲ့ အဝေးမှာ တစ်ယောက်တည်း အထီးကျန် ငုတ်တုတ်ထိုင်နေသလိုကြီး ဖြစ်နေလို့ပေါ့။ ထီးတည်းဖြစ်နေတဲ့ တောင်ကြီးဟာ ကျွန်တော်နဲ့ ဘဝတူလိုပါပဲ။ ညို့မှိုင်းတိတ်ဆိတ်ခြင်းနဲ့ မျက်လွှာချထားတယ်လေ။

တောင်ကြီးဟာ ကျွန်တော်နဲ့ သူငယ်ချင်းဖြစ်ဖို့ ကျွန်တော့်ကို အသင့် စောင့်ကြိုနေသလိုပဲ။ ကျွန်တော် တောင်ကြီးဆီ တက်ခဲ့ပါတယ်။ ဒီလိုပဲ မြေဆိုင်ခဲတွေကိုနင်းလိုက်၊ ကျောက်ခဲတော်တွေကို နင်းလိုက်၊ အပင်တွေ၊ နွယ်တွေကို ဆွဲလိုက်နဲ့ တက်တာပါပဲ။ ဒါပေမဲ့ မရဘူး။ လျှောလျှောကျနေတယ်။ လက်တွေပွန်း၊ ခြေထောက်တွေပွဲ၊ ထိခိုက်ရှနာ များခဲ့တယ်။ လူသူကင်းရှင်းတဲ့ နေရာဆိုတော့ ကျွန်တော့် လက်လေးဘက်လုံးထုတ်ပြီး တက်ပါတယ်။ ဒီလိုကျတော့ လက်အပိုနှစ်ဖက်က အသုံးကျသားပဲ။ အခက်အခဲ နည်းသွားတယ်။ ဒါပေမဲ့ တောင်တစ်ဝက်ရောက်ဖို့တောင် တော်တော် အားယူအချိန်ကုန်ခံပြီး တက်ခဲ့ရတယ်။

တောင်တစ်ဝက်လောက်မှာတော့ မောပန်းတာရယ်၊ ပွန်းပဲ့ဒဏ်ရာတွေက အဆိပြန်ကိုက်ခဲလာတာကြောင့်ရယ်၊ နေရောင်ခြည်ကလည်း မှိန်ဖျော့အားနည်း လာတာတွေရယ်ကြောင့် ပြန်ဆင်းခဲ့ပါတယ်။ နောက်ဖြစ်ကျမှပဲ ပြန်လာတော့မယ်လို့ ကျွန်တော် ဆုံးဖြတ်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆုံးဖြတ်ထားတဲ့အတိုင်းပဲ ကျွန်တော် တောင်ကြီးဆီ ပြန်ရောက်လာပါတယ်။ အိမ်ကနေ ဒီတောင်ကြီးဆီရောက်ဖို့ မိနစ်လေးဆယ်လောက် လမ်းလျှောက်ရတယ်။

ကျွန်တော် အပေါ်အင်္ကျီချွတ်၊ ခါးမှာစည်းပြီး လက်လေးဖက်လုံးကို အသုံးပြုပြီး တောင်ထိပ်ရောက်ဖို့ တက်ပါတော့တယ်။ မနေ့က ကျွန်တော် တက်ခဲ့ဆင်းခဲ့တဲ့နေရာဟာ လမ်းပုံစံမျိုးတောင် ဖြစ်နေပါပြီ။ အဲ့ဒီနေရာကနေပဲ တက်ခဲ့တယ်။ မနေ့ကလိုပဲ လျှောကျတာမျိုးတွေလည်း ဖြစ်သေးတယ်။ မြေကြီးတွေ ပွဲကျတာ၊ ကိုင်ဆွဲထားတဲ့အပင်က အမြစ်ကျွတ်သွားတာတွေ ဖြစ်တာပဲ။ မနေ့ကထက် ပိုမြင့်မြင့်ရောက်လေ ထိခိုက်ဒဏ်ရာကေတော့ ပိုများလေပဲ။

ဒါပေမဲ့ အပေါ်ပိုင်း ပိုမြင့်တဲ့နေရာရောက်တော့ တက်ရမခက်တော့ပါဘူး။ တောင်ဟာ မတ်စောက်တစ်လှည့်၊ ပြေဆင်းမှုတစ်လှည့်နဲ့ပါပဲ။ စတင်တက်ခဲ့သူ မရှိလို့သာ ဘယ်သူမှ မတက်တာဖြစ်မယ်။ တကယ်ပဲ ကျွန်တော်တက်လာခဲ့လိုက်တာ တောင်ထိပ်ကို ရောက်ခဲ့ပါတယ်။ တောင်ထိပ်ရောက်ရောက်ချင်း မောလို့ ပက်လက်လှန်လိုက်တော့ မိုးကောင်းကင်ကြီးကို နီးနီးကပ်ကပ်ကြီး 'ဘွား' ခနဲ မြင်ရတော့တာပဲ။ ရင်ထဲမှာ ပျော်နေတယ်။

"ဟေး . . ."



လို့ အားကုန်အော်လိုက်ရတာ ရင်ထဲပေါ့သွားတယ်။ ဘယ်သူမှ ကျွန်တော့်ကို တားဆီးမည့်သူ မရှိဘူး။ လက်အပိုနှစ်ဖက်ကြောင့် ကျွန်တော့်ကို ငြိုငြင်မယ့်သူ တစ်ယောက်မှ မရှိဘူး။ ဘာမှရှက်ကြောက်နေစရာ မလိုပါဘူး။ အလွတ်လပ်ဆုံး ကျွန်တော့်ကမ္ဘာလေးကို ကျွန်တော်တွေ့ရပြီပဲ။

တောင်အစွန်းက အငူလေးမှာ သွားထိုင်နေလိုက်တယ်။ အဝေးက မြို့ရဲ့ရှုခင်းကို အပေါ်စီးကမို့ ရှင်းရှင်းလင်းလင်း မြင်နေရတယ်။

ဟိုးမှာ ဘတ်စ်ကားဂိတ်တွေ၊ ဟိုးမှာ ဒေါ်လေးတို့ပြဇာတ်ရုံရှိတဲ့ မြို့ထဲအပိုင်း၊ ဟိုးနားက ကျွန်တော်တို့ရပ်ကွက်ထင်တယ်။ ဟိုးမှာ ပန်းဥယျာဉ်ခြံ၊ ဟိုးမှာက စာသင်ကျောင်းဆောင်တွေ၊ ကျွန်တော် ငယ်ငယ်က အရှုးထပြီး တက်ချင်ခဲ့တဲ့ ကျောင်းမို့လား။

ဘာမှစိတ်ပျက်အားငယ်စရာ မရှိတော့ဘဲ လွတ်လပ်နေမိတယ်။ လေတဖြူးဖြူးမှာ ဆံပင်တွေလွင့်သွားမှုနဲ့အတူ ကျွန်တော်ပါ လွင့်နေသလိုပဲ။

"ဟေး . . . ဟေး . . . ဟေး . . . "

အဆင့်ဆင့် အော်နေလိုက်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

လပေါင်းများစွာကြာတော့ ကျွန်တော်ဟာ တောင်ခြေကနေ တောင်ထိပ်ကို တကယ့်မိနစ်ပိုင်းအတွင်းမှာပဲ တက်နိုင်နေခဲ့ပါပြီ။ ပေါ့ပေါ့ ပါးပါးပဲ ခုန်ဆွနင်းလွှားပြီး တက်သွားနေနိုင်နေပြီ။ တောင်ရဲ့ အနေအထား၊ ဘယ်နေရာမှာတော့ ဘယ်အန္တရာယ်ရှိတယ်၊ ဘယ်နေရာက ကြည့်ရင်တော့ ဘယ်ရှုခင်းမြင်ရမယ် စသဖြင့်တွေလည်း သိနေပြီ။ ဒီအချိန် တောင်တက်ချန်ပီယံ တစ်ဦးနဲ့ပြိုင်ပြီး ဒီတောင်ပေါ်တက်မယ်ဆိုရင်တောင် ကျွန်တော်ပဲ အနိုင်ရမှာပါ။ ကျွန်တော့်ဘက်က ကျွန်တော် ပြန်လောင်းရဲတယ်။ တကယ် . . . အဟောင်း . . . ။

ဒီလိုနဲ့ ဒီမြို့ပြင်က တောင်ကြီးဟာ ကျွန်တော့်ရဲ့ အိမ်ရာလို့ ဖြစ်လာခဲ့ပါတော့တယ်။

ℷ ℷ ℷ



## (7)

ကျွန်တော် (၁၈)နှစ်ပြည့်တဲ့ညက အိပ်မက်နှစ်ခု မက်တယ်။

အဲ့ဒီညက ဒေါ်လေးက ကျွန်တော့် မွေးနေ့အတွက် ရည်ရွယ်ပြီး မုန့်တွေတော်တော်များများ ဝယ်လာခဲ့တယ်လေ။ အန်ကယ်ရော်ဂျာကလည်း ကျွန်တော့်မွေးနေ့ကို ဘယ်လိုသိတာလဲ မသိဘူး။ ဝိုင်ပုလင်းတစ်လုံး ယူလာတယ်။ မုန့်စားရင်း ဝိုင်းသောက်ရင်းနဲ့ မုန့်ပန်းကန်တစ်ခုမှ ဒေါ်လေးနဲ့ အန်ကယ်ရော်ဂျာ လက်ဆုံသွားသေးတယ်။ နှစ်ယောက်စလုံး ရှက်သလိုဖြစ်သွားတာ ကျွန်တော် တွေ့လိုက်တယ်။ ကျွန်တော် ပြုံးမိတာပေါ့။

နောက် စားကောင်းလွန်းတဲ့မုန့်တွေ ပြည့်နှင့်အောင်စားပြီး အိပ်ရာဝင်တော့ အိပ်မက်နှစ်ခု မက်တော့တာပဲ။

### အိပ်မက် (၁)

အဲ့ဒီအိပ်မက်ကို ညဉ့်နက်ပိုင်းမှာ မက်တာဖြစ်မယ်။ အိပ်မက်ထဲမှာ တစ်ကမ္ဘာလုံးက လူတွေဟာ အချင်းချင်း နှုတ်ဆက်နေကြတယ်။ တူညီတဲ့ လူမျိုးစုတွေ နှုတ်ဆက်နေကြတယ်။ ကွဲပြားတဲ့ဘာသာတရား



www.burmeseclassic.com

www.burmeseclassic.com

ကိုးကွယ်သူတွေလည်း နှုတ်ဆက်နေကြတယ်။ လူရိုင်းတွေလိုမျိုး တောတွင်းမျိုးနွယ်စုတွေတောင် တွေ့နေရတယ်။ နှစ်ဖက် စစ်တိုက်နေတဲ့ စစ်သားတွေလည်း သေနတ်တွေ ခဏပစ်ချပြီး အချင်းချင်း ပြေးဖက်နှုတ်ဆက်နေကြတယ်။ အံ့သြစရာပဲ။ နှုတ်ခမ်းကွဲနေတဲ့ သူတောင်းစားကြီးကို သိပ်လှတဲ့ ကောင်မလေးက ပါးချင်းအပ်ပြီး နှုတ်ဆက်သွားတယ်။ မြင်မိတဲ့ မျက်လုံးကိုတောင် မယုံနိုင်ခဲ့ဘူး။ အဲ့ဒါ ကျွန်တော့် မျက်စိရှေ့မှာပဲ ဖြစ်ပွားသွားတာ။ နိုင်ငံပေါင်းစုံက သမ္မတတွေလည်း ခန်းမတစ်ခုထဲမှာ နှုတ်ဆက်နေကြတယ်။ သူတို့လက်နက်တွေအကြောင်း အကျိုးစီးပွားရေးတွေအကြောင်း မဆွေးနွေးဘဲ နှုတ်ဆက်နေကြတယ်။

ဘတ်စ်ကားမှတ်တိုင် ခေါင်မိုးအောက်က လူတွေကို ဘတ်စ်ကားပေါ်ကလူတွေက ပြတင်းပေါက်ကနေ လက်တွေထုတ် နှုတ်ဆက်နေကြတယ်။ စီးတီးမတ်ထဲမှာလည်း ဈေးဝယ်တွန်းလှည်းတွေကို တွန်းရင်း နှုတ်ဆက်နေကြတယ်။ စာကြည့်တိုက်ထဲမှာလည်း စာအုပ်တွေ ရွေးရင်း နှုတ်ဆက်နေကြတယ်။ သင်္ဘောပေါ်မှာလည်း နှုတ်ဆက်နေကြတယ်။ အားလုံးရဲ့ မျက်နှာတွေဟာ ပြုံးနေကြတယ်။ ဘာသာစကားတွေချင်း မတူကြပေမယ့် တစ်ယောက်ကိုတစ်ယောက် ပြောဆိုနှုတ်ဆက်လို့ရနေတယ်။ အားလုံး ပွေ့ဖက်နွေးထွေးနေကြတယ်။

ကျွန်တော်ကလည်း မြို့လယ်ရင်ပြင်မှာ ရောက်ရှိနေတယ်။ ကျွန်တော်ဟာ လက်အပိုနှစ်ဖက်ကိုလည်း အများသူငါ မမြင်အောင် နောက်ပစ်လျှို့ဝှက် သိမ်းဆည်းထားတာမျိုးမဟုတ်ဘဲ ဒီအတိုင်းပဲ ပေါ့ပေါ့ပါးပါး ဖြန့်ထုတ်လွှဲယမ်း လှုပ်ရှားနေတယ်။ လူတွေဟာလည်း ကျွန်တော့်လက်တွေကို မြင်နေကြတယ်။ ဒါပေမဲ့ မျက်လုံး ဝိုင်းမသွားဘူး။ နှာခေါင်း ရှုံ့မသွားဘူး။ ကြောက်ရွံ့ရှုံ့ရှာခြင်းမရှိဘဲ အပြုံးတွေနဲ့တောင် အပြေး လာနှုတ်ဆက်နေကြတယ်။ ကျွန်တော့် လက်အပိုနှစ်ဖက်ကို ဆုပ်ထွေးကိုင်ပြီး ဆုတွေတောင်းပေးကြတယ်။



နှစ်ပေါင်းများစွာ လူ့အသိုင်းအဝိုင်းစည်းထဲ မရှိခဲ့တဲ့ကောင်က အခုမှ ဒီလို နှုတ်ဆက်ခံနေရတော့ နားမလည်ဘူးဖြစ်နေတယ်။ အပျော်လည်းလွန်နေတယ်။ အပျော်လွန်ပြီး ရင်ထဲ တစ်ဆို့နေမိတယ်။

“ငါ့ကို ဘာလို့ အားလုံး အသိအမှတ်ပြု နှုတ်ဆက်နေတာပါလိမ့်”

ကျွန်တော် အလိုလို ရေရွတ်မိတော့ အနီးနားဆုံးက လူတစ်ယောက်က ဝိုင်ခွက် လာကမ်းပေးရင်း . . .

“ဒီနေ့ ကမ္ဘာ့နှုတ်ဆက်ပွဲတော်လေ . . . ဟန်းရ။ ဒါကြောင့် ငါတို့အားလုံး အားပါးတရ နှုတ်ဆက်နေကြတာပေါ့”

“ကမ္ဘာ့နှုတ်ဆက်ပွဲတော်”

ကျွန်တော် သံယောင်လိုက်မိသွားတယ်။ တရိပ်ရိပ် ပြုံးလာတယ်။ ပြီးတော့ ကျွန်တော့်ကို နှုတ်ဆက်လာသူတွေကို ကျွန်တော် အတက်ကြွဆုံး အကောင်းဆုံး ပြန်နှုတ်ဆက်နေတော့တာပဲ။ ဒီပွဲတော်ကို ကျွန်တော် သိပ်ကြိုက်တာပဲ။ ဒါပေမဲ့ ဒီပွဲတော်ဟာ အိပ်မက်ထဲမှာပဲရှိကြောင်း အိပ်မက်မက်ရင်းနဲ့တောင် ဒါ အိပ်မက်ပါလားလို့ ရိပ်မိနေခဲ့တယ်လေ။

ဒါကြောင့် အိပ်မက်ထဲမှာလည်း ကိုယ့်ကိုယ်ကိုယ် မဆိတ်မဆွဲခဲ့တာပေါ့။

## အိပ်မက်(၂)

ဒီအိပ်မက်ကိုတော့ မိုးလင်းခါနီးမှ မက်တာလို့ထင်တာပဲ။ ခုနကအိပ်မက်နဲ့ ဆန့်ကျင်ဘက် အိပ်မက်ပါပဲ။

လူတွေ ဝရုန်းသုန်းကားနဲ့ သွေးရူးသွေးတန်း ပြေးနေတာကိုတွေ့ရတယ်။ တစ်လောကလုံး ယောက်ယက်ခတ်ပျက်စီးနေကြတယ်။ သစ်ပင်တွေ၊ အဆောက်အဦတွေ၊ တဝုန်းဝုန်းပြိုကျ ပျက်စီးနေကြတယ်။ လူတွေ



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ကိုတစ်ယောက် တိုးမိကြ၊ တိုက်မိကြ၊ တက်နင်းကျော်ခွ ပြေးလွှားနေကြတယ်။ ကျွန်တော့်ကိုလည်း တစ်စုံတစ်ယောက် ဝင်တိုက်သွားတယ်။ ကျွန်တော် ပစ်လဲကျသွားတယ်။ ကျွန်တော်တို့ အောက်ခြေမှာလည်း ရေတွေစီးနေတာပဲ။ လူတွေ အော်ဟစ်ရင်း ရေထဲမျှောပါသွားနေကြတယ်။ တစ်ကမ္ဘာလုံး ရေလှိုင်းတွေ ဖုံးတော့မလို့ပဲ။

ကျွန်တော်တို့ အအောက်အဦအမြင့်ဆုံး အမိုးထပ်ပေါ်ရောက်နေကြတယ်။ ပစ်လဲရာက ပြန်ထတော့ ကောင်းကင်မှာ ရောင်ခြည်ဖြာနေတဲ့ တိမ်တွေကို တွေ့လိုက်ရတယ်။ အဲ့ဒီတိမ်တွေကို တန်ခိုးရှင်လိုမျိုး ပုဂ္ဂိုလ်တွေက စီးနင်းနေတာကို တွေ့လိုက်ရတယ်။ အဲ့ဒီတန်ခိုးရှင်တွေက လူတွေကို လိုက်ကယ်နေကြတယ်။ လူတွေကလည်း ကျွန်တော့်ကို ကယ်ပါ၊ ကျွန်တော့်ကို ကယ်ပါနဲ့ အော်ဟစ်နေကြတယ်။ ကျွန်တော်တစ်ယောက်သာ အအေးမိနေသလို ဘာမှမအော်ဖြစ်ဘူ။ အော်ဟစ်နေတဲ့ လူတွေအကုန်လုံးကို တိမ်ပေါ်ကနေ တန်ခိုးရှင်တွေက ကယ်တင်ပြီး ထွက်သွားကြတယ်။ နောက်ဆုံး ကျွန်တော်တစ်ယောက်တည်းပဲ ကျန်နေခဲ့တယ်။ ရေမလှိုင်းလုံးကြီးတွေကလည်း ဟိုးဆီမှာ တဝုန်းဝုန်း သွေးကြွနေကြတယ်။ ကျွန်တော် နင်းထားတဲ့ တိုက်တာကြမ်းပြင်ကလည်း တဂျုံးဂျုံး လှုပ်ခါနေတယ်။ ကျွန်တော် ဘယ်လိုလုပ်ရမလဲ။

အဲ့ဒီအချိန်ပဲ ကျွန်တော် နောက်ဆုံးတိမ်တိုက်တစ်ခုကို တွေ့လိုက်ရတယ်။ တိမ်တိုက်ထဲမှာက အလင်းတွေ တောက်ပနေတဲ့ ပုဂ္ဂိုလ်တစ်ဦးပါလား။ ကြင်နာမြင့်မြတ်တဲ့ မျက်နှာသွင်ပြင်မျိုး ရှိလှတာကြောင့် ကျွန်တော် တစ်ခါမှ မမြင်ဖူးပေမယ့် ဒါကို ဘုရားသခင်လို့ ထင်လိုက်မိတယ်။ အဲ့ဒီလို ထင်နေတုန်းပဲ တိမ်တိုက်ကြီးက ကျွန်တော့်ဆီ ရွေ့လာတယ်။ ကျွန်တော်လည်း အားရဝမ်းသာနဲ့ တိမ်ပေါ်က လက်ကမ်းနေတဲ့ ဘုရားသခင်ဆီ လှမ်းခုန်လိုက်ပါတော့တယ်။

အဲ့ဒီအချိန် အိပ်မက်က နိုးလာခဲ့တော့တာပဲ။



တချို့ အိပ်မက်တွေဟာ နိမိတ်ပုံစံတွေအဖြစ် ရှေ့ပြေးနေတတ်တယ်။

ဒီအိပ်မက်တွေကကော ဘာကို ရည်ညွှန်းပြောဆိုချင်နေတာလဲ။ ကျွန်တော် နိုးနိုးချင်း အိပ်မက်နှစ်ခုလုံးကို ကောင်းကောင်း မှတ်မိနေခဲ့တယ်။ ပိုပြီး မှတ်မိအောင် ပိုပြီး အသေးစိတ်လည်း ပြန်တွေးနေခဲ့တယ်။

ဒါပေမယ့် အကြာကြီး မတွေးပါဘူး။ အိပ်မက်က အိပ်မက်ပေါ့။ သိပ်အကျိုးမရှိဘူးထင်ရင် လက်တွေ့ဘဝထဲ ဆွဲယူတွေးမနေသင့်ဘူးလို့ ထင်ပါတယ်။

အိပ်ယာကထ၊ မျက်နှာသစ်၊ သွားတိုက်တယ်။ ရေချိုးခန်းထဲက မှန်မှာ ကိုယ့်ကိုယ်ကိုယ် ကြည့်လိုက်တယ်။ (၁၈)နှစ်သား ဖြစ်နေပြီဖြစ်တဲ့ ကိုယ့်ကိုယ်ကိုယ် တွေ့ရတယ်။ ကျွန်တော် လက်အပိုနှစ်ဖက်ကလည်း ကျွန်တော့်အသက်နဲ့အတူ လိုက်လျောညီထွေစွာ လိုက်လံကြီးထွားနေခဲ့ပါတယ်။ အင်း . . . ကျွန်တော့် အစိတ်အပိုင်းပဲကိုး။



www.burmeseclassic.com

www.burmeseclassic.com

## (8)

**Deformed or retarted Neonates Compassionate Infanticide** ဆိုတာ ပုံပန်းပျက်ယွင်းနေတဲ့ မွေးကင်းစကလေးငယ် သတ်ဖြတ်မှုတွေကို ပြောတာပါ။ တချို့ နိုင်ငံတွေရဲ့ ဆေးရုံတွေမှာ ကိုယ်လက်အင်္ဂါမစုံ မုံပျက်ပန်းပျက်တွေ မွေးလာရင် ဆေးရုံနဲ့ ကလေးမိဘတွေက သာမာန် လုပ်ရိုးလုပ်စဉ်တစ်ခုလိုပဲ သုတ်သင်ရှင်းလင်းပစ်ကြတယ်တဲ့။

ကျွန်တော်မွေးခဲ့တဲ့ ရွာကလေးက ဖနပုဒ်ဖြစ်နေလို့သာပေါ့။ တကယ်လို့ ကျွန်တော့်ကို မြို့မှာသာမွေးခဲ့ရင် အဖေနဲ့အမေက ဆေးရုံအမှုထမ်းတွေနဲ့တိုင်ပင်ပြီး ကျွန်တော်ကို ရှင်းလင်းကြလိမ့်မလား။ အဲ့ဒီလိုလုပ်ခဲ့မယ်ဆိုရင် ကျွန်တော် အပြစ်မတင်တဲ့အပြင် ကျေးဇူးတင်မိမှာအမှန်ပါပဲ။ ဒီလိုပုံနဲ့ တည်ရှိနေမည့်အစား အစကတည်းက မရှိတာ ပိုမကောင်းဘူးလား။ အဟင်း . . . ဟုတ်တယ်။ ကျွန်တော် အသက်ရှင်နေမှန်းသိကတည်းက ကျွန်တော် သေချင်နေခဲ့တာပါ။ အခု (၁၈) နှစ်တောင် ပြည့်ခဲ့တဲ့အတွက် ကိုယ့်ကိုယ်ကို စိတ်ဓာတ်ခိုင်မာတယ်ပြောရမလား၊ ပျော့ညံ့တယ် သတ်မှတ်ရမလား မသိပါဘူး

လေညင်းကြောင့် ကျွန်တော့် နဖူးနဲ့ မျက်လုံးတွေ အေးမြနေတယ်။ ဟိုးတောင်ခြေနဲ့ ခပ်လှမ်းလှမ်းက ဆင်ခြေဖုန်းရပ်ကွက်ကလေးကို စုတ်



တီးစုတ်ပွဲ တွေ့နေရတယ်။ အဲ့ဒီမှာ နေထိုင်တဲ့သူတွေက ဂျစ်ပစီတွေလိုပါပဲ။ ကျွန်တော်တို့နေတဲ့ ရပ်ကွက်ထက်တောင် ညစ်ပတ်သေးတယ်။ မိုးသုံးလေးရက်သာရွာရင် အဲ့ဒီရပ်ကွက်ကလေး ဒုက္ခပဲလို့လည်း တွေးနေမိသေးတယ်။

နောက် ငါးမိနစ်လောက်ကြာမှ ကျွန်တော် တောင်အောက်ဆင်းလာခဲ့တယ်။ ကျွန်တော် တောင်အောက်ဆင်းတာ ဘယ်လောက်ကြာမှာလဲ။ တကယ့်ကို မိနစ်ပိုင်းပဲပေါ့။

တောင်အောက်ရောက်ခါနီးလောက်မှာပဲ အော်သံတစ်ခု ကြားမိလိုက်တယ်။

"အ . . . ."

ရုတ်တရက် နာကျင်မှုတစ်ခုကြောင့် အော်ဟစ်လိုက်တဲ့ စူးစူးရှရှ အသံ။ အပေါ်တောင်စောင်း တစ်နေရာဆီကပဲ။ လူသံမှန်းသိပေမယ့် သေချာအောင် ကျွန်တော် ငြိမ်ပြီး ထပ်နားထောင်နေလိုက်တယ်။ ဟုတ်တယ်။ နောက်ထပ် ညည်းညူသံလေးတွေ ထွက်လာတယ်။

" . . . . "

ဒီဝန်းကျင်မှာ လူသံဆိုလို့ ကိုယ့်အသံကိုယ်ပဲ ပြန်ကြားဖူးတဲ့ ကျွန်တော် နည်းနည်းထူးဆန်းသွားတယ်။ ဒါပေမဲ့ ဒါ လူသံမှန်း သေချာတာမို့ ကျွန်တော် အမြန်ပြေးတက်သွားကြည့်တယ်။

အသံဟာ တောင်စောင်းချုံပုတ်ကမူလေးတစ်ခု အကွယ်ကနေ ထွက်လာတာပဲ။ ကျွန်တော် အနီးနား တရွေ့ရွေ့ ကပ်သွားမိတယ်။ ပြီးတော့ ချုံပင်နှစ်ပင်ကို လက်နှစ်ဖက်နဲ့ ယှက်ဖြဲလိုက်တယ်။ ဒီတော့မှ ချုံအကွယ်နောက်မှာ ထိုင်လျက် လဲကျနေသူတစ်ဦးကို တွေ့လိုက်တော့တယ်။

"ဟင် . . ."

အဲ့ဒီလို အာမေဍိတ်ထွက်သွားပြီး ကောင်မလေးဟာ ကျွန်တော့်ကို မော့ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်း ပြန်ကြောင်ကြည့်နေမိတယ်။

ကျွန်တော်နဲ့ သက်တူရွယ်တူဖြစ်မယ့် အဲ့ဒီကောင်မလေးဟာ ခဲရောင်ဘောင်းဘီတိုတိုနဲ့ စပို့ရှပ်အပြာရောင်ကို ရိုးစင်းစွာ ဝတ်ဆင်ထားတယ်။ အသားအရည် ကောင်းမွန်မှုနဲ့ ရုပ်သွင်ပြင်ကိုကြည့်ပြီး သာမန်တန်းစားထက်သာလွန်တဲ့ ပတ်ဝန်းကျင်က ဆင်းသက်မှန်းတော့ သိသာစေတယ်။

အဝါရောင်ဦးထုပ်ဖားဖားကြီးကို သူမဘေးမှာ တွေ့ရတယ်။ လည်ပင်းမှာ ကင်မရာကို ဆွဲထားတယ်။ ခြေထောက်တစ်ဖက်က ဘွတ်ဖိနပ်ကို ချွတ်ထားပြီး အဲ့ဒီခြေထောက်ကို သူမရဲ့ လက်တစ်ဖက်က ဖိထားတယ်။ အဲ့ဒီခြေထောက်က ဒဏ်ရာရနေပုံပဲ။ သွေးစတချို့ ဆွတ်စို့နေတယ်။

"အား . . . ကျွတ် . . . ကျွတ် . . ."

သူမ ညည်းတယ်။ မအီမသာ အသံလေးနဲ့ . . .

"ကျွန်မ ခြေထောက်ခေါက်ပြီး လျှောကျသွားတာ ပြန်မထနိုင်ဘူးဖြစ်နေတာ"

ကျွန်တော်လည်း မြင်ရုံနဲ့ အဲ့လိုထင်ပြီးသားပါ။ သူမက ဆက်ပြီး . . .

"တောင်အောက်က ကားဆီ ဘယ်လိုပြန်သွားရမှန်း မသိဘူး။ ကျွန်မကို ကူညီပါဦး"

"ကျွန်တော် ဘယ်လိုကူညီရမလဲ"

"ရှင့်မှာ ဖုန်းပါလား"

"ဟင့်အင်း . . . ကျွန်တော့်မှာ ဖုန်းမရှိပါဘူး"

ကျွန်တော့်ရဲ့ အမှန်အတိုင်းပြောတဲ့ စကားမှာ ကောင်မလေး နည်းနည်းတော့ ထူးဆန်းသွားတယ်။ ခဏငြိမ်ပြီး ကြည့်နေသေးတယ်။ ပြီးမှ . . .



"ဒါဆို ရှင် ဒီကနေ ဖုန်းရှိတဲ့ နေရာတစ်ခုကိုသွားပြီး ကျွန်မအိမ်ကို ဖုန်းဆက်ပေးနိုင်မလား"

"ကျွန်တော် တစ်ခါမှ ဖုန်းမဆက်ဖူးဘူး"

"ဟင် . . ."

သူမ မျက်ဆံနှစ်ခု ဖန်သီးနှစ်လုံးကို ရှေ့ပြူးထွက်လာပြီး အံ့သြနေတယ်။ ပြီးမှ ပြူးနေတဲ့ မျက်လုံးနှစ်လုံးကို ပြန်ဖြေလျှော့ပြီး . . .

"ဖုန်းဆက်တာ ဘာမှမခက်ဘူး။ နံပါတ်တွေနှိပ်ပြီး ဖုန်းကို ပါးစပ်နဲ့ နားရွက်မှာ မျှအောင် ကပ်လိုက်ရုံပဲ။ ထားပါတော့။ ရှင် ဖုန်းမပြောချင်လဲ။ ဒါဆို ကျွန်မရဲ့အိမ်ကို လူကိုယ်တိုင် သွားပြောပေးပါလား။ ကျွန်မ ဒီမှာ လမ်းလျှောက်လို့မရအောင် ခြေထောက်နာနေတဲ့ အကြောင်းကို"

"ကျွန်တော် သူစိမ်းတွေနဲ့ မဆက်ဆံရဲဘူး။ လူအများကြားထဲသွားဖို့ ကျွန်တော့်မှာ အခက်အခဲ ရှိနေတယ်"

"ဟား . . . ရှင် မကူညီချင်တာနဲ့ လျှောက်ပြောနေတာမို့လား"

ကျွန်တော် ငြိမ်နေမိတယ်။ သက်ပြင်းတိုးတိုးလေးတစ်ခုကို လည်း အလိုလို ချမိသွားတယ်။ ကောင်မလေးကလည်း ကျွန်တော့်ကို အခုမှ ပိုအကဲခတ်မိသွားပုံရတယ်။

"ဩော် . . . ရှင်က ကျောက ဘုကြီးကြောင့် အဲ့ဒီလို လူကြားထဲတိုးရမှာ ရှက်နေတာလား"

လို့ သူ့ဘာသာပဲ သဘောပေါက်သလိုလို ကိုယ့်ကိုပဲ မေးသလိုလို ရေရွတ်တယ်။

ကျွန်တော် သူ့ကို ဘယ်လိုကူညီရမလဲ မသိဘူး။ အခုတောင်ထိပ်နေရာကနေ တောင်အောက်ရောက်ဖို့ သိပ်မလိုတော့ပေမယ့် သူ့ကို လက်နှစ်ဖက်နဲ့ ပွေ့ပြီးဆင်းလို့တော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ လက်ကိုင်တွယ်ပြီး ဆင်းမှရမယ့် နေရာတွေ ရှိသေးတယ်။ သူ့ခြေထောက်က သိပ်နာနေပုံပဲ။



www.burmeseclassic.com

www.burmeseclassic.com

“ရှင်မကူနိုင်ရင်လည်း သွားပါတော့။ ကျွန်မဘာသာပဲ နည်းလမ်းရှာပါတော့မယ်”

ကောင်မလေးက ကျွန်တော့်အပေါ် အားမကိုးတော့သလို လေသံလျော့လျော့နဲ့ ခပ်ရှုံ့ရှုံ့ ပြောလာတယ်။

သူက သွားပါတော့ဆိုဂာမယ့် ကျွန်တော် သူ့အနားက ထွက်မသွားမိဘူး။ ခပ်လှမ်းလှမ်းမှာပဲ ကုပ်ကုပ်လေး သွားရပ်နေမိတယ်။ သူကတော့ နာနေတဲ့ခြေထောက်ကို အံကြိတ်ထောက်ပြီး တောင်အောက်ဆင်းနိုင်ဖို့ ကြိုးစားနေတယ်။ ခြေထောက်ကို အဖျားလေးနဲ့ ခပ်ဖွဖွ ထောက်ရသေး . . .

“အ . . . ”

လို့ ခပ်စူးစူးအော်ပြီး ပြန်ခွေကျသွားတယ်။

အဲ့ဒီလိုမျိုး သုံးလေးခါလောက်ထဖို့ ကြိုးစားလိုက်၊ ပြန်ခွေကျသွားလိုက်ဖြစ်နေတယ်။ မြင်ရတဲ့ ကျွန်တော့်မှာ မသက်မသာပဲ။ သူ ထွက်သွားခိုင်းပေမယ့် အနားမှာရှိနေသေးတဲ့ ကျွန်တော့်ကို သူ မကြည့်သလိုလည်း လှမ်းလှမ်းကြည့်သေးတယ်။ သူကြည့်တိုင်း ကျွန်တော် ခေါင်းငုံ့လိုက်တယ်။

အဝေးမှာ နေရောင်က ပိုဖျော့လာပြီ။ လေတွေ ညနေလွန်ရနံ့တစ်မျိုးနဲ့ အေးလာပြီ။ သူ ဒီအတိုင်းပဲ ဆက်ကြိုးစားနေရင်တော့ တောင်အောက်ဆင်းနိုင်မှာ မဟုတ်ဘူး။ သေချာတယ်။ သူ တောင်အောက်က သူ့ကားဆီ ပြန်ရောက်ဖို့ ကျွန်တော် ဝင်ပါမှကို ဖြစ်တော့မှာ။

ဒီအတွေးနဲ့ ကျွန်တော် သူ့အနီးဆီ လျှောက်သွားလိုက်တယ်။

သူ နာနေတဲ့ခြေထောက်လေးကို ဖိရင်း ညည်းနေရာမှ မျက်လုံးပင့်ကြည့်တယ်။ သူ့အနားရောက်တော့ ရပ်လိုက်တယ်။ ကျွန်တော် ကျွန်တော့်အင်္ကျီကြယ်သီးတွေကို ဆွဲဖြုတ်လိုက်တယ်။

“ဟင် . . . ရှင် . . . ရှင် . . . ဘာလုပ်မလို့လဲ”



သူ ထိတ်လန့်သွားမှုအပေါ် ကျွန်တော် စကားနဲ့ ရှင်းမပြချင်ဘူး။ အပေါ်အင်္ကျီကိုသာ ဆွဲချွတ်ပစ်လိုက်တယ်။

“ဟင် . . . ”

သူ ထိတ်လန့်မှုကနေ အံ့ဩမှုဆီကူးပြီး ငြိမ်သက်သွားတယ်။ ပါးစပ်က တုန်ယင်စွာ . . .

“လက် . . . လက် . . . လက်တွေက”

“တက် . . . ကျွန်တော့်ကျောပေါ်တက်ပါ”

ကျွန်တော့် သူ့ဘေးဝင်ထိုင်ပြီး သူ့ကိုပြောလိုက်တယ်။

သူ ပါးစပ်အဟောင်းသား ဖြစ်နေတယ်။ ကျွန်တော့်လက်တွေကို စိုက်ကြည့်တယ်။ ပြီးတော့ ကျွန်တော့်မျက်နှာကို ကြည့်ပြန်တယ်။ ကျွန်တော့်မျက်နှာကို စိုက်ကြည့်လျက်သားနဲ့ . . .

“ရှင့် . . . ရှင့် . . . လက်တွေက . . . ”

“ဟုတ်ပါတယ်။ ဒါ ကျွန်တော့်လက်တွေပါ”

“ . . . . . . ”

သူ ခြေထောက်နာနေပေမယ့် ကြောက်စိတ်ကြောင့် ရုန်းကန်ထွက်ပြေးသွားမယ်။ ဒါမှမဟုတ် ကျွန်တော့်ကို ထုရိုက်ပြီး ဆောက်တည်ရာမရ သွေးရူးသွေးတန်း အော်ဟစ်မယ်။ ဆဲဆိုတော့မယ်။

အဲ့ဒီလို ထင်နေတုန်းပဲ . . . အဲ့ဒီလို ကျွန်တော် ထင်နေတုန်းပဲ . . . သူ့လက်ဖြူဖွေးလေးနှစ်ဖက်က ကျွန်တော့်လည်ပင်းဆီ သိုင်းဖက်လာတယ်။ တဆက်တည်းပဲ သူ့ရင်ဘတ်ဟာ ကျွန်တော့်ကျောပြင်မှာ လာဖိကပ်သွားတယ်။ ကျွန်တော် ကြိတ်ပြုံးမိသွားတယ်။

သူ့ကို ကျောပိုးပြီး ပြန်ဆင်းရတဲ့ တောင်ဆင်းလမ်းဟာ လေညင်းအေးတွေ ပိုမို တိုက်ခတ်လို့နေတယ်။ ကျွန်တော့်လက်အပိုနှစ်ဖက်နဲ့ သူ့ကို နောက်ပြန် ထိန်းပွေ့သယ်ပိုးထားရတယ်။ ကျန်တဲ့လက်နှစ်ဖက်နဲ့ အတိုင်အတွယ်ပြုပြီး ဆင်းရတယ်။ ကျွန်တော့် အပိုလက်နှစ်ဖက်နဲ့ ထိတွေ့နေရလို့ သူ ဘယ်လိုခံစားနေရလဲ မသိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

"အ . . ."

ကျောက်စွန်းတစ်ခုနဲ့ ကျွန်တော့်ခြေထောက်နဲ့ တိုးခြစ်သွားတယ်။ သွေးတွေ အလွယ်တကူ စိမ့်ထွက်လာတယ်။

"ရှင် ရရဲ့လား"

သူ့ရဲ့ အားနာမှုနဲ့ မေးတဲ့အသံက ကျွန်တော့်ကို အားရှိစေတယ်။

"ရပါတယ်"

တောင်အောက်ရောက်တော့ သူ ကားရပ်ထားတဲ့အထိ ပို့ပေးလိုက်တယ်။ ကျောပိုးထားရာက မြေပြင်ပေါ်ချပေးလိုက်တော့ သူ ကျွန်တော့်ကို အကြာကြီး ကြည့်နေပြန်တယ်။ ပြီးမှ ကားတံခါးဖွင့်ပြီး ဝင်သွားတယ်။ ကားမှန်ကနေ ခေါင်းထွက်လာပြီး . . .

"ရှင်လည်း ကားပေါ်တက်လေ။ ကျွန်မ ရှင့်အိမ် လိုက်ပို့ပေးမယ်"

ကမ္ဘာပေါ်မှာ ကျွန်တော့်ကို အိမ်လိုက်ပို့ပေးချင်သူ ရှိဖူးပြီ။ ကျေနပ်လိုက်တာ။ ဒါပေမဲ့ ကျွန်တော် ငြင်းဆန်ရပါမယ်။

"ဟင့်အင်း . . . ကျွန်တော့်ကို လိုက်မပို့နဲ့"

ကျွန်တော် လှည့်ထွက်ပြီး တစ်ယောက်တည်း လျှောက်ပြန်ခဲ့လိုက်တယ်။

သူ နောက်ကနေ ထူးဆန်းသလို ကြည့်ကျန်နေခဲ့မလား။

• • •

အိမ်ရောက်တော့ ကျောက်ချွန်းနဲ့ ထိုးစိုက်မိတဲ့ ဒဏ်ရာကို ဒေါ်လေးက ဆေးကြောသန့်စင်ပေးတယ်။ နာကျင်ရမယ့်အစား သူ့မျက်နှာကို မြင်ယောင်ပြီး ပြုံးပြုံးစေ့စေ့ ဖြစ်နေတော့ ဒေါ်လေးက မျက်စောင်းထိုးပြီး မျက်မှောင်ကျုံ့တယ်။ 'ဒီကောင်လေး ဘာဖြစ်တာ



ပါလိမ့်' ဆိုတဲ့ သဘောမျိုးနဲ့ပေါ့။ ကျွန်တော် ဘာဖြစ်နေလဲ ကျွန်တော်ကိုယ်တိုင်တောင် မသိတာသိပဲ။

ညအိပ်ရာဝင်တော့ စာအုပ်စင်က စာအုပ်တစ်အုပ်ကို ယူဖတ်မိတယ်။ ကဗျာစာအုပ် ဖြစ်နေတယ်။ အဲ့ဒီထဲက ကဗျာတစ်ပုဒ်ရဲ့ နာမည်က 'ချစ်ခြင်း' တဲ့။

နှလုံးသားနှစ်ခုကို
ပူးကပ်အောင်ချုပ်ပစ်တယ် (သွေးမထွက်)
တစ်ယောက်ယောက်က အတင်းဆွဲခွာရင်တော့
သွေးစက်လက်နဲ့ စုတ်ပြဲနှလုံးသားပဲရမပေါ့
ကိုယ်တိုင်မပေးဘဲ အကောင်းအတိုင်းမရနိုင်တာ
ဟော့ဒီ နှလုံးသားတွေပဲ
ဒီသဘောတရားဟာ
ရောင်စုံကျောက်စရစ်ခဲတွေကို
အစွမ်းကုန် ထခုန်စေတော့တာပဲ။

⁂ ⁂ ⁂



www.burmeseclassic.com

www.burmeseclassic.com

## (9)

ကျွန်တော် တောင်ပေါ်မသွားတာ သုံးလေးရက်ရှိပြီ။ ခြေထောက်ဒဏ်ရာကြောင့်ကော၊ ကောင်မလေး ပြန်လာရှာမှာ စိုးတာကြောင့်ကောပေါ့။ ရက်နည်းနည်းကြာမှ တောင်ကုန်းဆီ လာဖြစ်ခဲ့တယ်။ တောင်ပေါ်ကို ခါတိုင်းလိုပဲ တက်တယ်။ ရှုခင်းတွေ ကြည့်တယ်။ အတွေးတွေ ရွက်လွှင့်မယ်။ ညနေကျတော့ ပုံမှန်အတိုင်း ပြန်ဆင်းလာခဲ့တယ်။ အဲ့ဒီအချိန်ပဲ . . .

"ဟေး . . . ဆင်းလာပြီလား"

အသံကြားလို့ အသံလာရာဆီ ကြည့်လိုက်တော့ ချက်ခနဲ ဓာတ်ပုံရိုက်သံတစ်ခုက ကျွန်တော့်ရှေ့မှာ မီးပွင့်သွားတယ်။ ကင်မရာကို တရွေ့ရွေ့ အောက်ချပြီး ဖယ်တော့မှ ဝင်းမွတ်တဲ့ မျက်နှာလေးတစ်ခုကို စတင်မြင်လိုက်ရတော့တယ်။

" ဟိုင်း . . . ကျွန်မကို မှတ်မိတယ်မို့လား"

မမှတ်မိစရာအကြောင်းမှ မရှိဘဲ။ သူ့ကို ကျောပိုးခဲ့လို့ ကျွန်တော့်ကျောကုန်းမှာတောင် သူ့ရနံ့တချို့ သေချာရှုကြည့်လိုက်ရင် ထင်ကျန်နေလိမ့်ဦးမယ်။ သူ့ကို တွေ့လိုက်ရလို့ ဝမ်းသာမိပေမယ့် ကျွန်တော်



အကြည့်လွှဲလိုက်တယ်။ ပြီးတော့ ကိုယ့်လမ်းကိုယ် ဆက်သွားလိုက်တယ်။ ဒါပေမဲ့ စိတ်ရှုပ်စရာကောင်းတဲ့ ကောင်မလေးဟာ နောက်ကနေ လှမ်းအော်ပါတယ်။

"ရှင် . . . ကျွန်မကို ရှောင်ထွက်သွားဖို့တော့ မကြိုးစားပါနဲ့။ ကျွန်မ ဓာတ်ပုံရိုက်ထားတယ်။ ရှင့်ဓာတ်ပုံကို လူတွေကို လျှောက်ပြမယ်။ ထူးဆန်းတဲ့ လူတစ်ယောက် မြို့ပြင်ကတောင်ကုန်းမှာ ရှိတဲ့အကြောင်းကို အားလုံးသိအောင် ပြောပြလိုက်မယ်။ ရှင် ဓာတ်ပုံနဲ့တွဲပြီး အင်တာနက်ပေါ်မှာ တင်မယ်။ အဲ့ဒါဆို လူတွေအားလုံး ရှင့်ကို မြေလှန်ရှာကုန်ကြလိမ့်မယ်"

ကျွန်တော့်ခြေလှမ်း ရပ်သွားတယ်။ ကျွန်တော့်အတွက် ဆိုးရွားတဲ့ ကိစ္စတွေ စတင်လာပြန်ပြီလား။ ကျွန်တော် အနောက်ကို ဖြည်းဖြည်းချင်း ပြန်လှည့်လိုက်တယ်။ သူမကတော့ လှုပ်စိလှုပ်စိ အပြုံးတစ်မျိုးလေးနဲ့ ကျွန်တော်လှည့်လာမှာ သိသလို ကြိုတင်ကြည့်နေတယ်။

"အဲ့ဒီလိုတွေ မလုပ်လိုက်ပါနဲ့ဗျာ။ ကျွန်တော် တောင်းပန်ပါတယ်"

"အဟင်း . . . "

အဖြစ်သဘောလောက် ရယ်သေးတယ်။ ပြီးမှ . . .

"အဲ့လိုမလုပ်စေချင်ရင် ကျွန်မကားပေါ်တက်။ ရှင့်ကို အိမ်ပြန်ပို့ပေးမယ်"

ဘာတတ်နိုင်မှာလဲ။

ဘာမှမတတ်နိုင်တော့ ကားပေါ် တက်ခဲ့ရတာပေါ့လေ။

သူလည်း ကားပေါ်တက်တယ်။ ပျော်ရွှင်နေတဲ့ မျက်နှာပုံစံလေးနဲ့ ကားကို စက်နှိုးလိုက်တယ်။ ကျွန်တော့်ကြောင့် သူ ပျော်နေတာလား။ ကျွန်တော့်ကိုယ်ပေါ်မှာ သူ့အတွက် ဘာပျော်စရာရှိလို့လဲ။ သူ တစ်ခုခု စဉ်းစားမိသလိုလိုနဲ့ စက်နှိုးထားတာကို စက်ပြန်သတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

"နေဦး . . . ကျွန်မ တစ်ခုတောင်းဆိုချင်တာ တစ်ခုရှိတယ်"

" . . . . . "

"ကျွန်မ ရှင့်လက်တွေကို ထိကြည့်ချင်တယ်။ ဟို . . . လက်အပိုနှစ်ဖက်ကိုပေါ့"

"မကြည့်ပါနဲ့။ မင်း လန့်သွားမှာပေါ့။ ဒါမှမဟုတ် ရွံသလိုလို ဖြစ်သွားလိမ့်မယ်"

"ဟင့်အင်း . . . မဖြစ်စေရဘူး။ စိတ်ချ။ ကျွန်မ ကြည့်ပါရစေ"

"မကြည့်ပါနဲ့"

"ရတယ်လေ။ ဒါဆို ရှင့်ဓာတ်ပုံကို လူတွေသိအောင်ပြမယ်။ အင်တာနက်ပေါ်တင်ပြီး . . . "

"ဟူး . . . "

ကျွန်တော် သက်ပြင်းချသံကြားတော့ သူ ပြုံးတယ်။ ကျွန်တော် အပေါ်အင်္ကျီကိုချွတ်ပြီး နောက်ပစ်သိမ်းထားတဲ့ လက်အပိုနှစ်ဖက်ကို ထုတ်ပြလိုက်တယ်။

"အိုး . . . "

သူ မျက်လုံးတွေ ပြူးကျယ်သွားတယ်။ အံ့သြတကြီး အနီးကပ်ကြည့်တယ်။ သူ့လက်တွေနဲ့ပါ ကျွန်တော့်လက်တွေကို မကြောက်မလန့် ပွတ်သပ်ကိုင်တွယ် ကြည့်နေတယ်။

"တကယ့်လက်တွေပဲ။ လက်တွေပေါက်နေတဲ့ နေရာကနေပဲ ပေါက်နေတာပဲ။ ထူးဆန်းလိုက်တာ။ ရှင် ဒီလက်တွေကို ကောင်းကောင်း အသုံးပြုလို့လည်း ရနေတယ်နော်"

"အဲ့ဒီလက်တွေနဲ့ပဲ မင်းကို ကျောပိုးခဲ့တာလေ"

"အင်း . . . ဟုတ်တယ်နော် အဟင်း"

သူ ကျေနပ်မှုတွေ ရနေတယ်။

ကားကို မောင်းထွက်ခဲ့တယ်။ သူ့ကားလေးဟာ တောင်ခြေ ဂျစ်ပစီရပ်ကွက်တွေကို ဖြတ်ကျော်လာပြီး မြို့ထဲလမ်းမဆီ ရောက်လာ



ခဲ့ပါတယ်။ သူ ကျွန်တော့်လက်ကို ကွက်ကြည့်ကွက်ကြည့် လုပ်ရင်းနဲ့ပဲ မောင်းနှင်နေတာပါ။ လမ်းမှာ ကားခဏခဏ ရပ်သေးတယ်။

လမ်းဘေးမှာ ဘီယာဘူးခွံတို့၊ ပလတ်စတစ်အမှိုက်တို့နဲ့ တခြားအမှိုက်သရိုက်တွေတွေ့ရင် တွေ့တဲ့နေရာမှာ ကားရပ်ပြီး သူ ဆင်းကောက်တယ်။ ပြီးတော့ ကားအနောက်ခန်းထဲမှာ ပစ်ထည့်တယ်။ သူ့ကားနောက်ခန်းကို မှန်ထဲကနေ ကျွန်တော်ကြည့်တော့ အိုး . . . အမှိုက်တွေ အများကြီးပဲ။ ဘာလို့ အမှိုက်တွေ လျှောက်ကောက်နေတာပါလိမ့်။

"ရှင့်လက်ကို ခွဲစိတ်ကုသဖို့ မကြိုးစားတော့ဘူးလား"

ကျွန်တော် လက်အပိုနှစ်ဖက်ကို သူ ဖြတ်တောက်ခွဲစိတ်ပစ်စေချင်နေတယ်နဲ့တူတယ်။ ကျွန်တော် ပြန်ဖြေလိုက်တယ်။

"ဘယ်တော့မှ မကြိုးစားဘူး . . . နောင်လည်း ဘယ်တော့မှ ကြိုးစားမှာ မဟုတ်ဘူး"

"ဟင . . . ဘာဖြစ်လို့လဲ"

"ကျွန်တော် စတင်မွေးဖွားခဲ့တဲ့နေရာက ခွဲစိတ်ကုသမှုတွေ လုပ်ရမှန်း သတိရတဲ့နေရာ မဟုတ်ဘူး။ စားဝတ်နေရေးအတွက် တစ်နေကုန် လယ်နဲ့တောမှာ ရုန်းကန်နေကြရတာ။ ဒါကြောင့် ငယ်ငယ်တုန်းက အခုလို ခွဲစိတ်ကုသနိုင်တယ်ဆိုတဲ့ အသိမျိုးနဲ့ မနီးစပ်ခဲ့ဘူး။ ကျွန်တော်တို့ဒေသက သိပ်ကိုခေါင်ပါတယ်"

"သြော် . . . "

သူ ခေါင်းညိတ်တယ်။ ထင်ထားသလို နောက်ထပ် မေးခွန်းတစ်ခုတော့ ဆက်ထွက်လာတယ်။

"ဒီမြို့ပေါ်ရောက်တော့ကော မခွဲစိတ်ဘူးလား"

"ကျွန်တော်နဲ့ ကျွန်တော့်အဒေါ်နဲ့ မြို့ပေါ်ရောက်တော့ ကျွန်တော့် အသက်ဆယ့်တစ်နှစ်ပဲ ရှိသေးတယ်။ ရွာသိမ်ဇနပုဒ်ကနေ မိုင်းခေါင်းမှုန်ရွာဝေးလံတဲ့မြို့ကြီးဆီ အူကြောင်ကြောင်နဲ့ ရောက်ခဲ့တဲ့ ကျွန်တော်တို့နှစ်ယောက်ဟာ ကျွန်တော့်လက်ကို ကုသဖို့ထက် လူမြင်မခံရအောင်



www.burmeseclassic.com

www.burmeseclassic.com

ကာကွယ်ဖို့ပဲ ခေါင်းထဲရှိခဲ့တာပါ။ ဒါဟာ ကျွန်တော်တို့ အသိဉာဏ် မပွင့်လင်းခဲ့လို့၊ ဒါမှမဟုတ် ကျွန်တော်တို့ဟာ သိပ်ကြောက်စရာကောင်းတဲ့ အခြေအနေကနေ ထွက်ပြေးခဲ့ရလို့ အကြောက်လွန်နေတဲ့သူတွေ ဖြစ်နေတာလည်း ပါမှာပေါ့"

သူ တစ်ခုခုဖြတ်ပေးမလို့ နှုတ်ခမ်းဟသေးတယ်။ ကျွန်တော်က ဆက်ပြောဖို့ ပြင်နေတာမြင်တော့ သူ့နှုတ်ခမ်းနှစ်လွှာ ပိတ်သွားတယ်။ ဒါနဲ့ ကျွန်တော်ပဲ ဆက်ပြောဖြစ်တယ်။

"ကျွန်တော် စာတွေဘာတွေ ဖတ်မိလာတော့ နည်းနည်းသိလာတာတွေလည်း ရှိတယ်။ နဂိုကတည်းက ဇီဝဖောက်ပြန်တာတဲ့။ ဒီလက်တွေအတွက် ခွဲစိတ်မှုက အောင်မြင်ချင်မှ အောင်မြင်မယ်။ အောင်မြင်မယ် မအောင်မြင်ဘူး မသေချာခင်မှာ ကျွန်တော် လူအများရဲ့ စိတ်ဝင်စားမှုတွေကို ခံရလိမ့်မယ်။ သာမန်အတွက် လူစိတ်ဝင်စားခံရတာ ကောင်းသလိုရှိပေမယ့် ကျွန်တော့်လိုပုံစံမျိုးအတွက်တော့ မကောင်းဘူး။ လူတွေရဲ့ ထူးဆန်းသလို ကြည့်ကြတဲ့ အကြည့်မှာ ဘာမှမဟုတ်သလို ကျွန်တော် နေနိုင်မှာ မဟုတ်ဘူး။ ကျွန်တော်တို့ နေရထိုင်ရ အရမ်းခက်လိမ့်မယ်"

". . . . ."

"နောက်ပြီး ကျွန်တော် ဒီလိုနေရတာလည်း အသားကျနေပါပြီ။ လူတွေနဲ့လည်း သိပ်မဆက်ဆံချင်တော့ဘူး။ ကျွန်တော့် လက်အပိုနှစ်ဖက်ကို လူများများမြင်လေ ကျွန်တော် အန္တရာယ်ရှိလေပဲ"

"ဒါပေမဲ့ ရှင် လူတွေနဲ့ မဆက်ဆံဘဲနေရင် ဘဝမှာ ဘယ်လိုလို့ ပျော်မှာလဲ"

"ကျွန်တော်က ဒီဘဝမှာ ပျော်ဖို့ရောက်လာသူ မဟုတ်ဘူးဆိုတာ သေချာပြီးသားလူပဲ။ ပြီးတော့ ကျွန်တော် တစ်ယောက်တည်းနေတတ်တယ်။ သေချာ လေ့ကျင့်ပြီးသွားပြီ။ ခြောက်နှစ်လောက် အိမ်ထဲကနေ အိမ်ရှေ့တံခါးအပြင်လေးတောင် မထွက်ဖြစ်အောင် ကျွန်တော် ပိတ်



လှောင်နေခဲ့ဖူးပါတယ်။ အဲ့ဒီနှစ်အတွင်းမှာ ဒေါ်လေးနဲ့ အိမ်ရှင်ဦးလေးကြီးက လွဲရင်လည်း ဘယ်သူနဲ့မှ စကားမပြောခဲ့ဘူး။ အခု မင်းက ငါ့ရဲ့ တတိယမြောက် စကားပြောဖြစ်လာခဲ့သူပါပဲ"

". . . . ."

သူ့ကားလေးကို ပိုမိုအရှိန်လျှော့ပြီး ကျွန်တော် ထူးဆန်းမှု၊ ကရုဏာသက်မှု မျက်လုံးနဲ့ ကြည့်နေတယ်။ လမ်းနံဘေးမှ ငှူငှူကြီးတွေ ထိုင်နေကြတဲ့ ဂျစ်ပစီလူမည်း အဘိုးကြီးတွေဟာ ကားတာယာကွင်းကြီးတွေလိုပဲ။ သူတို့ဟာ သူမရဲ့ ကားပြာလေးကို ငေးနေတယ်။ ဂျစ်ပစီရပ်ကွက်ရဲ့ နောက်ဖေးမှာတော့ ငှက်သေးသေးလေးတွေ ပျံနေတာ တွေ့ရတယ်။

သူ ကားကို ပုံမှန်ပြန်တင်မောင်းပြီးမှ . . .

"ရှင် ဒီလို လက်တွေပေါက်နေတော့ ဘယ်လိုခံစားရလဲ"

"ခံစားရတာတွေကတော့ အများကြီးပဲ။ တစ်ခွန်းတည်း ချုံ့မိအောင် ပြောပြဖို့ မဖြစ်နိုင်ဘူး"

"အင်း . . . သဘာဝကျပါတယ်"

မေးခွန်းတွေ တရစပ်မေးလာတဲ့သူ့ကို ကျွန်တော့်ဘက်ကလည်း တစ်ခုမေးမိသွားတယ်။

"မင်းကော . . . ငါ့ ဒီလိုလက်တွေကိုမြင်တော့ ဘယ်လိုခံစားရလဲ"

"အံ့သြတယ်။ စိတ်လှုပ်ရှားတယ်။ စာနာမိတယ်။ တခြားနေရာမှာ မြင်ဖူးခဲ့ပေမယ့် အခုလို အပြင်မှာမြင်ဖူးတော့ ပိုထူးဆန်းရတယ်"

"ဟင် . . . တခြားနေရာမှာ မြင်ဖူးတယ် ဟုတ်လား။ ငါ့လို လူမျိုး နောက်ထပ် တွေ့ဖူးသေးလို့လား"

"အင်း . . . တွေ့ဖူးတယ်။ အရှေ့တိုင်းက နတ်ရုပ်တွေထဲမှာ။ ပြီးတော့ ပိရမစ် မံမီရုပ်ရှင်ဇာတ်လမ်းတွေထဲမှာ အဲ့ဒီလို လက်လေးဖက်နဲ့ နတ်လိုလို၊ ဘာလိုလို မကြာခဏ တွေ့ဖူးတယ်။ တစ်ခါတလေ



www.burmeseclassic.com

www.burmeseclassic.com

လက်လေးဖက်တောင် မကာဘူး။ ဒါပေမဲ့ အခုခေတ် အဝတ်အစား ဆင်ယင်မှုနဲ့ လက်လေးဖက်ကိုတော့ အခုမှ တွေ့ဖူးတာ။ အိုး . . . လုံးဝအသစ်ပဲ"

သူ အော်ဟစ်အားရနေတယ်လေ။ လက်ချောင်း အချောင်း နှစ်ဆယ်ကို တစ်ဖျောက်ဖျောက်ချိုးရင်း ကျွန်တော် သူ့စကားမှာ အလိုက်သင့် လိုက်ရယ်နေမိသေး။ ကျွန်တော် ညွှန်ပြတဲ့အတိုင်း သူကားလေးကို မောင်းလာတာပါ။ အိမ်နားရောက်တော့မယ့် လမ်းချိုးတစ်ကွေ့မှာ ကားကို ရပ်နိုင်းလိုက်တယ်။

"ရပြီ . . . တော်ပြီ၊ ဒီနားမှာပဲ ကားရပ်ပေးတော့"

"အိမ်ထိ လိုက်ပို့ပေးမယ်လေ"

"မပို့နဲ့"

"ဒါဆို နာမည်ပြောခဲ့ဦး"

"နာမည်လည်း မရှိဘူး"

"ဩော် . . . ဒီလိုကြေးလား။ ရှင်မပြောလည်း ကျွန်မကတော့ ပြောခဲ့ပါ့မယ်။ ကျွန်မနာမည်က လီလီအဲလစ်"



အဲဒီနေ့ကစလို့ . . . လီလီဟာ ကျွန်တော့်ဆီ၊ ကျွန်တော်ရှိတဲ့ တောင်ကုန်းကြီးဆီ၊ ဒါမှမဟုတ် ကျွန်တော့်ဘဝဆီ ဇန်နဝါရီလရဲ့ နေရောင်ခြည်လိုမျိုး ဝင်ဝင်ရောက်လာပါတော့တယ်။ ကျွန်တော့်လို လူမျိုးမှာ လီလီလို လှပတဲ့မိန်းကလေးတစ်ယောက် ရှိလာတာ နှိုးစက်သံ မြည်နေတဲ့ အိပ်မက်တစ်ခုများလား။ ကျွန်တော် ပျော်ရမှာလား၊ မပျော်ရဘူးလား။

ကျွန်တော် ပျော်နေမိပါတယ်ခင်ဗျာ . . .။



www.burmeseclassic.com

www.burmeseclassic.com

## (10)

လီလီ။

သူ့နာမည်ကို ရေရွတ်လိုက်ရင်း အလုပ်တွေနဲ့ မွန်းကြပ်နေရှာတဲ့ လူတစ်ယောက်ကို တနင်္ဂနွေတစ်နေ့ လက်ဆောင်ပေးလိုက်သလို လန်းရွှင်အသစ်ဖြစ်စေတယ်။

လီလီရဲ့ဆံပင်ဟာ ရွှေရောင်လှလှလေးတွေဖြစ်တယ်။ မျက်လုံးထဲမှာ မျက်သားပြာပြာလေးနဲ့။ ရွှေရောင်ဆံပင်တွေ ရှေ့ကိုကျနေတိုင်း အဲ့ဒီဆံပင်တွေကြားက မျက်လုံးပြာလေးကို ရှာဖွေကြည့်ခဲ့ရတာ ဘယ်လို အရသာရှိမှန်း ကျွန်တော် မပြောပြတတ်အောင်ပဲ။ ကျွန်တော့် ပခုံးလောက်တောင် သိပ်မမြင့်ချင်တဲ့ သူ့အရပ်အမောင်းရဲ့ ဦးခေါင်းပေါ်မှာ ဒီဇိုင်းမျိုးစုံနဲ့ ဦးထုပ်လေးတွေ တစ်လုံးမဟုတ်တစ်လုံး ရှိနေတတ်တယ်။ အသားရောင်ခါးပတ်လေးကို ခါးမှာ အမြဲတွေ့ရတယ်။ ဘောင်းဘီတိုလေးနဲ့ သွက်သွက်လက်လက် သွားလာတတ်တယ်။ ဒါပေမဲ့ သူမဟာ မောပန်းလွယ်တဲ့သူပါ။ လီလီဟာ အမိုက်ကောက်တာ ပတ်ဝန်းကျင်ကို လှေ့လာတာ၊ ဓာတ်ပုံရိုက်ရတာတွေကို တော်တော် ဝါသနာပါတယ်။

လီလီတို့မိသားစုဟာ နာမည်ကြီး ရုပ်ရှင်ကုမ္ပဏီတစ်ခုကို ပိုင်



ဆိုင်ထားသူတွေပဲ။ တိုက်ဆိုင်ချင်တော့ ဒေါ်လေး လက်မှတ်ရောင်းတဲ့ အော်ပရာပြဇာတ်ရုံကလည်း လီလီတို့အမျိုးတွေ ပိုင်တာပဲတဲ့။

လီလီဟာ ကျွန်တော်ရှိရာတောင်ကုန်းဆီ ခဏခဏလာတယ်။ ကျွန်တော် သူနဲ့မရင်းနှီးဖြစ်အောင် ရှောင်လွှဲခဲ့ပါတယ်။ ဒါပေမဲ့ မရဘူး။ သူ့မျက်နှာတွေ၊ သူ့အသံတွေ မြင်ပါများပြီး နောက်ပိုင်း သူ့ကို ကျွန်တော် လိုအပ်လာသလို ခံစားရလာတယ်။ သူဟာ ကျွန်တော့်ကို ဒုက္ခပေးမယ့်သူ မဟုတ်ဘူးလို့လည်း ယုံကြည်လာတယ်။ ကျွန်တော် တဖြည်းဖြည်း သူ့အနားမှာ ပိုပျော်လာခဲ့တယ်လေ။ သူနဲ့ ခင်မင်လာတဲ့ အထိလည်း ကျွန်တော် မဝံ့မရဲဖြစ်ဆဲပါပဲ။ ဒါ မအိပ်ဘဲမက်နေတဲ့ အိပ်မက်တစ်ခုလို ကျွန်တော်ထင်ဆဲပါပဲ။

• • •

နေရက်တွေကြာတဲ့အခါ လီလီ့ကိုကျောပိုးပြီး ကျွန်တော် တောင်ထိပ်ပေါ် တက်နိုင်ခဲ့ပါတယ်။ သူ့ကို လက်ပြန်မွေ့ထားရတာ အသည်းယားကြည်နူးစရာပဲ။ အဲ့ဒီတုန်းဆို တောင်စောင်းတစ်လျှောက် လီလီပန်း (နှင်းပန်း)တွေလည်း တလှုပ်လှုပ် ပွင့်နေခဲ့တယ်။ တောင်တက်လမ်းမှာ ကျောပိုးစီးရင်း သူက ကလိထိုးပြီး စစနေတာကြောင့် နှစ်ယောက်သား ပျော်ခဲ့ရတယ်။ သူ့ကိုကျောပိုးပြီး နှစ်ယောက်စာအလေးချိန်နဲ့ တောင်တက်ရတာ အကယ်မလွယ်ကြောပဲ။ ဒါပေမဲ့ သူ့ကိုယ်က ပေါ့ပေါ့လေးရယ်။ သူ့ခန္ဓာကိုယ်ထဲမှာ ကလီစာတွေ ရှိရဲ့လားတောင် သံသယဝင်စရာပဲ။

တောင်ထိပ်ရောက်လို့ သူ့ကို မြေပေါ်ချပေးလိုက်ရင် သူ အသက်ကို ဖြည်းဖြည်းလေးငြိမ်ပြီး ရှူနေတတ်တယ်။ မောနေတာလေ။

"ငါကမောရမှာ မဟုတ်ဘူးလား"

ကျွန်တော် အဲ့လိုမေးတော့ သူ မောနေတဲ့အသံလေးနဲ့ပဲ ပြန်ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ငါက နလုံးသိပ်မကောင်းဘူး"

တဲ့။ သူ မောနွမ်းတော့ ကျွန်တော့်ပခုံးမှာ မှီပြီးတော့ အိပ်ပျော်သွားတယ်။ လေတွေတိုက်တော့ သူ့ရွှေရောင်ဆံပင်လေးတွေ ကျွန်တော့်မျက်နှာကို လာပွတ်သပ်တယ်။ ကျွန်တော် အိပ်နေတဲ့ သူ့မျက်နှာလေးကို ငေးရင်း တခြားအရာရာအားလုံးကို မေ့နေခဲ့တယ်။

ကျွန်တော်နဲ့လီလီ တောင်ပေါ်တက်တာများတော့ ကြာလာတဲ့အခါ ကျွန်တော်တို့နှစ်ယောက်ရဲ့ တောင်တက်လမ်းလေးဟာ ကျယ်ဝန်းအသားကျလာခဲ့ပါတယ်။ တခြားသူတွေ လိုက်တက်ရင်တောင် အခက်အခဲ မရှိအောင်ပေါ့။

သူက ကျွန်တော့်ကို 'ဟန်း' လို့ပဲ ခေါ်ပါတယ်။ ကျွန်တော့်မှာ တရားဝင်နာမည်တစ်လုံး တကယ်မရှိတဲ့အကြောင်းလည်း ပြောပြလိုက်ပါတယ်။ သူက ကျွန်တော့်နာမည်ကို ကြိုက်တယ်တဲ့။ ဒါပေမဲ့ တစ်ချိန်လုံးခေါ်နေတာတော့ မကောင်းဘူး။

"ဟန်း . . . ဟန်း . . . ဟန်း . . . အဟန်း . . . "

"ဘာလို့ ခဏခဏ ခေါ်နေတာလဲ"

"ဘာမှမခေါ်ပါဘူး။ ငါ့ဘာသာ ချောင်းဟန့်တာပါ။ အဟင်းဟင်း . . . "

လူကို အဲ့ဒီလို အူကြောင်ကြောင် ဟာသလေးတွေလည်း လာလုပ်တတ်သေးတယ်။

နေရောင်မှာ လက်ချောင်းတွေ အမျိုးမျိုးထောင်ပြီး အရုပ်ပုံစံအရိပ်တွေ လုပ်လို့ရတယ်။ အဲ့ဒီကစားနည်းကို သူနှစ်သက်တယ်။ ကျွန်တော်က လက်လေးဖက်နဲ့ဆိုတော့ အရုပ်ပုံစံအသစ်တွေပါ လုပ်လို့ရနေတယ်။

"ဝိုး . . . ကောင်းလိုက်တာ"

အရိပ်အရုပ်တွေ အများကြီးလုပ်လို့ရလို့ ကျွန်တော့်လက်ကို သူအားရနေတဲ့ အသံပေါ့။



လီလီ့မှာ အဖြူရောင်ဂစ်တာတစ်လုံး ရှိတယ်။ အဲ့ဒီဂစ်တာအပေါ် သူ့လက်ချောင်း ဖြူဖြူသေးသေးလေးတွေနဲ့ လက်ကွက်ထောက်လိုက်ရင် တော်တော်ကြည့်ကောင်းတယ်။ ဒါပေမဲ့ သူက သူ့သဘောမတီးဘဲ ကျွန်တော့်ဆီ လာထိုးပေးပြီး . . .

"ရော့ . . . နင်တီး"

တဲ့။

"ငါ မတီးတတ်ဘူး"

"ကျွတ် . . . တကယ်မတီးတတ်တာလား"

"အင်း . . . နည်းနည်းလေးမှ မတီးတတ်တာ"

"ဟင်း . . . လက်လေးဖက်ကြီး ရှိနေပြီးတော့။ နင်သာ ဂစ်တာတီးတတ်ရင် ဂစ်တာနှစ်လုံးစာကို တစ်လုံးတည်းနဲ့ တီးလို့ရမှာ"

လို့ သူက အားမလိုအားမရ ဖြစ်နေတယ်။ ပြီးမှ ကျွန်တော့်လက်ချောင်းတွေကို ငုံ့ကြည့်ပြီး . . .

"အယ် . . . နင့်လက်သည်းတွေ ရှည်နေပြီပဲ။ ပေးစမ်း ငါ ညှပ်ပေးမယ်"

တကယ်တော့ ကျွန်တော် သူ့ကို လက်သည်းပေးမညှပ်စေချင်ပါဘူး။ လက်ချောင်းအချောင်းနှစ်ဆယ်စာကို ညှပ်ရမှာဆိုတော့ သူမောသွားမှာ စိုးရိမ်တယ်။ ဒါပေမဲ့ သူ့ရှေ့ လက်တွေ အကုန်ဖြန့်ထုတ်ပေးလိုက်ပါတယ်။ မြေမှာ သိမ်းငှက်တစ်ကောင် တောင်ပံဖြန့်ထားသလို အရိပ်ထင်နေတယ်။ သူ ဂရုတစိုက် ညှပ်ပေးတယ်။ လက်သည်း ငုံ့ညှပ်နေရာကနေ တစ်ချက်တစ်ချက် မော့ကြည့်ပြီး ပြုံးလိုက်ရင် ကျွန်တော် ဒုတ်ခနဲ ဒုတ်ခနဲ ရင်ခုန်ရပါတယ်။

သူ့ဆီက မစားဖူးတဲ့ အစားအသောက်တွေ၊ မမြင်ဖူးတဲ့ ပစ္စည်းတွေ အများကြီး မြင်ရစားရတယ်။ သူက အစားအသောက်တွေထည့်ထားတဲ့ ကျောပိုးအိတ်ကို ပိုးတယ်။ ကျွန်တော်က နောက်ကပ် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com

ပိုးတယ်။ အဲ့ဒီလိုပုံစံလေးနဲ့ တောင်ပေါ်တက်နေတဲ့ပုံကို အပေါ်စီးက မြင်ကြည့်ကြရင် သိပ်ရယ်ရလိမ့်မယ်။

သူဟာ ဘယ်အချိန် ဘယ်နေရာမှာဖြစ်ဖြစ် အမှိုက်ကောက်ဖို့ ဝန်မလေးသူပဲ။ အဲ့ဒီလို ကမ္ဘာ့အလှဆုံး အမှိုက်ကောက်သူလေးအတွက် ကျွန်တော့်မှာ မေးခွန်းတွေ ရှိပါတယ်။

"နင် ဘာလို့ အမှိုက်တွေကောက်တာလဲ . . . လီလီ"

မေးတော့ သူ့အဖြေက 'ရောက်'တယ်။ အရင်းအမြစ်ကျတယ်။

"အခိပ္ပာယ်ရှိလို့ပေါ့"

တဲ့။

"ဘယ်လို အခိပ္ပာယ်ရှိတာလဲ"

"အမှိုက်ကောက်တဲ့သူက အမှိုက်မဖြစ်တော့ဘူး"

လို့ ခပ်ဆန်းဆန်း ပြောတယ်။ ပြီးတော့ မှ ပိုနားလည်အောင် အသေးစိတ်ပြောတယ်။ အဲ့ဒီလိုပြောတဲ့အချိန်မှာ သူ့မျက်နှာဟာ သူ့ စကားလုံးတွေအတိုင်း လေးနက်ပြောင်းလဲနေတယ်။

"ကမ္ဘာပေါ်မှာ အမှိုက်တွေ ရှိတယ်။ ကမ္ဘာကြီးကိုယ်တိုင်က လုပ်တဲ့အမှိုက်ရယ်၊ လူသားတွေလုပ်တဲ့ အမှိုက်ရယ်ဆိုပြီး ရှိတယ်။ ကမ္ဘာကြီးက ထုတ်လုပ်လိုက်တဲ့ အမှိုက်တွေဟာ သစ်ရွက်ခြောက်တွေ၊ ဖုန်တွေ၊ သဲတွေ၊ ဒီလောက်ပဲ ရှိတယ်။ လူတွေလုပ်တဲ့ အမှိုက်တွေကတော့ ပျက်ဆီးဖို့ခက်တဲ့ ကျွတ်ကျွတ်အိတ်တွေ၊ ပလပ်စတစ်တွေ၊ ဓာတ်ငွေ့တွေနဲ့ပေါ့။ နောက်ပြီး ကမ္ဘာကြီးက သူ ထုတ်လုပ်တဲ့ အမှိုက်တွေကို သူ ပြန်ရှင်းလင်းတယ်။ သစ်ရွက်တွေဟာ အချိန်တိုအတွင်း မြေကြီးထဲ နစ်မြေ့တိုးဝင်ပျောက်ကွယ်သွားမယ်။ ဒီလိုနည်းနဲ့ သဘာဝတရား ကမ္ဘာမြေကြီးဟာ သူ့အမှိုက်သူ ပြန်သိမ်းပါတယ်။ ဒါပေမဲ့ လူတွေကတော့ ကိုယ်ထုတ်လုပ်တဲ့အမှိုက်ကို ပြန်မသိမ်းနိုင်ဘူး။ အခုဆို နင်ကြည့် . . . ဟိုမှာ . ."

တောင်ပေါ်ကနေ လှမ်းမြင်နေရတဲ့ စက်ရုံတစ်ခု။ အဲ့ဒီစက်ရုံရဲ့ မီးခိုးခေါင်းတိုင်တွေက တန်းစီထွက်နေတဲ့ ဓာတ်ငွေ့တန်းတွေ။



"အဲ့ဒါ လူတွေလုပ်တဲ့ အမှိုက်တွေပေါ့။ လူတွေ အချိန်မီ ပြန်မသိမ်းနိုင်ဘူးလေ။ လမ်းဘေးတွေမှာ အလွယ်တကူပဲ လူလုပ်အမှိုက်တွေ များစွာကို တွေ့နိုင်တယ်။ လူတွေ ကိုယ့်အမှိုက်ဓာတ်ကို ကိုယ်နိုင်အောင် မကနိုင်ဘူး။ သစ်ရွက်ကလေးတွေ ကြွေတာမှ အမှိုက်လို့မမြင်ရင် လှနေသေးတယ်။ သဘာဝကျသေးတယ်။ လေထဲမှာ ဓာတ်ငွေ့တွေ ညည်းနက်ပြေးလွှားနေတာကတော့ ဘယ်လိုမှ မလှပဘူး။ အကျည်းတန်တယ်။ လူတွေ ကိုယ့်အမှိုက်ကိုယ် သိမ်းရမယ်။ ဒါ တရားမျှတပါတယ်နော့"

"အင်း . . . နင်ပြောတာ ကောင်းတယ်"

"အဟင်း . . . လူမှန်ရင် အမှိုက်ကောက်သင့်တယ်။ အဲ့ဒါ လူသားဆန်တဲ့ တာဝန်ယူမှုတစ်ခုပဲ။ အဲ့ဒီလို ငါပြောတယ်။ ဒါပဲ"

သူ့အယူအဆကို ကျွန်တော် ကြိုက်မိသွားတယ်။ သူ့ကို အထင်ကြီးသလို ကြည့်နေတဲ့ ကျွန်တော့်ကို သူက မဲ့ပြုံးလေးနဲ့ ပြန်ကြည့်တယ်။ သူ့ကို အထင်ကြီးစရာ မလိုဘူးဆိုတဲ့ သဘောနဲ့ပေါ့။

အဲ့ဒီအချိန် အပြာရောင်ခေါင်းမွေးလေး ထိုးထိုးထောင်ထောင်နဲ့ ငှက်ကလေးတစ်ကောင် အနီးက သစ်ပင်နားကို ပျံလာတယ်။ 'အယ်'လို့ အသံပြုပြီး သူ အလျင်အမြန် ထတယ်။ ပြီးတော့ ကင်မရာနဲ့ ဖျတ်ဖျတ် လိုက်ရိုက်တယ်။ ကင်မရာနဲ့ လက်လှမ်းမမီတဲ့ ဟိုးအဝေး လေထဲ ငှက်ပျံသွားမှ ကျွန်တော့်နား သူ ပြန်ရောက်လာတယ်။ ကင်မရာနဲ့ ရိုက်ထားတဲ့ပုံတွေကို သူ ပြတယ်။

"ငှက်လေး ချစ်စရာလေးနော် ကြည့် . . ."

" . . . . "

သူ ကျွန်တော်နဲ့ စတွေ့တုန်းကလည်း မြို့ပြင်ထွက်ပြီး ငှက်တွေ ဓာတ်ပုံလိုက်ရိုက်ရင်းနဲ့ ဒီတောင်ပေါ်ရောက်လာပြီး ခြေချော်လဲခဲ့တာလေ။ အခု သူပြနေတဲ့ ဓာတ်ပုံတွေကို ကျွန်တော် မကြည့်ပါဘူး။

"ဘာလို့မကြည့်တာလဲ။ ငှက်တွေကို မကြိုက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"မကြိုက်ဘူး။ မုန်းတောင် မုန်းသေးတယ်"

"ဘာလို့လဲ"

(၁၇) နှစ်ပြည့်တုန်းက ကျွန်တော်ကျေးတဲ့ ပြောင်းဖူးစေ့ကို ဘယ်ငှက်မှ လာမစားကြတာကို ကျွန်တော် အမှတ်ရနေတုန်းပဲ။ ဒါပေမဲ့ လီလီ့ကိုတော့ ကျွန်တော် အဲ့ဒီအကြောင်း မပြောပြချင်တာမို့ အသာပဲ ခေါင်းယမ်းပြနေလိုက်တယ်။

လီလီဟာ ယဉ်ကျေးမှု အားကောင်းတဲ့သူပါ။ ကျွန်တော် မပြောပြချင်တဲ့ ပုံစံရှိနေတာမို့ အလိုက်သင့်ပဲ ဘာမှ ထပ်မမေးတော့ပါဘူး။ ချက်ချင်းပဲ စကားလမ်းကြောင်း လွှဲတဲ့အနေနဲ့ . . .

"ငှက်တွေကို ဓာတ်ပုံလိုက်ရိုက်ရတာ ညောင်းသွားပြီဟ။ နှင်နှိပ်ပေးပါလား"

"တကယ်နှိပ်ပေးရမှာလား ပခုံးကိုလား"

"အင်း"

ကျွန်တော်က လက်လေးဖက်တောင်ရှိတော့ ကောင်းကောင်း နှိပ်ပေးနိုင်တာပေါ့။ ဟိုးက ပင်လယ်ကမ်းခြေဘက်ကို လှမ်းကြည့်ပြီး သူပြုံးနေတယ်။



## (11)

"သူနဲ့မင်းနဲ့ နေ့တိုင်း တွေ့ဖြစ်ကြတာပေါ့"

"နေ့တိုင်းတော့ မဟုတ်ပါဘူး။ သူကျောင်းတက်တဲ့ နေ့တွေဆို မတွေ့ဖြစ်ဘူး။ ပြီးတော့ သူခရီးသွားတဲ့အချိန်တွေမျိုးမှာ မတွေ့ဖြစ်ဘူး။ သူက လူမှုရေးအဖွဲ့အစည်းတစ်ခုမှာလည်း တက်ကြွသူတစ်ယောက်အဖြစ် ပါဝင်သေတယ်လေ။ ပြီးခဲ့တဲ့ လပိုင်းတုန်းကဆို ဆင်းရဲတဲ့နိုင်ငံတစ်ချို့ကို စားနပ်ရိက္ခာ လှူဒါန်းဖို့ သွားခဲ့သေးတယ်။ အဲ့ဒီတုန်းကဆို သူနဲ့ ရက်သတ္တပတ်လောက် မတွေ့ဖြစ်ဘူး။ ဒါက သူ့ဓာတ်ပုံပါ။ ဦးလေး ကြည့်ကြည့်ပါဦး"

ကျွန်တော့်မှာ ကျွန်တော်နဲ့ မလိုက်ဖက်တဲ့ လီလီဆိုတဲ့ မိန်းကလေး သူငယ်ချင်းတစ်ယောက်ရှိနေပြီဆိုတာ ဒေါ်လေးကို ပြောပြရမလား။ မပြောရဘူးလား ဖြစ်နေချိန်မှာ အန်ကယ်ရော်ဂျာကို အရင်ပြောပြလိုက်မိတာပါ။

အန်ကယ်ရော်ဂျာက လီလီ့ဓာတ်ပုံကိုကြည့်တယ်။ နည်းနည်းလေး ကြာအောင်ကြည့်ပြီးမှ ပြုံးလာတယ်။ အန်ကယ်ရော်ဂျာပြုံးမယ်လို့ ကျွန်တော် ကြိုသိနေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်နဲ့ မလိုက်ဖက်ဘူးမို့လား"

"ငါတော့ အဲ့လိုမထင်ပါဘူး"

"ဘယ်လိုထင်လဲ"

အန်ကယ်ရော်ဂျာက ချက်ချင်းမဖြေဘဲ စားပွဲပေါ်မှာထောင်ထားတဲ့ ကျွန်တော့်ဒေါ်လေးရဲ့ ဓာတ်ပုံသေးသေးလေးကို မသိမသာ လှမ်းကြည့်နေသေးတယ်။ ပြီးမှ . . .

"မာသာထရီဇာကပြောတယ် . . ."

"ဘယ်သူ့ကိုပြောတာလဲ"

"အဲ . . . အင်း . . . သူတို့လို မေတ္တာရှင်မျိုးရဲ့ စကားတော်တော်များများက တစ်ဦးတစ်ယောက်တည်းကို ရည်ရွယ်ပြီး ပြောတာမဟုတ်ဘူး။ လူသားအားလုံးအတွက် ယေဘုယျကျကျစွာ ပြောနေတယ်လို့ ခံစားသိလိုက်ရင် ပိုကောင်းမယ်"

"ဟုတ်ကဲ့။ သူက ဘာပြောခဲ့တာလေ"

"မာသာထရီးဇာက ပြောခဲ့တယ်။ ချစ်ခြင်းဟာ ရာသီမရွေးတဲ့သစ်သီးတစ်လုံး လူတိုင်းရဲ့ လက်တစ်ကမ်းမှာရှိတယ်"

တဲ့။ အန်ကယ်ရော်ဂျာ့စကားကို ကျွန်တော် အချိန်တော်တော်ကြာအောင် လိုက်ပါရွတ်နေခဲ့မိတယ်။ အန်ကယ်ရော်ဂျာပြန်သွားတဲ့အထိပဲ။

လီလီဟာ ကျွန်တော့်လက်တစ်ကမ်းက သစ်သီးတစ်လုံးလား။

ကျွန်တော်ထင်တာက လီလီဟာ ကျွန်တော့်စာတိုက်ပုံးထဲ လိပ်စာမှားပြီး ရောက်လာတဲ့ လက်ရေးလှလှနဲ့ စာတစ်စောင်လို့ပဲ ထင်နေမိပါတယ်။



လီလီနဲ့ မတွေ့ရတဲ့ရက်တွေတိုင်း လီလီပန်းတွေကို ငုံ့ကြည့်ရင်း ကျွန်တော် ငေးငိုင်နေခဲ့တယ်။ တောင်ပေါ်မှာ ထိုင်ရတာ တစ်ယောက်တည်းနဲ့ မပျော်တော့ဘူး။ ငှက်လှလှကလေးတွေမြင်ရင် ငှက်တွေကို မုန်းပေမယ့် လီလီ့ကိုတော့ မြန်မြန်ပဲ မြင်ယောင်နေမိတယ်။ လီလီများ ရက်ရှည်ခရီးထွက်သွားရင်တော်ပေါကနေ ဟိုးပင်လယ်ဘက်ကို လှမ်းကြည့်ပြီး . . . တဟေး . . . ဟေး . . . နဲ့ အသံကုန်အော်ပစ်နေတာပဲ။

ဒေါ်လေးကလည်း ကျွန်တော့်ကို အကဲခတ်နေတယ်။ လီလီနဲ့ မတွေ့ရတဲ့ရက်ဆို ကျွန်တော့်ပုံစံ မှုန်မှိုင်းပြီး လီလီနဲ့ အတူရှိခဲ့ရတဲ့နေ့ဆိုရင် အလွန်လန်းရွှင်နေတဲ့ ကျွန်တော့်ပုံစံကို ဒေါ်လေး ရိပ်မိနေခဲ့ပါတယ်။ ဒါပေမဲ့လည်း ဒေါ်လေးက ကျွန်တော့်မှာ မိန်းကလေး သူငယ်ချင်းရှိ နေမှန်းယောင်လို့တောင် ထင်မိမှာ မဟုတ်ပါဘူး။ သေချာတယ်။

တောင်ခြေက သစ်ပင်တစ်ပင်မှာ သစ်ခေါင်းတစ်ခုရှိတယ်။ လီလီနဲ့ကျွန်တော် အကြောင်းကြောင်းကြောင့် မတွေ့ဖြစ်တဲ့အခါ မှာကြားစရာလည်း ရှိတဲ့အခါ အဲ့ဒီသစ်ခေါင်းထဲမှာ စာတစ်စောင် ထည့်ခဲ့ကြတယ်။ လီလီ့လက်ရေးတွေက စောင်းစောင်းလှလှလေးပဲ။ လီလီနဲ့ မတွေ့တာကြာတဲ့ ရက်တွေများလာရင် အဲ့ဒီသစ်ခေါင်းထဲ စာတစ်စောင်ရှိနေမလားသွားကြည့်ရတယ်။ စာတစ်စောင်ရောက်မနေဘဲ မြွေတစ်ကောင်ထွက်လာလို့ လန့်ခုန်ဖူးတာလည်း သတိရတယ်။



www.burmeseclassic.com

www.burmeseclassic.com

လီလီဟာ ကျွန်တော့်ကို ကွန်ပျူတာ အသုံးပြုတတ်အောင်လည်း သင်ပေးတယ်။ ကွန်ပျူတာ ကီးဘုတ်ပေါ် လက်အချောင်း (၂၀)လုံး တင်ထားရတာ တစ်မျိုးကြီးပဲ။

"နင်သာ စာရိုက်တတ်သွားရင် ကမ္ဘာ့အမြန်ဆုံး ကွန်ပျူတာ စာရိုက်ပညာရှင် ဖြစ်ရင် ဖြစ်လာလိမ့်မယ်"

သူက အဲ့ဒီလိုပြောပေမယ့် အခုထိတော့ လက်ချောင်းနှစ်ဆယ်နဲ့ ရှာလည်နေဆဲပါပဲ။ တောင်အနောက်ဘက်က ဟိုင်းဝေးလမ်းမှာ သူကျွန်တော့်ကို ကားမောင်းသင်ပေးတယ်။ ကားစတီယာတိုင်ပေါ် လက်လေးဘက်နဲ့ ကျစ်ကျစ်ဆုပ်ထားတာ မြင်တော့ သူက . . .

"ဟား . . . အားရလိုက်တာဟာ။ နင်သာ တကယ် ကားမောင်းတတ်သွားရင် လုံးဝ ဖော်မြူလာဝမ်း ချန်ပီယံဖြစ်လာမှာပဲ"

"အဟဲ . . . "

သူက အဲ့ဒီလိုပြောပေမယ့် ကျွန်တော်က သူ့ကားလေးကို လမ်းဘေးဂျုံခင်းထဲ ခေါင်းထိုးထိုး ချနေတုန်းပါပဲ။ ကျွန်တော်က တောင်တက်၊ သစ်ပင်တက်တာ၊ အမြင့်တစ်ခုခုပေါ်တက်တာ ကျွမ်းကျင်နေပါပြီ။ ဒါပေမဲ့ သူကတော့ နာရီကို လက်ကကိုင်ပြီး စံချိန် ချိုးခိုင်းနေတယ်။သူ့ကြောင့် တကယ့်ကို မိနစ်ပိုင်းလေးအတွင်း တောင်ထိပ်ဆီ ကျွန်တော်တက်နိုင်ခဲ့တယ်။ ကျွန်တော် သူပြောသမျှ အကုန်လိုက်လုပ်တယ်။ သူသင်ပေးသမျှကိုလည်း သင်ယူလိုက်တာပဲ။ ကျွန်တော်နဲ့ သူ့နဲ့ကြားမှာ ဘာပြဿနာမှ မရှိဘူး။ လီလီက ကျွန်တော့်ကိုကြည့်ရင် မျက်စောင်းထိုးဘာမျိုးလည်း မဟုတ်ဘူး။ ဒါပေမဲ့ တစောင်းလေးပဲ။ နွေးထွေးမှုပြည့်နေတဲ့ အကြည့်တစောင်းလေးကြောင့် ကျွန်တော် သူနဲ့ အတူရှိရတာ ဘယ်တော့မှ မမောတော့ဘူး။

"(၁၉) ရာစုလောက်က အီဗရာမိုဒတ်ဆိုတဲ့ လူတစ်ယောက်ရှိခဲ့ဖူးတယ်။ သူက အင်္ဂလန်နိုင်ငံသား။ ထူးဆန်းတာက သူ့မှာ မွေးကတည်းက ရှေ့နဲ့နောက် မျက်နှာနှစ်ဖက်တောင် ပါလာခဲ့တယ်"



"ဟုတ်လား"

သူက ကျွန်တော့်လိုမျိုး ပုံစံတူတွေအကြောင်း ပြောပြနေတာပါ။ ကျွန်တော်လည်း စိတ်ဝင်တစား နားထောင်နေမိတယ်။ သူက ဆက်ပြီး . . .

"သူ့ မျက်နှာနှစ်ခုလုံးက စားလို့လည်း ရတယ်။ စကားပြောလို့လည်း ရတယ်။ ဒါပေမဲ့ ဆိုးတာက ပြုံးလို့ရယ်လို့ မရတာပဲတဲ့။ ဒီမှာ နင်ကြည့်ကြည့်လေ"

သူက ကွန်ပျူတာကိုဖွင့်ပြီး ကလစ်တစ်ချက် နှိပ်ပြလိုက်တော့ မျက်နှာနှစ်ခုနဲ့ လူပုံ၊ အီဗရာမိုဒတ်ရဲ့ပုံကို တွေ့လိုက်ရတယ်။ ကျွန်တော် သူ့အဖြစ်ကို ကိုယ်ချင်း အပြည့်အဝ စာမိတယ်။

"သူ့ထက်စာရင် နင်က အများကြီး ကောင်းပါသေးတယ်နော် ဟုတ်တယ်မို့လား . . . ဟန်း"

"အများကြီးတော့ ပိုမကောင်းပါဘူး။ ဒါနဲ့ သူကကော ခွဲစိတ်မကုသခဲ့ဘူးလား"

လီလီ နည်းနည်း မျက်လွှာချသွားပြီးမှ . . .

"ခွဲစိတ်ကုသဖို့ ပြုလုပ်ခဲ့တယ်တဲ့။ ဒါပေမဲ့ အဲ့ဒီတုန်းက ခေတ်မီအဆင့်မြင့်တဲ့ ဆေးပညာတွေ မရှိသေးလို့ မအောင်မြင်ခဲ့ဘူးတဲ့"

ကျွန်တော် အဝေးကို ကြည့်နေခဲ့တယ်။ လီလီက ရွှင်ပျတဲ့အသံကို ချက်ချင်းပြောင်းပြီး . . .

"ဒါပေမဲ့ အခုက ဆေးပညာတွေ သိပ်အဆင့်မြင့်နေပြီပဲ။ နင့်လက်တွေ ခွဲစိတ်ရင်တော့ အောင်မြင်ရင် အောင်မြင်မှာပါ"

ကျွန်တော် ခေါင်းတွင်တွင် ယမ်းနေမိတယ်။ သူ့အားပေးမှုမှာ အားမဖြစ်ခဲ့ဘူး။ ကျွန်တော် တစ်ခု ပြန်မေးလိုက်သေးတယ်။

"အဲ့ဒီ အီဗရာမိုဒတ်ဆိုတဲ့ မျက်နှာနှစ်ဖက်နဲ့လူ ဘယ်အရွယ်မှာ သေသွားတာတဲ့လဲ"

"(၂၃) နှစ်မှာ ဆုံးသွားတာ"



www.burmeseclassic.com

www.burmeseclassic.com

“ကိုယ့်ကိုယ်ကိုယ် သတ်သေပြီး သေသွားတာများလား”

“ဟင် . . . နင် ဘယ်လိုလို့ သိတာလဲ”

“အဟင်း . . .”

ကျွန်တော်ထင်တာ မှန်သွားတာပဲ။ လီလီက ကျွန်တော့်ကို ခပ်ပြုံးကြောင်ကြောင် ကြည့်နေတယ်။

“ငါတို့လိုလူမျိုးတွေက လူမှန်းသိတတ်စကတည်းက လူမဖြစ်ချင်တော့တာ . . . လီလီရဲ့”

“နင်တော့ အဲ့လို မလုပ်ရဘူးနော် . . . ဟန်း။ လုံးဝ မလုပ်ရဘူး။ နင် ဘယ်တော့မှ ကိုယ့်ကိုယ်ကိုယ် သတ်မသေရဘူး”

“. . . . . .”

ကျွန်တော် သူလိုချင်တဲ့ ကတိကို ပေးနိုင်လိုက်ပါတယ်။ ကျွန်တော့်အနားမှာ သူရှိနေတာပဲ။ ကျွန်တော် ဘာလို့ အသက်မရှင်ရဲရမှာလဲ။

လီလီဟာ ကျွန်တော့်ကို လူတွေကြားထဲ အမြဲတမ်း ခေါ်ချင်နေတယ်။ သာမန်လူတစ်ယောက်လိုပဲ သွားလာစေချင်နေတယ်။ ဒါပေမဲ့ ကျွန်တော်က သာမန်လူမှ မဟုတ်တာ။ ဒါကြောင့် သူ လူကြားထဲခေါ်သွားမယ်ဆိုတိုင်း ကျွန်တော် အမြဲငြင်းဆန်နေရတယ်။

သူ့စကားကို ငြင်းဆန်ရတာ ကျွန်တော် စိတ်မကောင်းဘူး။ ကျွန်တော်ဟာ လီလီ့စကားတိုင်းကို နားထောင်ချင်နေတဲ့ ကောင်လေ။



**(12)**

“ဟင် . . . စောစောစီးစီး တောင်ပေါ်သွားမလို့လား”

“ဟုတ်”

“ဒီနေ့ မင်း (၁၉)နှစ် ပြည့်တာနော်။ မင်း Birthday နော်”

“ဟုတ် သိပါတယ်”

“မင်းအင်္ကျီက အသစ်ပါလား။ ဘယ်ကရတာလဲ”

“အန်ကယ်ရော်ဂျာက လက်ဆောင်ပေးတာပါ။ မနေ့ညက ဒေါ်လေးအိပ်နေတဲ့ အချိန် အန်ကယ်ရော်ဂျာ လာသေးတယ်။ သူ မွေးနေ့လက်ဆောင် ကြိုပြီးလာပေးတာ”

အင်္ကျီအသစ်နဲ့ တောက်ပနေတဲ့ ကျွန်တော့်ကို ဒေါ်လေးက မေးခွန်းတွေ ဆက်တိုက်မေးနေတယ်။ စိတ်ရောကိုယ်ပါ လန်းဆန်းနေပုံရတဲ့ ကျွန်တော့်ကို ဒေါ်လေး သိပ်သက်သာပုံ မပေါ်ဘူး။

“တောင်ပေါ်သွားတာ ဘာဖြစ်လို့ စောနေတာလဲ”

“စောတာ နောက်ကျတာထက် ကောင်းတယ်လေ”

ဒီလောက်ပဲပြောပြီး ကျွန်တော် သုတ်သုတ်ထွက်လာတယ်။ ဒေါ်လေးကတော့ မျက်မှောင်ကျုံ့ရင်း ကျန်ခဲ့ရှာမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

လီလီ့ကို အကြိမ်ကြိမ် ငြင်းဆန်ခဲ့ပေမယ့် ဒီတစ်ခါတော့ လိုက်လျှောပေးဖို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ ကျွန်တော် သူနဲ့ အပြင်လိုက်ခဲ့မယ်လို့ ပြောတော့ ပျော်သွားတဲ့ လီလီ့မျက်နှာဟာ တကယ့်ကို ဝင်းပသွားတယ်။ လူတွေကြားထဲ သွားလာရမှာဟာ ကျွန်တော့်အတွက် ထောင်ချောက်ထဲက အစာကို အရဲစွန့်စားရမယ့် ကြွက်တစ်ကောင်လို အန္တရာယ်များလှပါတယ်။ ဒါပေမဲ့ လီလီက ကျွန်တော့်ကို မွေးနေ့လက်ဆောင် ပေးတဲ့အနေနဲ့ လူတွေကြားထဲ ခေါ်သွားမယ်ဆိုတော့ ကျွန်တော် မငြင်းတော့ပါဘူး။

"ဟေး . . . ဟန်း"

အဝေးက လမ်းလျှောက်လာတာမြင်တော့ ကားအပြာလေးပေါ်ကနေ သူ လက်လှမ်းပြတယ်။ ကားပေါ် သူ့နံဘေး ဝင်ထိုင်တော့ သူက . . .

"ဟက်ပီဘက်ဒေး . . . ဟန်း"

လို့ ဆုတောင်းပေးပြီး ကားကို မောင်းထွက်လိုက်ပါတော့တယ်။

သူ ကျွန်တော့်ကို နေရာစုံလိုက်ပို့တယ်။ နာမည်ကြီး စားသောက်ဆိုင်၊ မြို့တော်ခန်းမ၊ မြစ်ကူးတံတား၊ မြို့လယ်ခုံးကျော်၊ ရုပ်ရှင်ရုံတန်းနဲ့ ပန်းခြံလမ်းတွေအထိ အစုံပဲ။

အခု ဆက်ပြီးထွက်လာတဲ့ နေရာကတော့ ဘယ်နေရာလဲ မသိဘူး။ မြို့ပြင်ဘက်တော့ ရောက်နေပြီ။ စိမ်းမြပြီး နေရောင်ထိုးဖောက်မှု နည်းတဲ့ တောလမ်းလိုနေရာအထိ ကားပြာလေးဟာ တိုးဝင်လာပါတယ်။ 'ဘယ်သွားနေတာလဲ'ဆိုတဲ့ သဘောမျိုးနဲ့ ကျွန်တော်က ကြည့်တော့ သူက 'ရောက်ရင်သိရမှာပေါ့' ဆိုတဲ့ အကြည့်နဲ့ ပြန်ကြည့်တယ်။

အုတ်တံတိုင်းဝန်းကြီးတစ်ခုထဲ တိုးဝင်သွားပြီးတော့ ခေါင်မိုးကော့ကော့နဲ့ ပြာသာဒ်ကလေးတွေကို စတင်တွေ့လိုက်ရတော့တယ်။ နားထဲ . . . ဝေ . . . ပြီး စီးဆင်းလာတဲ့ သာယာဖွယ်အသံတစ်ခုကိုလည်း ချိုမြိန်စွာ ကြားလိုက်ရတယ်။

"အဲ့ဒါ ခေါင်းလောင်းသံပေါ့"

"ဟင် . . ."

သူမကပြောတော့ သူ အသံလာရာကို ကြည့်လိုက်တယ်။ မျှော်စင်လို မြင့်မားတဲ့ ပြာသာဒ်ပေါ်မှာ ခေါင်းလောင်းထိုးနေသူတစ်ဦးကို တွေ့လိုက်ရတယ်။ ထိုသူက ခေါင်တုံးပြောင်အောင်ရိတ်ထားပြီး အဝါရောင်ခြုံလွှာတစ်ခုကို တစောင်းဝတ်ဆင်ထားတယ်။ မျက်လွှာချပြီး တည်ငြိမ်အေးဆေးနေတယ်။

"ငါသိပြီ။ ဒါ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတစ်ခုမို့လား"

"အဟား . . . နင်သိတယ်ပေါ့"

"အင်း . . . ငါ စာထဲမှာဖတ်ဖူးတယ်"

ကျွန်တော်တို့ ကားပေါ်ကဆင်းတယ်။ ဘုန်းကြီးကျောင်းထဲမှာ ကိုရင်တွေကို ပိုမိုများပြားစွာ တွေ့လာရတယ်။ တချို့ ပုတီးစိပ်၊ တချို့ တံမြက်လှည်း၊ တချို့ ကျမ်းစာရွတ်၊ တချို့ တရားဆွေးနွေးနှင့် တည်ငြိမ်မှုအပြည့်နဲ့ သာယာနေတယ်။ မြင်ရတာ အေးချမ်းတယ်။

လီလီ့ကိုမြင်တော့ ကိုယ်တော်တစ်ပါးက လာနှုတ်ဆက်တယ်။ ပြီးတော့ ကျောင်းထိုင်ဆရာတော်ထံ လိုက်ပို့တယ်။ လီလီနဲ့ ကျောင်းထိုင်ဆရာတော်ဟာ ကျွန်တော် မတတ်တဲ့ ဘာသာစကားတစ်မျိုးနဲ့ စကားပြောနေကြတယ်။ တော်တော်ကြာအောင် ပြောပြီးမှ ကျောင်းထိုင်ဆရာတော်ရဲ့ အခန်းက ထွက်ခဲ့တယ်။

"လီလီ နင်နဲ့ဆရာတော် ဘာစကားနဲ့ ပြောနေကြတာလဲ"

"တရုတ်စကားလေ"

လီလီက ဘာသာစကား ငါးမျိုးလောက်တတ်တာကို ကျွန်တော် မေ့နေတယ်။ နောက်တော့ ဘုရားရုပ်ပွားတော်ကြီး တစ်ဆူရှိတဲ့ အခန်းတစ်ခုထဲကို ဝင်ခဲ့ကြတယ်။ ကျွန်တော်တို့ ဝင်လာတာမြင်တော့ ရုပ်ပွား

www.burmeseclassic.com

www.burmeseclassic.com

တော်ရှေ့ အမွေးတိုင်ထွန်းနေတဲ့ ကိုယ်တော်လေးတစ်ပါးက ပြုံးပြပြီး အခန်းထဲကနေ ထွက်သွားပေးတယ်။ လီလီက ကုပ်ကုပ်ကုပ်ကုပ်နဲ့ အခန်းတံခါးဘက်ပြေးသွားပြီး အပြင်ကို ခေါင်းထွက်ကြည့်တယ်။ ဘယ်ပြန်ညာပြန် ကြည့်တယ်။ ဘာလုပ်ဖို့လဲ မသိ။ စိတ်တိုင်းကျ ကြည့်ပြီး ကျွန်တော့်အနား ပြန်ရောက်လာပြီး . . .

"ချွတ် . . . ချွတ် . . . ချွတ် . . . လိုက်တော့ ဟန်း"

"ဟင် . . . ဘာချွတ်ရမှာလဲ"

"အပေါ်အင်္ကျီ . . . အပေါ်အင်္ကျီချွတ်လိုက်။ လက်အပိုနှစ်ဖက်ကို ထုတ်လိုက်"

"ဘာလုပ်ဖို့လဲ"

"လုပ်မှာသာ လုပ်စမ်းပါ"

ကျွန်တော် မလုံမလဲနဲ့ပဲ သူပြောသလို လုပ်လိုက်ပါတယ်။ ဗုဒ္ဓရုပ်ပွားတော်ရှေ့မှာ ကျွန်တော်ဟာ ထူးဆန်းသတ္တဝါတစ်ကောင် ဖြစ်နေပြီလား။

"ကြည့် . . . ငါလုပ်တဲ့အတိုင်း လိုက်လုပ်ကြည့်"

လီလီက လုပ်ပြတယ်။ ခြေထောက်ကိုကွေးလို့ ကျုံ့ကျုံ့လေးထိုင်ပြီး လက်ဝါးနှစ်ဖက်ကို ခပ်စုစု ကြာဖူးပုံစံကပ်၊ လက်မနှစ်ချောင်းကို မျက်ခုံးနှစ်ခုကြားထား ထိကပ်တယ်။ ပြီးမှ လက်အုပ်အစုကလေးကို နဖူးနဲ့မခွာဘဲ ကြမ်းပြင်မှာထိပြီး ဖြန့်ချတယ်။ အဲ့ဒီလိုမျိုး မျက်လွှာချပြီး သုံးကြိမ်လုပ်တယ်။

ပြီးမှ ကျွန်တော့်ကို ကြည့်ပြီး . . .

"ခုနက ငါလုပ်တာကို ဘုရားရှိခိုးတာ၊ ဘုရာ ဝတ်ပြုကန်တော့တာလို့ခေါ်တယ်။ အဲ့လိုလုပ်ရင် တကယ် စိတ်အေးချမ်းတယ်။ နင်လုပ်ကြည့်"

"အင်း . . ."

"လက်နှစ်ဖက်လုံးနဲ့ လုပ်နော်"



ကျွန်တော်ဟာ ကိုးကွယ်စရာ ဘာသာမဲ့တစ်ဦး ဖြစ်နေခဲ့တာကြာပြီပဲ။ မွေးကတည်းက မကောင်းဆိုးရွားလို့ သတ်မှတ်ခံထားရတဲ့ကောင်မှာ ဒီလို ပြဿနာရှိနေတာ မထူးဆန်းဘူးမို့လား။ ကျွန်တော့်မှာ လေးနက်တဲ့ ဘာသာတရား အသိမရှိပေမယ့် လောကကောင်းကျိုးသယ်ပိုးခဲ့တာ သေချာတဲ့ ဘုရားတွေကို ဂါရဝပြုရှိခိုးရတာ မကောင်းတဲ့အရာ မဟုတ်မှန်းသိတယ်။ ကျွန်တော် ရှိခိုးလိုက်ပါတယ်။

လက်အုပ်က နှစ်ခုကြီးဖြစ်နေတော့ တစ်မျိုးပဲ။ လက်အုပ်နှစ်ခုလုံး ဖြန့်ခင်းချပြီး နဖူးနဲ့ ထိတိုက်ရှိခိုးတော့ ရင်ထဲ အေးချမ်းသွားတယ်။ သုံးကြိမ် ရှိခိုးခဲ့တယ်။

"ဘုရားရှိခိုးတာ ကုသိုလ်ရတယ်"

"အင်း"

"နင်က လက်အုပ်နှစ်ခုနဲ့ ကန်တော့တာဆိုတော့ ကုသိုလ်ကနှစ်ဆရရင် ရနေမှာ"

"ဟုတ်လား . . . ဝမ်းသာစရာပဲ"

အပြန်လမ်းမှာ မွေးနေ့ဆို ဘုရားသွားကြတာ အရှေ့တိုင်းမှာ ထွန်းကားတဲ့ဓလေ့တစ်ခုကြောင့် ရှင်းပြတတ်လေ။ ကျွန်တော် နားထောင်ရင်း သူ ကျွန်တော့်အတွက် အဓိပ္ပာယ်အရှိဆုံး မွေးနေ့လက်ဆောင်တွေပေးနေတာမှန်း သိလိုက်ရတယ်။

"ငါ မကျေနပ်တဲ့ လူတစ်ယောက်ရှိတယ် . . . ဟန်း"

"ဘယ်သူလဲ"

"ငါ သူ့ဆီကို နင့်ကိုခေါ်သွားမယ်။ နင် ငါ့အတွက် တစ်ခုခုလုပ်ပေးမလား"

"ငါ့ကို ကြေးစားငှားနေတာလား"

"ဟဲ . . . ဟဲ . . ."

တဲ့။ သူ့ရယ်ပုံက ကျွန်တော် ကျောချမ်းစရာ။



www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်ခါ သူခေါ်သွားတဲ့နေရာက ကစားကွင်းတစ်ခုပဲ။ လူတွေများပြားစွာ သွားလာပျော်မြူးနေတဲ့နေရာကို ကျွန်တော် ရောက်ရှိနေပါလား။ ကျွန်တော့်ကို ခါးနည်းနည်းကုန်းတဲ့ လူအဖြစ် သူတို့ သာမန်အနေအထားလောက်နဲ့ပဲ သတိထားမိကြပုံပဲ။ ဘယ်သူမှ အရေးတယူ မလုပ်ကြဘူး။ အဲ့ဒါကောင်းတယ်။

ရေခဲမုန့်ဝယ်နေတဲ့သူတွေ၊ ချားရဟတ်စီးနေတဲ့လူတွေ၊ မီးပုံ့ရထားပေါ် တဟေးဟေးအော်သံတွေ၊ ရောင်စုံပူဖောင်းတွေ၊ သမီးရည်းစားစုံတွဲတွေနဲ့ ပန်းပင်လုလုတွေ၊ ပြေးလွှားဆော့ကစားနေတဲ့ ကလေးတွေ၊ ရေပန်းတံတားနားက အဘိုးကြီးတွေ . . . အိုး . . . စုံလို့ပါပဲ။

လီလီက ဘာလုပ်မလို့ ကျွန်တော့်ကို ဒီခေါ်လာတာလဲ။ သူမကျေနပ်တဲ့သူကိုယ် တစ်ခုခု လုပ်နိုင်းမယ်လို့တော့ လီလီပြောခဲ့သား။ ဘာလုပ်နိုင်းမှာပါလိမ့်။

ရေပန်းတံတားရဲ့ ဟိုဘက် မြက်ခင်းပေါ်မှာ ရွက်ဖျင်တဲ အညိုရောင်တစ်လုံးကို တွေ့တယ်။ ရွက်ဖျင်တဲရှေ့မှာ ဆိုင်းဘုတ်ချိတ်ထားတယ်။

"သင့်ကံကြမ္မာကို ဟောကြားပေးမယ်"

တဲ့။ မြင်တာနဲ့ သိလိုက်တယ်။ ဗေဒင်ဟောတဲ့ နေရာပဲဆိုတာကို။

"လီလီ . . . နင် ဗေဒင်ဟောမလို့လား"

"ငါ မဟောပါဘူး။ နင့်ကို ဟောခိုင်းမှာ"

"အမ်"

အဲ့ဒီရွက်ဖျင်တဲထဲမှာ ဂျစ်ပစီလူမည်း ဗေဒင်ဆရာမကြီးရှိတယ်။ သူ့ကို လီလီက ဘာကြောင့်မှန်း မသိဘူး။ မကျေနပ်လို့တဲ့။ လမ်းမှာ ဗေဒင်ဆရာမကြီးကို ဘယ်လို နှိပ်ကွပ်ရမလဲဆိုတာ လီလီက ကျွန်တော့်ကို သင်ကြားပေးခဲ့တယ်။

ဒီလိုနဲ့ ရွက်ဖျင်တဲရှေ့ ရောက်ခဲ့တယ်။



"ဝင်ခဲ့ကြပါ"

ရွက်ဖျင်တဲရှေ့ ကျွန်တော်တို့ ရပ်လိုက်တယ်ဆိုရင်ပဲ အထဲက မိန်းမဝမ်းခေါင်းသံကြီးရဲ့ ဖိတ်ခေါ်သံကို ကြားလိုက်ရတယ်။

ကျွန်တော်တို့ ဝင်ခဲ့တယ်။ ရွက်ဖျင်ပါးကလေးတွေနဲ့ တဲလုပ်ထားပေမယ့် အထဲထဲရောက်တာနဲ့ ပြင်ပအသံတွေနဲ့ လုံးဝကင်းလွတ်သွားသလိုပဲ။ တိတ်ဆိတ်မှုနဲ့ လုံနေတယ်။

ဗေဒင်ဆရာမကြီးဟာ ဝတုတ်မည်းသည်းနေတဲ့ ကပ္ပလီမတစ်ယောက်ဖြစ်တယ်။ ဆံပင်ကောက်ကွေးကွေးတွေ ရှုပ်ရှုပ်ထွေးထွေးနဲ့ မျက်နှာဟာ မျက်လွှာချထားသေးတယ်။ နှုတ်ခမ်းက တတွတ်တွတ်နဲ့ ဂါထာတွေလည်း ရွတ်နေတယ်။

သူ့ နောက်မှာတော့ နတ်ရုပ်တွေ၊ မီးပူဖော်ထားတဲ့ သင်္ကေတတွေ ရှေးဟောင်းစာလုံးနဲ့ လျှို့ဝှက်ချက်တွေ များစွာကိန်းအောင်းနေတဲ့ ရုပ်ပုံကားချပ်တွေနဲ့လေ။ သူ မျက်လုံးမဖွင့်သေးဘဲနဲ့ စကားစပြောတယ်။

"ထူးဆန်းတဲ့ လူနှစ်ယောက် ရောက်ရှိလာပါလား"

" . . . . . "

သူ့အသံနက်နက်ကြောင့် အတွေ့အကြုံမရှိတဲ့ ကျွန်တော်က နည်းနည်းနေရခက်သွားပေမယ့် လီလီက အေးဆေးပါပဲ။ ကပ္ပလီမကြီး မျက်လုံးတွေ ဖွင့်လာပြီး . . .

"မင်းတို့ အနာဂတ်အကြောင်း သိချင်လို့လား"

"ဟုတ်ပါတယ်"

ကျွန်တော်က ဖြေလိုက်တယ်။ ကပ္ပလီမကြီး ကျွန်တော့်ကို သေချာကြည့်လာတယ်။

"မင်းမွေးတဲ့ လနဲ့ရက်ကို ပြောစမ်း"

"ဇူလိုင်လ၊ (၂)ရက်နေ့"

"အဟင်း . . . မင်းက ခြေများလက်များတဲ့ကောင်ပဲ"

"ဗျာ . . ."



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ကြောင်သွားတယ်။ သူ ကျွန်တော့်မှာ လက်အပိုရှိနေတာကို ကြိုသိနေတာလား။

"ဇူလိုင် (၂)ရက်ဆိုတော့ ကရကဋ်ရာသီဖွားလေ။ သူ သင်္ကေတ ဂဏန်း၊ ဒါကြောင့် ခြေများလက်များတဲ့အကောင်လို့ ပြောတာ"

"ဩော် . . . "

ဟူး . . . တော်ပါသေးရဲ့။

"ဆရာမကြီး သူက အနာဂတ်အကြောင်း သိချင်တာပါ။ ဒါပေမဲ့ လက္ခဏာကို ပိုယုံကြည်နေတယ်။ လက္ခဏာပေါ်က သူ့ကံကြမ္မာကို ဟောပေးပါလားရှင့်"

လီလီက ဝင်ပြောတာပါ။ ကျွန်တော်လည်း ခေါင်းညိတ်ပြလိုက်တယ်။

ကပ္ပလီမကြီးက ကျွန်တော့်လက်တွေကို မျက်လုံးမည်းမည်းကြီးတွေနဲ့ ရှေ့ကြည့်ရင်း . . .

"မင်းရဲ့ ဘယ်ဘက်လက်ကို ရှေ့ထုတ်လိုက်ပါ"

ကျွန်တော် ထုတ်ပေးလိုက်တယ်။ သူ လက်ဖဝါးပွတ်သပ်ပြီး သေချာကြည့်နေချိန် လီလီက ဝင်ပြောပြန်တယ်။

"ဘာလို့ ဘယ်ဘက်လက်ကို ကြည့်ရတာလဲ . . . ဆရာမ"

"ဘယ်ဘက်လက်က အခုဘဝလေ။ ညာဘက်လက်က အရင်ဘဝ။ ဒါကြောင့် ဘယ်ဘက်လက်ကို ကြည့်တာပေါ့"

"တခြား လက်တွေရှိခဲ့ရင်ကော အဲ့ဒါ ဘယ်ဘဝအတွက်ဖြစ်မလဲဟင် ဆရာမ"

ကပ္ပလီဆရာမကြီးက သူ့ကိုရစ်နေတယ်လို့ ထင်သွားတယ်လေ။ ခပ်တင်းတင်းလေသံနဲ့ . . .

"လူမှာ လက်နှစ်ဖက်ပဲ ရှိမှာပေါ့။ တခြား ဘယ်လက်တွေ ရှိနေဦးမှာမို့လို့လဲ"

"ရှိတာပေါ့"



"ဘယ်မှာလဲ"

"ဟန်း . . . ပြလိုက်စမ်း"

လီလီအမိန့်နဲ့ ကျွန်တော် အပေါ်အင်္ကျီကို အမြန်ချွတ်ပြီး နောက်ဝှက်ထားတဲ့ လက်နှစ်ဖက်ကို ဆန့်ထုတ်ပြလိုက်တယ်။

"ဟင် . . . ဟင် . . . ဒါ . . . ဒါ . . ."

"ဂ . . . ဂဏန်း . . . သရဲ . . . အင့် . . . ဂစ် . . . ဂစ်"

ကပ္ပလီဗေဒင်ဆရာမကြီး တအင့်အင့်နဲ့ တက်ပြီးမေ့သွားပါရောလား။ သူ့ကိုယ်လုံး ဖိုင့်ဖိုင့်ကြီးနဲ့ တအင့်အင့်နဲ့ တက်နေပုံကို မြင်စေချင်လိုက်တာ။ ဝမ်းချုပ်နေတဲ့ ဝက်ကြီးလိုပဲ။

ရွက်ဖျင်တဲထဲက ထွက်တဲ့အထိ လီလီ ရယ်မဆုံးဘူး။

"လီလီ . . . ငါတို့ သူ့ကို ဒီအတိုင်းထားခဲ့လို့ ဖြစ်ပါ့မလား"

"ရတယ်။ ဘာမှမဖြစ်ဘူး။ ငါ ကစားကွင်းရဲ့ ဆေးခန်းကို ဖုန်းဆက်လိုက်မယ်"

လီလီက တကယ့်ကို သူ့ပြဿနာသူ ရှင်းတတ်သူပါ။

ကားပေါ်ရောက်တော့ လီလီ့ကို မေးကြည့်တယ်။

"နင်နဲ့ အဲ့ဒီ ဗေဒင်ဆရာမကြီးနဲ့ ဘာရန်စရှိဖူးလို့လဲ"

"အဟင်း . . . ငါ ငယ်ငယ်တုန်းက သူ့ဆီမှာ ဗေဒင်သွားဟောဖူးတယ်။ သူက ပြောတယ်။ ငါက ငယ်ငယ်ရွယ်ရွယ်နဲ့ သေမှာတဲ့လေ။ ငါလည်း စိတ်ဆိုးလို့ ထထွက်ခဲ့တာ။ အခု ကြုံတုန်း ဂလဲ့စားချေလိုက်တာလေ . . . ဟဲ . . . ဟဲ . . ."

ကားကို သူ မောင်းထွက်ခဲ့တယ်။

ဒီတစ်ခါ သူ ခေါ်ဆောင်ခဲ့တဲ့ နေရာကတော့ ကျွန်တော် ဆောင်ပေါ်ကနေ အငေးရဆုံး အပြာရောင် နယ်မြေတစ်ခုပါ။ အခုမှပဲ ရောက်ဖူးတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ဆောင်လှလှတွေရှိတဲ့ သောင်ပြင်မှာ သူ့ကားကလေးကို ထိုးရပ်လိုက်တယ်။ လှိုင်းလုံးကြီးငယ်တွေ ပင်လယ်ထဲမှာ ခုန်နေတယ်။ လှိုင်းတွေရဲ့ အနားသတ်တွေက ဖြူပြီး အတွင်းသားထဲမှာ အပြာရောင်တွေရောနေတယ်။ ရှူရှိုက်ကြည့်တော့ သန့်စင်တဲ့ လေကြည်ကြည်လေးတွေ အဆုပ်ထဲ တပေါ့ပေါ့ ရောက်လာသလို ခံစားရတယ်။

သူ အစီအစဉ်အတိုင်း ရွက်ဖျင်တဲထိုးတယ်။ ငါးမျှားတံတွေ ချတယ်။ အကင်ကင်မယ့် မီးဖိုတွေချတယ်။ ပြီးတော့ ကမ်းခြေမှာ ငါး သွားမျှားကြတယ်။ သောင်ပြင်မှာ တခြား ဘယ်သူမှ မရှိဘူး။ လီလီနဲ့ ကျွန်တော် နှစ်ယောက်တည်းရယ်။ တစ်နာရီလောက်ကြာတဲ့အထိ ဘာ ငါးမှလည်း မမိခဲ့ဘူး။ ဒါနဲ့ မျှားတံနဲ့ မမျှားတော့ဘဲ ဒီအတိုင်း လက်နဲ့ ဖမ်းမယ်လို့ ဆုံးဖြတ်ပြီး ကျောက်တုံးကြားက ချောင်ပိတ်နေတဲ့ ငါးတွေကို ရှာခဲ့ကြတယ်။

လက်လေးဖက်လုံး အသုံးပြုပြီး ဖမ်းတာမို့ ငါးတွေ မပြေးနိုင်ခဲ့ဘူး။

"ဟေး . . . မိပြန်ပြီဟေ့ တစ်ကောင်"

လီလီက ကျွန်တော် ငါးမိတိုင်း နောက်ကနေ အဲ့ဒီလို ထအော်တယ်။ ရေမှော်ပင်နဲ့ ရောနေတဲ့ ငါးတစ်ကောင်ဖမ်းတုန်းကတော့ ကျွန်



တော်တို့နှစ်ယောက် ငြိမ်သက်မိကြတယ်။ ငါးကိုဖမ်းဖို့ လက်လေးဖက်နဲ့ ပိတ်ဖမ်းနေခဲ့စဉ် ကျွန်တော့်လက်နားကို ကဏန်းကြီးတစ်ကောင် ရောက်လာခဲ့တယ်။ ကဏန်း၊ ကဏန်းကောင်။

ကပ္ပလီဇေဒင်ဆရာမကြီးကို သတိရသွားသလို ကိုယ့်လက်တွေပေါ် ကိုယ်ပြန်စိတ်ပျက်တဲ့ စိတ်တွေ တစ်ဟုန်ထိုး ပြန်ဝင်လာတယ်။ အဲ့ဒီအချိန် ငါးက ခုန်ထွက်ပြီး လွတ်သွားတယ်။ ကျွန်တော် ငြိမ်သက်နေခဲ့တယ်။ ကျွန်တော် ဘာဖြစ်သွားမှန်းသိတဲ့ လီလီဟာ ကျွန်တော့်ကို နှစ်သိမ့်သလို ကြည့်နှင့်ပြီးသား ဖြစ်နေတယ်။

နောက်တော့ ဘာကြောင့်မှန်း မသိဘူး။ ကျွန်တော်တို့ ဖမ်းမိထားတဲ့ ငါးတွေ အကုန်ပြန်လွှတ်လိုက်ကြတယ်။ ငါးတွေ ရေထဲလွှတ်ရင်း လီလီက ကျွန်တော့်မျက်နှာကို ရေနဲ့ပက်တယ်။ ကျွန်တော်က ပြန်ပက်တော့ လီလီ ထွက်ပြေးတယ်။

ပင်လယ်ထဲမှာ လီလီနဲ့ ပြေးတမ်းလိုက်တမ်း ကစားနေမိတယ်။ ဝင်ခါနီးနေလုံးကြီးကို နောက်ခံထားပြီး ခြေထောက်လေးတွေ ယပ်ပြီး ပြေးနေတဲ့ လီလီ့ကို ကျွန်တော့်မျက်လုံးထဲမှာ တစ်စက္ကန့်ကို အချက်ပေါင်း သုံးသန်းလောက် ဓာတ်ပုံရိုက်နေမိတယ်။ ဒီအခိုက်မှာ ကျွန်တော့်ဘဝဟာ လီလီနဲ့ ပင်လယ်ထဲ ပြေးတမ်းလိုက်တမ်း ကစားဖို့သက်သက် မွေးဖွားလာသလို ခံစားနေရတယ်။ နှစ်ပေါင်းများစွာ ဒီလို ကစားနေချင်ပေမယ့် မရခဲ့ဘူး။ မိနစ်ပိုင်းအတွင်းမှာပဲ လီလီဟာ မောနေခဲ့တယ်။ မပြေးနိုင်တော့ဘူး။

ခရုခွံလေးတွေ နည်းနည်းကောက်ပြီး ကားနားက ရွက်ဖျင်တဲမှာ ပြန်နားကြတယ်။ စင်ရော်တွေ ငေးမောရင်းနဲ့ပေါ့။

"ဟန်း . . . "

"ဟင် . . . "



www.burmeseclassic.com

www.burmeseclassic.com

"နင့်ဘဝအကြောင်း ငါ့ကို ပြောပြပါလား။ နင့်ရဲ့ ခက်ခဲတဲ့နှစ်တွေအကြောင်း၊ နင် ကြီးပြင်းခဲ့တဲ့ အဝေးက ရွာလေးရဲ့အကြောင်း။ နင်ပြောချင်တဲ့ အကြောင်းတွေ အကုန်ပြောပြ"

"အင်း . . . ပျော်စရာကောင်းမှာ မဟုတ်ဘူးနော် လီလီ"

"ရတယ်။ ပျော်ဖို့ မလိုဘူး သိချင်တာ"

"အင်း . . . ဒါဆို ပြောပြမယ်"

ကျွန်တော် ပြောပြလိုက်တယ်။ ကျွန်တော် မွေးကတည်းက အမေဆုံးတဲ့အကြောင်း အဖေလည်း မကြာခင် ဘဝကူးသွားတဲ့အကြောင်း၊ ဒေါ်လေးက ချို့ငဲ့စွာ လုပ်ကျွေးခဲ့ရတဲ့အကြောင်း၊ နာမည်ပေးဖို့တောင် အချိန်မရှိခဲ့။ အခွင့်အရေး မရခဲ့တဲ့အကြောင်း၊ လူတွေက မကောင်းဆိုးရွားလို့ သတ်မှတ်ကြတဲ့အကြောင်း၊ သူငယ်ချင်းတစ်ယောက်မှ မရှိကြောင်း၊ စကားဖော်တွေက သဘောကောင်းချင်ယောင်ဆောင်ပြီး ရေနက်ထဲတွန်းချကာ သေကြောင်းကြံခဲ့သေးကြောင်း . . . တွေ။

"ကံကောင်းတယ်၊ ငါက လက်လေးဖက်ဆိုတော့ ရေမကူးတတ်ဘဲနဲ့တောင် မြန်မြန်ယပ်နိုင်ပြီး ကမ်းပေါ် ပြန်တက်နိုင်ခဲ့တယ်"

နောက်တော့ ကျွန်တော့်ရဲ့ ရွာအကြောင်း၊ စိုက်ပျိုးရေး အဓိကထားတဲ့ ရွာငယ်လေးဖြစ်ကြောင်း၊ ရိုးရာအယူအဆအတိုင်းကို အမှန်လို့ထင်နေသေးကြောင်း၊ ရွာနဲ့ မနီးမဝေးမှာ မြို့က စက်ရုံတချို့ ရောက်လာသေးကြောင်း၊ သစ်ပင်တွေကို ခုတ်လှဲကာ စက်ရုံတွေ တည်ခဲ့ကြောင်းတွေ ပြောပြဖြစ်တယ်။

"အဲ့ဒီတုန်းက ရွာသားတွေတောင် အဲ့ဒီ စက်ရုံကလေးတွေမှာ အလုပ်လုပ်ကြသေးတယ်။ ဒေါ်လေးလည်း တစ်ခါ လုပ်ဖူးတယ်။ သူက စက်ရုံတွေနဲ့ ဓာတ်မတည့်ဘူး ထင်ပါတယ်။ ခဏလေးနဲ့ ပြန်ထွက်လာတယ်။ စက်ရုံတွေက ဘာစက်ရုံတွေမှန်း မသိဘူး။ အနံ့အသက်တော်တော်ဆိုးတဲ့ အကြောင်းတွေ၊ စက်ရုံတည်တဲ့နှစ်က ချောင်းထဲကငါးတွေ



အများကြီး သေကုန်တဲ့အကြောင်းတွေ၊ စက်ရုံတွေကို ဒီအတိုင်း စွန့်ပစ်ထားခဲ့ပြီးနောက် တောမီး ခဏခဏ လန့်တဲ့အကြောင်းတွေ၊ အစုံပြောပြဖြစ်တယ်။

နောက်ဆုံး ရွာမှာ မိုးခေါင်လို့ အိမ်ကိုရန်ရှာပြီး မီးရှို့မယ်လုပ်လို့ ထွက်ပြေးခဲ့ရတဲ့အကြောင်းထိ ကျွန်တော် ပြောပြလိုက်တယ်။

လီလီ စူးစူးစိုက်စိုက်ကို နားထောင်နေတယ်။ ပြီးတော့ တွေးနေတယ်။ ကျွန်တော့် စကားဆုံးတဲ့အထိ လီလီ အတွေးမဆုံးသေး။ တော်တော်လေးကြာမှ တည်ငြိမ်တဲ့ စကားတစ်ခွန်း ထွက်လာတယ်။

"နင်တို့ရွာလေး ဒီလိုဖြစ်ရတာ နင့်ကြောင့် မဟုတ်ဘူး"

" . . . . . "

"ရွာခံတွေရဲ့ အသိဉာဏ် နိမ့်ပါးမှု၊ မဆင်မခြင် စက်ရုံတွေလာအည်ဆောက်မှုတွေကြောင့် ဂေဟစနစ်ကို မထိန်းနိုင်ဘဲ ဖောက်ပြန်ကုန်တာယ်"

"ဟုတ်လား"

လီလီက သူ့ကွန်ပျူတာကို ဖွင့်ပြတယ်။

ရာသီဥတု ဆိုးရွားတိုက်စားမှုကြောင့် ပျက်သုဉ်းသွားသော ရွာများ၏ ဓာတ်ပုံတွေကို တွေ့ရသည်။ တစ်ပုံပြီးတစ်ပုံ ရွှေ့ကြည့်သည်။ တချို့က ငလျင်ဒဏ်ကြောင့်၊ တချို့က မုန်တိုင်းဒဏ်ကြောင့်၊ တချို့က တောမီးကြောင့်၊ တချို့က မိုးခေါင်မှုကြောင့် စသဖြင့် အမျိုးမျိုးပဲ။ ရွာလေးတွေ ခြောက်သွေ့ဝါကျင်နေပြီး ငုတ်တိုလေးတွေအဖြစ် ဓာတ်သိမ်းသွန်တာ။ လူတွေ ပင်ပန်းစွာ နေရာပြောင်းရွှေ့နေကြပုံတွေ အားလုံးအကယ့်ကို ဆိုးဆိုးရွားရွားပဲ။

"အဲ့ဒီလိုရွာတွေကို ကူညီဖို့ ပြီးခဲ့တဲ့လတွေက ငါတို့အဖွဲ့ ခရီးထွက်ခဲ့ကြသေးတယ်။ သဘာဝဒဏ်ခံနေတဲ့ ဒေသတွေ အများကြီးပဲဟာနဲ့"

"ငါတို့ တစ်ရွာတည်း မဟုတ်ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"မကဘူး။ တစ်ကမ္ဘာလုံး အနံ့ပေါ့။ သဘာဝကို ညစ်ညမ်းအောင် လုပ်ရင် သဘာဝက ဖောက်ပြန်တော့တာပဲ"

"ငါကတော့ ငါ့လက်တွေကကော အဲ့ဒီ သဘာဝ ဖောက်ပြန်မှုထဲက တစ်ခုပဲလား"

ဒါကိုတော့ လီလီ သေချာမဖြေပါဘူး။ သူ သေချာမသိဘူးလို့ ပြောတယ်။

"စကားပြောရတာ မောလိုက်တာ။ ပင်လယ်ဘက်လမ်းလျှောက်ရအောင် ဟန်း ငါ့ကိုကျောပိုး"

သူ့ကို ကျောပိုးပြီး ကမ်းခြေမှာ လျှောက်ခဲ့တယ်။ စိတ်ညစ်စရာတွေ ခေါင်းထဲ အကြာကြီး မထားနဲ့လို့ သူက ပြောပြီး ကျွန်တော်ပခုံးပေါ် သူ့မေးစေ့လေးတင်တယ်။ ပင်လယ်လေးတွေ ဖြူးဖြူးမြည်အောင်တိုက်တော့ သူ့ဆံပင်နဲ့ ကျွန်တော့်ဆံပင်တွေ ရောနှောလို့ပေါ့။



**(13)**

"ဒါ . . . မင်းရဲ့ မိန်းကလေး သူငယ်ချင်း . . . ဟုတ်လား"

ဒေါ်လေးက မျက်လုံးမင်အိုးလောက်ကြီးအောင် ပြူးပြီး မေးတယ်။

"မင်းမှာ မိန်းကလေးသူငယ်ချင်း ရှိတယ်။ မင်း . . . ဖြစ်ချင်တာတွေ လျှောက်ပြောနေတာတော့ မဟုတ်ပါဘူးနော်"

"ဖြစ်ချင်တာတွေ ပြောနေတာ မဟုတ်ပါဘူး။ ဖြစ်နေတာတွေကို ပြောနေတာပါ"

ဒေါ်လေးက လီလီ့ဓာတ်ပုံကို မယုံနိုင်စွာ ကြည့်နေတယ်။ သူ့တူအကျည်းတန်ကောင်မှာ ဒီလို အိန်ဂျယ်လို မိန်းမလှလေး ရှိနေလို့ပေါ့။ ဒေါ်လေးက အူကြောင်ကြောင်နဲ့ မီးချောင်းအောက်မှာတောင် ဓာတ်ပုံကို ထောင်ကြည့်လိုက်သေး။

"သူ့ပုံ သတင်းစာထဲမှာ ပါဖူးလား။ ငါ သူ့ပုံတွေ့ဖူးသလိုပဲ"

"တွေ့ဖူးနိုင်ပါတယ်။ ဘာလို့လဲဆိုတော့ ဒေါ်လေး လက်မှတ်ရောင်းတဲ့ ပြာဇာတ်ရုံကလည်း သူတို့ အမျိုးတွေပိုင်တာပဲလေ"

"ဟင် . . ."



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်လေး အံ့သြပြီးရင်း အံ့သြနေတယ်။

ကျွန်တော်က ကျွန်တော်နဲ့ လီလီ့အကြောင်း ဒေါ်လေးကိုပြောပြရင် သူ စိတ်ဆိုးဒေါပွမယ် ထင်ခဲ့တာ။ အခုတော့ ဒေါမပွဘဲ သြချနေတာက ပိုများနေတယ်။

"တကယ့် အထက်တန်းလွှာ အသိုင်းအဝိုင်းကပဲ"

"သေချာတာပေါ့"

"သူ တကယ်ပဲ မင်းနဲ့ မိန်းကလေး သူငယ်ချင်းနော်"

ဒါပဲ ခဏခဏ မေးနေပါလား။ ခက်ပါတယ်။

"ခဏနေ သူ လူကိုယ်တိုင် ရောက်လာပါလိမ့်မယ်"

အဲဒီစကားလည်းကြားရော ဒေါ်လေးဟာ ပျာပျာသလဲပဲ သူ့နေဝင်ဆည်းဆာခုံးဝန်းရှာတဲ့ အိမ်လေးကို ဖုတ်ပူမီးတိုက် သန့်ရှင်းရေးလုပ်တော့တာပဲ။ လမ်းထိပ်ထွက်ပြီး စားစရာတချို့လည်း သွားဝယ်ပြန်တယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ဒေါ်လေးမှာ ကျွန်တော့်နဲ့ လီလီ့ကိစ္စအတွက် ကန့်ကွက်အပြစ်တင်မယ့်ဟန် မရှိမှန်း ခန့်မှန်းရတယ်။ ပျော်လိုက်တာဗျာ။ ဟိုအရင်ကဆို ကျွန်တော် ရှုပ်ရှုပ်ယှက်ယှက် လုပ်ပြန်ပြီ။ အပြစ်တင်လို့ ဆုံးမှာမဟုတ်ဘူးမို့လား။ အခု ကြည့်ပါဦး . . . ကျွန်တော့်အပေါ် သဘောထားတွေ ပြောင်းလဲနူးညံ့လာပုံများ။

နေ့လည် (၁)နာရီတိတိမှာ ကျွန်တော်တို့ရဲ့ ဂိုဒေါင်အိမ်ကလေးဆီကို လီလီရောက်ရှိလာတာပဲ။ ကားသံကြားတော့ ဒေါ်လေးက ပြတင်းပေါက်က ချောင်းကြည့်တယ်။ ကျွန်တော်က အပြင်ထွက်ကြိုတယ်။

လီလီက ပေါ့ပါးလွင့်လျားတဲ့ ဂါဝန်ကိုဝတ်ဆင်လျက် ကားပေါ်က ဆင်းလာတယ်။ လီလီက ပြုံးရင်း ကျွန်တော်နဲ့အတူ အိမ်ထဲဝင်တယ်။ အိမ်ထဲရောက်တော့ ဒေါ်လေး ခပ်တည်တည်မျက်နှာထားမျိုးနဲ့ စောင့်ကြိုနေတယ်။

ဒါပေမဲ့ လီလီက . . .



"မင်္ဂလာပါ . . . အန်တီနယ်လီ။ တွေ့ရတာ သိပ်ဝမ်းသာပါတယ်"

လို့ စတင်နှုတ်ဆက်လိုက်ချိန်မှာတော့ ဒေါ်လေးမျက်နှာ ပြန်ပျော့ပျောင်းသွားပြန်တယ်။ လီလီ ထိုင်ခုံမှာ ထိုင်တယ်။ အိမ်ထဲကို ဝေ့ကြည့်နေတယ်။ ဒေါ်လေးနဲ့ လီလီ့ကြားမှာ ကျွန်တော် နည်းနည်း ရှိန်းတိန်းတိန်းနဲ့ စိတ်လှုပ်ရှားနေတယ်။ သူတို့ အဆင်ပြေသွားပါစေ။ နောက်ဖေးဝိုင် သွားငှဲ့နေတုန်း သူတို့ စကားပြောတာတွေ လှမ်းကြားနေရတယ်။

"ဘယ်လိုလဲ . . . ကလေးမ။ မင်း တို့အိမ်ကို လျှောက်ကြည့်ပြီးတော့ အကြီးအကျယ် စိတ်ပျက်သွားပြီမို့လား"

"ဟင့်အင်း . . . နည်းနည်းမှ မပျက်ပါဘူး"

"ဒီလောက် ကျဉ်းကြပ်အမှောင်ကဲနေတဲ့ အိမ်ကို မင်း ကြိုက်တယ်လို့တော့ အလိမ်လောက်ပါဘူးနော်"

"အိမ်က ကျဉ်းတော့ အိမ်သားတွေ ပိုနွေးထွေးခွင့်ရတာပေါ့။ နည်းနည်းမှောင်ပေမယ့် မီးသီးတွေထောင့်တိုင်းမှာထွန်းထားတော့ အလင်းရောင်ကလည်း မျှတပြီး နေလို့ကောင်းနေတယ်နော်။ အိမ်သုံးပစ္စည်းအနည်းဆုံးနဲ့ ဖွဲ့စည်းထားတဲ့ အပိုအလိုမရှိ အိမ်ကလေးတစ်လုံးလို့ မြင်ပါတယ် အန်တီနယ်လီ"

"အင် . . ."

ဒေါ်လေးနှုတ်ဆိတ်သွားတာကို နောက်ဖေးက ထွက်လာတဲ့ ကျွန်တော် သေချာမြင်တာပေါ့။ သူ့အိမ်ကို ချစ်စရာကောင်းအောင် ဖွဲ့နွဲ့ပြောသွားတဲ့ လီလီ့ကို သူ အံ့သြပြီး သဘောကျသွားပုံပေါ်တယ်။

ကျွန်တော် လီလီနဲ့ ဒေါ်လေးကို ဝိုင်တစ်ခွက်ဆီ ကမ်းပေးလိုက်တော့ ဒေါ်လေးက . . .

"ပြောစမ်းပါဦး . . . အခု ဒီအိမ်ကို ဘာလာလုပ်တာတုံး"



www.burmeseclassic.com

www.burmeseclassic.com

"အန်တီနယ်လီနဲ့ မိတ်ဆက်ချင်လို့ပါ။ ပြီးတော့ နက်ဖြန်မှာ ကျင်းပမယ့် ပါတီပွဲတစ်ပွဲအတွက် ဟန်းကို ဖိတ်ချင်လို့။ အန်တီ့ကို လာခွင့်ပန်တာပါ။ ခွင့်ပြုပေးပါ အန်တီ"

လီလီ ရိုကျိုးချက်ချာမှုမှာ ဒေါ်လေး စကားပြန်ပြောရခက်နေပုံပဲ။

"အိုး . . . ငါနဲ့ မိတ်ဆက်လို့ကတော့ ရပါတယ်။ ဒါပေမဲ့ ဟန်းကို ပါတီဖိတ်ဖို့ကတော့ မဖြစ်နိုင်ဘူးထင်တယ်။ သူ ပါတီ မတက်ဖူးဘူး။ ဝတ်ကောင်းစားလှလည်း မရှိဘူး။ နောက်ပြီး သူ လူတွေအများကြီးကြားထဲလည်း သွားဖို့ အဆင်မပြေဘူး။ ဒါကို မင်းလည်း သိပါတယ်"

"သိပါတယ် . . . အန်တီ။ ဒါပေမဲ့ အခု ဟန်းက အရင်ဟန်း မဟုတ်တော့ပါဘူး။ သူ လူတွေကြားထဲ သွားလာရဲနေပါပြီ။ သမီးကလည်း သူ့အနားမှာ အမြဲရှိနေမှာ ဖြစ်တဲ့အတွက် ဘာအမှားအယွင်းမှ ဖြစ်မှာ မစိုးရိမ်ပါနဲ့"

ဒေါ်လေးက လီလီနဲ့ပြောလို့ မနိုင်သလိုရှိတာနဲ့ ကျွန်တော့်ကို လက်ဆွဲပြီး အခန်းထောင့်ခေါ်တယ်။ ပြီးမှ တီးတိုးပြောတယ်။

"သူ ဘာတွေပြောနေတာလဲ။ မင်း လူကြားထဲ မသွားရဲဘူးဟုတ်တယ်မို့လား . . . ဟန်း။ မင်း လူကြားထဲ သွားရမှာ စိတ်ပျက်နေပြီလေ။ မင်း အိမ်ထဲက အိမ်အပြင် မထွက်ဘဲတောင် (၆)နှစ်လောက် နေခဲ့တာလေ"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ အခု . . ."

"အခုဟန်းက လူတွေကြားထဲ သွားလာရဲနေပါပြီ။ သမီးနဲ့တောင် ဘုရားကျောင်းတွေ၊ ကစားကွင်းတွေ၊ ပင်လယ်ကမ်းခြေတွေဘက် နံ့နေအောင် လျှောက်သွားပြီးပြီ"

"ဟင် . . ."



ကြားဖြတ်ပြောလိုက်တဲ့ လီလီ့စကားကြောင့် ဒေါ်လေး မျက်လုံး ပလာယာနဲ့ ညစ်လိုက်သလို ပြူးနင်သွားရပြန်တယ်။

"သူ . . . သူ . . . ပြောတာ ဟုတ်လား . . . ဟန်း"

"သူ . . . သူ . . . သူ . . . ပြောတာ ဟုတ်တယ် . . . ဒေါ်လေး"

ဒေါ်လေးနဲ့ ကျွန်တော် အပြန်အလှန် စကားထစ်နေပါရောလား။

ဒေါ်လေး ခေါင်းမူးသလို နားထင်လက်ဖိပြီး နီးစပ်ရာခုံ ဆွဲထိုင်တော့တယ်။

"ငါကတော့ မင်းဟာ အရင်လို သိမ်ငယ်ကြောက်ရွံ့နေပြီး မြို့ပြင်ကအထီးကျန်တောင်ကုန်းမှာပဲ အချိန်ကုန်နေတယ် ထင်ခဲ့တာ။ အခု မင်းက တကယ့်လူသားအဖြစ်နဲ့ ဖြတ်သန်းနေရပါပြီလား"

"ကျွန်တော်က လူသားပဲဥစ္စာ . . . ဒေါ်လေးရဲ့"

ကျွန်တော့်ကို လူသားမှန်း ဒေါ်လေး မေ့နေဆဲပါပဲလား။ ကျွန်တော်ကတော့ လီလီနဲ့တွေ့ပြီးနောက်ပိုင်း ကိုယ့်ကိုယ်ကိုယ် လူသားမှန်း၊ နှလုံးသားရှိတဲ့ လူသားမှန်း၊ အဓိပ္ပာယ်ရှိတဲ့ လူသားမှန်း၊ ဘဝရှိတဲ့ လူသားမှန်း၊ သေသေချာချာ ပြန်သိခဲ့ပြီလေ။

ဒေါ်လေးက ကျွန်တော့်စကားကြောင့် တော်တော် ငြိမ်သွားတယ်။ ပြီးတော့ မျက်နှာမှာ အရောင်တမျိုး ပြောင်းလဲသွားတယ်။ ခွန်အားတစ်မျိုး တိုးဝင်လာသလိုမျိုး နည်းနည်း ပြုံးလာတယ်။ ဒါပေမဲ့ သူ ပြုံးလာတာကို ကျွန်တော်တို့ မရိပ်မိစေချင်တဲ့ ဒေါ်လေးက ချက်ချင်းပဲ သူ့အပြုံးကို ပြန်တည်ပြီး . . .

"ဒါပေမဲ့ ဟန်းမှာ မင်းလို တော်ဝင်အိမ်ရာမှာ ကျင်းပမယ့် ပွဲတော်အတွက် ဝတ်ကောင်းစားလှ မရှိဘူး"

"အဲ့ဒါအတွက် ဝယ်လာပါပြီ . . . အန်တီနယ်လီ။ ဟန်း . . . ကားနောက်ခန်းထဲက အထုပ်တွေ တဆိတ် သွားသယ်ပေးပါလား"

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် လီလီခိုင်းတဲ့အတိုင်း အမြန်ဆုံး လုပ်လိုက်တယ်။ အထုပ်တွေရှေ့ ရောက်တော့ လီလီက . . .

"ဟန်းအတွက် ဝတ်စုံသုံးစုံနဲ့ အန်တီနယ်လီအတွက်လည်း ဝတ်စုံတွေပါတယ်"

"အို . . . ငါက ဘာလို့ ဝတ်စုံဝတ်ရမှာလဲ။ ငါ ဘာပါတီပွဲမှ မတက်ဘူး"

ဒေါ်လေးရဲ့ အကြောက်အကန်ငြင်းနေပုံက မီးပူနဲ့ထိုးမိတဲ့ ကြောင် ပက်လက်လှန်သွားသလို ရယ်စရာကြီး။

"ခစ် . . . ခစ် . . . အန်တီနယ်လီ့ကို ပါတီပွဲ မတက်ခိုင်းပါဘူး။ သက်သက် လက်ဆောင်ပေးတာပါ။ ခဏနော် . . . အန်တီနယ်လီ။ သမီး ဟန်းကို ဝတ်စုံဝတ်ခိုင်းလိုက်ဦးမယ်"

နက်မှောင်နေတဲ့ ကုတ်အင်္ကျီ၊ အတွင်းသား အပြာရောင်ရှပ်အင်္ကျီနဲ့ မီးခိုးရောင်နက်စ်တိုင်ဟာ ကျွန်တော့်အတွက်တဲ့။ ကျွန်တော် အခန်းထဲမှာ ပျော်လည်းပျော်၊ ရှက်လည်းရှက်နဲ့ အတတ်နိုင်ဆုံး သပ်သပ်ရပ်ရပ်ဖြစ်အောင် ဝတ်လိုက်တယ်။ အပြင်ပြန်ထွက်လာတော့ ရင်ခုန်လို့ . . .

"အို . . . ကြည့်ကောင်းလိုက်တာ"

လီလီက ရွှင်ပျကြိုဆိုတယ်။ ဒေါ်လေးကတော့ မျက်နှာပျက်လျက်ပဲ . . .

"ကြည့်မကောင်းပါဘူး။ ကျောကုန်းက ဖောင်းနေတာကို။ ကောင်မလေး နင့်ပါတီပွဲကို ငါ့တူရဲ့ ကျောဘုကြီးနဲ့ ဘယ်လိုမှ မဖြစ်ဘူးနော်။ ငါ စိတ်ပူတယ်"

ကျွန်တော်လည်း စိတ်ပူပါတယ်။ လက်နောက်ပစ်ထားလို့ လက်အပိုနှစ်ဖက်ကို လူမသိနိုင်ပေမယ့် ကျောကုန်းကြီး ဖောင်းနေတာကလည်း လူတွေရဲ့ အမြင်အာရုံမှာ ကျက်သရေ လျော့နေမှာပဲ။ လီလီ သိက္ခာညှိုးစရာ ကျွန်တော် အနေခက်အရှက်ရစရာ။



"ကျောကုန်းဖောင်းတာအတွက် နည်းစနစ်ရှိပါတယ်"

"ဘယ်လိုလဲ"

"လွယ်လွယ်လေး"

သူက လွယ်လွယ်လေးဆိုတော့ ကျွန်တော်နဲ့ ဒေါ်လေး တစ်ယောက်ကိုတစ်ယောက် ကြည့်အံ့သြရပြန်တယ်။ ဒီလောက်ခက်တဲ့ ကိစ္စကို။

ဟုတ်တယ် . . . တကယ်တမ်းကျတော့ အံ့သြစရာကောင်းလောက်အောင် လွယ်လွယ်လေး ဖြစ်နေပြန်ပါရောလား။ ကျွန်တော် လီလီ ပြောတဲ့အတိုင်း အခန်းထဲမှာ အဝတ်အစား သွားပြန်ပြင်ဝတ်တယ်။ ကျွန်တော် ရင်တွေ သိပ်ခုန်နေတယ်။ အဝတ်အစားဝတ်ပြီးတော့ အသက်ရှူမြန်နေတယ်။ အခန်းထဲက ထွက်ခဲ့တော့ ခြေတစ်လှမ်းလှမ်းတိုင်း စိတ်လှုပ်ရှားမှုတွေ ဆင့်ကဲဆင့်ကဲ ဖြစ်နေတယ်။

ဧည့်ခန်းအထိလည်း လျှောက်မိရော . . .

"ဝိုး ဝိုး ဝိုး . . . ဝိုး" (လီလီ့အသံ)

"ငါ့တူ ကြည့်ကောင်းလိုက်တာ"

မင်သက်ပြီး ပါးစပ်အဟောင်းသားနဲ့ ကြည့်နေလိုက်တဲ့ ဒေါ်လေးကတော့ အဆမတန် အံ့သြမှုတွေနဲ့ ပြည့်ရွှမ်းနေပါရောလား။ လီလီက အသာစိုက်ကြည့်ရင်း ပြုံးလို့။

ရှက်ရှက်နဲ့ ဧည့်ခန်းမှန်ရှေ့ရပ်လိုက်တော့ ဟုတ်တယ်။ ကျွန်တော် တကယ်ကြည့်ကောင်းနေတယ်။ ကျွန်တော် နည်းနည်း ဝ,သလို ဖြစ်နေပေမယ့် ကြည့်ကောင်းနေတယ်။ ကျွန်တော့်ကျောက ဖောင်းမနေတော့ဘူးလေ။ လီလီ ဖြေရှင်းပေးလိုက်တာ။

ဖြေရှင်းနည်းက လွယ်လွယ်လေးပါ။ သတိမမူလို့ ရှုမမြင်ဖြစ်နေတာ။ ခါတိုင်း အင်္ကျီအတွင်းထဲကနေ နောက်ပစ်ပြီး ဝှက်ထားရတဲ့ လက်နှစ်ဖက်ကို အရှေ့ဘက်အင်္ကျီအတွင်းထဲမှာ ပိုက်ပြီး ပြောင်းဝှက်ထားလိုက်တာပါ။ အရှေ့နဲ့အနောက် ပြောင်းရုံလေးရယ်။

www.burmeseclassic.com

ကျွန်တော့်ဗိုက် နည်းနည်းဝသလို ဖြစ်သွားတာကလည်း ကျော ကုန်းအနောက်မှာ ဘုတစ်ခုလို ကိုးလိုးကန့်လန့် ဖြစ်နေတာထက်တော့ အပုံကြီး သာတာပေါ့။

"ဒီ . . . ဒီလောက် အနီးကပ်ဆုံး ဖြေရှင်းနည်းရှိနေတာတောင် ငါ . . . ငါ . . . ဘာလို့ မစဉ်းစားမိခဲ့တာလဲ"

"ကြောက်စိတ်ကြောင့်ပေါ့"

လီလီက အနောက်ကနေ ပခုံးနားလာရပ်ရင်း ပြုံးဖြေတယ်လေ။ ကြောက်စိတ်ကြောင့်ပေါ့တဲ့။ ဟုတ်တယ် . . . ကျွန်တော် နှစ်ပေါင်း များစွာ လက်ကို နောက်ဝှက်ထားတာ ကြောက်စိတ်ကြောင့်ပဲ။ ကြောက် လို့သာ အရာရာကို နောက်ဆုတ်ချင်၊ ဖုံးဝှက်ချင်၊ ပုန်းကွယ်ချင်တာကြောင့် လက်ကို အလိုလို နောက်ပစ်ထားဖြစ်ခဲ့တာပေါ့။ ကြည့်စမ်း ကြောက် တဲ့စိတ်။ ကိုယ့်ရဲ့အကြောက်တဲ့စိတ်ကို ကိုယ်ပြန်တွေ့လိုက်ရပြီ။ ကြောက် တဲ့စိတ်ဟာ ကြောက်စရာကောင်းလိုက်တာ။ ကျွန်တော် ကြက်သီးတွေ တောင်ထသွားတယ်။

"လာ . . . အန်တီနယ်လီကိုလည်း အလှဆုံး ဆင်မြန်းပေး မယ်"

လီလီက ဒေါ်လေးကို မရမက အခန်းထဲခေါ်သွားပြီး အဝတ် လဲပေးပြန်တယ်။ ပြန်ထွက်လာတော့ ဒေါ်လေးလည်း တကယ်ပဲ ပုန်းလျှိုး နေတဲ့ အလှတရားတွေ တောက်ပလာပြီး အရွယ်ပိုတင်ပြီး ပိုလှလာတယ်။ ဒေါ်လေးလည်း ပြုံးပြီး ရှက်နေတယ်။

အဲ့ဒီအချိန် ပြတင်းပေါက်ကနေ လှမ်းမြင်လိုက်တာ အိမ်ရှေ့ မှာ အန်ကယ်ရော်ဂျာ ရောက်လာတာကိုပဲ။

"ဟန်း . . . သွားစမ်း မြန်မြန်။ မင်းလက်တွေကို နောက်မှာ ပြန်ဝှက်ပြီး ပြန်သွားဝတ်စမ်း"

ကျွန်တော် အမြန် အနောက်ထဲ ပြေးဝင်ရတော့တယ်။ အန်ကယ် ရော်ဂျာ ကျွန်တော့်လက်တွေအကြောင်း အခုထိ မသိသေးဘူးလေ။



ကျွန်တော် လက်နောက်ပစ်ဝှက်လို့ အဝတ်အစားဝတ်ပြီး ပြန်ထွက်လာ တော့ အန်ကယ်ရော်ဂျာက ဟန်မဆောင်နိုင်တဲ့ မျက်လုံးတွေနဲ့ ဒေါ်လေး ကို ငေးနေပါတယ်။ ငေးနေရာကနေ ကျွန်တော့်ကိုလည်းမြင်ရော . . .

"ဟား . . . စမတ်ကျတဲ့ နက်ခ်တိုင်နဲ့ လီယိုနာဒို ကျနေတာပဲ"

"ဟုတ်လား . . . ဒါဆို ဒေါ်လေးကကော ဘယ်သူနဲ့တူလဲ"

အန်ကယ်ရော်ဂျာ နည်းနည်းစဉ်းစားပြီး ကြောက်ကြောက်နဲ့ဖြေ တယ်။

"မွန်ရီး"

တဲ့။ အားလုံး ဝိုင်းရယ်ကြတယ်။

လီလီ့ကြောင့် ခုံးဝန်းသော အိမ်မွဲကလေးထဲမှာ တစ်ခါမှ မကြား ရဖူးတဲ့ ရယ်သံစုံလေးတွေ ထွက်ပေါ်နေခဲ့တော့တယ်လေ။

✲ ✲ ✲



www.burmeseclassic.com

www.burmeseclassic.com

## (14)

မြက်ခင်းပြင်တလွှားမှာ စားပွဲတွေအများကြီး ခင်းကျင်းထားတယ်။ ဖော်လံကာပုလင်း၊ ဝိုင်ပုလင်းတွေကို ဇန်းနဲ့သယ်ဆောင်ပြီး ဆင်တူဝတ်စုံနဲ့ ဟိုဒီသွားလာနေတဲ့ ဝိတ်တာတွေကိုတွေ့ရတယ်။ ပွဲလာ မိန်းမတိုင်းရဲ့ လည်ပင်းမှာ တောက်ပတဲ့ လည်ဆွဲတွေနဲ့။ သွယ်လျတဲ့ ဖန်ခွက်တွေကိုတော့ နေရာတိုင်းမှာ တွေ့ရသလိုပဲ။

အစောင့်ကို ပါတီဖိတ်စာ ပြလိုက်တယ်။ အစောင့်က လုံခြုံရေးစစ်ဆေးတဲ့ ကိရိယာအတံနဲ့ ကိုယ်ကိုပွတ်သပ်တယ်။ ဗိုက်နားမှာ လက်အပိုနှစ်ဖက်နဲ့ တစ်နေသေးတယ်။

"အဟဲ . . . ဆရာ ဝိတ်နည်းနည်းချလိုက်ရင် တစ်ရာရာခိုင်နှုန်းဆွဲဆောင်မှု ရှိသွားမှာပဲ"

"အဟင်း . . ."

ရုပ်တည်နဲ့ ခပ်ကျဲကျဲရယ်ပြပြီး ခြံဝန်းထဲ ဝင်ခဲ့လိုက်တယ်။

လီလီ့အဖေနဲ့ အမေရဲ့ မင်္ဂလာနှစ်ပတ်လည် ပါတီပေါ့။ မလုပ်လည်း ဘာမှမဖြစ်ပေမယ့် ကိန်းခန်းကြီးသူတွေအတွက်တော့ လိုအပ်သလို ဖြစ်နေပြန်တာပေါ့။ ခြံထဲ တကယ်တမ်းရောက်တော့ မြက်ခင်းစိမ်းပေါ် ရှူးဖိနပ် ပီပီပြင်ပြင်ချမိတော့ ကျွန်တော် စိုးရိမ်လာသေးတယ်။



မြက်ခင်းစိမ်းအဆုံးက ရဲတိုက်တစ်ခုလို ခမ်းနားမြင့်မားတဲ့ လီလီတို့အိမ်ကြီးကိုလည်း တွေ့ရတယ်။

"ဆရာ . . . သုံးဆောင်ပါဦး"

ဇန်းပေါ်က စပျစ်ဝိုင်တစ်ခွက် ယူလိုက်တယ်။ ပြီးတော့ ခပ်တည်တည်ပဲ ဟိုလျှောက်သည်လျှောက် လုပ်နေလိုက်တယ်။ ဘားလိုစားပွဲရှည် တည်ခင်းထားတဲ့နေရာမှာ သစ်သီးသွားစားရင်း လီလီ့ကိုမျက်လုံးနဲ့ ရှာနေမိတယ်။

"ဟဲလို . . . ဟန်း"

"လီလီ"

"ရောက်နေတာ ကြာပြီလား"

"ငါးမိနစ်လောက်တော့ ရှိမယ်။ ရတယ်။ လုပ်စရာရှိတာ အရင်လုပ်။ ငါ နေတတ်ပါတယ်"

လီလီ သိပ်အားပုံမရသေးလို့ ကျွန်တော် အလိုက်တသိ ပြောလိုက်တယ်။ လီလီက ခဏခွင့်ပန်ပြီး တခြားဧည့်သည်တွေဘက် ထွက်သွားတယ်။ မြက်ခင်းလယ်မှာ လူတွေ ကနေကြတယ်။ ယောကျ်ားတွေက ဦးဆောင်ပြီးတော့ပေါ့။ လက်တစ်ဖက်က ပခုံးကိုကိုင်၊ တစ်ဖက်ကခါးကိုကိုင်ပြီး ရှေ့ရွှေ့၊ နောက်ရွှေ့၊ ဘေးရွှေ့၊ စည်းချက်ညီညီပဲ။ ဒီအတိုင်းကြည့်နေရင် သိပ်မကောင်းဘူး။ ကိုယ်တိုင်ဝင်ကမှ ခံစားမှုရှိမယ့် အကပဲလို့ ထင်တာပဲ။

ခဏနေတော့ လီလီ ပြန်ရောက်လာတယ်။ သူ့ကျောင်းနေဖက်သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးတယ်။

"ဒါက . . . ဂရေ့စ်၊ ဒါက ကက်သရင်း၊ သူက ဗစ်ချယ်၊ ဟိုဘက်က ရော်ဘတ်၊ အရပ်ရှည်တဲ့သူက မိုက်ကယ်"

လီလီ့သူငယ်ချင်း မိန်းကလေးအားလုံးကလည်း လီလီ့လို လှချင်းသာမျိုးနွယ်ကမှန်း သိသာပါတယ်။ လီလီ့မျက်နှာကို ခဏဝှက်ထားပြီး သူတို့ချည်း သက်သက်ကြည့်ရင်တော့ မဆိုးပါဘူး။ နည်းနည်းလှယ်။ နို့မို့ဆိုရင်တော့ မလွယ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

"သူက ဟန်းတဲ့။ ထူးခြားပြီး ကြင်နာမှုရှိတဲ့ ယောကျ်ားတစ်ဦး ပေါ့ကွာ"

သူ့ သူငယ်ချင်းတွေက ကျွန်တော့်ကို အကဲခတ်သလို ကြည့်တယ်။ 'ကြည့်ကောင်းတဲ့တူပဲ' လို့လည်း မှတ်ချက်ပေးတယ်။

ဖြတ်သွားဖြတ်လာ လူတွေကလည်း လီလီ့မျက်နှာကြောင့် ကျွန်တော့်ကို မကြာခဏ လက်ဆွဲနှုတ်ဆက်နေကြတယ်လေ။ ကျွန်တော့် စိတ်ထဲမှာ အိပ်မက်တစ်ခုကိုလည်း မှတ်မိနေမိတယ်။ ကျွန်တော် (၁၈) နှစ်သားတုန်းက မက်တဲ့ ပထမအိပ်မက်ကိုလေ။ အဲဒီတုန်းက အိပ်မက်ထဲမှာ ကျွန်တော် ကမ္ဘာ့နှုတ်ဆက်ပွဲတော်ဆိုတဲ့ တောထဲမှာ ရောက်နေခဲ့တာလေ။

အခု အဲဒီပွဲတော်ဟာ အိပ်မက်မဟုတ်ဘဲ လက်တွေ့ ကျွန်တော့်ရှေ့ ရောက်နေပါလား။ ကျွန်တော် လူတွေအများကြီးနဲ့ ခွဲခြားမှုမရှိဘဲ နှုတ်ဆက်နေရပြီလေ။

သူ့ သူငယ်ချင်းတွေ အသီးသီး တွဲကနေတဲ့အချိန် လီလီနဲ့ ကျွန်တော်က အေးအေးဆေးဆေး ဝိုင်သောက်နေကြပေါ့။

"ဟိုးမှာ . . . ထိပ်ပြောင်ပြီး မျက်မှန် အောက်နည်းနည်းချပြီး တပ်ထားတဲ့သူကို တွေ့လား"

"အင်း"

"အဲ့ဒါ ငါ့အဖေပဲ။ ဒီဘက်ဘေးက ငါ့အမေပေါ့။ ဟိုးဘက်က စုံတွဲတစ်တွဲ တွေ့လား။ ငါနဲ့ ရုပ်ချင်းဆင်တဲ့ အနီရောင်ဝတ်စုံနဲ့ အမျိုးသမီးတစ်ယောက်လေ။ အေး . . . အဲ့ဒါ ငါ့အစ်မပဲ။ ဘေးကတော့ သူ့ယောကျ်ား။ ဟိုတစ်နေ့ကမှ လေတပ်စစ်မှုထမ်းကနေ နှုတ်ထွက်လိုက်တာ"

"သြော် . . ."

သူ့အမျိုးတွေကို အဝေးကနေ မိတ်ဆက်ပေးနေတယ်။ အတူတွဲကပြီးမှ လူချင်း မိတ်ဆက်ပေးမယ်တဲ့လေ။ လီလီနဲ့ ကျွန်တော် ပျော်



စရာတွေပြောပြီး အတူတူသောက်နေကြတုန်း ဘေးဝိုင်းက စကားပြောသံတွေကို ကြားရတယ်။

"ကျွန်တော်ကြုံခဲ့တဲ့ မုန်တိုင်းက တစ်နာရီ မိုင်(၁၀၀)လောက်ရှိတယ်။ အဲ့ဒီမုန်တိုင်းနဲ့ တိုးမိတဲ့ရွာကလေးဟာ နာရီပိုင်းအတွင်းမှာပဲ ရစရာမရှိအောင် ပျက်စီးသွားတာပဲ။ ကျွန်တော်တောင် ကံကောင်းလို့ပေါ့ဗျာ"

"ဟုတ်လား . . . ကျွန်တော်ကြုံခဲ့တဲ့ မုန်တိုင်းကကျတော့ ဟာရီကိန်းမုန်တိုင်းဗျ"

မိုးလေဝသပညာရှင် နှစ်ယောက်ဖြစ်မယ်ထင်တယ်။ မုန်တိုင်းအကြောင်းပြောနေကြတယ်။ မုန်တိုင်းရဲ့ သဘောသဘာဝတွေ၊ မုန်တိုင်းကြောင့် ဆိုးရွားပျက်စီးနိုင်တဲ့ အကြောင်းတွေကောပေါ့။ နောက်ဆုံး ကမ္ဘာကြီး ပျက်စီးနိုင်တယ်ဆိုတဲ့အထိပါ စကားတွေကျွံပြီး ပြောနေကြတယ်။

ကျွန်တော် လီလီ့ကို တိုးမေးလိုက်တယ်။

"လီလီ . . . နင်ကော ကမ္ဘာကြီး ပျက်စီးသွားမယ်ထင်လား"

"ဟင့်အင်း . . . မထင်တတ်ပါဘူး။ ဒါပေမဲ့ ကမ္ဘာကြီး ပျက်စီးသွားရင်လည်း ငါ အံ့သြမှာမဟုတ်ဘူး။ ကမ္ဘာကြီးမပျက်စီးခင် ကြိုတင်ကာကွယ်ဖို့ မတက်ကြွသူတွေကိုသာ အံ့သြတာ"

" . . . . . "

"ဘာလဲ မုန်တိုင်းအကြောင်း သိချင်လို့လား။ ပြီးမှ ငါပြောပြပါမယ်။ အခု သွားကြစို့"

တေးသွားက ဘာတေးသွားလည်း မသိပေမယ့် သိပ်ငြိမ့်ညောင်းတာပဲ။

ရှက်နေတဲ့ ကျွန်တော့်လက်ကို ဆွဲယူပြီး သူ့ခါးပေါ် တင်ပေးတယ်။ လီလီ့ခါးက နူးညံ့အိစက်နေတယ်။ လီလီက ဦးဆောင်ကပေးတယ်။ လီလီ့မျက်နှာနဲ့ ကျွန်တော့်မျက်နှာ အနီးဆုံးပဲ။ သူ့ပခုံးလေးတလည်း ထိလို့ ကောင်းလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com

ပြုံးနေတဲ့ လီလို့နှုတ်ခမ်းက လေ့ကလေးတစ်စင်းလိုပဲ။ နှာတံက ရေလျှာလျှောလေးလိုပဲ။ နွေမိုးဆောင်း သူနဲ့ပဲ ကချင်နေတော့တာပဲ။ ကနေဘုန်း ခြေထောက်ကို သုံးခါလောက် တက်နင်းမိတယ်။ ကိုယ့်ခြေထောက်နဲ့ ဟဲမလို လေးခါလောက်ဖြစ်တယ်။ သီချင်းဆုံးခါနီးမှ အသားကျကျ ကတတ်သွားတယ်။ သီချင်းဆုံးတော့ ကလို့မဝ ဖြစ်နေတယ်။

"ဟား . . . ဟိုမှာ ဒယ်ဒီတို့ ဒီဘက် လျှောက်လာနေပြီ။ လာ . . . ငါ နင့်ကို မိတ်ဆက်ပေးမယ်"

သူ သူ့အဖေရှေ့ ကျွန်တော့်ကို ဆွဲခေါ်သွားတယ်။ သူ့အဖေနဲ့ အမေရှေ့ရောက်တော့ . . .

"ဒယ်ဒီနဲ့ မာမီ . . . ဒါက ဟန်းတဲ့"

လီလို့အဖေက လူကြီးလူကောင်းဆန်ဆန် မျက်မှန်ပေါ်က ကျော်ကြည့်ပြီး ခပ်ဖွဖွ ပြုံးတယ်။

"ဟန်း . . . ဒါက ငါ့အဖေ ရှီလန်ဂျိမ်းဘော့စ်။ ဒါက ငါ့အမေ လင့်ခ်"

"အေး . . . ကောင်လေး တွေ့ရတာ ဝမ်းသာတယ်ကွာ"

လီလို့အဖေက လက်ကမ်းပေးတယ်။ ကျွန်တော့်လက်တွေနဲ့ ပြန်ကမ်းဖို့ တွန့်ဆုတ်နေမိတယ်။ ကျွန်တော် လူတစ်ယောက်ကို လက်ဆွဲနှုတ်ဆက်ဖို့ ဝန်လေးတွေဝေဆဲပဲ။ ကျွန်တော် ရှပ်မပျက်သင့်တာနဲ့ အားတင်းနှုတ်ဆက်ဖို့ ပြင်လိုက်ချိန်မှာပဲ . . .

"ဝုန်း"

"ခလွမ်း"

" . . . . . "

မြက်ခင်းစပ်က အိမ်ကြီးဆီက အသံတွေ ထွက်ပေါ်လာတယ်။ အားလုံး လှမ်းကြည့်လိုက်တော့ အခန်းတစ်ခုက ပြတင်းပေါက်မှန်တွေ ကွဲထွက်သွားတယ်။ အဲ့ဒီ အပေါက်ထဲက ဟုန်းခနဲ မီးညွန့်တွေ ပန်းထွက်လာတယ်။



"ဟာ . . ."

"မီးလောင်တာပဲ"

"ဟင်"

ချက်ချင်းဆိုသလို အိမ်ကြီးရဲ့ အပေါ်ဆုံးအထပ်ရဲ့ နေရာတော်တော်များများက မီးလျှံတွေ လျှံတက်ပြီး မီးခိုးတွေ အူထွက်လာတယ်။ ဘယ်အချိန်က ဘယ်လိုလောင်နေတဲ့ မီးလဲမသိဘူး။ အားလုံး ပါတီပွဲမှာ ရှိနေကြတော့ သတိမထားမိဘူး။ အခုမှသိတော့ မီးက တော်တော်များနေပြီ။

လီလီတို့မိသားစုက ထိပ်ဆုံးကဖြစ်ပြီးတော့ လူတိုင်းပဲ အိမ်ကြီးရဲ့ မလှမ်းမကမ်းအနီးကို အလိုလိုတိုးသွားကြတယ်။ မီးသတ်ကိုလည်း ဖုန်းတွေဆက်ကြတယ်။ လီလို့အစ်မ လင်မယားက ပို ပျာပျာသလဲဖြစ်နေကြတယ်။

"ဘရွန်နဲ့ ဘရိုင်းက အခန်းထဲမှာ အဟင့် . . . ဟင့်"

"ဘာ . . ."

"သူတို့ ပိတ်မိနေပြီပေါ့"

လီလို့အစ်မ ငိုသံကြောင့် လူတွေ ပိုလှုပ်ရှားကုန်ကြတယ်။

လီလို့အစ်မရဲ့ ကလေးအမွှာပူးနှစ်ယောက် အခန်းထဲမှာ ပိတ်မိနေခဲ့တာတဲ့။

လီလို့အစ်မယောက်ျားက အိမ်ထဲပြေးဝင်ဖို့ လုပ်တယ်။ ဝိုင်းဆွဲထားကြတယ်။ အပေါ်ထပ်တစ်ခုလုံး မီးလောင်နေပြီတဲ့။

လီလို့အမေ မူးလဲမတတ် ဖြစ်နေတယ်။ လီလို့အဖေက မီးသတ်ဌာနကို အခုမှခေါ်ထားပေမယ့် ဘာလို့ ကြာနေတာလဲဆိုပြီး ကြိမ်းမောင်းနေတယ်။ လီလီလည်း မီးတောက်တွေကိုမြင်ပြီးတော့ မောနေတယ်။ 'ဘရွန် . . . ဘရိုင်း' ဆိုပြီး သူ့တူလေးနှစ်ယောက်နာမည်ကို ခေါ်နေတယ်။

www.burmeseclassic.com

လူတွေလည်း အာမေဋိတ်သံအမျိုးမျိုးနဲ့ ငေးကြည့်စိတ်ပူရုံအပြင် ဘာမှ သိပ်မတတ်နိုင်ဘူး ဖြစ်နေကြတယ်။ ဘယ်အချိန်ကတည်းက အတွင်းကြိတ်လောင်နေတဲ့ မီးလဲ။ အားလုံးသိတဲ့ အချိန်မှာတောင် တော်တော် နောက်ကျနေပြီ။

"လီလီ . . . နှင့်တူလေးနှစ်ယောက် ဘယ်အခန်းထဲမှာလဲ"

"ဟိုး . . . အပေါ်ဆုံးအထပ် ထောင့်စွန်းအခန်း"

လီလီ လက်ညှိုးညွှန်ပြရင်း မောနေတယ်။ ကျွန်တော် နှစ်သိမ့်လိုက်တယ်။

"မပူပါနဲ့။ မီးသတ်ကားတွေ အချိန်မီလာမှာပါ။ ဘရွန်နဲ့ ဘရိုင်းလည်း လွတ်ရာရောက်ရင် ရောက်နေမှာပါ"

"အင်း . . . အဲ့လိုဖြစ်ပါစေ"

ပါတီပွဲထဲက လူတွေအကုန်လုံး ရှိသမျှ မီးသတ်ဌာနဆီ အကုန်ဖုန်းဆက်နေကြပုံပဲ။ အားလုံး စိတ်ပူ ပျာပျာသလဲ ဖြစ်နေတယ်။ အိမ်ထဲက ထွက်ပြေးလွတ်မြောက်လာတဲ့ အစေခံတချို့ကိုလည်း တွေ့ရတယ်။ မီးတွေ စွဲကပ်လောင်လို့။

"မီးသတ်ကားတွေ မြို့ထဲ လမ်းပိတ်နေတာတဲ့"

"ချီး . . . သောက်ရေးထဲမှ"

နောက် ငါးမိနစ်ကြာတဲ့အထိ မီးသတ်ကားတွေ ရောက်မလာပါဘူး။ မီးတောက်တွေက ပူလောင်နေတယ်။ သူ့တူလေးတွေကို စိုးရိမ်နေတဲ့ လီလီ့မျက်နှာကို မြင်ရတာ ပိုပူတယ်။ သူ့တူလေးတွေ မီးလောင်ရှိရွဲကုန်ပြီလားဆိုတဲ့ အတွေးနဲ့ လီလီ မျက်ရည်တွေ ကျလာတယ်။ လီလီ့ အစ်မလင်မယားဆို သားသမီးဇောနဲ့ ဆောက်တည်ရာမရ အော်လို့ပေါ့။ လီလီ သူ့အမေပခုံးမှာ မှီရင်းငိုနေတယ်။

ကျွန်တော် ပါတီမြက်ခင်းအနောက်ဘက်ထဲ ပြန်လျှောက်သွားလိုက်တယ်။ ဘားပုံစံ ခုံတန်းရှည်ပေါ်မှာ ပုလင်းမျိုးစုံ စီရီထားတယ်။



အဲ့ဒီမှာ သွားထိုင်လိုက်တယ်။ အပြင်းရှဆုံး ဖြစ်မယ်လို့ထင်တဲ့ ပုလင်းတစ်လုံးကို ဆွဲယူလိုက်တယ်။ ဘားတာဝန်ခံ ဝိတ်တာက ဖျပ်ခနဲ ကြည့်တယ်။ ဒီလောက် မီးလောင်လို့ အားလုံး ပျာပျာသလဲဖြစ်နေတဲ့အချိန် ဘားမှာလာပြီး အရက်သောက်မယ့်သူကို သူ အံ့သြသင့်ပါတယ်။

ကျွန်တော် ပုလင်းဖွင့်ပြီး ဂလုဂလုနဲ့ မော့ချစ်ပစ်တယ်။ ကျွန်တော် လည်ပင်းဖောင်းလိုက်ပိန်လိုက် ဖြစ်တာကိုကြည့်ပြီး ဝိတ်တာ ပိုအံ့သြနေတယ်။ ကျွန်တော် မနားတမ်းသောက်နေလို့ပေါ့။ စိတ်တော့ မကောင်းပါဘူး။ သူ ထပ်အံ့သြအောင် ကျွန်တော် ဆက်လုပ်ရလိမ့်ဦးမယ်။

အရက်ပုလင်းကို ဘားပေါ် ဆောင့်ချပစ်လိုက်တယ်။ ပြီးတော့ နက်ခ်တိုင်ကို ခပ်မြန်မြန် ချွတ်ပစ်တယ်။ ကုတ်အင်္ကျီကို ချွတ်ပစ်တယ်။ အတွင်းထဲက အင်္ကျီကိုပါ ထပ်ချွတ်ပစ်လိုက်ပြီး ရင်ခွင်ထဲပိုက်ပြီး ဖုက်ထားတဲ့ လက်အပိုနှစ်ဖက်ကို ဆန့်မြောက်ဖြန့်ထုတ်ပစ်လိုက်တယ်။

"ဟာ . . ."

ခနဲ အံ့သြပြီး ဝိတ်တာ ဖင်ထိုင်လျက် လဲကျသွားတယ်။

"ဟာ . . . ခင်ဗျား . . . ခင်ဗျား . . ."

"ခင်ဗျား . . . ရဲ့ . . . လက် . . . လက်တွေ"

သူ့ရဲ့ အလွန်အကျွံ အံ့သြသွားမှုအပေါ် ကျွန်တော် ရှင်းပြဖို့ အချိန်မရဘူး။ မီးလောင်နေတဲ့ အိမ်ကြီးဆီ တစ်ဟုန်ထိုးပစ်ခွင်း ပြေးလွှားပစ်လိုက်တော့တယ်။



www.burmeseclassic.com

## (15)

"ဟာ . . ."

"သူ . . . သူ . . . သူ . . ."

"ဟင် . . ."

တစ်ဟုန်ထိုး ပြေးလွှားလာသော လူတစ်ယောက်ကို လူတွေရှဲပြီး လမ်းဖယ်ပေးလိုက်ကြသည်။

လူတွေ မျက်လုံးအဝိုင်းသား၊ ပါးစပ်အဟောင်းသား မင်သက်ကြက်သေလျက် သူ့ကို အကြောင်သား ကြည့်မိနေကြသည်။ ခဏတာမျှ ဆွံ့အငြိမ်သက်လျက်သားလည်း ဖြစ်သွားကြသည်။ သူကတော့ ရှေ့ကိုသာ အာရုံစိုက်ပြီး ခြေလှမ်းတွေကို ပြင်းထန်ပစ်နေသည်။

ဆွံ့အသလိုဖြစ်နေသည့်လူများ သတိပြန်ဝင်ပြီး အာမေဋိတ်သံတွေ ညံလာပြန်သည်။

"လက် . . . လက် . . ."

"သူ့လက်တွေက ဘာဖြစ်နေတာလဲ"

"လူ . . . လူ . . . လား"

"ဘာကြီးလဲဟ"



www.burmeseclassic.com

အံ့ဩမှု၊ ရုတ်တရက် ထိတ်လန့်မှုတွေ ပေါင်းစပ်ပြီး ထွက်ပေါ်လာသည့် အသံတိုင်းကို သူ ကြားပါသည်။ သူမကြားတာဆို၍ သူ့နာမည်ကို ရေရွတ်လိုက်သည့် လူအုပ်ထဲက ကောင်မလေးတစ်ဦး၏ အသံကိုသာ။

"ဟန်း . . ."

ဟု လီလီ တုန်ခါလှုပ်ရှားစွာ ရေရွတ်မိလိုက်သည်။ လီလီ့ရင်ထဲ ပြောမပြတတ်သော မွန်းကြပ်မှုများ ဝင်လာသည်။ သူမ ရေရွတ်သံကိုကြားတော့ သူမအဖေက သူမကို ဖြည်းဖြည်းချင်း လှည့်ကြည့်လာသည်။

"အဲ့ဒါ သမီးခေါ်လာတဲ့ တစ်ယောက်မို့လား"

လီလီ ဘာမှပြန်မဖြေ။

ထိုအချိန် 'ဟန်း' က အိမ်ကြီး၏ ပြတင်းပေါက်တစ်ချပ်ဆီ ခုန်ဝင်ပျောက်ကွယ်လိုက်ပြီဖြစ်သည်။ ပြီးနောက် ဝရန်တာယ်တစ်ခုဆီ အုတ်နံရံကို ခြေတစ်ချက်ထောက်၍ လှမ်းခိုလိုက်ပြန်သည်။ လူတွေ ဟာခနဲ၊ ဝိုးခနဲ အသည်းတယားယား ဖြစ်ကုန်ကြသည်။ သူ တောင်တက် အတွေ့အကြုံတွေက သူ့ကို ကောင်းကောင်း အကူအညီပေးခဲ့ပြီ။

နောက်ဆုံး သံပိုက်လိုင်းတစ်ခုကနေ လက်လေးဘက်နဲ့ ကုတ်တွယ်ပြီး အပေါ်ဆုံးအထပ်ကို ရောက်သွားသည်။ ထောင့်စွန်းအခန်းဆီ သူ ကဏန်းသွား သွားပြီး မီးခိုးတွေ မည်းအူနေပြီဖြစ်သော အခန်းထဲ ဒိုင်ဗင်ထိုးပစ်ဝင် ပျောက်ကွယ်သွားသည်။

အောက်ကလူတွေ ဟန်းကို မမြင်ရတော့ပေမယ့် စောင့်ကြည့်ဆဲ။ ဟန်း အခန်းထဲရောက်တော့ မီးခိုးတွေကို လက်နှင့် သပ်ဖယ်ရင်း အော်ဟစ်လေသည်။

"ဘာရှန့် . . . ဘာရိုင်း"

ပြန်ထူးသံ မကြားရ။

www.burmeseclassic.com

မီးစွဲလောင်နေသော အိပ်ရာခင်းတစ်ခုကို သူ ဆွဲခွာကြည့်တော့မှ ရွှေရောင်ဆံပင်နှင့် ချစ်စဖွယ်ကလေးနှစ်ယောက်ကို တွေ့ရသည်။ အသက်ရှူကြပ်ပြီး မူးမေ့နေသည်။ သူ ကလေးနှစ်ယောက်ကိုချီပြီး ကျောပိုးလိုက်သည်။ ထိုအချိန် သူ့ခြေထောက်ကို ဘယ်ကမီးမှန်းမသိ စွဲလောင်နေပြီ။ သူ အမြန်ငြိမ်းလိုက်ရသည်။

ကလေးတွေက ငယ်သေး၍ တော်သေးသည်။ လီလီ့ကို ကျောပိုးနေကျသူက ကလေးနှစ်ယောက်အလေးချိန်ကို မမှု။ သို့သော် ကလေးတွေက မေ့မျောနေ၍ တော်တော်လေးတော့ ကသီလင်တဖြစ်သည်။

သူ ပြတင်းပေါက်က ကလေးနှစ်ယောက် သယ်ပိုး၍ ထွက်လာတာကိုမြင်တော့ ဟေး . . . ခနဲအော်လိုက်သော မြက်ခင်းပြင်အစပ်မှ လူအများ၏အသံ ထွက်ပေါ်လာလေတော့သည်။ သူ လာလမ်းအတိုင်း ပိုက်လိုင်းတစ်ခုကနေ အောက်တစ်ဆင့်ရအောင် လျှောဆင်းလိုက်သည်။ သွားပြီ . . . သူ ကံဆိုးသွားပြီး ပိုက်လိုင်းက အလာတုန်းကနှင့် မတူတော့ဘဲ အပူလျှော့ကူးခံထားရကာ ပူကျစ်နေသည်။ အလာတုန်းကလည်း ပူနေပြီမှန်းသိပေမယ့် ဒီလောက် မြန်မြန်ဆန်ဆန် အပူပြင်းလာမယ်မှန်း မထင်မိခဲ့။ အခု သူ့လက်တွေ လျှောတိုက်ကာ စုတ်ပြတ်ကုန်သည်။

"အား . . ."

လက်တွေ တုန်ခါလာသည်။ ကလေးတွေကို ကျောပိုးထားသော လက်နှစ်ဖက်ပါ တုန်ခါလာသည်။ သူ ရအောင် အောင့်အည်းအံကြိတ်သည်။

မီးသတ်ကားတွေ တိုးဝင်လာသံကိုလည်း ကြားရသည်။ လူတွေ ပိုအားတက်သွားသည်။ လူတွေအားလုံးက ဟန်းကို လက်ညှိုးထိုးပြကာ တစ်ခုခုကူညီဖို့ ပြောကြသည်။ ထိုအချိန် ဟန်းက ပြတင်းပေါက်တံခါးရွက်တစ်ခုမှာ တွဲလွဲခိုနေသည်။ မူးမေ့နေသည့် ဘရွန့်နဲ့ ဘရိုင်း



လည်း သတိပြန်ရလာသည်။ သူတို့ အမြင့်တစ်နေရာမှာ ရောက်နေမှန်းသိတော့ ကြောက်လန့်တကြား အော်ဟစ်ကာ ဟန်းကို ဆုတ်ဖက်ထားကြတော့သည်။

မောပန်းပူလောင်မှုတွေဖြင့် ဟန်း ခေါင်းတွေ တရိပ်ရိပ်မူးလာသည်။ မီးသတ်သမားတွေကလည်း သူ အောက်ပြုတ်ကျလာရင် မထိခိုက်အောင်လေ ဖောင်းမွေ့ရာကြီးကိုလည်း ခင်းကျင်းထားကြပြီဖြစ်သည်။ ထိုမွေ့ရာပေါ်သို့ ဘရွန့်နဲ့ ဘရိုင်းကို သူ လွှတ်ချလိုက်သည်။

"အား . . ."

ဟု သံရှည်အော်ဟစ်ကာ ဘရွန့်နဲ့ဘရိုင်း ပြုတ်ကျသွားသည်။ အောက်ရောက်တော့ အန္တရာယ်ကင်းကြသည်။ သူတို့ အဖေအမေ ဆွေမျိုးတွေက ငိုကြီးချက်မ ပြေးချီထွေးပွေ့ကြသည်။

တိုက်နံရံမှာတော့ ဟန်းသာ ပင့်ကူတစ်ကောင်လို တွယ်ကပ်ကျန်နေသည်။

လီလီ သူ့အောက်က မော့ကြည့်ရင်း မျက်ရည်တွေ စီးကျလာသည်။

'ဟန်း' မောနေသည်။ ခေါင်းလည်း မူးနေသည်။

အခု လူတွေအားလုံး သူ့လက်တွေအကြောင်း မျက်ဝါးထင်ထင် သိကုန်ကြပြီ။ ဒေါ်လေး ဘာပြောမလဲ။ ရှေ့ဆက် ဘာဖြစ်မလဲ။ လီလီနဲ့ ဝေးရနိုင်လား။ အားလုံး ထူးဆန်းသလို ကြည့်ကြမှာလား။ ခုံးဝန်းတဲ့ သူတို့အိမ်လေးကို အညစ်အကြေးတွေနဲ့ ပစ်ပေါက်ပြီး 'နာနာဘာဝ ထွက်သွား' လို့ အော်ကြဦးမလား။ သူ မူးနောက်လာသည်။

သူ လုပ်ခဲ့တဲ့ အလုပ်အတွက် နောင်တာမရသော်လည်း အာရုံတွေတော့ ရှုပ်ထွေးလာသည်။ နောက်ဆုံး ရိပ်ခနဲ သူ့ခေါင်းတစ်ခုလုံး အမှောင်ဖုံးသွားသည်။ သူ လက်တွေနံရံမှ ကွာကျကာ အောက်သို့ . .။

. . . . . . .။

www.burmeseclassic.com

## (16)

“အာ . . . အဟွတ် . . . အဟင်း”

ကိုယ့်ညည်းညူသံကို ကိုယ်ပြန်ကြားရတယ်။

ကျွန်တော် သတိနည်းနည်းဝင်တဲ့ အချိန်မှာ ကျွန်တော် အချိန်ကြာမြင့်စွာ သတိမေ့ခဲ့တာကို ချက်ချင်း သတိထားမိတယ်။ မျက်ခွံကို လှန်ဖွင့်လိုက်တော့ အစိမ်းနုရောင် မျက်နှာကျက်၊ ပြီးတော့ ဖြည်းညင်းစွာလည်နေတဲ့ ပန်ကာ အဲ့ဒါတွေကို အရင်တွေ့ရတယ်။

အလိုလို သိလိုက်တယ်။ ကျွန်တော် ဆေးရုံ ရောက်နေတာ။ ဘေးကိုကြည့်လိုက်တော့ နက်စ်မနဲ့ ဒေါက်တာ။ အဲ့ဒီဘေးမှာမှ ရိုလန်ဂျိမ်းဘော့စ် (လီလီ့ရဲ့အဖေ)။ ကျွန်တော် အတွေ့ချင်ဆုံးဖြစ်တဲ့ လီလီ့ကိုတော့ မတွေ့ရဘူး။

လီလီ့အဖေက . . .

“သက်သာရဲ့လား . . . ကောင်လေး”

လို့ မေးတယ်။ ကျွန်တော်က . . .

“လီလီကော”

လို့ ပြန်မေးလိုက်တယ်။

လီလီ့အဖေက တစ်ချက်ပြုံးရင်း . . .

“ဦးလေး . . . နောက်ထပ် နာရီနည်းနည်းကြာမှ ထပ်လာခဲ့ပါ့မယ်။ အဲ့ဒီမှ စကားတွေ အများကြီး ပြောတာပေါ့”

လို့ ပြောပြီး လီလီ့အဖေ ထွက်သွားတယ်။

နက်စ်မနဲ့ ဒေါက်တာက ကျွန်တော့်လက်ကို တစ်ချက်တစ်ချက် ခိုးကြည့်ကြတယ်။ ဒါပေမဲ့ ဘာမှတော့ မမေးပါဘူး။ ဆေးတစ်လုံးတော့ ထိုးပေးသေးတယ်။ ပြီးတော့ ကျွန်တော် အိပ်ပျော်သွားတယ်။

ကျွန်တော် နောက်တစ်ခါနိုးလာတော့ လီလီ့အဖေနဲ့ သူ့တပည့် သုံးယောက်ကို တွေ့ရတယ်။ လီလီ့အဖေက . . .

“ကောင်လေး . . . မင်း လန်းလန်းဆန်းဆန်း နိုးလာပြီလား”

“ဟုတ်ကဲ့ . . . လန်းဆန်းပါတယ်”

“အင်း . . . ဦးလေးအနေနဲ့ ဦးလေးရဲ့ မြေးတွေကို ကယ်တင်ခဲ့လို့ မင်းကို ကျေးဇူးတင်မဆုံးပါဘူး။ ဒါပေမဲ့ ဦးလေးသမီးနဲ့ အရမ်းနီးနီးစပ်စပ်နေနေတာကိုတော့ ဦးလေး ဘဝင်မကျဘူး”

“ . . . . . . . ”

“မင်း နလန်ထစမှာ ဒီစကားပြောရတာ ငါယဉ်ကျေးမှု နည်းသလိုဖြစ်ရင်လည်း ဖြစ်မှာပဲ။ ဒါပေမဲ့ မင်းနဲ့ ငါ့သမီး မနီးစပ်ဖို့အတွက် ဒီလောက် မယဉ်မကျေး ဖြစ်မှာကိုတော့ ငါမမှုဘူးပေါ့။ လိုအပ်ရင် ဒီ့ထက် ရိုင်းဖို့တောင် ငါ့ဘက်က အဆင်သင့်ပါပဲ။ ကဲ . . . အခု မင်းကို ငါ အိမ်ပြန်လိုက်ပို့မယ်။ မင်းရဲ့လက်တွေကို မင်းဝှက်နေကျအတိုင်း ပြန်ဝှက်ထားလိုက်ပါ။ အပြင်မှာ မင်းကိုစောင့်နေတဲ့ သတင်းထောက်တွေ မနည်းဘူး”

ကျွန်တော့်ကို အခန်းထဲကနေ သူတို့ ခေါ်ထုတ်ခဲ့တယ်။ ကျွန်တော့်မျက်နှာကို ဦးထုပ်ဒိုက်စိုက်ဆောင်းထားပြီး မျက်မှန်အနက်ရောင်

www.burmeseclassic.com

ကြီးကြီးကိုလည်း တပ်ထားတယ်။ ဒါ ဘာကြောင့်မှန်း အခန်းအပြင် ရောက်မှပဲ သိတော့တယ်။ အခန်းတံခါးဖွင့်တာနဲ့ ရိုက်လိုက်တဲ့ ဓာတ်ပုံ တွေ တဖျပ်ဖျပ်နဲ့။ ကျွန်တော်တို့ အမြန်ပြေးပြီး ဆေးရုံနောက်လှေကား ကနေ တိတ်တဆိတ် ဆင်းခဲ့ရတယ်။

လွတ်ပြီထင်ပေမယ့် ကားပါကင်မှာ စောင့်နေပြန်တဲ့ ရာချီ သတင်းထောက်တွေနဲ့ ဝိုးပြန်တယ်။ ဓာတ်ပုံရိုက်တဲ့ အလင်းရောင်တွေ ဟာ ကောင်ကင်အပြည့် လျှပ်စီးလက်နေသလိုပဲ။ မိုက်တွေထိုးထိုးပြီး တစ်ယောက်တစ်ခွန်း ဗွတ်တရွတ်မေးနေတဲ့ မေးခွန်းတွေကလည်း မျိုးစုံ သောက်သောက်။

"အဲ့ဒီလက်တွေ ဘယ်အချိန်ကတည်းက ရှိနေခဲ့တာလဲ"

"သဘာဝအတိုင်း ရှိနေခဲ့တာလား။ တစ်စုံစု ထူးဆန်းတဲ့ ပြောင်း လဲမှုတစ်ခုကြောင့်လား"

"ဒီလက်တွေကြောင့် ခင်ဗျား နေ့စဉ် ဘယ်လိုခံစားနေရပါသလဲ"

"ခင်ဗျား လူတွေမသိအောင် ဒီလက်တွေကို နှစ်ပေါင်းများစွာ ဖုက်ထားတာ အံ့သြစရာပါပဲ။ ခင်ဗျား အခုမှ ဘယ်လိုတွန်းအားတွေ ကြောင့် လက်တွေကို ထုတ်ဖြည်ပြီး လူအများရှေ့ စွန့်စားခဲ့ရတာလဲ"

"ကျွန်တော် တိုက်ရိုက် ထုတ်လွှင့်နေတာပါ။ ခင်ဗျားရဲ့ လက် တွေကို ဆန့်မြှောက်ပြပြီး ရုပ်သံကြည့် ပရိသတ်တွေကို တစ်ချက်လောက် နှုတ်ဆက်ပေးနိုင်မလား"

အဲ့လို ဂေါက်ကြောင်ကြောင် သတင်းထောက်ကအစ မေးခွန်း တွေကလည်း အစုံပါပဲ။ ကျွန်တော် မဖြေချင်တာတွေ ချည်းပါပဲ။ သတင်း ထောက်တစ်ယောက်ကလည်း . . .

"ခင်ဗျားနဲ့ ရုပ်ရှင်ကုမ္ပဏီသူဌေးကြီး ရိုလန်ဂိုမ်းဘော့စ်ရဲ့သမီး လီလီအဲလစ်နဲ့က သမီးရည်းစားတွေပါလား"



လို့ လာမေးတယ်။ အနီးမှာရှိတဲ့ ရိုလန်ဂိုမ်းဘော့စ်က ရှုံ့မဲ့ ဆဲပြီး အဲ့ဒီသတင်းထောက်ကို ပယ်ပယ်နယ်နယ် ကြိမ်းဝါးတော့တာပဲ။

လီလီအမေ တပည့်တွေက ကျွန်တော့်ကို ကားနောက်ခန်းထဲ အတင်းထိုးထည့်ဝင်စေတယ်။ ပြီးတော့ သတင်းထောက်တွေ ပိတ်ဆို့ နေတဲ့ကြားက ကားကို ခပ်ပြင်းပြင်း ဘတ်ဂီယာနဲ့ ကွေ့ဆုတ်ပြီး အရှိန် နဲ့ ဆောင့်မောင်းထွက်ပစ်တာပဲ။ ဒါတောင် သတင်းထောက်တွေ ကင်မရာ တဖျပ်ဖျပ်နဲ့ အသေအကျေ ဓာတ်ပုံ ပြေးလွှားရိုက်ကြသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့ရောက်တော့လည်း သတင်းထောက်တွေ တိုးမပေါက်အောင် ရှိနေပြန်တယ်။ ကျွန်တော် သတိမေ့နေချိန် ကြာသွားတာလား။ သူတို့ စုံစမ်းချိန် မြန်ဆန်တာလားတော့ မသိဘူး။ လီလီ့အဖေရဲ့ တပည့်တွေရဲ့ ဝန်းရံမှုနဲ့ အိမ်ထဲ အမြန်ဝင်ခဲ့ရပါတယ်။ သတင်းထောက်တွေ ခြံထဲဝင်လိုက်မလာအောင် လီလီ့အဖေရဲ့ တပည့်တချို့က နေခဲ့ရင်း ထိန်းချုပ်ခဲ့တယ်။

တံခါးဖွင့်ပြီး အိမ်ထဲဝင်တော့ ဒေါ်လေးကို တန်းတွေ့ရပါတယ်။ ဒေါ်လေးမျက်နှာဟာ ဟိုးအရင်နှစ်တွေကလို ပုံစံမျိုး (ရွာက ထွက်ခွါခါနီး ညက ပုံစံလိုမျိုး) ပြန်ဖြစ်နေပါပြီ။ စိတ်ဓာတ်ကျ အသက်မဲ့နေပုံ။ ဒါပေမဲ့ ကျွန်တော့်ကိုတော့ အပြစ်တင်စကား မပြောဘူး။

"မင်း ဒဏ်ရာတွေ သက်သာရဲ့လား"

"ဟုတ်ကဲ့"

"သူတို့က ဘယ်သူတွေလဲ"

"လီလီ့အဖေ"

အဲ့ဒီအချိန် တီဗီမှာ မနေ့က လီလီတို့အိမ် မီးလောင်တဲ့သတင်း လာနေတယ်။ ကျွန်တော် သက်စွန့်ဆံဖျား ဝင်ကယ်တဲ့ပုံတွေလည်း ပြနေတယ်။ တီဗွီထဲက သတင်းထောက်က ကျွန်တော့်ကို ထူးခြားတဲ့သူအဖြစ်



ဂုဏ်ယူပြောဆိုနေတယ်။ ပြီးတော့ ကျွန်တော့်ဘဝနဲ့ ပတ်သက်ပြီးလည်း အင်တာဗျူး လုပ်နိုင်ဖို့ ကြိုးပမ်းနေကြောင်း ပြောနေတယ်။

ဒေါ်လေးက တီဗီကို မထူးဆန်းသလို တစ်ချက်ပဲ ကြည့်ပြီး ပိတ်လိုက်တယ်။ ဒေါ်လေးရဲ့ မထူးဆန်းသလို ကြည့်ပုံထောက်ရင်တော့ ကျွန်တော် သတိမေ့နေစဉ်ကာလအတွင်း တီဗီမှာ ဒီသတင်းတွေချည်း မပြတ်လာနေတဲ့ပုံပဲ။

လီလီ့အဖေက ဒေါ်လေးကို တစ်ချက်ကြည့်တယ်။ ပြီးမှ ကျွန်တော့်ဆီ အကြည့်လွှဲပြီး . . .

"ငါ မင်းရဲ့လက်တွေ ခွဲစိတ်ကုသဖို့ တာဝန်ယူချင်တယ်။ မင်းနဲ့ မင်းအဒေါ် တစ်သက်လုံး ဘာအသက်မွေးဝမ်းကျောင်းမှ လုပ်စရာမလိုဘဲ ကောင်းကောင်းနေနိုင်စားနိုင်ဖို့ တာဝန်ယူချင်တယ်။ အခု မင်းနားမှာ ဝိုင်းနေတဲ့ သတင်းထောက်တွေ မင်းကို အနှောင့်အယှက် ဖြစ်စေမယ့် မေးခွန်းတွေ မမေးအောင်လည်း ငါ ဖြေရှင်းပေးချင်တယ်"

ဒီအတွက် ကျွန်တော် လီလီ့အနားက ထွက်သွားရမယ်ဆိုတဲ့ နောက်ဆက်တွဲ စကားကို သူမပြောဘဲ ကျွန်တော် ကြိုသိနေတယ်။

"ရှင်က ဘာကိစ္စ ကူညီချင်တာလဲ"

ဒေါ်လေးက ခပ်ရင့်ရင့် ဝင်စေတယ်။

"သူ ကျွန်တော့်မြေးတွေရဲ့ အသက်ကို ကယ်ခဲ့လို့ပေါ့။ ကျွန်တော် ကျေးဇူးဆပ်ချင်တာပါ"

"ကျေးဇူးဆပ်ချင်ရုံပဲလား"

"အဟင်း . . . ဟုတ်ပါတယ်။ တခြားအကြောင်းလည်း ရှိပါသေးတယ်။ လီလီနဲ့ မပတ်သက်စေချင်တဲ့ အကြောင်းပေါ့"

လီလီ့အဖေက လိုရင်းပြောလိုက်တယ်။ ဒေါ်လေး နှုတ်ဆိတ်သွားတယ်။ ပြီး . . . ကျွန်တော့်ကို ကြည့်တယ်။ ကျွန်တော်ကတော့ လီလီ့ကို တွေ့ချင်နေတယ်။ ဒီလို ရှုပ်ထွေးနေတဲ့အချိန်မှာ ကျွန်တော့်ကို အကြံပေးစကားပြောနိုင်ပေမယ့် လီလီ့ကိုပဲ ကျွန်တော် တွေ့ချင်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com

လီလီနဲ့ ကျွန်တော် အမြဲ အတူရှိခွင့်ရဖို့ မဖြစ်နိုင်မှန်း ကျွန်တော် သိပါတယ်။ ဒါပေမဲ့ လက်တွေ့မှာ လီလီနဲ့ မတွေ့ဘဲနေဖို့လည်း ကျွန်တော် တတ်နိုင်မှာမဟုတ်ဘူး။

"ရှင်တို့ ဒီစကားကို ဒီအချိန်မှာ မပြောသေးလည်း ဖြစ်တယ် မို့လား"

"မဖြစ်ဘူး . . . ခုရှုပ်မှ နောင်ရှင်းပဲ။ အားတော့နာပေမယ့် အဖေတစ်ယောက်အနေနဲ့ ပြောရမှာ လုပ်ရမှာပဲ"

" . . . . . . "

"ကဲ . . . ကျုပ်ဘက်ကတော့ ပြောစရာ ကုန်ပြီ။ ခင်ဗျားတို့ လိုရာသုံးဖို့ ငွေနည်းနည်း ထားခဲ့မယ်။ လိုရင် ထပ်တောင်းနိုင်တယ်"

လက်ဆွဲသေတ္တာအပြားနဲ့ ငွေအထုပ်လိုက်၊ အထပ်လိုက်ကို ဒေါ်လေးရှေ့ သူ တွန်းပို့လိုက်တယ်။ ဒေါ်လေးက မြန်မြန်ဆန်ဆန်ပဲ ငွေစက္ကူတစ်ထုပ်ကို နှိုက်ယူပြီး ပစ်ပေါက်တယ်။ လီလီ့အဖေ နှာခေါင်း သွေးယိုသွားတယ်။

"အဲ့ဒါ ကျွန်မကလည်း အဒေါ်တစ်ယောက်အနေနဲ့ လုပ်သင့် တာလုပ်လိုက်တာပဲ"

လီလီ့အဖေ စိတ်ဆိုးမာန်ဆိုးနဲ့ ထထွက်သွားတော့တယ်။

အိမ်ကလေးထဲမှာ ဒေါ်လေးနဲ့ ကျွန်တော်ပဲ ကျန်ခဲ့တယ်။ အိမ် အပြင်မှာတော့ သတင်းထောက်တွေ ဆူညံပြုံခဲ့လျှက်ပေါ့။



နောက်တစ်နေ့မှာ စာတိုက်ကနေ စာတစ်စောင် စောစောစီးစီးရောက်လာတယ်။ ဒေါ်လေးကို အလုပ်ဖြုတ်လိုက်တဲ့စာနဲ့ လျော်ကြေးငွေသုံးလစာ ရေးပေးထားတဲ့ ချက်လက်မှတ်တစ်စောင်နဲ့။ ဒေါ်လေး အလုပ်လုပ်ခဲ့တဲ့ ပြဇာတ်ရုံက လီလီတို့ အမျိုးပိုင်တာဆိုတော့ သူတို့ ဒီလို လုပ်နိုင်တာပေါ့။ ဒေါ်လေးက စိတ်ညစ်တဲ့ပုံ မပေါ်ပါဘူး။ ဟင့်ခနဲ သဲ့သဲ့ရယ်တယ်။

"အော်ပရာဆိုတာ လျှောက်အော်နေတဲ့အရာပဲ"

ဆိုပြီး သူ လုပ်ခဲ့တဲ့အလုပ်အပေါ် စိတ်အချဉ်ပေါက်စွာ ပုတ်ခတ်တယ်။ ကျွန်တော့်လက်ဖဝါးက မီးလောင်ဒဏ်ရာတွေကို ပတ်တီးနဲ့ စည်းပေးတယ်။ အပြင်မှာ သတင်းထောက်တွေဟာ တဖွဲဖွဲ ရောက်လာပြီး ပြုံအုံနေဆဲပဲ။ ကျွန်တော်နဲ့ ဒေါ်လေး အိမ်အပြင်မထွက်ဘဲ ရှိတာနဲ့ စားကြတယ်။

တီဗီမှာလည်း ကျွန်တော့်သတင်းက များနေတယ်။ ခက်တာပဲ။ ကျွန်တော် ဘာများ အမှားလုပ်မိလို့လဲ။ အဲ့ဒီလို အုတ်အော်သောင်းနင်း ဖြစ်မှုကို မုန်းပါတယ်။ လူသားချင်း စာနာထောက်ထားရေး၊ လူမှုအဖွဲ့ တစ်ဖွဲ့ကတော့ သတင်းထောက်တွေကို ဝေဖန်ပါတယ်။ ကာကယ်ခွင့် မရှိချင်တဲ့ မေးခွန်းတွေကိုမေးဖို့ အားသန်နေတာနဲ့ ပတ်သက်ပြီတော့ ပေါ့။ ပြီးတော့ ကျွန်တော့်လက်ကို ခွဲစိတ်ဖို့ အလှူငွေတွေကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

ကောက်ခံနေတယ်တဲ့။ အဲ့ဒီအဖွဲ့အစည်းကလည်း ကျွန်တော်နဲ့ ဆက်သွယ်ရဖို့ ကြိုးစားနေတယ်တဲ့။

အိမ်ရှေ့မှာ ရုတ်ရုတ်ရုတ်ရုတ် အသံကြားလို့ ကြည့်လိုက်တော့ အန်ကယ်ရော်ဂျာကို တွေ့တယ်။ သတင်းထောက်တချို့နဲ့ ရန်ဖြစ်နေတာပါ။ သူလည်း အကြောင်းစုံ သိပြီးလောက်ပေါ့။ သူ ဘာလာလုပ်တာလဲ။ ကျွန်တော့်လက်တွေအကြောင်း ကြားသိပြီးပြီမို့ မနှစ်မြို့တော့ဘဲ အိမ်မငှားတော့ဘဲ နှင်ချမလို့လား။ အဲ့ဒီလိုတွေးနေတုန်းပဲ တံခါးခေါက်လာလို့ ဒေါ်လေးက သွားဖွင့်ပေးပြီး အန်ကယ်ရော်ဂျာ အိမ်ထဲရောက်လာတယ်။ အန်ကယ်ရော်ဂျာလက်ထဲမှာ ရက်ရှည်စားလို့ရမယ့် စားစရာတွေ တနင့်တပိုး အများကြီး သယ်လာတယ်။

သူက ကျွန်တော့်လက်တွေကိုလည်း မကြည့်၊ အံ့သြခြင်းလည်း မရှိဘဲ . . .

"မစ္စနယ်လီ၊ ခင်ဗျားတို့တူအရီးနှစ်ယောက် ဒီရက်ပိုင်း အပြင်ထွက်လို့ရမှာ မဟုတ်ဘူး။ အဲ့ဒီ ပါပါရာဇီတွေက သတင်းရဖို့ ပေကပ်စောင့်နေမှာ"

"ရှင် သိနေပြီးသားပေါ့ . . . ဟုတ်လား"

ဒေါ်လေးက မသက်သာလို့မေးတော့ အန်ကယ်ရော်ဂျာက နားမရှင်းဟန်နဲ့ . . .

"ဘာကိုလဲ"

"ကျွန်မတူရဲ့ လက်တွေအကြောင်းကို ရှင် ဟိုးအရင်ကတည်းက သိနေတာလားလို့ မေးတာ"

အန်ကယ်ရော်ဂျာ ငြိမ်သွားတယ်။ ပြီးမှ သက်ပြင်းတစ်ချက်ချရင်း . . .

"အင်း . . . "

တဲ့။ ပြီးတော့ သူ့ခြေအိတ်တွေကိုလည်း ချွတ်ပစ်လိုက်တယ်။ ပြီးတော့ ဘယ်ဘက်ခြေထောက်ကို ရှေ့ထုတ်ပြတယ်။ ကျွန်တော်တို့



ကြည့်လိုက်တော့ ခြေသန်းက နှစ်ချောင်းဖြစ်နေတယ်။ ခြေပွားလေးနဲ့ပေါ့။

"ကျွန်တော် ငယ်ငယ်က ကျောင်းမှာ ဒီခြေပွားလေးကြောင့် အရမ်း စ,နောက်ခံခဲ့ရတာ။ ကစားကွင်းထဲမှာ ဘောလုံးကန်ရင် ခြေချောင်းခြောက်ချောင်းနဲ့ ဂြိုဟ်သားကို မပါခိုင်းနဲ့လို့ ဝိုင်းအော်ခံခဲ့ရတာပါ။ ဒါကြောင့် ဟန်းရဲ့ဘဝကို ကျွန်တော် နားမလည်နိုင်စရာ အကြောင်း မရှိဘူး"

ကျွန်တော်တို့ အန်ကယ်ရော်ဂျာရဲ့ ယဉ်ကျေးမှုစိတ်ထားအပေါ် ကျေးဇူးတင်မိသွားကြတယ်။ ဘာကြောင့်မှန်းမသိဘဲ ကိုယ့်မိသားစု တစ်ယောက်လိုတောင် ကျွန်တော် ခံစားမိလိုက်တယ်။

ကျွန်တော် အိမ်ထဲက မထွက်ခဲ့တာ ရက်တွေ ကြာခဲ့တယ်။ သတင်းသမားတွေဟာ အိမ်ရှေ့မှာ အရေအတွက် နည်းသွားရုံကလွဲပြီး လုံးဝ ပျောက်ကွယ်မသွားသေးဘူး။ တကယ်တော့ သတင်းသမားတွေ ရှိလည်း ကျွန်တော် အိမ်အပြင်ထွက်ဖို့ မဖြစ်နိုင်တော့ပါဘူး။ လမ်းထဲကလူတွေ၊ အိမ်နီးချင်းတွေက ကျွန်တော့်အကြောင်း သိသွားကြပြီပဲ။ သာမာန်မဟုတ်တဲ့ မျက်လုံးတွေနဲ့ ကျွန်တော့်ကို ကြည့်ကြလိမ့်မယ်။ ကျွန်တော့်ကို သာမာန်လူအဖြစ်က ဖောက်ပြန်သွေဖယ်နေသလို ဆက်ဆံကြလိမ့်မယ်။

ရွာကလူတွေရဲ့ ကျိန်ဆဲရန်ပြုမှုခံရတုန်းက ငယ်ရွယ်နုနယ်သေး၊ အမြင်မကျယ်သေးလို့ ခံစားရ၊ ဝမ်းနည်းနာကျင်ရသလို ဒီအရွယ်ရောက်တော့လည်း မထူးပါဘူး။ မွန်းကြပ်ရှက်ဝံ့ရတာပါ။ ဒေါ်လေးကတော့ အရင်လို ငိုယိုပြီး အသေကောင်လို မျှော်လင့်ချက်မဲ့နေတာမျိုးတွေ မဖြစ်တော့ပါဘူး။ လူခြေတိတ်ချိန်မှာ ပြောင်းရွှေ့ဖို့တွေလည်း လုံးဝမပြောတော့ဘူး။ လူတွေအကြောင်း နောကြေသွားပုံ၊ ကံကြမ္မာပေါ် အချဉ်ပေါက်ပြီး ရင့်ကျက်ပမာမခန့် ပြုသယောင် မျက်နှာပေးမျိုးတောင် တွေ့ရသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

"အိမ်အပြင်ထွက်မရတော့ မထွက်ဘူးပေါ့အေ"

လို့ ရေရွတ်ပြီး အိမ်ထဲရှိတာတွေပဲ ဖျက်ဖြတ်စားနေလိုက်တယ်။

အန်ကယ်ရော်ဂျာကတော့ အိမ်ရဲ့ လိုတာမှန်သမျှ နေ့စဉ် လာပို့နေတော့တာပဲ။ တစ်ပတ်ကျော်ကြာတဲ့အထိ တီဗီမှာလည်း ကျွန်တော့် သတင်းတွေ ခပ်စိပ်စိပ် လာနေဆဲပဲ။ အန်ကယ်ရော်ဂျာရဲ့ ပြောပြချက်အရ နေ့စဉ်ထုတ်၊ အပတ်စဉ်ထုတ်၊ ဂျာနယ်၊ သတင်းစာတွေမှာလည်း ကျွန်တော့်အကြောင်းတွေ ပြည့်နှက်နေတာပဲတဲ့။ ကျွန်တော့်ဘဝက စိတ်ဝင်စားစရာကောင်းမှာ ဖြစ်တဲ့အကြောင်း၊ လူအများကလည်း သိချင်နေကြတဲ့ အကြောင်းတွေပေါ့လေ။ ရေးထားတဲ့ သတင်းတွေအရ သမ္မတကတောင် ကျွန်တော့်ကို လာဆင်းတွေ့ချင် တွေ့တော့မလိုပေါ့။

ရက်ပေါင်း (၂၀)ကျော်အတွင်း ကျွန်တော့်ကို လူမှုအဖွဲ့ ငါးဖွဲ့လောက်က လာတွေ့တယ်။ အဌာပုဏ္ဏိရေး တရေးဆရာ ခုနစ်ယောက်လာတွေ့တယ်။ ကျွန်တော် အဌာပုဏ္ဏိရေးပြီး ဟယ်ရီပေါ်တာရေးတဲ့ ဂျေကေရိုလင်းထက် ဝင်ငွေသာအောင် ကြံဖန်ချင်ကြပုံ ပေါ်နေတယ်။ (ဒေါ်လေးက ဆဲလွှတ်တယ်)။ အားဆေးကြော်ငြာရိုက်ဖို့ ကုမ္ပဏီတစ်ခုအစည်း လူမှုအဖွဲ့ဟန်ဆောင်ပြီး တိတ်တဆိတ် လာဆက်သွယ်တယ်။ (ဒေါ်လေးက တားပွဲတင်မီးအုပ်ဆောင်းနဲ့ အဲဒီလူတွေကို ပိတ်ပေါက်ခဲ့တယ်။) ကျွန်တော့်ကို ထူးဆန်းထွေလာ သတ္တဝါအဖြစ် ရုပ်ပြစားချင်ပုံပဲ။

လူမှုရေးအဖွဲ့တွေကတော့ ကျွန်တော် ခွဲစိတ်ချင်ရင် ကျွန်တော့်လက်တွေကို ခွဲစိတ်ပေးပါရစေလို့ ကူညီဖို့ ကမ်းလှမ်းကြတယ်။ ငယ်ငယ်တုန်းကလိုဆိုရင်တော့ ကျွန်တော် ပျော်ရွှင်မှာ ခေါင်းညိတ်မိမှာပဲ။ ဒါပေမဲ့ အခုတော့ ကျွန်တော် ထုံနေတယ်။ ခွဲစိတ်လည်း အရေးမကြီး၊ မခွဲစိတ်လည်း အရေးမကြီးတော့သလို ခံစားနေရတယ်။ ဒါပေမဲ့ ခွဲစိတ်ပေးဖို့ ကမ်းလှမ်းလာတဲ့ လူမှုရေးအဖွဲ့အစည်းအားလုံးကို 'စဉ်းစားပါရစေ' လို့ဆိုပြီး စောင့်ဆိုင်းနိုင်းခဲ့တယ်။



တကယ်က ကျွန်တော်က ဘာကိုစဉ်းစားမှာလဲ။

တစ်ညမှာ ဒေါ်လေးနဲ့ အန်ကယ်ရော်ဂျာက မေးတယ်။

"မင်း . . . မင်းရဲ့လက်တွေကို ခွဲစိတ်ကုသမှာမို့လား"

"ကုသလို့ရင် တကယ်အောင်မြင်မှာလား။ အောင်မြင်သွားရင်ကော လူတွေက ကျွန်တော့်ကို တန်းတူဆက်ဆံကြမှာလား"

"ခွဲစိတ်မှု အောင်မြင်မှာပါ။ တန်းတူလည်း ဆက်ဆံကြမှာပါ"

"ဆေးပညာကို ယုံပါတယ်။ ဒါပေမဲ့ လူတွေကို မယုံဘူး။ ကျွန်တော့်ကိုယ်မှာ ပေါက်နေတဲ့ လက်အပိုနှစ်ဖက် မရှိတော့ရင်တောင် သူတို့မျက်လုံးထဲမှာ ပေါက်နေမယ့် ကျွန်တော့်အတွက် လက်အပိုနှစ်ဖက်က ရှိနေဦးမှာပဲ"

ကျွန်တော် အသေးစိတ် ခွဲခြမ်းပြောလိုက်တော့ အန်ကယ်ရော်ဂျာနဲ့ ဒေါ်လေး နှုတ်ခမ်းတွေ နေးသွားတယ်။ အတန်ကြာအောင် နှုတ်ဆိတ်နေပြီးမှ . . .

"ဘာပဲဖြစ်ဖြစ် မှန်းကွယ်ပြီး အရင်လို အေးအေးဆေးဆေးနေလို့မှ မဖြစ်တော့တာ။ အားလုံး သိကုန်ပြီပဲ။ ပွင့်ပွင့်လင်းလင်းပဲ ခွဲစိတ်လိုက်တာ ပိုကောင်းမှာလို့ ထင်တယ်"

"ဟုတ်တယ် . . . ငါတို့လည်း မြို့ပြမှာ အနေကြာခဲ့ပြီပဲ။ အတွေးခေါ် တစ်ဖက်ပိတ်ထဲမှာ ကြောက်ရွံ့လမ်းပျောက် မနေသင့်တော့ဘူး"

သူတို့ တိုက်တွန်းမှုတွေက သဘာဝကျလှပါတယ်။ ဒါပေမဲ့ ကျွန်တော် တွေဝေနေမိတယ်။ ကျွန်တော့်ကို မတွေဝေအောင် ထုတ်နိုင်စွမ်းရှိတဲ့သူကို ကျွန်တော် စောင့်တမ်းနေတယ်။

"ကျွန်တော် လီလီပြောမယ့် စကားတစ်ချို့ကို ကြားချင်သေးတယ်"

လီလီနဲ့ မတွေ့ရတာ ဘယ်လောက်ကြာပြီလဲဟင်။

ᨕ ᨕ ᨕ



www.burmeseclassic.com

www.burmeseclassic.com

## (17)

အချိန်တစ်လလောက် ကြာတဲ့အထိ လီလို့ကို မတွေ့ရတဲ့နောက်မှာတော့ ကျွန်တော် လီလို့ကို ဆုံးရှုံးရပြီဆိုတာ သိလာတယ်။ အဲ့ဒီအသိဟာ တကယ်ကြေကွဲဖွယ်ပဲ။

လီလီ အခု ဘယ်မှာလဲ။ လီလို့အဖေရဲ့ ထိန်းချုပ်မှုအောက်မှာ ရောက်နေတာလား၊ တခြားတစ်နေရာ ပို့ထားတာလား၊ လီလီကိုယ်တိုင်ကကော ကျွန်တော့်ကို တွေ့ချင်သေးရဲ့လား၊ တောင်ခြေက သစ်ခေါင်းထဲမှာများ လီလီ စာတစ်စောင် လာထည့်ထားမလား၊ ကျွန်တော့်အကြောင်းတွေ လူတွေအားလုံးသိသွားလို့ လီလီများ ရှက်သွားတာလား။ ဟင့်အင်း . . . လီလီက အဲ့လိုမဟုတ်ဘူး။ ကျွန်တော် ဘယ်အခြေအနေရောက်ရောက် ကျွန်တော့်ဘက်မှာ ရှိမယ့်သူ။ ဒါဆို အခု ဘယ်ရောက်နေလဲ။ ဘာကြောင့် ကျွန်တော့်ရှေ့ ပေါ်မလာတာလဲ။ သတင်းတစ်စွန်းတစ်စတောင် မရခဲ့ဘူး။

စိတ်ညစ်တာ၊ စိတ်ရှုပ်တာ၊ စိတ်ပျက်တာတွေထက် လီလို့ကို မတွေ့ရတဲ့ သောကက ပိုကြီးတယ်။ ကျွန်တော် မှိုင်နေတာကိုမြင်တော့ ဒေါ်လေးက စိတ်မကောင်းဘူး။ အန်ကယ်ရော်ဂျာကလည်း နှစ်သိမ့်တယ်။



"သူနဲ့မင်း အကြာကြီး ပျော်ခဲ့ဖူးတာပဲ"

တဲ့။ ဟုတ်တော့လည်း ဟုတ်ပါတယ်လေ။ ဒီလောက်နဲ့လည်း ကျွန်တော် ကျေနပ်သင့်တာပဲ။ ကျွန်တော့်လိုကောင်မှာ လီလီလိုမျိုး မိန်းကလေးတစ်ယောက် အကြာကြီး ရှိနေခဲ့တာကိုက အကောင်းဆုံး ဆုလာဘ်တစ်ခု ဖြစ်ခဲ့ပြီးပြီပဲ။ ဒီထက်ပိုမျှော်လင့်ရင် လီလို့အပေါ် မတရားသလိုဖြစ်နေမှာပေါ့။ စိတ်တွေ လျှော့ထားလိုက်ရတယ်။

ဒီရက်ပိုင်းပဲ ဒေါ်လေးတို့တိုက်တွန်းတာကြောင့် ကျွန်တော် ခွဲစိတ်ကုသဖို့ သဘောတူလိုက်တယ်။ နိုင်ငံတကာ အကောင်းဆုံး ခွဲစိတ်ကျွမ်းကျင်တွေကို ဖိတ်ခေါ်ထားတယ်လို့ ပြောတယ်။ ကျွန်တော့်လက်အပိုနှစ်ဖက်က ဆေးပညာသမိုင်း မှတ်တမ်းထဲမှာ ထူးခြားမှုတစ်ခု ဖြစ်နိုင်သလား။ ကာယကံရှင် ကျွန်တော်ကတော့ စိတ်မပါသလိုဖြစ်နေတယ်။

"လီလီရေ . . ."

အစာမစားတာကြောင့် ကျွန်တော် ပိန်နေတယ်။ အခုရက်ပိုင်း ခွဲစိတ်ခန်းဝင်ရမှာမို့ ကြိုးစားပြီး ပြန်စားရတယ်။ လီလီနဲ့အတူ စားသောက်ပျော်ပါးခဲ့တာတွေကိုပဲ သတိရတယ်။ လီလို့ခါးလေးကို ကိုင်ပြီး ကခဲ့တဲ့ နောက်ဆုံးတွေ့ဆုံချိန်ကို မျက်လုံးထဲက မထွက်ဘူး။ လီလီရေ . . . ဘဝရဲ့အဓိပ္ပာယ်ကို လာပြောပြလှည့်ပါဦး။

ဒီလိုနဲ့ ခွဲစိတ်ဖို့ နှစ်ရက်လောက်အလိုမှာတော့ မျက်မှောင်ကျုံ့စရာ ဧည့်သည်တစ်ယောက် ရောက်လာခဲ့တယ်။ လီလို့အဖေပါ။ ခြံရှေ့ကားရပ်လိုက်ကတည်းက သတင်းထောက်တွေရဲ့ ရှတ်ရှတ်ရှတ်ရှတ် အသံနဲ့အတူ သတိထားမိလိုက်တယ်။

လီလို့အဖေ ရိုလန်ဂျိမ်းဘော့စ်နဲ့ သူ့တပည့်တွေ အိမ်ထဲဝင်လာချင်းပဲ ဒေါ်လေးက ကောင်းကောင်း ကြိုဆိုလိုက်တယ်။ သူ့ဖို့ ပိုက်ဆံသေတ္တာကို ပြန်ထိုးပေးပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

"ရှင့်ကို ပိုက်ဆံထုပ်နဲ့ ထုလိုက်တုန်းက ရှင် နှာခေါင်းသွေး နည်းနည်းစွန်းသွားတာကလွဲရင် ဒီထဲမှာ တစ်ပြားတစ်ချပ်မှ မလျော့ဘဲ ရှင်ပေးထားတဲ့အတိုင်း ရှိပါတယ်။ ပြန်ယူသွားပါ"

လီလီ့အဖေ မျက်နှာက ညှိုးနေတယ်။ အရင်တစ်ခါလို ပြတ်သားပြီး မာန်ဝင့်တဲ့ပုံမျိုး မရှိဘူး။ နည်းနည်းလည်း ပိန်သွားသလိုပဲ။

"ဟန်း . . . ကောင်လေး၊ မင်း ငါနဲ့လိုက်ခဲ့ပါ"

လို့ လီလီ့အဖေက ပထမဆုံး တစ်ခွန်းအနေနဲ့ ပြောတယ်။ ကျွန်တော်က . . .

"ဘယ်လိုက်ရမှာလဲ"

"မင်း . . . လီလီ့ကို မတွေ့ချင်ဘူးလား"

ကျွန်တော်တို့ အိမ်အပြင်ထွက်တော့ သတင်းထောက်တွေ ဓာတ်ပုံရိုက်ကြတယ်၊ ကျွန်တော့်လက်တွေကို အဓိကရိုက်ကြတယ်။ ကျွန်တော်ကလည်း လက်တွေကို အင်္ကျီအောက်ထဲကွယ်ဝှက်မှ မထားတော့ဘဲ ရိုက်ချင်လည်း ရိုက်ကြတော့။ သောက်ဂရုမစိုက်တော့ဘူး။ အရေးကြီးတာ လီလီနဲ့တွေ့ဖို့ပဲ။

ကျွန်တော် ကားနောက်ခန်း အမြန်ဝင်လိုက်တာနဲ့ ကားက လည်း ဝေါခနဲ စတင်ထွက်တော့တာပဲ။

• • •

ဆေးရုံအခန်းတံခါးကို တွန်းဖွင့်ပြီး ကျွန်တော် ဝင်လိုက်တော့ လီလီ့ကို တွေ့လိုက်ရတယ်။ ဆေးပိုက်တွေ အထွေးလိုက် နွယ်တက်နေတဲ့ ဆေးရုံခုတင်ပေါ်မှာ။

ကျွန်တော် အမြန် သူ့ခုတင်ဘေး ဒူးထောက်လျှောဝင်ပြီး သွားလိုက်တယ်။

"လီလီ . . ."



လီလီက မျက်လုံးလေး မှေးနေရာကနေ ဖွင့်ကြည့်တယ်။ ကျွန်တော့်ကိုတွေ့တော့ သွားလေးပေါ်အောင် ရယ်ပြတယ်။ သူ့နှုတ်ခမ်းတွေမှာ သွေးမရှိသလိုပဲ။ တစ်ကိုယ်လုံး ပျော့ပျော့မျော့မျော့လေး ကျုံ့ဝင်နေလိုက်တာ။

"ငါ အိပ်မက် မက်တယ်။ အိပ်မက်ထဲမှာ နင်က ငါ့ကို အထင်လွဲနေတယ်။ နင့်ကို လာမတွေ့လို့ဆိုပြီး နင် အတွေးမျိုးစုံနဲ့ စိတ်မကောင်းဖြစ်ပြီး မှိုင်တွေနေတယ်တဲ့"

လီလီက ကျွန်တော့်စိတ်ကို အသိဆုံးပါပဲလား။ ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။ ပြီးတော့ သူ တဟွတ်ဟွတ်နဲ့ ချောင်းဆိုးတယ်။ နည်းနည်းကြာအောင် ဆိုးတယ်။ ပြီးတော့ မောနေတယ်။

"အသက်ရှူကြပ်တယ်။ လေကောင်းလေသန့် ရှိတဲ့နေရာ ငါ့ကို ခေါ်သွားပေးပါ . . . ဟန်း"

လီလီကပြောတော့ ကျွန်တော် လီလီ့အဖေကို မော့ကြည့်လိုက်တယ်။ လီလီ့အဖေက ညှိုးရော်လွန်းတဲ့ မျက်နှာနဲ့ပဲ ခေါင်းညိတ်ပြတယ်။ လီလီ့ကို ကျောပိုးပြီး ဆေးရုံအောက်ကိုဆင်းတော့ သတင်းထောက်တွေရဲ့ ဓာတ်ပုံရိုက်မှုကို ခံရသေးတယ်။

လီလီ့အဖေကိုယ်တိုင် လေကောင်းလေသန့်ရှိတဲ့နေရာကို လိုက်ပို့တယ်။ ပင်လယ်ဘက်ဆီ မဟုတ်ပါဘူး။ မြို့ပြင်က တောင်ကုန်းဆီကိုပါ။

လီလီနဲ့ တောင်မတက်ရတာ ကြာပြီ။ လီလီ့ကိုယ်ခန္ဓာဟာ နွမ်းဖျော့ပြီး ပေါ့ပါးလေးဖြစ်နေတာကို ကျောပိုးထားတဲ့ ကျွန်တော်က သိတယ်။ တောင်ထိပ်ရောက်တော့ သူ့ကို အသာချပြီး ကျွန်တော့်ပခုံးမှာ မှီထိုင်စေတယ်။

လေတွေ အရင်တိုင်းပဲ တိုက်ခတ်နေတယ်။ ပင်လယ်တွေ အရင်လိုပဲ ပြာနေတယ်။ ဂျစ်ပစီရပ်ကွက်ဟာ အရင်လိုပဲ မှိုင်းညို့နေသေးတယ်။ ဖျားနာနေတဲ့ ချစ်သူဟာ ကျွန်တော့်ကို မှီလျက်ပေါ့။ သူ့ကို ဘာပြောရ

www.burmeseclassic.com

မှန်း မသိဘူး။ ပြောစရာတွေများလွန်းလို့ ဘာပြောရမှန်း မသိတော့ဘူး။ သူ့ကိုလည်း ဘာမှ မပြောခိုင်းချင်ဘူး။ သူမောမှာ စိုးရိမ်တယ်။ သူ မိနစ်ပိုင်းလောက် ကမန်တော့ပခုံးမှာ မှေးပြီး အိပ်စက်သွားသေးတယ်။ နိုးလာမှ . . .

"ငှက်တွေကို မုန်းတယ်လို့ နင်ပြောဖူးတယ်နော် ဟန်း။ အဲ့ဒါ ဘာလို့ မုန်းတာလဲ"

"ငါ (၁၇) နှစ်တုန်းက အိမ်ရှေ့က ငှက်တွေကို အစာကျွေးခဲ့တယ်။ ငါ့လက်ဖဝါးပေါ်မှာ ပြောင်းဖူးစေ့တွေတင်ပြီးတော့ပေါ့။ ပုံမှန်ကျွေးတုန်းကတော့ စားပါတယ်။ ဒါပေမဲ့ လက်အပိုနှစ်ဖက်နဲ့ ကျွေးတော့ ဘယ်ငှက်မှ လာမစားတော့ဘူး။ တိုက်ဆိုင်တာလား၊ ဘာအကြောင်းကြောင့်လဲ မသိပေမယ့် ငါပဲ ခံစားရတယ်။ အဲ့ဒီနေ့ကတည်းက ငါ ငှက်တွေကို မုန်းသွားတာ"

"နောက်ဆို မမုန်းဖို့ နင် ကတိပေးနိုင်မလား"

လီလီက မော့ကြည့်ရင်း ကတိတောင်းနေတယ်။ အရောင်ဖျော့နေတဲ့ သူ့မျက်နှာကို ကျွန်တော် အားမရဘူး။

"မမုန်းပါနဲ့ . . ချစ်ခင်တတ်အောင် ကြိုးစားကြည့်ပါ။ ချစ်ခြင်းဟာ ရာသီမရွေးတဲ့ ပန်းသီးတစ်လုံးဖြစ်ပြီး လူတိုင်းရဲ့ လက်တစ်ကမ်းမှာ ရှိတယ်လို့ မာသာထရီဇာက ပြောခဲ့တယ်"

"အဲဒီစကား အန်ကယ်ရော်ဂျာပြောလို့ ငါလည်း ကြားဖူးတယ်။ ဒါပေမယ့် အဲဒီသစ်သားကို ငါ့လက်တွေနဲ့ကမ်းလို့ ကောင်းပါ့မလား"

"ဘာလို့ မကောင်းရမှာလဲ။ နင့်လက်မှာ ချစ်ခြင်းတရားရှိရင် လူတိုင်း နင့်လက်ကမ်းမှုကို ငြင်းဆန်မှာ မဟုတ်ဘူးလို့ ငါ အာမခံပါတယ်။ ဟင်း . . . နင် ငှက်ကလေးတွေကို မမုန်းဖို့ ကတိပေးနိုင်မလား"

အားဖျော့နေတဲ့ သူ့နှုတ်ခမ်းဖျော့က တောင်းဆိုမှုကို ကျွန်တော် မငြင်းနိုင်ပါဘူး။

"ငါ ကတိပေးပါတယ်"



"နောက်ထပ် ကတိတစ်ခု ထပ်ပေးဦး"

"ဘာကတိလဲ"

"မျက်နှာနှစ်ခုပါတဲ့ အီဗရာမိုဒတ်လို ကိုယ့်ကိုယ်ကိုယ် သတ်မသေဘူးလို့ ကတိပေး"

"အဲ့ဒီ ကတိက ပေးပြီးသားပဲ"

"ထပ်ပေးဦး"

ကျွန်တော် ကတိထပ်ပေးလိုက်တော့မှ သူ ကျေနပ်သွားတယ်။ မှုန်မှိုင်းနေတဲ့ မျက်နှာဖြူလေးနဲ့ ပြုံးတယ်။ မောနေတဲ့ အသံလေးနဲ့ပဲ ထပ်ပြီး . . .

"ငါ အခု ဘာလုပ်ချင်လဲ . . . သိလား။ နင်နဲ့လေ ကမ္ဘာအနှံ့ လျှောက် သွားပြီး အမှိုက်လိုက်ကောက်ချင်တယ်"

"အဟား . . ."

ကျွန်တော် ခေါင်းဖွဖွ ယမ်းပြီး ရယ်မိတယ်။ လူက ဒီလောက်တောင် နေမကောင်းဖြစ်နေတာတောင် အမှိုက်ကောက်ဖို့ စိတ်ရှိနေသေးတယ်။ ကျွန်တော်နဲ့ အကြာကြီး အကြည့်စုံဖြစ်တယ်။ ပြီးတော့ သူက ကျွန်တော့်လက်တွေကို လျှောက်နမ်းနေတော့တာပဲ။ တရှုတ်ရှုတ်နဲ့ ကျွန်တော့် လက်ချောင်းတစ်ချောင်းချင်းစီအထိ။

"လီလီ . . ."

"ဟင်"

"ငါ့မှာ ဒီလောက်လက်အပို နှစ်ဖက်ကြီးပါနေတာတောင် နင် ဘာလို့ ငါ့ကိုချစ်တာလဲ"

" . . . . . . . "

သူဖြေတဲ့အဖြေက ကျွန်တော့်ကို ကောင်းကင်လို ပွင့်ထွက်လို့ ကြီးမြက်ပျော်ရွှင်သွားစေတယ်။

သူ ကျွန်တော့်မျက်နှာကို မက်မောစွာကြည့်ရင်း ကမ္ဘာ့အကောင်းဆုံး အဖြေတစ်ခုကိုပေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ့မှာလည်း နင့်အတွက် မမြင်ရတဲ့ နှလုံးသားအပိုတစ်ခု ပါလာလို့နေမှာပေါ့"

တဲ့။

ကျွန်တော် ပျော်လိုက်တာ။

ပျော်လွန်းလို့ ထိုင်ရာကထပြီး အော်ပြေးမိတယ်။ ငါ့လီလီ .. ငါ့လီလီ . . . လို့ အော်ဟစ်ပစ်ရင်းပေါ့။ လေတွေ အရမ်းတိုက်တယ်။ သစ်ပင်တွေက သစ်ရွက်တွေ တဖျောဖျော်နဲ့ ကြွေကျတော့ ကျွန်တော် ပျော်ရွှင်စွာ အော်ဟစ်ရင်း သစ်ရွက်တွေကို လိုက်ဖမ်းတယ်။ ကျွန်တော်က လက်လေးဖက်နဲ့ဆိုတော့ သစ်ရွက်ကြွေတွေ အများကြီးရတာပေါ့။

ပျော်လိုက်တာ . . . လီလီရယ်။

အဓိပ္ပာယ်တွေအားလုံးရဲ့ အလယ်ဗဟိုထဲ ရောက်သွားသလို အရာရာမှာ အလင်းပွင့်သွားတယ်။ ပျော်လွန်းမက ပျော်တယ်။ ဒီအချိန် အားနဲ့ခုန်လိုက်ရင် . . . ဟိုး . . . က တိမ်နှစ်ခုကြားထဲ ခေါင်းတိုးဝင်သွားမလားပဲ။ အဲ့ဒီထက်မက ပျော်တယ်။

ဘာလို့မှန်းမသိ သစ်ရွက်ခြောက်တွေပွေ့ပိုက်ပြီး သူ့ဆီ ပြန်ပြေးလာခဲ့တယ်။ လီလီက ကျွန်တော့်ကို ပြုံးရင်း ကြည့်နေတယ်။

"လီလီရေ . . ."

ကျွန်တော် သူ့ရှေ့ ဒူးထောက်ပြီး ဘာကြောင့်မှန်းမသိ သစ်ရွက်ခြောက်တွေ ဖြည်ပြနေမိတယ်။ လီလီက ပြုံးနေဆဲပဲ။ ကျွန်တော် ပြေးလာတုန်းက ပြုံးကြိုနေသလို ပြုံးနေတုန်းပဲ။

"လီလီရယ် . . ."

ကျွန်တော် သူ့ကိုကြည့်ပြီး ရေရွတ်တော့ ပြုံးနေဆဲပဲ။ ငြိမ်သက်ပြီး ပြုံးနေတယ်။ တကယ်ငြိမ်သက် ပြုံးနေတာ။ ပြီးတော့ မလှုပ်မယှက် ပြုံးနေတာ။

"ဟင် . . ."



သူ့အပြုံးကို ကျွန်တော် လန့်သွားတယ်။ ချက်ချင်း သူ့ရင်ခွင်ထဲ ခေါင်းထိုးပြီး သူ့ရင်အုံမှာ နားရွက်ကပ်လိုက်တယ်။

"ဟာ . . ."

"လီလီ . . . လီလီ . . ."

လီလီ့နာမည်ကို အလီလီခေါ်ရင်း ကျွန်တော် မျက်ရည်တွေ ပြိုဆင်းလာတယ်။

"အား . . . လီလီ"

ချက်ချင်း လီလီ့ကိုကျောပိုးပြီး တောင်အောက်ဆင်းတယ်။

တောင်ဆင်းလမ်းမှာ ကျွန်တော့်ကျောပေါ်က လီလီရဲ့လက်တွေဟာ ကျွန်တော်ပခုံးကနေ အောက်ကို တွဲလောင်းလှုပ်ယမ်းကျလို့ပေါ့။

• • •

"ငါ့မှာ ဒီလောက် လက်အပိုနှစ်ဖက်ကြီး ပါနေတာတောင် နင် ဘာလို့ ငါ့ကိုချစ်တာလဲဟင်"

"ငါ့မှာလည်း နင့်အတွက် မမြင်ရတဲ့ နှလုံးသားအပိုတစ်ခု ပါလာလို့ နေမှာပေါ့"

အဲ့ဒီလိုဖြေခဲ့တဲ့ နှလုံးရောဂါသည် ကောင်မလေးဟာ ကျွန်တော့်ရှေ့မှာတင် နှလုံးရပ်သွားခဲ့ပါတယ်။

• • •

ခေါင်းလောင်းတွေ ကြေမွသွားသံက တိတ်ဆိတ်လွန်း
မျက်ရည်စုပ်ငှက်တွေ နားခိုဖို့ မျက်တောင်မွေးသစ်ကိုင်းဟာ
အနက်ရောင်မျှော်လင့်မှု
အလင်းကိုပေးဖူးသူဟာ မျက်လွှာချသွားခဲ့ပြီ



www.burmeseclassic.com

www.burmeseclassic.com

သူ့ဝိညာဉ်ဟာ ခေါက်ရိုးကျိုးဝိညာဉ်တွေလို
မှိန်ဖျော့နေမှာ မဟုတ်ဘူး
တင်းကြပ်စွာ ပွေ့ပိုက်ထားပေမယ့် သေမင်းက ဖြည်ယူသွားတယ်
သူ့အစား ကိုယ့်လုံးကိုယ်ထည်တူတဲ့ ဝမ်းနည်းစရာကို
ညင်သာစွာ သတိမထားမိအောင် ထည့်သွားခဲ့
သစ်ရွက်ခြောက်တစ်ရွက်ကြွေသံက ဂျိမ်းခနဲ တံခါးပိတ်သံလိုပဲ
ကြွေပြီးသား သစ်ရွက်ကို ပန်းကလေးနဲ့ပူးချည်ဖို့မဖြစ်တော့
ငါဟာ ငိုမဲ့မှုတွေနဲ့ ကျွမ်းဝင်တဲ့
မေဘာယ်လ်ကျောက်တုံး ဖြစ်လာခဲ့တယ်။



**(18)**

မိုးရေစက်တွေထဲမှာပဲ ဘုန်းတော်ကြီးဟာ ကျမ်းစာရွတ်တယ်။

ထီးအနက်တွေ ဖွင့်ဆောင်းထားကြပေမယ့် ကျမ်းစာရွက်ပေါ် မိုးစက်တွေ လှမ်းစင်နေဦးမှာပါ။

သင်္ချိုင်းတော်မှာ မိုးရွာတော့ ဝိညာဉ်တွေ ဘယ်နားသွားမိုးခိုမလဲ။ မစ္စလင့်ခ် (လီလီ့အမေ) ရဲ့ ရှိုက်သံက လူအုပ်ထဲမှာ မထိန်းချုပ်နိုင်ဆုံး ထွက်ပေါ်နေတယ်။ မိုးစက်မှုန်တွေကို လက်လေးဖက်နဲ့ ယှက်ဖြာမိုးပြီး ကာကွယ်ရင် အနည်းငယ် သက်သာရာရပေမယ့် ကျွန်တော့်လက်တွေက အရိုးမရှိသလို တွဲလောင်းကျနေတယ်။ အားလုံး လီလီ့အတွက် ဆုတောင်းပေးနေကြတယ်။ လီလီ့ရဲ့ မြေပုံမို့မို့ပေါ်က မာဘယ်လ်ကျောက်ပြားကို လှမ်းကြည့်ရင်း ကျွန်တော် အသက်မဲ့နေတယ်။ ဆုတောင်းအပြီးမှာပဲ မိုးလည်းတိတ်သွားတယ်။ နေလည်း နည်းနည်းပြန်ပွင့်လာတယ်။

လူတွေအားလုံး ပြန်ကြတော့မယ်။ လီလီ့သူငယ်ချင်းတွေအားလုံးက ဖြတ်သွားရင်း ကျွန်တော့်လက်တွေကို ကြည့်သွားသေးတယ်။ ရပ်နေတဲ့ ကျွန်တော့်ဘေးကနေ လီလီ့အမေ၊ လီလီ့အစ်မလင်မယား၊

www.burmeseclassic.com

ဘုန်းတော်ကြီးနဲ့ လီလီ့ဆွေမျိုးတွေ တစ်ယောက်ပြီးတစ်ယောက် ဖြတ်သွားတယ်။ တစ်စုံတစ်ယောက်ကကတော့ ဘေးကဖြတ်မသွားဘဲ ကျွန်တော့်ရှေ့မှာ ခြေစုံလာရပ်တယ်။

ခြေထောက်မြင်ကတည်းက လီလီ့အဖေမှန်း စိတ်ထဲကနေ ကျွန်တော် သိတယ်။ မီးလောင်တဲ့နေ့ကတည်းက ကျွန်တော် မေ့မျောသွားချိန် လီလီလည်း စိတ်လှုပ်ရှားလွန်းလို့ မေ့မျောသွားတာတဲ့။ အဲဒီနောက်ပိုင်း လီလီ့ကို ဆေးရုံတင်လိုက်ရတယ်။ လီလီ ဆေးရုံမှာ ပြန်မသက်သာလာခဲ့ပါဘူး။ ကျွန်တော်နဲ့တွေ့တဲ့ နောက်ဆုံးနေ့က လီလီ့ပုံစံက အလန်းဆန်းဆုံးပဲတဲ့။ ကျွန်တော်နဲ့ တွေ့ရမှာမို့ အားယူထားတာလည်း ဖြစ်မှာပါ။

ကျွန်တော် မော့ကြည့်လိုက်တော့ လီလီ့အဖေက ငိုထားတယ်။ လီလီ့အဖေ ကျွန်တော့်လက်တွေကို ယူလိုက်ပြီး ဆုပ်ထွေးလို့ . . .

"တောင်းပန်ပါတယ်"

လို့ ဝမ်းနည်းပမ်းနည်း ပြောတယ်။ ကျွန်တော်လည်း ငိုတယ်။ မျက်ရည်တွေနဲ့ပဲ သူ့ကို ခေါင်းညိတ်ပြလိုက်တယ်။

လူတွေအားလုံး လီလီ့အုတ်ဂူနားကဝေးသွားမှ လီလီ့မှတ်တိုင်ဆီ ကျွန်တော် သွားလိုက်တယ်။ နှင်းပန်းတွေကို ကျောက်ပြားမှာ မှီတင်လိုက်ပြီး ကျွန်တော် ဖရိုဖရဲ ထိုင်ငိုနေတော့တာပဲ။

ဘာလုပ်ရမှန်းလည်း မသိဘူး။ ရှင်သန်နေချင်စိတ်လည်း မရှိဘူး။

ငိုချင်တာပဲ သိတယ်။ ဒူးထောက်ပြီး ငိုနေလိုက်တော့တယ်။

လီလီနဲ့ တောင်ပေါ်မှာ နေခဲ့ရတဲ့အချိန်တွေကိုပဲ သတိရ[illegible]တယ်။ အချိန်ပြည့် တောင်စွန်းလေးမှာထိုင်ပြီး အဝေးကို ကြည့်ရတဲ့[illegible]ကို ကမ်းတတယ်။ တောင်ပေါ်မှာ မိုးရွာရင် သစ်ပင်တွေအောက်ပြေးပြီး မိုးခိုတာလည်း သတိရတယ်။ ပင်လယ်ကမ်းခြေသွားတဲ့ နေ့ကိုလည်း လွမ်းတယ်။ အား . . . အားလုံး သတိရစရာတွေချည်းပဲ။



နေ့က ကျွန်တော့်ခေါင်းပေါ်မှာ မြင့်တက်လာတယ်။ ဘာလုပ်ရမှန်း မသိဘူး။ ကြေကွဲဝမ်းနည်းစိတ်တွေပဲ ရှိတယ်။ စိတ်ထဲကနေ လီလီ့ကို စကားတွေ ပြောနေမိတယ်။ ကျန်တဲ့ ရှင်သန်ချိန်တွေကို ဘယ်လို ကုန်ဆုံးရမလဲ စဉ်းစားရင်းနဲ့ပေါ့။ ကျွန်တော့်လက်တွေနဲ့ အရုပ်ပုံစံ အရိပ်ထင်အောင် ပုံစံအမျိုးမျိုး လုပ်နေမိတယ်။ ငှက်ကလေးပုံစံလုပ်ပြီး လီလီ့ အုတ်ဂူကျောက်ပြားပေါ်မှာ နားနေသယောင် လုပ်လိုက်တယ်။ အဲဒီလို ကစားရတာကို လီလီလည်း နှစ်သက်တယ်မို့လား။ ကျွန်တော် အဲဒီလို လက်နဲ့အရိပ်အရုပ်တွေလုပ်နေတုန်း ဟိုးအဝေးမှာ စက္ကူလေးတစ်စ လွင့်နေတာကို တွေ့တယ်။

ကျွန်တော် ငြိမ်သွားတယ်။ နည်းနည်းကြာအောင် ငြိမ်သွားတယ်။ ပြီးတော့ ကျွန်တော် 'သိ' သွားတယ်။

ကျွန်တော် ထိုင်ရာက ချက်ချင်းထပြီး အဲဒီစက္ကူစလေးကို သွားကောက်လိုက်တယ်။ ပီကေအခွံလေးပါ။ နောက်ထပ် မလှမ်းမကမ်းမှာ စီးကရက် ဖင်စီခံလေးကို လှမ်းတွေ့ရတယ်။ ကျွန်တော် သွားကောက်လိုက်တယ်။ ပြီးတော့ ကျွန်တော် သချိုင်းထဲက အလိုလို ထွက်မိလာတယ်။ သချိုင်းထဲက ထွက်ထွက်ချင်းပဲ ဘီယာဘူးခွံတစ်ခုကို လှမ်းတွေ့ရတယ်။ ကျွန်တော် သွားကောက်လိုက်တယ်။ ဟိုးမှာ . . . အာလူးကြော်တံဆိပ်နဲ့ အခွံတစ်ခု၊ ဟိုးမှာ အရက်ပုလင်းအဖုံးတစ်ခု၊ ကျွန်တော် သွားကောက်လိုက်တယ်။

အဲဒီနေ့ကစပြီး ကျွန်တော် အိမ်မပြန်တော့ဘူး။

အဲဒီနေ့ကစပြီး ဒီကမ္ဘာမြေပေါ်က အမှိုက်တွေကို ကျွန်တော် လိုက်ကောက်တော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com

အဲ့ဒီနေ့ကစပြီး မြို့တွေလမ်းတွေထဲက အမှိုက်တွေဟာ ကျွန်တော့်လက်ရဲ့ ကောက်ယူခြင်းကို ခံရတော့တာပေါ့။ လမ်းတွေ တစ်လမ်းပြီးတစ်လမ်း၊ မြို့တွေ တစ်မြို့ပြီး တစ်မြို့ပေါ့။ ပထမတော့ လူတွေ ကျွန်တော့်ကို ရူးသွားပြီထင်တယ်။ ဒါကြောင့် ကျွန်တော့်နောက်ကို သတင်းထောက်တွေ သိပ်မလိုက်ကြတော့ဘူး။ နောက်တော့ ကျွန်တော် မရူးမှန်းသိသွားကြပြန်တယ်။ သတင်းထောက်တွေ ကျွန်တော့်နောက် လိုက်ကြပြန်တယ်။

သူတို့ကို ကျွန်တော် ဂရုမစိုက်ဘူး။ ကျွန်တော် အမှိုက်တွေကောက်တယ်။ မြို့စွန်လမ်းကြားက ညစ်ပတ်တဲ့အမှိုက်တွေကနေ သူဌေးအိမ်ရှေ့ စာတိုက်ပုံးအောက်က တံဆိပ်ခေါင်းအစုတ်လေးအထိ လိုက်ကောက်တယ်။ စည်ပင်က အမှိုက်သိမ်းကားဟာ ကျွန်တော်ရှိရာကို စုံစမ်းပြီး မောင်းနှင်လာတတ်တယ်။ ကျွန်တော့်ဆီက အမှိုက်တွေများကြီး သူရမှာလေ။

နောက်တော့ အမှိုက်သိမ်းကားနဲ့ လိုက်ပြီး အိမ်ပေါက်စေ့ အမှိုက်တွေ လိုက်သိမ်းတယ်။ အိမ်တွေက လူတွေက ပြုံးစေ့စေ့နဲ့ ထွက်ကြည့်ကြတယ်။ အမှိုက်သိမ်းသမားတွေက ကျွန်တော့်လက်တွေကို အံ့ဩသလို သူတို့နဲ့ ပူးပေါင်းတဲ့အတွက်လည်း ပျော်နေကြတယ်။ အမှိုက်သိမ်းကား



တွေပြန်သွားရင် ကျွန်တော်တစ်ယောက်တည်း တစ်ကိုယ်တော် လိုက်ကောက်ပြန်တယ်။ တချို့က ကျွန်တော်နဲ့အတူ အမှိုက်တွေ ကူကောက်လာတတ်ကြတယ်။ ကျွန်တော် တစ်နေရာတည်းမှာပဲ ကောက်နေတာမဟုတ်ဘူး။ တစ်မြို့ပြီးတစ်မြို့ ခြေလျင်လျှောက်သွားပြီး ကောက်နေတာပဲ။ ကျွန်တော် အမှိုက်ကောက်တဲ့သတင်းဟာ အလိုလို လူသိများလာမှန်း ကျွန်တော် ပြန်လည်သိရပါတယ်။ ဘာလို့လဲဆိုတော့ တစ်နေ့က သတင်းစာဖြတ်ပိုင်း အမှိုက်တစ်ခုကောက်ရင်း အဲ့ဒီအထဲမှာ ကျွန်တော့်ဓာတ်ပုံ တွေ့လိုက်ရလို့ပေါ့။

တကယ်တော့ ကျွန်တော့် အခုပုံစံဟာ Forrest Gump ရုပ်ရှင်ထဲက ဇာတ်လိုက်မင်းသားရဲ့ အဖြစ်နဲ့ ဆင်တူနေမယ်မှန်း ပြန်တွေးမိပါတယ်။ ခင်ဗျားတို့လည်း အဲ့ဒီရုပ်ရှင် ကြည့်ဖူးကြမှာပါ။ ရုပ်ရှင်ထဲက Forrest ဟာ သူ့ရည်းစားကောင်မလေး အိမ်ကထွက်သွားတော့ သူလည်း နောက်တစ်နေ့နံနက်မှာ အကြောင်းမဲ့ ထပြေးတယ်လေ။ ပြေးလိုက်တာမှ ဆံပင်တွေရှည်၊ မုတ်ဆိတ်တွေ ပါးသိုင်းတွေ၊ တောထနေတဲ့အထိ ရက်ပေါင်းများစွာ၊ လပေါင်းများစွာ လျှောက်ပြေးနေခဲ့တာလေ။ အခု ကျွန်တော့်လည်း အဲ့ဒီလို ဆင်တူဖြစ်နေပြီ။

ကျွန်တော် တမင်တကာလိုက်တုတာ မဟုတ်ဘဲ ကျွန်တော့်ကိုယ်ကျွန်တော် သတိပြန်ဝင်တဲ့အချိန်မှာ ဒီလိုဖြစ်နေခဲ့ပြီလေ။ ကျွန်တော် တွေးမိတာ တစ်ခုရှိလာတယ်။ Forrest ဟာ အကြောင်းမဲ့ ထပြေးလာခဲ့ပေမယ့် သူ့ခြေလှမ်းတစ်လှမ်းတိုင်းဟာ သူ့ကောင်မလေးကို အလိုလို ရည်စူးနေမိလိမ့်မယ်။ ဒီလိုပဲ ကျွန်တော် အမှိုက်တစ်စကောက်လိုက်တိုင်းလည်း လီလီ့ကို အလိုလို ရည်စူးနေလိမ့်မယ်။ အဲ့ဒါကတော့ ဆင်တူတာ မဟုတ်ဘဲ ထပ်တူကျတာလို့တောင် ပြောချင်ပါတယ်။

ကျွန်တော့်ကို ကျေးမွေးတဲ့လူတွေ များပါတယ်။ အမှိုက်ကောက်လို့ ခဏနားတာနဲ့ ပေါင်မုန့်တွေ၊ ဝက်အူချောင်းတွေ၊ နွားနို့တွေ အလှူ ယ လာပို့ကြတော့တာပဲ။ ကျန်းမာရေးကိစ္စလည်း အဆင်ပြေသလို ရှင်း



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အိပ်တဲ့အခါ ရဲတွေက သူတို့စခန်းထဲ ဝင်အိပ်ဖို့ ခေါ်ကြတယ်။ တစ်ခါတလေ အိပ်တယ်။ အများအားဖြင့် ကြုံတဲ့နေရာမှာ အိပ်တယ်။ အိပ်ရင်းလည်း ဘယ်ဘက်အမှိုက်ကောက်ရမလဲ စဉ်းစားနေမိတယ်။

ကျွန်တော့်ပခုံးမှာ ကြီးမားတဲ့ ပလပ်စတစ်အိတ်တစ်လုံး ချိတ်ထားလိုက်တယ်။ တစ်ခါတလေတော့ တွန်းလှည်းနဲ့ လိုက်ကောက်တယ်။ စည်ပင်က ရာထူးကြီးကြီး ဝန်ထမ်းတစ်ယောက်က လာတွေ့သေးတယ်။ ကျွန်တော့်ကို အမှိုက်သိမ်းကားတစ်စီး ပေးမယ်လို့ပြောတယ်။ လမ်းလျှောက်လျှောက်သွားနေတာ မကြည့်ရက်လို့တဲ့။ လစာလည်း ပေးမယ်တဲ့။ ဒါပေမဲ့ ကျွန်တော်က 'ကားမမောင်းတတ်ဘူး။ မကျွမ်းကျင်ဘူး' လို့ ပြောပြီး ငြင်းလိုက်တယ်။

ကျွန်တော့်လက်တွေ အရင်အတိုင်းပါပဲ။ မခွဲစိတ်ဖြစ်တော့ဘူးလေ။ လီလီနဲ့လည်း ခွဲစိတ်ဖို့ကိစ္စ မတိုင်ပင်ဖြစ်ခဲ့ဘူးလေ။ တိုင်ပင်ရင်တော့ လီလီက ကျွန်တော့်သဘော (ဒါမှမဟုတ်) ခွဲစိတ်ဖို့ စိတ်ပါလာအောင် ဖျောင်းဖျမှာပဲ။ ဒါပေမဲ့ အခုတော့ ကျွန်တော် မခွဲစိတ်တော့ပါဘူး။ သူ့ကို ကျောပိုးခဲ့တဲ့လက်၊ သူနဲ့ ခဏခဏ လက်တွဲခဲ့တဲ့လက်၊ သူ့မှီအိပ်ခဲ့တဲ့လက်၊ သူသေဆုံးခါနီးတောင် တရှိုက်ရှိုက် နမ်းခဲ့တဲ့လက်ကို ကျွန်တော် ခွဲစိတ်ဖြတ်တောက်ဖို့ မလုပ်နိုင်ပါဘူး။ အခု အဲ့ဒီလက်တွေနဲ့ အမှိုက်ကောက်နေပါပြီ။

လူစည်တဲ့ ဘောလုံးပွဲရှိတဲ့ နေ့တွေဆို ဘောလုံးကွင်းဘက်မှာ အမှိုက်သွားကောက်တယ်။ အမှိုက်ပုံးတွေ ပြည့်နေလို့၊ ဒါမှမဟုတ် စည်းကမ်းမဲ့သူတွေကြောင့် ဘောလုံးကွင်းဝန်းကျင်မှာ တစ်ခါသုံး ဘီယာခွက်တွေ ပြန့်ကျဲနေတယ်။ ကျွန်တော် အဲ့ဒီအမှိုက်တွေကို လိုက်ကောက်တယ်။ ဘောလုံးပွဲကြည့်မယ့်လူတွေ အကုန်လုံး ကျွန်တော့်ကို အရင် ဝိုင်းအုံကြည့်ကုန်ကြတယ်။ နာမည်ကြီး အဆိုတော်တစ်ယောက် ဥယျာဉ်ထဲမှာ ရှိုးပွဲလာလုပ်တုန်းကလည်း ကျွန်တော် အဲ့ဒီဥယျာဉ်ထဲမှာ အမှိုက်ကောက်နေတဲ့အချိန်ပဲ။ လူတွေက ကျွန်တော့်ကို ပိုဝိုင်းကြည့်လာကြ



တယ်။ အဲ့ဒီ နာမည်ကြီး အဆိုတော်ကိုယ်တိုင်က ကျွန်တော့်ရဲ့လက်မှတ်လေး လိုချင်ကြောင်း ပြောတယ်။

"ကျွန်တော် လက်မှတ်မထိုးတတ်ဘူး"

"ကိုယ့်နာမည်တစ်လုံးလောက်ကို မြန်မြန်ရေးလိုက်ရင် ဖြစ်ပါတယ်"

အဲ့ဒီအဆိုတော်ရဲ့ အင်္ကျီရင်ဘတ်မှာ လက်မှတ်ထိုးပေးလိုက်တယ်။ ကျွန်တော့်ကို ဓာတ်ပုံ ဝိုင်းရိုက်ကြတယ်။ အဲ့ဒီအကြောင်း ဂျာနယ်ထဲမှာ ပါလာသေးတယ်တဲ့။

ဒေါ်လေးကော အခုချိန် ဘယ်လိုနေထိုင်နေမလဲ။ ဒေါ်လေးနဲ့ ကျွန်တော် လုံးဝ အဆက်အသွယ်မရဘဲ ဖြစ်နေတာမျိုး မဟုတ်ပါဘူး။ အန်ကယ်ရော်ဂျာက မကြာခဏ စာလှမ်းရေးပြီး အကျိုးအကြောင်းတွေ ပြောပြပါတယ်။ ကျွန်တော့်လို တစ်လမ်းဝင်တစ်လမ်းထွက် လျှောက်သွားနေတဲ့ကောင်ဆီ အန်ကယ်ရော်ဂျာက ဘယ်လိုစာရေးတာလဲ ခင်ဗျားသိချင်မှာပဲ။ တီဗီချန်နယ်တစ်ခုကနေ သောက်ကြာနေ့ည 01:30 မှာ 'စူးစူးစမ်းစမ်း လူထုဆန်း' အစီအစဉ်လွှင့်တယ်။ အဲ့ဒီ ပရိုဂရမ်မှာ ကျွန်တော့်အကြောင်း အမြဲပါတယ်။ အဲဒီအစီအစဉ်ကနေ ကျွန်တော် လက်ရှိရောက်နေတဲ့ မြို့တွေ၊ တည်နေရာတွေကို ဖော်ပြတယ်။ အဲ့ဒီလိပ်စာအတိုင်း အန်ကယ်ရော်ဂျာက စာတိုက်ကနေ စာပို့တော့တာပဲ။ ကျွန်တော်ရှိတဲ့နေရာဟာ အမြဲ ရုတ်ရုတ်ရုတ်ရုတ် ဖြစ်နေတတ်လို့ စာပို့သမားက အလွယ်တကူ ရှာတွေ့တာပဲ။ အဲ့ဒီလိုပုံစံနဲ့ ဒေါ်လေးဆီက အဆက်အသွယ်ကို ကျွန်တော်ရရှိပါတယ်။

ဪ . . . ပြောရဦးမယ်။ ကျွန်တော် ဘောလုံးကွင်းတွေဘက် အမှိုက်ကောက်တုန်း အပျော်တမ်း ဘောလုံးအသင်းတစ်သင်းက ကျွန်တော့်ကို လခများများပေးပြီး ဂိုးသမားအဖြစ် ကစားစေဖို့ လ[illegible]ခင်းလှမ်းသေးတယ်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က လက်လေးဖ[illegible]နဲ့ လူတို့ဘောလုံးကစားခွင့် ပြု၊ မပြု ကျွန်တော် မသိပါဘူး။ ကျွန်တော် သူတို့



www.burmeseclassic.com

www.burmeseclassic.com

တမ်းလှမ်းချက်ကို ငြင်းခဲ့ပါတယ်။

ကျွန်တော် အမှိုက်ကောက်တာ တစ်နှစ်ပြည့်တဲ့နေ့မှာ လူမှုရေးအဖွဲ့အစည်းတစ်ခုက ကျွန်တော့်ကို လူမှုထူးချွန်စုတစ်ခု ပေးချင်လို့ ဖိတ်ပါတယ်။ ကျွန်တော် အားနာပေမယ့် အခမ်းအနားတွေ မတက်ချင်တာနဲ့ မသွားဘဲ အမှိုက်ပဲ လမ်းဘေးမှာကောက် နေလိုက်တယ်။ ဒါကြောင့် ကျွန်တော်ရှိရာ အမှိုက်ပုံဆီ လိုက်လာကြပြီး ဆုတံဆိပ်တွေ ပေးကြတယ်။ ဓာတ်ပုံတွေ ရိုက်ကြပြန်တယ်။ ဂျာနယ်ထဲ ပါပြန်တယ်။

ကမ္ဘာ့အမှိုက်ကောက်နေ့ သတ်မှတ်ချင်လို့ဆိုပြီး ကျွန်တော့်ကို သတ်မှတ်ခိုင်းကြပြန်တယ်။ အတင်းအကြပ် သတ်မှတ်ခိုင်းတာနဲ့ လက်မှတ်ထိုးပြီး ကျွန်တော် သတ်မှတ်ပေးလိုက်ရပြန်ပါတယ်။ လီလီဆုံးတဲ့နေ့ကိုပဲ သတ်မှတ်လိုက်တယ်။

တစ်နေ့ ကျွန်တော် ရပ်ကွက်တစ်ခုထဲက အမှိုက်တွေကို တွန်းလှည်းနဲ့ သယ်လာပြီး အမှိုက်ကားစောင့်နေတုန်း စာပို့သမား ရောက်လာတယ်။ အန်ကယ်ရော်ဂျာ့ဆီက စာပဲ။ စာက ထူးခြားတယ်။ ဖော်ပြရရင် . . .

*သို့/*

*ဟန်း . . .*

*အန်ကယ်ရော်ဂျာ စာရေးလိုက်ပါတယ်။ မပြောမပြီး မတီးမမြည်ဆိုသလိုပဲ ပြောရတော့မယ်။ ငါ မင်းဒေါ်လေး နယ်လီကို လက်ထပ်ခွင့် တောင်းလိုက်ပြီ။ သူက ပြောတယ်။ မင်းသဘောတူမှ လက်ထပ်မယ်တဲ့။ မင်း ပြန်လာနိုင်ရင် ပြန်လာခဲ့ပါလား။ ပြန်မလာနိုင်ရင်လည်း သဘောတူကြောင်း ထောက်ခံစာလေးကို ဒီစာလာပေးမယ့် စာပို့သမားနဲ့အတူ ပြန်ထည့်ပေးပို့စေချင်ပါတယ်။ ကျေးဇူးပြု၍ . . .။*

*ချစ်လှစွာသော*

*အန်ကယ်ရော်ဂျာ*



ကျွန်တော် စာပို့သမားဆီက ဖောင်တိန်နဲ့စာရွက် ယူပြီး ချက်ချင်းရေးပေးလိုက်တယ်။

"ဒေါ်လေးနဲ့ အန်ကယ်ရော်ဂျာကို သဘောတူပါတယ်ခင်ဗျာ။ ရာသက်ပန် ပေါင်းသင်းနိုင်ကြပါစေ"

လို့ရေးပြီး အောက်က လက်မှတ်ထိုးလိုက်တယ်။ ပြီးတော့ စာပို့သမားလက်ထဲ ထည့်ပေးလိုက်တယ်။

မြို့ပြတွေမှာပဲ အမှိုက်တွေပေါများပါတယ်။ ကျေးရွာတွေမှာတော့ သိပ်မရှိပါဘူး။ ဒီလို ကျွန်တော် လျှောက်သွားရင်း ရာသီဥတု ဆိုးရွားတဲ့ဒေသတွေလည်း ရောက်ခဲ့တယ်။ လေဆင်နှာမောင်းဒဏ်၊ ငလျင်ဒဏ်၊ မိုးသက်မုန်တိုင်းဒဏ်တွေ ခံစားနေရတဲ့ ဒေသတွေကောပေါ့။ ပြီးတော့ ဒီနှစ်ပိုင်း ရာသီဥတုတွေ ဆိုးရွားဖောက်ပြန်တာကိုလည်း လမ်းပေါ်မှာ လျှောက်သွားနေတဲ့ ကျွန်တော်က ပိုသတိထားမိတယ်။ ပူချင်တဲ့နေ့တွေမှာ အစွမ်းကုန်ပူပြီး အေးချင်တဲ့နေ့တွေမှာဆိုလည်း ပြတင်းပေါက်တွေ နှင်းတွေနဲ့ ကြပ်ခဲအောင် အေးနေလိမ့်မှာပဲ။ အချိန်အခါမဟုတ် ရွာတဲ့မိုးကလည်း ခဏခဏပေါ့။

မိုးတွေရွာတော့ ကျွန်တော် လူရှင်းတဲ့ ကားမှတ်တိုင်အောက်မှာ မိုးခိုနေခဲ့ဖူးတယ်။ အဲ့ဒီမှာထိုင်ရင်း လီလီနဲ့အတူ တောင်ကုန်းပေါ်မှာ မိုးခိုခဲ့တဲ့ အချိန်တွေကို လွမ်းလွမ်းလာပြီး ငိုမိပြန်တယ်။ လီလီ့ကို ကျွန်တော် သိပ်ချစ်တယ်။ ကျွန်တော့်မှာ တမ်းတစရာငယ်ဘဝမရှိ၊ မက်မောစရာ မိသားစုဘဝမရ၊ တက်ကြွထက်မြက်စေတဲ့ လူ့အဖွဲ့အစည်းနဲ့ ဝေးခဲ့တဲ့ တောသားအကျည်းတန် တစ်ယောက်မို့လား။ လီလီဟာ အိန္ဒိယ။ လီလီဟာ အသိတွေ အများကြီးပေးခဲ့တယ်။ လီလီဟာ ကျွန်တော့်နှလုံးသားကို အလုပ်လုပ်နိုင်ခဲ့တယ်။ ကျွန်တော့်ကို နွေးထွေးရိုက်ငုံစေတဲ့ တစ်ဦးတည်းသော မိန်းကလေးပဲ။ လီလီ့ကို ရင်ထဲကနေ ရှင်ဘတ်ထဲကနေ ပြန်လိုချင်လာတယ်။ သတိတွေ ပြင်းပြင်းပြပြရတယ်။ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com

တလေ သူ့ကိုပေးထားတဲ့ ကတိတွေ မတည်ချင်တော့ဘဲ သူ့နောက်လိုက်သွားချင်စိတ် ဖြစ်မိတာလဲ ခဏခဏပေါ့။

လီလို့ကို သတိရတိုင်း ကျွန်တော် အမှိုက်တွေ ပိုကောက်တယ်။ ကျွန်တော့်ကို မကြာခဏ ဆုတွေလည်း လာလာပေးကြတယ်။ ရသမျှဆုတွေကို ကြုံတဲ့ပြတိုက်မှာ ကျွန်တော် သွားလှူပစ်လိုက်တာပဲ။ အန်ကယ်ရော်ဂျာ့ဆီလည်းက ကျွန်တော် စာပြန်ပြီး တစ်လကျော်လောက်မှာပဲ . .

"ငါတို့ လက်ထပ်ပွဲ လုပ်လိုက်ကြပြီ။ မင်းအဒေါ်က လူအများကြီးနဲ့ မတွေ့ချင်တာနဲ့ အကျဉ်းရုံးပဲ လုပ်လိုက်တယ်။ ငါနေတဲ့ မြို့ထဲက အိမ်မှာ မင်းဒေါ်လေးဟာ လိုက်မနေချင်လို့ မင်းတို့နေတဲ့ အမိုးခုံးဝိုဒေါင်အိမ်ကလေးမှာ ငါလိုက်နေရတယ်။ မင်းအဒေါ်က မင်းကို သတိရတာကြောင့် အဲ့ဒီအိမ်ကလေးက မပြောင်းရွှေ့ချင်တာလို့ ငါထင်တယ်"

လို့ ရေးထားတဲ့ စာတစ်စောင် ရောက်လာခဲ့ပါတယ်။

အဲ့ဒီနေ့က ကျွန်တော် နည်းနည်းပြုံးတယ်လေ။ အဲ့ဒီနေ့က ကျွန်တော် အမှိုက်ကောက်ရင်း ပုလင်းကွဲ ရှမိတယ်။ ဒေါ်လေး ကျွန်တော့်လက်တွေ မီးလောင်တော့ ပတ်တီးစည်းပေးခဲ့ပုံတွေကို ပြန်သတိရမိတယ်။

ကျန်းမာပျော်ရွှင်ပါစေ ဒေါ်လေးရေ . . . ။



## (19)

ဆံသဆိုင်ရှေ့က မှန်ထဲမှာ ကြည့်မိတော့ ကျွန်တော့်ဆံပင်တွေလည်းရှည်၊ မုတ်ဆိတ်တွေ၊ ပသိုင်းမွေးတွေလည်း ရှည်နေပြီ။ တစ်နှစ်တစ်ခါလောက်တော့ ကျွန်တော် ညှပ်ဖြစ်သေးတယ် ထင်တယ်။ အခု ကျွန်တော် အမှိုက်ကောက်တာ ငါးနှစ်ရှိပြီ။ ဆံသဆိုင်ကလူက ကျွန်တော့်ကို အခမဲ့ ဆံပင်ညှပ်ပေးတယ်။ ခေါင်းလျှော်ပေးတယ်။ ကျွန်တော့်ကို ညှပ်ပေးတဲ့ပုံကို ဓာတ်ပုံရိုက်သေးတယ်။ ပုံကြီးချဲ့ပြီး ဆိုင်နံရံမှာ ကပ်ထားမလို့တဲ့။ လူတိုင်းက ဓာတ်ပုံရိုက်ဖို့ ဝါသနာပါနေသလိုပဲ။

တစ်နေ့ မြို့လယ်ခေါင်မှာ အမှိုက်တွေကောက်လို့ မောပြီး အမှိုက်ပုံနားထိုင်ရင်း ပေါင်မုန့်စားနေမိတယ်။ လမ်းသွားလမ်းလာတွေက ထုံးစံအတိုင်း ကွက်ကြည့်ကွက်ကြည့် နှုတ်ဆက်ကြတာပေါ့။

အဲ့ဒီအချိန်ပဲ စက်ဘီးနဲ့ စာပို့သမားဟာ ကျွန်တော့်ရှေ့မှာ တွံခနဲ ဘရိတ်လာအုပ်တယ်။

"မစ္စတာဟန်း . . . စာ"

သူပေးတဲ့စာကို ယူပြီးဖွင့်ဖောက်လိုက်ပါတယ်။ ဒေါ်လေးနဲ့ အန်ကယ်ရော်ဂျာ လက်ထပ်ပြီးကတည်းက ကျွန်တော့်ဆီ စာသိပ်မလာ



www.burmeseclassic.com

www.burmeseclassic.com

တော့တာ ကျွန်တော် သတိထားမိပါတယ်။ သူတို့အိမ်ထောင်မှုကိစ္စတွေနဲ့ မအားလို့ နေမှာပေါ့လေ။ စာရွက်အခေါက်ကို ဖြည်လိုက်တော့ အန်ကယ်ရော်ဂျာရဲ့ လက်ရေးတွေကို စတွေ့ရပါတယ်။

*သို့/*

*ဟန်း . . .*

*အန်ကယ်ရော်ဂျာ စာရေးလိုက်ပါတယ်။ ငါတို့ စာမရေးတာ အတော်ကြာသွားတယ်။ ငါတို့ အနာဂတ်အစီအစဉ်တွေအတွက် လုံးပန်းနေရလို့ပေါ့။ ဒါပေမဲ့ အခုတော့ မင်း အိမ်ခဏပြန်လာသင့်ပြီ ဟန်း။*

*နယ်လီ အပြင်းအထန် နေမကောင်းဖြစ်နေပြီ။ အခန့်မသင့်ရင် ဘာမဆို ဖြစ်သွားနိုင်တဲ့ အခြေအနေပဲ။ သူ မင်းကို ပြောစရာရှိနေသလိုလို ငါ ခံစားရတယ်။ မင်း တစ်ခေါက်လောက် အမြန်ပြန်လာတာ ကောင်းမယ်။ စိတ်မကောင်းပေမယ့် ဒါ နောက်ဆုံးအချိန်လည်း ဖြစ်နိုင်လို့ပေါ့။*

*အမြန်ပြန်ခဲ့စေချင်သော*
*မင်းရဲ့ အန်ကယ်ရော်ဂျာ။*

အရေးအသားမကောင်းတဲ့ အန်ကယ်ရော်ဂျာဟာ ကျွန်တော့်ပြန်လာစေချင်တဲ့ စကားလုံးတွေပဲ ထပ်နေတယ်။ ကျွန်တော် ဒေါ်လေးကို စိုးရိမ်မိတယ်။ ကျွန်တော် ထွက်ခွာခဲ့တဲ့ ငါးနှစ်အတွင်း ပထမဆုံးအကြိမ် ဒေါ်လေးကို စိတ်ပူမိတာပဲ။ စာကိုလုံးချေပြီး အမှိုက်ပုံးထဲ ထည့်လိုက်တယ်။ ပြီးတော့ ကျွန်တော် ချက်ချင်း ထပြေးပြီး လမ်းပေါ်ထွက်လာလိုက်တယ်။

"ကျွီ . . ."

"တီ . . . တီ . . ."

"ဟာ . . ."



"ဗွမ်း . . . "

မြို့လယ်ခေါင်လည်းဖြစ်၊ လမ်းဆုံလမ်းခွလည်းဖြစ်တဲ့ နေရာထဲ ကျွန်တော် ပြေးရပ်လိုက်တော့ အဲ့ဒီလိုတွေ ဖြစ်ကုန်တယ်။ ထိမိခိုက်မိမတိုက်မိကြပေမယ့် ကစဉ့်ကလျား လမ်းချော်ကုန်တာမျိုးတွေ ဖြစ်ကုန်ကြတယ်။ ကျွန်တော် ဒေါ်လေးအတွက် စိတ်ပူလွန်းလို့ အလျင်လိုစိတ်နဲ့ လုပ်မိတာပါ။ ယာဉ်ထိန်းရဲက ကြောင်ကြည့်နေတယ်။ ကားတံခါးဖွင့်ပြီး လူတွေ ဆင်းလာကုန်ကြတယ်။ လမ်းဘေး ဝဲယာကလူတွေလည်း ရပ်တန့်စုရုံး ငေးကြည့်နေကြတယ်။

နှစ်ပေါင်းများစွာ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေး အမှိုက်ကောက်နေတဲ့ လူတစ်ယောက်က အခုလို လှုပ်လှုပ်ရှားရှား လမ်းမပေါ်ထွက်ရပ်တာ တွေ့တော့ သူတို့ အံ့ဩသွားကြတယ်။

ကားပေါ်ကလူတွေ ကျွန်တော့်ကို ထူးဆန်းသလို ကြည့်ရင်း အူကြောင်ကြောင် ဖြစ်နေကြတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း လုပ်တုန်းကလုပ်ပြီးမှ ပါးစပ်တဟဟနဲ့ ကြောင်နေသေးတယ်။ နောက်မှ သတိဝင်ပြီး အော်ဟစ်လိုက်တော့တယ်။

"ကျွန် . . . ကျွန်တော် အိမ်ပြန်မလို့"

" . . . . . . . "

လူတွေ ကြောင်ကြည့်နေကြဆဲ။

ကျွန်တော် ထပ်အော်လိုက်တယ်။

"ကျွန်တော့်ကို အိမ်ပြန်လိုက်ပို့ပေးပါ။ ကျွန်တော် အိမ်ပြန်ချင်လို့"

ဒီတော့မှ လူတွေပြေးပြီး ဝိုင်းအုံလာကြတော့တယ်။

"ကျွန်တော် လိုက်ပို့ပေးမယ်"

"ဒီကားပေါ်တက် ငါလိုက်ပို့ပေးမယ်"

" . . . . . . . "



www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းအုံပြီး လိုက်ပို့ပေးဖို့ အလုအယက် ဖြစ်ကုန်ကြပြန်တယ်။ စိတ်ရှုပ်ရှုပ်နဲ့ အနီးဆုံးကားပေါ် တက်လိုက်တယ်။ ထိပ်ပြောင်ပြောင်နဲ့ ဒရိုင်ဘာက ကားစက်နှိုးလိုက်တော့ ကျန်တဲ့ကားတွေ လမ်းဖယ်ပေးလိုက်ကြပါတယ်။

ကားဟာ အရှိန်အမြင့်ဆုံး မောင်းထွက်သွားပါတယ်။ ကားသမားက ကျွန်တော့်ကို လိုက်ပို့ရတာမို့ ပျော်နေတယ်။ ကျွန်တော်က ဒေါ်လေးမျက်နှာပဲ မြင်ယောင်နေတယ်။ ကျွန်တော်တို့ ကားနောက်မှာ တခြားကားတွေလည်း လိုက်ပါလာကြတာ အများကြီးပဲ။ လမ်းဘေးတစ်လျှောက်က လူတွေက ရပ်ကြည့်လို့ပေါ့။

လေယာဉ်ကွင်းထဲ ကားတန်းတွေဝင်လာတာ တော်တော်သိသိသာဖြစ်သွားတယ်။ ရုတ်ရုတ်သဲသဲပေါ့။ ကျွန်တော် ကားပေါ်ကဆင်းတော့ ဘယ်ကဘယ်လို သတင်းရသွားမှန်းမသိတဲ့ လူမှုရေး အဖွဲ့အစည်းတွေဟာ ကျွန်တော့်အတွက် လေယာဉ်လက်မှတ်ဖြတ်ထားပေးနှင့်ကြတယ်။ ကျွန်တော့်ကို လေယာဉ်ပေါ်တွဲပို့ဖို့ ပြင်ကြတယ်။ ကျွန်တော်က လေယာဉ်ကွင်းလိုက်ပို့တဲ့ ကားသမားနဲ့ ခဏ ဓာတ်ပုံကွဲရိုက်ပေးလိုက်သေးတယ်။ သူတို့ ဓာတ်ပုံရိုက်ချင်တာကို ကျွန်တော် အတွေ့အကြုံအရ သိနေပြီလေ။

လေယာဉ် တဖြည်းဖြည်း မြင့်တက်သွားတော့ လက်ပြနှုတ်ဆက်နေကြသူတွေ အများကြီးကို တွေ့ရတယ်။ ကျွန်တော် လေယာဉ် အခုမှစီးဖူးတယ်။ တစ်လမ်းလုံး လေယာဉ်မယ်တွေနဲ့ တခြား ခရီးသည်တွေနဲ့ တွဲပြီး ဓာတ်ပုံရိုက်ပေး လက်မှတ်ထိုးပေးတာတွေ လုပ်ခဲ့ရတယ်။

လေယာဉ်ဆင်းတော့ ကျွန်တော့်ကို အိမ်ပြန်ပို့ဖို့ စောင့်ကြိုနေကြတဲ့သူတွေ အများကြီးပဲ။ သတင်းရတာတွေ မြန်လိုက်ကြတာ။ သမ္မတလည်းမဟုတ်ဘဲ အလုအယက် ကြိုဆိုချင်နေကြတာတော့ တစ်မျိုးပဲ။ အနီးဆုံး ကားပေါ်တက်လိုက်တယ်။ အမြန်ဆုံး မောင်းနှင်လိုက်တာ သိပ်



မကြာခင် ကျွန်တော်တို့ရပ်ကွက်ထဲကို ရောက်လာခဲ့တယ်။ ရပ်ကွက်လမ်းကလည်း အမှိုက်တွေမရှိဘဲ ကောင်းမွန်နေကြပြီပဲ။

အိမ်ရှေ့ရောက်တော့ အန်ကယ်ရော်ဂျာက ထွက်ကြိုနေတယ်။ ကလေးလေးတစ်ယောက် ချီလျှက်နဲ့ပေါ့။ ကျွန်တော် ကားပေါ်ကဆင်းတော့ အန်ကယ်ရော်ဂျာက မျက်ရည်စို့စို့ မျက်နှာနဲ့ ပြုံးတယ်။ သူ့လက်ထဲက ကလေးဟာ ကျွန်တော့်ကို ပြူးတူးတူးနဲ့ ကြည့်နေတယ်။

"မင်း ပြန်လာမယ့်သတင်း ငါတို့ကြားခဲ့တာ အမှန်ပဲကွ"

"အင်း . . . ဒါက . . ."

"မင်းရဲ့ ညီမဝမ်းကွဲပေါ့"

ဒေါ်လေးမွေးတဲ့ ကလေးမှန်းသိတော့ ကျွန်တော် ပျော်သွားတယ်။ ကျွန်တော့်မှာ ဆွေမျိုးတစ်ဦး ထပ်တိုးပြီပေါ့။ အန်ကယ်ရော်ဂျာက ဒေါ်လေးနဲ့တွေ့ရအောင် လိုက်ပို့တယ်။ ဟိုးအရင်က ခြောက်သွေ့ပြီး အိမ်တံခါးတွေအကုန်ပိတ်လို့ လျှို့ဝှက်ပြီး သူစိမ်းဆန်တတ်တဲ့ အိမ်ကလေးဟာ အခု အိမ်နီးနားချင်းတွေနဲ့ ပြည့်နှက်နွေးထွေးနေပါတယ်။

အခန်းတစ်ခုထဲဝင်လိုက်တော့ အိပ်ရာပေါ်မှာ လဲနေတဲ့ ဒေါ်လေးကို တွေ့ရတယ်လေ။ အိပ်ရာဘေးက အိမ်နီးချင်းတွေက ရှဲပြီး ကျွန်တော့်ကို နေရာဖယ်ပေးကြတယ်။ ဒေါ်လေးခေါင်းရင်းနား ကျွန်တော် သွားထိုင်တော့ ဒေါ်လေးရဲ့ အားနည်းဖြူဖျော့တဲ့ မျက်နှာဟာ မျက်ရည်တွေစီးကျလာတယ်။ ပြီးတော့ ကျွန်တော့်လက်တွေကို ယူပြီး ပိုက်ထွေးထားလိုက်တယ်။

"ဟန်း . . . မင်းကို နာမည်မပေးခဲ့တာအတွက် ငါ တောင်းပန်ပါတယ်"

"ရပါတယ် . . . ဘာမှ မဖြစ်တော့ပါဘူး"

"ပြီးတော့ ငယ်ငယ်တုန်းက ကောင်းကောင်း မဆက်ဆံခဲ့တဲ့အတွက်လည်း တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်ကတော့ ဒေါ်လေး ကျွန်တော့်ကို ကောင်းကောင်းစောင့်ရှောက်ခဲ့တယ်လို့ မြင်ပါတယ်"

ဒေါ်လေးက မောပေမယ့် ဆက်ပြောတယ်။

"ဟန်း . . . ငါ ကလေးမွေးဖူးပြီ။ ငါ မိခင်တစ်ယောက်ဖြစ်ခဲ့ပြီ။ အဲ့ဒါကြောင့် ငါ သိလာတာတွေလည်း ရှိလာပြီ"

"ဘာသိတာလဲ"

"မင်းကိုမွေးတော့ မင်းအမေဟာ မင်းကိုမြင်ပြီး သွေးလန့်လို့ သေသွားတယ်ဆိုတာ မဟုတ်ဘူးဆိုတဲ့ အချက်ကိုပေါ့။ ငါ ရှင်းရှင်းလင်းလင်း ပြောရဲပြီ . . . ဟန်း"

ဒေါ်လေးစကားကြောင့် ကျွန်တော်တောင် ဝမ်းသာပြီး မျက်ရည်ကျခဲ့ရပါတယ်။

အဲ့ဒီနေ့က ဒေါ်လေး ကျွန်တော့်ကို စကားအပြောဆုံးပါပဲ။ တူအရီးနှစ်ယောက် စကားတွေ မမောတမ်း ပြောခဲ့ကြတယ်။ အဲ့ဒီညဆယ်နာရီလောက် ကျွန်တော် ရေအိမ်သွားနေတုန်းမှာ အန်ကယ်ရော်ဂျာရဲ့ အော်ငိုသံ အကျယ်ကြီးကို ကြားလိုက်ရတယ်။ တစ်ဆက်တည်းမှာပဲ အိမ်နီးနားချင်းတွေရဲ့ ငိုသံတွေပါ ဆက်တိုက်ထွက်လာတယ်။

ဟုတ်ပါတယ်။ အဲ့ဒီညမှာပဲ ဒေါ်လေး ဆုံးသွားခဲ့တာပါ။

***



နာရေးပြီးတဲ့ နှစ်ရက်သုံးရက်အထိ အိမ်မှာနေခဲ့ပါတယ်။ ပူဆွေးနေတဲ့ အန်ကယ်ရော်ဂျာကို နှစ်သိမ့်ရင်းပေါ့။

ကျွန်တော့် တစ်ဝမ်းကွဲညီမလေးဟာ တစ်နှစ်ကျော်ပဲ ရှိသေးတယ်။ သိပ်ချစ်စရာ ကောင်းလွန်းတယ်။ ဒါပေမဲ့ သိပ်အငိုသန်တယ်။ ဘယ်သူချီချီ ငိုနေတော့မှာပဲ။ ဒါပေမဲ့ ကျွန်တော်ချီရင် မငိုတော့ဘူး။ ငိုနေတဲ့ကြားကကို ချက်ချင်း အငိုတိတ်သွားတယ်။ ကျွန်တော်က လက်လေးဘက်နဲ့ ချီတာမို့လို့လားတော့ မသိဘူးပေါ့။

"လက်ထပ်ပြီး နှစ်တော်တော်ကြာတဲ့အထိ သူ ကလေးမယူရဲခဲ့ဘူး . . . ဟန်း"

"ဘာဖြစ်လို့လဲ။ ကျွန်တော့်လိုမျိုး ပုံပန်းသဏ္ဌာန်မမှန်ပဲ မွေးလာမှာ စိုးလို့လား"

"အမှန်အတိုင်း ပြောရင်တော့ ဟုတ်လိမ့်မယ်။ ငါတို့တွေက အရှုယ်လွန်နေတော့ ပိုစိုးရိမ်တာပေါ့ကွာ။ အဟင်း . . . မင်းထွက်သွားတဲ့ ပထမနှစ်ကဆို တီဗီထဲမှာ မင်းပုံပေါ်လာတိုင်း သူ ငိုတယ်ကွ။ ပြီးတော့ မင်းကို သတိရလွန်းလို့ လီလီဆုံးတဲ့နှစ်ပတ်လည်တိုင်း သင်္ချိုင်းကို ပန်းစည်းသွားပို့ပေးတယ်"

www.burmeseclassic.com

"ဒေါ်လေးက ကျေးဇူးတင်စရာ ကောင်းလိုက်တာ။ ကျွန်တော် နှောင်ဘဝကို ယုံကြည်လို့ ပြောတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ နှောင်ဘဝရှိရင် ဒေါ်လေးလို ဒေါ်လေးမျိုးပဲ ရချင်တယ်။ ပြီးတော့ လီလီ့လို ချစ်သူမျိုးပဲ ရချင်တယ်"

"ပြီးတော့ကော . . ."

"ပြီးတော့ အန်ကယ်ရော်ဂျာလို ဦးလေးမျိုး ရချင်ပါတယ်"

လို့ပြောလိုက်တော့ အန်ကယ်ရော်ဂျာ ရယ်တယ်။ ပြီးတော့ ငို ပြန်တယ်။ သူလည်း ဒေါ်လေးလိုမိန်းမမျိုးပဲ ရချင်ကြောင်း ပြောတယ်။ ပြီးတော့ ဒေါ်လေး ကင်ဆာရောဂါ ခံစားခံရတဲ့ အကြောင်းတွေလည်း စိတ်မကောင်းစွာ ပြောတယ်။ ကျွန်တော်လည်း မျက်ရည်ဝဲရပါတယ်။

အန်ကယ်ရော်ဂျာ နောက်ဖေး ညစာချက်တုန်း ကျွန်တော်က ညီမလေးကို ချီရင်း အိမ်ရှေ့မှာ ထိုင်နေတယ်။ ရွှေရောင်ဆံပင်ရယ်၊ မျက်သားပြာတာရယ်ဟာ လီလီနဲ့ ဆင်တာပဲ။ ကြီးလာရင် ညီမလေးကို လီလီ့လို လှကော၊ နှလုံးသားကော လှစေချင်တာပဲ။

ငှက်အိမ်ထဲမှာ ငှက်တစ်ကောင် ခုန်နေတယ်။ ညီမလေးက ပြုံးကြည့်နေတယ်။ ညီမလေးလည်း လီလီ့လို ငှက်တွေကို ချစ်တယ်ထင်တယ်။ ကျွန်တော်ကတော့ ငှက်တွေကို မမုန်းဖို့ ကတိပေးခဲ့တာပဲ။ ပြတင်းပေါက်ဘောင်ပေါ်က ပြောင်းဖူးစေ့ဘူးကို အဖုံးဖွင့်ပြီး ပြောင်းဖူးစေ့ခြောက် သုံးလေးစေ့ ယူလိုက်တယ်။ ပြီးတော့ သုံးလေးစေ့လောက် လက်ဖဝါးပေါ်တင်ပြီး ကျွန်တော် ငှက်မြင်သာအောင် လုပ်ပြလိုက်တယ်။

ဖျုပ်ခနဲပဲ ငှက်ဟာ လက်ဖဝါးပေါ်ခုန်ပြီး ရောက်လာတယ်။ ပြီးတော့ ပြောင်းဖူးစေ့ကို ထိုးဆိတ်စားပါတော့တယ်။ ကျွန်တော် အံ့သြ ပျော်ရွှင်သွားတယ်။ ကျွန်တော့်လက်နဲ့ ကျွေးတာကို ငှက်ပြန်စားပြီလေ။ ကျွန်တော် လက်အပိုတစ်ဖက်နဲ့ ကျွေးတာကို ငှက်က ပြန်စားပြီ။

ညီမလေးက ဟစ်ခနဲ အသံထွက်ရယ်လိုက်မှ ငှက်က သူ့အိမ်ပေါ် ပြန်ခုန်တက်သွားတော့တယ်။ ပြောင်းဖူးစေ့ကို ကိုက်ရင်းနဲ့။



အဲ့ဒီညက အန်ကယ်ရော်ဂျာနဲ့ နောက်ဆုံး ညစာစားတာပဲ။ နောက်ဆုံး ဝိုင်သောက်တာပဲ။ ညီမလေးက ကျွန်တော့်လက်ပေါ်က မဆင်းဘူး။ ဆင်းလိုက်ရင်လည်း ငိုတာမို့ အောက်မချရဲဘူး။ နောက်ဆုံး သူ အိပ်ပျော်သွားမှ အိပ်ရာထဲ တိတ်တဆိတ် သွားပို့ရတယ်။

"ကျွန်တော် သွားတော့မယ် . . . အန်ကယ်ရော်ဂျာ"

"ဘယ်သွားမှာလဲ"

"ဒီလိုပါပဲ"

"ပြန်လာဦးမှာလား"

"ကျွန်တော် မသိဘူး"

"အင်း . . . မင်း စိတ်ပါရင် ပြန်လာခဲ့ပေါ့။ ဒါ မင်းရဲ့အိမ်ပါပဲ"

"ဟုတ်ကဲ့ . . . ကျေးဇူးအများကြီး တင်ပါတယ်"

ညီမလေးအခန်းကို တစ်ချက်ဝေ့ကြည့်ခဲ့ပြီးမှ ကျွန်တော် ထွက်ခဲ့တယ်။ မနက်ကျလို့ ကျွန်တော်မရှိတော့မှန်းသိရင် ညီမလေး ငိုဦးမလားပဲ။



www.burmeseclassic.com

www.burmeseclassic.com

## (20)

ကျွန်တော် ဒီမြို့ထဲမှာပဲ အမှိုက်တွေ လိုက်ကောက်ပြီး ရက်နည်းနည်းကြာအောင်နေဖို့ စဉ်းစားတယ်။ လီလီနဲ့ အတူရှိခဲ့တဲ့နေရာတွေကိုလည်း ပြန်သွားရင်းပေါ့။ ညနေဆိုရင်တော့ မြို့ပြင်က တောင်ကုန်းဆီပြန်ပြီး အဲ့ဒီတောင်ကုန်းမှာပဲ အိပ်တယ်။

တောင်ကုန်းပေါ်ကနေ ကြည့်တော့ အရာရာဟာ အရင်အတိုင်းပါပဲ။ ပင်လယ်ပြာနဲ့ ကောင်းကင်ပြာနဲ့၊ ဂျစ်ပစီရပ်ကွက်က အိမ်ပုပုလေးတွေကော အရင်အတိုင်းပါပဲ။ ဂျစ်ပစီဆိုတာက လမ်းတွေမှာလျှောက်သွားပြီး အတည်တကျနေလေ့မရှိတဲ့ လူမျိုးတွေလေ။ အခု ဂျစ်ပစီရပ်ကွက်ဆိုတာက ပေပေတေတေနဲ့ ဆင်းရဲတွင်းနက်နေတဲ့ ဆင်ခြေဖုန်းရပ်ကွက်လေးကို ဆိုလိုတာပါ။

ကျွန်တော် မြို့ထဲက အမှိုက်သွားကောက်ရင် ဒီမြို့ကလူတွေက ကျွန်တော့်ကို ပိုလို့ ဝိုင်းကြည့်ဆဲပါပဲ။ ကျွန်တော် ဖြတ်သန်းခဲ့တဲ့ အကြောင်းတွေကိုလည်း သူတို့အချင်းချင်း ပုံပြင်တစ်ပုဒ်လို ပြောလို့ပေါ့။ ကျွန်တော်ပြန်ရင် သူတို့ ညစာတွေ ဝယ်ထည့်ပေးလိုက်ကြတယ်။ နောက်



ဆုံးမှာ လူတွေအားလုံး ကျွန်တော့်ကို အကောင်းမြင်သွားတာတော့ သေချာတယ်။ ညနေ တောင်ကုန်းပေါ်ပြန်ရောက်ရင်တော့ ဒီလိုပဲ ဝေးဝေးကျင်း ကုန်ဆုံးပစ်လိုက်တာပဲ။

တစ်ခါတစ်လေမှာတော့ ဓာတ်ပုံလေးကို ထုတ်ကြည့်မိတယ်။ အဖေနဲ့အမေရဲ့ ဓာတ်ပုံလေးပေါ့။ သူတို့လည်း ဘဝတစ်ပါးကနေ ကျွန်တော့်လက်ရှိနေထိုင်မှုကို ကျေနပ်နေကောင်းပါရဲ့။ နောက်ပြီး လီလီ့ဓာတ်ပုံလေးကိုလည်း ထုတ်ကြည့်တယ်။ ဓာတ်ပုံထဲမှာ လီလီက ပြေပြစ်တဲ့ တောင်ဆင်းလမ်းတစ်နေရာကနေ လက်နှစ်ဖက်ဆန့်တန်းရင်း ဟေး . . . လို့ အော်ဟစ်ပြေးဆင်းလာပြီး သဘာဝကျနေတယ်လေ။ ဓာတ်ပုံကိုကြည့်ရင်း မျက်ရည်တွေ စီးနေမှန်း ကိုယ်တိုင် နောက်ကျမှ သိခဲ့တယ်။

"လီလီ . . . ငါ နင်နဲ့စတွေ့ခဲ့တဲ့ နေရာကို ပြန်ရောက်နေပြီ။ နင်နဲ့ နောက်ဆုံးခွဲခွာခဲ့ရတဲ့ နေရာဆိုလည်း မမှားဘူးပေါ့။ နင် ပြောခဲ့တယ်လေ။ ငါနဲ့ ကမ္ဘာအနှံ့လိုက်ပြီး အမှိုက်ကောက်ချင်တယ်လို့။ နင် ပြောခဲ့တဲ့စကားကို ငါ အကောင်အထည် ဖော်နေပါတယ်။ ငါ နေ့တိုင်း အမှိုက်တွေ ကောက်နေပါပြီ။ ငါ နင့်ကို သိပ်ကိုလွမ်းပါတယ် . . . လီလီရယ်"

လီလီဟာ တိမ်အဖြစ်နဲ့ ကောင်းကင်ကနေ ရယ်ပြနေတယ်လို့ ထင်မိတယ်။ ပြီးတော့ တိမ်အဖြစ်နဲ့ပဲ အဝေးဆုံး ထွက်သွားပြန်တယ်။ ကျွန်တော် ကျောက်တုံးတစ်တုံးလို ကျန်ခဲ့ရပေါ့။

• • •

ဒီနေ့ မြို့ထဲမှာ လူခြေအနည်းငယ် တိတ်နေတယ်။ လမ်းပေါ်က လူတွေကလည်း သုတ်သုတ်သွား သုတ်သုတ်လာ နေကြသလိုပဲ။ ကောင်းကင်မှာလည်း ငြိမ်သက်နေပေမယ့် ပုံမှန်းမဟုတ်ဘူးလို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

ခံစားရတယ်။ အီတလီခေါက်ဆွဲဆိုင်ဘေးက ဖြတ်တော့မှ ဆိုင်ထဲက တီဗီမှာ မုန်တိုင်းသတင်း လွှင့်နေတာ တွေ့တယ်။ မုန်တိုင်း မကြာခင် တိုက်ခတ်နိုင်တဲ့အကြောင်း ကြိုတင်သတိပေးနေတယ်။

မုန်တိုင်းကတော့ တစ်ခုတည်းပါပဲ။ နေရာဒေသကို လိုက်ပြီး ခေါ်ဝေါ်ကြတာပေါ့။ ပစိဖိတ်သမုဒ္ဒရာဘက်မှာ တိုင်ဖွန်းလို့ ခေါ်ပြီး၊ အတ္တလန္တိတ် သမုဒ္ဒရာဘက်မှာ ဟာရီကိန်းလို့ခေါ်တယ်။ အိန္ဒိယသမုဒ္ဒရာဘက်မှာတော့ ဆိုင်ကလုန်းလို့ ခေါ်ပြန်တယ်ပေါ့။

သူတို့ရဲ့ အဓိပ္ပာယ်တွေက ဆိုင်ကလုံးဆိုတော့ ခွေနေတဲ့မြွေတဲ့။ ဟာရီကိန်းဆိုတာ ကာရေဗီယန်ပင်လယ်နတ်ဆိုး၊ တိုင်ဖုန်းဆိုတာ ခေါင်းတစ်ရာရှိတဲ့ သတ္တဝါတဲ့။ ကြောက်မက်ဖွယ်အရာတွေချည်းပါပဲ။ မုန်တိုင်းတွေကို အစောဆုံးနာမည်ပေးတာက ဩစတေးရီးယားလူမျိုးတွေပါပဲ။ သူတို့မကြိုက်တဲ့ နိုင်ငံရေးခေါင်းဆောင်နာမည်တွေ ပေးခဲ့ကြသတဲ့။ အဟင်း . . . လုပ်တတ်ကြတယ်နော်။

နေ့လယ်မှာတော့ ကျွန်တော် လမ်းတစ်ခုပေါ်က အဖြတ် အန်ကယ်ရော်ဂျာနဲ့ တွေ့တယ်။ အန်ကယ်ရော်ဂျာနဲ့ အတူတူ နေ့လယ်စာစားဖြစ်တယ်။ အန်ကယ်ရော်ဂျာက ကျွန်တော် ဒီမြို့က ထွက်သွားပြီ မှတ်နေသေးတယ်။ မုန်တိုင်းကြောင့် မိုးများများဝင်ရင် ရေဝင်တဲ့အတွက် ရပ်ကွက်ထဲမှာနေဖို့ မဖြစ်တာမို့ မြို့ထဲကအိမ်မှာ ခဏရွှေ့နေနေကြောင်းလည်း ပြောသေးတယ်။

"အိမ်ပြောင်းတော့ ညီမလေး ပျော်ရဲ့လား"

"ကလေးထိန်း ငှားပေးထားရတာပေါ့။ မင်းမရှိတော့ ငိုတုန်းပဲ"

အန်ကယ်ရော်ဂျာ အဲ့လိုပြောတော့ ညီမလေးကို ခဏလွမ်းမိသွားသေးတယ်။ ဘာပဲဖြစ်ဖြစ် မြို့ထဲ လုံခြုံတဲ့နေရာ ရွှေ့ထားပြီဖြစ်တာကြောင့် ကျွန်တော် စိတ်ချမိတယ်။ နောက်တော့ အန်ကယ်ရော်ဂျာ



နဲ့ မုန်တိုင်းအကြောင်းတွေ ပြောဖြစ်တယ်။ ကျွန်တော်ကချည်း တော်တော်များများပြောပြတော့ အန်ကယ်ရော်ဂျာက အံ့ဩသလို ကြည့်ပြီး . . .

"မင်း . . . တော်တော် ဗဟုသုတ များနေပါလား"

"အဟင်း . . . လီလီပြောပြခဲ့တာချည်းပါပဲ"

စားပြီးသောက်ပြီးတော့ အန်ကယ်ရော်ဂျာက ကျွန်တော့်ကို တောင်ခြေကို လိုက်ပို့တယ်။

မုန်တိုင်းဟာ ညနေကတည်းက အစပျိုးတယ်။ လေပြင်းနဲ့ အတူ မိုးပြင်းပါ တရွှီးရွှီးရွာတယ်။ ရေပါတဲ့မိုးဟာ စီးစီးပိုင်ပိုင် ရှိလှတယ်။ ကောင်းကင်နဲ့ အလင်းရောင်ပေါင်းစုံဟာ ချက်ချင်းခမ်းသွားတယ်။ ကျွန်တော်တောင် အလင်းရောင်ရှိတုန်းက ဟိုဒီလျှောက်သွားပြီး နေရာ ရှာထားလို့ ကျောက်တုံးပုံစုံလှိုဏ်ငယ်လေးတစ်ခု တွေ့တယ်။ အဲ့ဒီမှာ သွားခိုနေခဲ့တယ်။

ခြောက်ခြားဖွယ် အသံတွေနဲ့အတူ ကောင်းကင်ငုက်ဆိုးတွေ ချီတက်လာသလိုပဲ တဝေါဝေါနဲ့ ရွာချတယ်။ ကျောက်ဂူထဲစီးလာတဲ့ မိုးစက်တွေက အေးစက်နေတယ်။ ဒါပေမဲ့ ကျွန်တော့်အထင် ဒီလို ရွာသွန်းတိုက်ခတ်တာကဟာ နာရီလောက်ပဲ ဖြစ်မယ်ထင်တယ်။ လေးငါးနာရီလောက် အများဆုံးပဲ။ အဲ့ဒီနောက်တော့ ငြိမ်သက်သွားခဲ့တယ်။ ထင်သလောက် မဆိုးတဲ့မုန်တိုင်းကို ကျွန်တော် ကျေးဇူးတင်မိပါတယ်။ တစ်နာရီ ကျော်ကျော်လောက်ကြာမှ လှိုဏ်ရဲ့အပြင် ထွက်ခဲ့တယ်။ တောင်စွန်းမှာထွက်ပြီး မြို့ထဲဆီ လှမ်းကြည့်လိုက်တယ်။

မီးရောင်တချို့ကို တလဲ့လဲ့ တွေ့ရတယ်။ ရွှေ့နေတဲ့မီးရောင်တချို့ကတော့ သွားလာနေတဲ့ ကားတစ်စီးတလေ နေမှာပေါ့။

စိတ်ချရပြီမို့ ကျွန်တော်လည်း လှိုဏ်ထဲပြန်သွားဆင်း အိပ်နေလိုက်တယ်။ အေးစက်ငြိမ်သက်တာနဲ့ပဲ ခဏအတွင်း အိပ်ပျော်သွားမိတယ်။ နံနက်ကျတော့ နေနည်းနည်းလေး ပြန်ပွင့်တဲ့အချိန်မှာပဲ ကျွန်တော်နိုးတယ်။ တောင်စွန်းကနေ မြို့ဆီ လှမ်းကြည့်လိုက်တယ်။

www.burmeseclassic.com

လူတွေ ပြန်စည်ကားနေပြီ။ ညက အလုပ်ခွင် စောစောနားခဲ့ရတဲ့ အတွက်ကြောင့်ထင်တယ်။ အားလုံး နေ့သစ်မှာ ပြန်တက်ကြွနေသလိုပဲ။ ကားတန်းရှည်ကြီးတွေကိုလည်း လှမ်းတွေ့ရတယ်။ လူပြောက်ကလေးတွေ လှုပ်နေတာကို တွေ့ရတယ်။ ကမ်းခြေဘက်မှာလည်း အနားယူသူတွေ၊ ပါတီဟွေ၊ လှိုင်းစီးသူ၊ ရေကူးသူတွေနဲ့ ပြန်စတင်နေပြီ ထင်တယ်။

ကျွန်တော် နံနက်ခင်းလေးကို အားပါးတရရှူရှိုက်ပြီး ပက်လက်လှန်လှဲလို့ လက်နှစ်ဖက်ကို ဆန့်တန်းထားလိုက်တယ်။ လတ်ဆတ်တဲ့ နေရောင်အောက်မှာ ကျွန်တော့် အကြောအချဉ်တွေ ပြေနေခဲ့တယ်။ တော်တော်လေးကြာအောင် လဲလျောင်းနေခဲ့တယ်။

နေရောင်ခြည် တစ်မျိုးဖြစ်လာချိန်မှ ကျွန်တော် စိုးရိမ်စိတ်နဲ့ လှဲရာက ထမိတယ်။ နေရောင်ခြည် ညိုလာတယ်။ သေချာမော့ကြည့်တော့ တိမ်မည်းတချို့ ပြေးလာနေတယ်။ ချက်ချင်း ကမ်းခြေဆီ လှမ်းကြည့်မိတော့ ကျွန်တော်မြင်လိုက်ရတာ လှိုင်းလုံး အဖွေးသားကြီး။ ဒီတောင်ပေါ်ကနေတောင် အထင်းသားလှမ်းမြင်ရတဲ့ လှိုင်းလုံးဟာ အနည်းဆုံး ပေ (၁၀၀)လောက် မြင့်တော့မပေါ့။ ဒါဆို . . .

“. . . . . . . .”

တွေးလို့မှမဆုံးသေး ကျွန်တော့်ပခုံးပေါ်ကို မိုးစက်တွေ ခုန်ချလာတယ်။ ဆံပင်တွေ ဖြုန်းခနဲ လွင့်သွားတယ်။ ကျွန်တော် အမြန်ဆုံး လှိုဏ်ဆီ ပြေးတယ်။ လှိုဏ်ထဲ ဝင်ခွေလိုက်ချိန်မှာပဲ မိုးသီးမိုးပေါက်တွေ ကမ္ဘာမြေကို ဒေါကြီးမောကြီး ရွာချလာပါတော့တယ်။

ချက်ချင်းဆိုသလိုပဲ ကောင်းကင်ထုဟာလည်း အမှောင်တွေ စုစည်းလိုက်ပါတယ်။ တိမ်တွေဟာ လက်နက်တပ်ဆင်လိုက်သလို တစ်ခုနဲ့တစ်ခု အံဝင်ခွင်ကျ စုစည်းသွားတယ်။ အသံမြည်အောင်တိုက်နေတဲ့ လေကို ကျွန်တော်ထင်တယ် တစ်နာရီ မိုင် (၁၅၀)နီးနီးလောက် ရှိပါ



လိမ့်မယ်။ ခုနက လှိုင်းလုံးကြီးသာ တကယ် ပေ(၁၀၀)လောက်ရှိရင် မုန်တိုင်းက ကြီးပြီပဲ။ ဒီရေတွေ ပေ(၄၀)လောက်တက်ရင်တော့ မြို့ပျက်မှာပဲ။

“ဝုန်း . . .”

ခနဲ ကျောက်ဂူလှိုဏ်အပေါက်မှာ သစ်ပင်တစ်ပင်လာလဲပြီး ပိတ်ဆို့သွားတယ်။ ကျွန်တော် ခြောက်ခြားသွားတယ်။ ကျောက်ဂူထဲ သစ်ရွက်တွေ တဝုန်းဝုန်းတိုးဝင်လာလို့ မျက်နှာကို လက်နဲ့ ကာလိုက်ရတယ်။

တဝေါဝေါ အသံပြုပြီး ကျောက်ဂူထဲ လိမ့်ဝင်လာတဲ့အသံတွေဟာ နားကွဲမတတ်ပဲ။ တခြားသစ်ပင်တွေ ပြိုလဲနေပုံကိုလည်း တဝုန်းဝုန်းကြားရတယ်။ မြို့ထဲဆိုရင် ဘယ်လိုဖြစ်နေမလဲ။ တဖျစ်ဖျစ်မြည်နေမယ့် လျှပ်စစ်ဓာတ်ကြိုးတွေကို မြင်ယောင်နေမိတယ်။ မျက်နှာကို သစ်ကိုင်းတွေ လွင့်စင်မထိမိုက်မိအောင် ကျောက်ဂူနံရံကို မျက်နှာလှည့်ပြီး ကိုယ်ကို ဝပ်ထားမိတယ်။ နားတွေအူပြီး အသက်ရှူကြပ်နေပြီ။

မုန်တိုင်းဟာ သူ့ခြေသူ့လက်၊ သူ့အမြီးသူ့ခေါင်းနဲ့ တိုးဇွတ်ကိုက်ဖျက် ရိုက်ခတ်မွှေနှောက်နေတာများ တောင်ကြီးတောင် သိမ့်သိမ့်တုန်နေသလိုပဲ။ ကျောက်တုံးတွေ ပြိုကျလိမ့်ဆင်းသံ၊ သစ်ပင်တွေလဲသံဟာ နားရွက်အနားလေးတင်ဖြစ်ပေါ်နေတဲ့ အတိုင်းပဲ။ ကျောက်ဂူအပေါက်ပိတ်သွားမှာကို ကျွန်တော် စိုးရိမ်လာမိတယ်။ ဒါပေမဲ့ လေက တရစပ်မို့ ကောက်ဂူအပေါက်ဆီ လှမ်းမကြည့်ရဲဘူး။ ဒီလိုပဲဝပ်နေတာ နာရီအတော်ကြာသွားတယ်လို့ ထင်တယ်။

အသံတွေ ငြိမ်ကျသွားပြီလို့ ထင်ရတဲ့အချိန်မှာ ကျွန်တော့်လက်တွေ ကွေးကုပ်ထုံကျင်နေခဲ့တယ်။ လက်ချောင်းတွေကို လက်ချောင်းတွေနဲ့ ပြန်ဖြည်ယူခဲ့ရတယ်။ သက်သောင့်သက်သာဖြစ်အောင် ပြန်ဖြည်ပြီး နံရံကို ကျောမှီထိုင်လိုက်ရတယ်။ ကျောက်ဂူအပေါက်ဆီ လှမ်းကြည့်တော့ သစ်ပင်နှစ်ပင် ကန့်လန့်ဖြတ်လဲပြီး ပိတ်နေတယ်။ အောက်ကနေ လှိုဏ်ထွက်သွားရင်တော့ ရမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ် တစ်နာရီလောက်ကြာအောင် ငြိမ်နေခဲ့သေးတယ်။ အဲ့ဒီနောက်မှာမှ ကျောက်ဂူအပြင်ကို ထွက်ခဲ့တယ်။ ဒါတောင် ကိုယ့်ကိုယ်ကိုယ် အရဲကိုးရာကျမလားလို့ စိုးရိမ်နေခဲ့သေးတယ်။ တောင်စွန်းဖျားဆီ အမြန်ပြေးကြည့်တော့ ကျွန်တော့်ရင်ထဲ ဟာသွားတယ်။ တစ်မြို့လုံး ရေတွေ . . . ။

မြို့တွေပြည့်လျှံပြီး ကစဥ့်ကလျား ဖြစ်နေတာကို လှမ်းမြင်နေရတယ်။ အားလုံး မုန်တိုင်း ညကပြီးပြီထင်ပြီး မနက်စောစောမှာပဲ ပုံမှန်လည်ပတ်ခဲ့ကြတာ။ ဒါပေမဲ့ မထင်မှတ်ဘဲ မုန်တိုင်းက အားကောင်းစွာနဲ့ တကျော့ပြန်ခဲ့တာ။

ကျွန်တော် ချက်ချင်း သတိရလိုက်တယ်။ တကယ်တော့ ဒီအဖြစ်အပျက်ဟာ မီယာမီပဲ။ ၁၉၆၂ ခုနှစ်က အမေရိကန်အရှေ့တောင်ကမ်းခြေက မီယာမီမြို့မှာလည်း ဒီလိုပဲဖြစ်ခဲ့ဖူးတယ်။ မုန်တိုင်းသတင်းကြိုရလို့ မြို့သူမြို့သားတွေ တစ်ညလုံး ပုန်းအောင်းခဲ့ကြတယ်။ နံနက်ကျတော့ နေသာပြီး ကြည်လင်နေတာမို့ မုန်တိုင်းစဲပြီထင်လို့ အားလုံးအပြင်ထွက်ပြီး တစ်နေ့တာ ဖြတ်သန်းဖို့၊ အလုပ်ခွင်ဝင်ဖို့ လှုပ်ရှားသွားလာခဲ့ကြတယ်။ အဲ့ဒီအချိန်ပဲ ဆန့်ကျင်ဘက်အရပ်က ပိုပြီး အင်အားပြည့်ဝကောင်းမွန်တဲ့ ဟာရီကိန်းတစ်ခုက ရုတ်တရက်ပြန်လာပြီး မီယာမီကို သိမ်းကျုံးဝါးမြိုပစ်တာ။ ဟုတ်တယ် . . . လီလီ ကျွန်တော့်ကို ပြောပြခဲ့တာ။ မာယာများတဲ့ မုန်တိုင်းအကြောင်း။

ကျွန်တော် တောင်စွန်းမှာ ရပ်တန့်သွေးပျက်နေခဲ့တယ်။ ဘာလုပ်ရမှန်းမသိစွာ။ ဒီအချိန် ကျွန်တော့်လို ကိုယ့်မြို့ကြီးရဲ့ အပျက်အစီးကို အပေါ်စီးကနေ အထင်ရှားကြည့်နေတဲ့သူ တစ်ယောက်မှ ရှိနိုင်မှာမဟုတ်ဘူး။



## (21)

သွေးပျက်နေရာကနေ ကျွန်တော် သတိဝင်လာချင်း ကျွန်တော်ပြေးထွက်သွားမိတယ်။ တောင်အောက်ကိုပေါ့။ တောင်ဆင်းလမ်းမှာ မြေတွေပြိုတဲ့နေရာ ပြိုနေတယ်။ သစ်ပင်တွေလည်း တော်တော်လဲပြီး ရှုပ်ထွေးနေတယ်။ တောင်ခြေနားမရောက်ခင်ဘဲ ကျွန်တော် ရေတွေကို လှမ်းတွေ့နေရတယ်။ ပြီးတော့ ရေထဲမှာ မျောလာတဲ့အရာတွေ။

ရေထဲမှာ မျောလာတဲ့အရာတွေကတော့ ရေထဲ မနစ်နိုင်တဲ့ ပရိဘောဂတွေ၊ ဘောကွင်းတွေနဲ့ တခြား ပလပ်စတစ်ပစ္စည်းအချို့ပဲ။ အဲ့ဒီပစ္စည်းတွေကို ဖက်တွယ်ပြီး လိုက်လာသူတွေကမှ လူတွေ၊ ခွေးတွေ၊ ကြောင်တွေ၊ ကြက်နဲ့ကြွက်တွေ၊ တခြား သက်ရှိတိရစ္ဆာန်တွေ မြင်ရတဲ့ မျက်လုံးကိုတောင် မယုံမိဘူး။ တချို့ မျောလာတဲ့အထဲမှာ မြွေတွေနဲ့။ ကယ်ပါယူပါ တဆာဆာအော်သံတွေနဲ့ တကယ့်ငရဲပြည် ရောက်နေသလား အောက်မေ့ရတယ်။

ဒါ သဘာဝ ငရဲပဲလား။ ရေပြင်ဆီ ငေးကြည့်နေရင်း ညည်းငြူသံတွေ တစ်စထက်တစ်စ ကြားလာရတယ်။ ဟိုနေရာက ဒီနေရာက ကြားလာရတယ်။ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်တော့ [illegible]ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com

ချုံပုတ်တွေထဲမှာ ရေမျောကမ်းတင်နေတဲ့လူတွေ မနည်းပါလား။ လက်တွေ လေထဲ တုန်ချိချိမြှောက်ပြီး တအင်း . . . အင်း . . . နဲ့ ညည်းညူနေကြတယ်။

အဲ့ဒီအချိန် ဝုန်းခနဲ သစ်ပင်ကြီးတစ်ပင် လဲသွားပြန်တယ်။ ဒီအတိုင်းဆို မလွယ်ဘူး။ လူတွေ သစ်ပင်ပိတာ၊ မြေပြိုတာနဲ့ရောပြီး သေကုန်ကြတော့မှာပဲ။ အဲ့ဒီနောက် ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ ချက်ချင်းတောင်အောက်ဆင်းလို့ရသေးတဲ့ နေရာအထိ ဆင်းလိုက်ပြီး ရေပြင်ဘက်ကို မျက်နှာမူလို့ ကျယ်လောင်စွာ အော်လိုက်တယ်။

"အားလုံး စိတ်အေးအေး ထားကြပါတယ်။ အားလုံး ဒီတောင်ဆီ ရအောင် ကူးခတ်လာခဲ့ကြပါ။ ဒီမှာ လုံခြုံပါတယ်။ အားလုံး လာခဲ့ကြပါ"

ဒီတောင်က ခုတော့ ရေပတ်လည်ဝိုင်းနေတဲ့ ကျွန်းတစ်ခုလိုပေါ့။ ကျွန်တော်မပြောလည်း သူတို့အားလုံး ဒီတောင်ဆီပဲ လာကြမှာဖြစ်ပေမယ့် သူတို့ စိတ်အေးအောင်လို့ ပိုပြောပေးတာပါ။ အဲ့ဒီလိုမျိုး ဆယ်ခွန်းလောက်အော်ပြီးမှ ကျွန်တော် ချက်ချင်းပဲ နီးရာ ရေမျောကမ်းတင် လူတစ်ယောက်ကို စတင်ကျောပိုးလိုက်တယ်။ ပြီးတော့ ချက်ချင်းပဲ မြေပြိုဒဏ်ကလွတ်မယ့် နေရာတစ်ခုကို စဉ်းစားပြီး သွားထားတယ်။ တစ်ယောက်ပြီးတစ်ယောက် ကျွန်တော် ကျောပိုးတော့တာပဲ။

တော်တော်များများက ဂျစ်ပစီရပ်ကွက်က လူတွေပဲ။ တချို့က သေနေကြပြီ။ ရေမွန်းပြီးတော့လား၊ တခြား ထိခိုက်မှုကြောင့်လား၊ အမောစို့ပြီးတော့ပဲလား။ ချုံပုတ်တစ်ခုထဲက နှုတ်ခမ်းတွေပြာနေတဲ့ လူ တစ်ယောက်ကို ကျောပိုးဖို့ကြည့်လိုက်တော့ ကျွန်တော် မှတ်မိလိုက်တယ်။ အရက်သမားပုံစံပေါက်နေတဲ့ အဲ့ဒီလူဟာ တစ်ခါက ကျွန်တော် မြို့ရောက်ခါစတုန်းက ကျောင်းလမ်းနားမှာ သူ့အဖော်တစ်ယောက်နဲ့ ကျွန်တော့်ကို မညှာမတာ စနောက်ခဲ့ဖူးတဲ့လူလေ။ သူက ဆံပင်ရှည်ရှည် ပိန်



ခြောက်ခြောက်နဲ့။ သူ့အဖော်က သွားကြီးကြီး ဗလကြီးကြီးနဲ့လူလေ။

အခု သူ ဘာလို့ နှုတ်ခမ်းတွေ ပြာနေတာပါလိမ့်။ သူ သူ့ဘောင်းဘီကို ဆွဲတင်ပြတော့ သွေးစို့နေတဲ့ သူ့ခြေထောက်ကို တွေ့လိုက်တယ်။ သူ မြွေကိုက်ခံလိုက်ရတာပဲ။ ကျွန်တော် သူ့ကို ကျောပိုးပြီး အန္တရာယ်ပိုကင်းမယ့်နေရာပို့တုန်းပဲ ကျွန်တော့်ကျောပေါ်မှာ သူသေသွားတယ်။

ကျွန်တော် နည်းနည်းသက်သာသွားတာက တောင်ပေါ်ကမ်းကပ်လာတဲ့အထဲမှာ ထိခိုက်ဒဏ်ရာရ နည်းတဲ့သူတွေ ပါလာတာပဲ။ ကျွန်တော်နဲ့အတူ သူတို့ပူးပေါင်းပြီး လူတွေကို အန္တရာယ်ကင်းရာ သယ်ပိုးနေရာချကြတယ်။ တောင်တစ်တောင်လုံး ညည်းညူသံတွေ ပြည့်နေပြီလား မသိဘူး။

ကျွန်တော် ကျောပိုးလာတဲ့ ဂျစ်ပစီအဘိုးကြီးတစ်ယောက်ဆိုရင် စိတ်မချမ်းသာစရာကောင်းအောင် သွေးရူးသွေးတန်း အော်ဟစ်လာတယ်။

"ဟား . . . ဟား . . . ဟား . . . ဒါ ကမ္ဘာပျက်တာပဲ . . . ဒါ ကမ္ဘာပျက်တာ။ သောက်သုံးမကျတဲ့လူတွေကို ဒဏ်ခတ်တာဟေ့ . . ဟား . . . ဟား . . ."

ကျွန်တော် မအော်ဖို့တားတယ်။ မရဘူး။ ထိခိုက်ဒဏ်ရာရသူလူတွေ စုဝေးတဲ့နေရာမှာသွားထားတော့ (ဂျစ်ပစီဖိုးကြီးက ခြေနှစ်လုံးကျိုးနေပြီ) လည်း အော်နေတုန်းပဲ။ ကျန်တဲ့ တခြားလူတွေက သူ့ကိုဝိုင်းဆဲကြတာပေါ့။

ကျွန်တော် ကျောပိုးပြီး တောင်ပေါ်ဆွဲတင်ခဲ့တာ အယောက်ဘယ်လောက်ရှိမလဲ မရေတွက်နိုင်အောင်ပဲ။ လူလည်း မလှုပ်ချင်လောက်အောင် ဟိုက်နေတယ်။ ဒါပေမဲ့ မဖြစ်ဘူး။ ကျွန်တော်မလုပ်ရင် ဒီကောင်ဟာ သင်္ချိုင်းကုန်း ဖြစ်သွားတော့မှာပေါ့။ ဟိုးရေထဲမှာကြည့် ယက်ကန်ယက်ကန်နဲ့ ကူးခတ်နေတဲ့လူတွေ။ ငရဲအိုးထဲမှာ ပူလောင်နေတဲ့ လူတွေ

www.burmeseclassic.com

လိုပဲ။ ဂျစ်ပစီအဖိုးကြီးပြောသလို ကမ္ဘာပျက်နေတဲ့အတိုင်းပဲ။ လီလီကော ကမ္ဘာပျက်တာနဲ့ ပတ်သက်ပြီး ဘာတွေပြောခဲ့ဖူးသေးလဲ။ လီလီ ပြောဖူး တယ်။ ကမ္ဘာကြီး ပျက်စီးသွားရင်လည်း သူ့ အံ့ဩမှာ မဟုတ်ဘူးတဲ့။ ဟုတ်တယ် . . . သူပြောခဲ့ဖူးသားပဲ။

ကျွန်တော် အတွေးကိုရပ်ပြီး ရေပြင်ဆီ လှမ်းကြည့်လိုက်တော့ စက်လှေတွေကို တွေ့ရတယ်။ လူကယ်တဲ့ စက်လှေတွေဖြစ်မယ်။ အဲ့ဒီ အချိန်မှာပဲ တဒုတ်ဒုတ် ဒုတ်ဒုတ်မြည်သံတွေနဲ့ ကောင်းကင်ဟာ တုန်ခါ လာတယ်။ မော့ကြည့်လိုက်တော့ ရဟတ်ယာဉ်နှစ်စင်း၊ ရဟတ်ယာဉ် ပေါ်က ပစ္စည်းတွေ ပစ်ချနေတာလည်း တွေ့ရတယ်။ ကျွန်တော် အမြန် ဆုံး လူတွေရှိရာဆီ ပြေးတယ်။ လူနာစခန်းမှာ ရှုပ်ယှက်ခတ်နေတယ်။ ကမ္ဘာပျက်မယ် တကြော်ကြော်အော်နေတဲ့ ဂျစ်ပစီအဘိုးကြီးကတော့ သေနေပါပြီ။ အားလုံး ညည်းညူသံတွေပဲ ဖုံးလွှမ်းနေတယ်။ ရေပဲ တကြော်ကြော် အော်တောင်းနေကြတယ်။

မုန်တိုင်းဒဏ်သင့်ပြီးနောက် လိုအပ်တာ ရေချိုပဲ။ အကုန်လုံး ဒီရေနဲ့အတူ ရေငန်တွေဖုံးလွှမ်းပစ်တာမို့ ရေချိုတွေ ပျက်စီးသွားတာ ကြောင့်ပဲ။ ကျွန်တော်နဲ့ လှုပ်ရှားနိုင်သူအားလုံး ရဟတ်ယာဉ်ပေါ်က ပစ်ချ သွားတဲ့ ပစ္စည်းတွေကို လိုက်ရှာသယ်ယူကြတယ်။ ရေသန့်၊ ဆေးဝါးနဲ့ ရိက္ခာတွေပဲ။ ကျွန်တော်တို့ ညီတူမျှတူဖြစ်အောင် သုံးစွဲရတယ်။

လူတွေက သွေးရူးသွေးတန်း ဖြစ်နေကြတော့ လုပ်ရကိုင်ရတာ မလွယ်ဘူး။ တောင်ပေါ်က လှမ်းကြည့်ရင် ရေပြင်ထဲမှာ ဒုက္ခသည်တွေ သိပ်မတွေ့ရတော့ဘူး။ စက်လှေတွေနဲ့ ကယ်ထုတ်သွားကြပြီ။ ဒါပေမဲ့ စက်လှေတွေက ကျွန်တော်ရှိရာ တောင်ကုန်းဆီတော့ မလာခဲ့ကြဘူး။ တောင်ခြေမှာ လျှပ်စစ်ဓာတ်ကြိုးတွေ အမြောက်အမြား လဲပြိုပြီး အန္တရာယ် များနေတာတော့ အမှန်ပဲ။ အဲ့ဒါကြောင့်များ မလာတာလား။ ဒါပေမဲ့ ပိုဖြစ်နိုင်တာက ကျွန်တော်တို့ကို ကယ်ထုတ်ဖို့ တခြားအစီအစဉ် ရှိနေ လို့ပဲ နေမှာပါ။ အဲ့ဒီလို ကျွန်တော် သဘောပေါက်မိတယ်။



ဒါပေမယ့် သွေးရူးသွေးတန်းဖြစ်နေတဲ့ လူတွေက အဲ့ဒါကို နားမလည်ကြဘူး။ သူတို့ကို စက်လှေတွေထားခဲ့ပြီဆိုပြီး ဒေါသထွက်၊ ပေါက်ကွဲ ငိုယိုကြတယ်။ ခုနက ရဟတ်ယာဉ်နှစ်စင်းကလည်း လူမကယ် ဘဲ ပစ္စည်းချပြီးတာနဲ့ ပြန်သွားတော့ သူတို့ ပိုစွန့်ပစ်ခံရသလို ခံစားရ တာပေါ့။

ဒီကြားထဲ ငတေမာရင်ပြီးရော တချို့ကလည်း ရေနဲ့ ရိက္ခာ တွေကို ရသလောက်လုပြီး ထွက်ပြေးသွားကြတယ်။ သူတို့ဘာသာ သူတို့ လွတ်လမ်း ရှာချင်ကြလို့ထင်တယ်။ အန္တရာယ်ကင်းရာမှာ မနေ ဘဲ အိမ်မှာကျန်ခဲ့တဲ့ အဖိုးတန်ပစ္စည်း ရှာမယ်ဆိုတဲ့ လူတွေကလည်း တစ်ဖွဲ့။ အားလုံး မိသားစုတွေ ကွဲပြဲဖရိုဖရဲဖြစ်နေတော့ ကိုယ့်မိသားစု ကိုယ် လိုက်ရှာချင်တဲ့သူတွေကောပဲ ဆူညံသွေးပျက်လို့ပေါ့။

နောက် (၂) နာရီလောက်ကြာမှ ရဟတ်ယာဉ်တွေ အုပ်စု လိုက် ပျံလာတာကို အားတက်ဖွယ် တွေ့လိုက်ရတယ်။ လူတွေအားလုံး လည်း မျှော်လင့်ချက်တွေနဲ့ မျက်နှာတွေ ပြန်လဲ့လာတယ်။ ရဟတ် ယာဉ်တွေက ဆင်းစရာနေရာ မရှိတာမို့ ကြိုးလှေကားချပေးတယ်။ မတက်နိုင်တဲ့သူ တွေကို ပုခက်တွေ၊ လူတနာတင်စင်တွေနဲ့ အပေါ်က ဆွဲတယ်။ လူတွေ လွတ်မြောက်တော့မှာမို့ ကျွန်တော် ဝမ်းသာမိတယ်။

အဲ့ဒီအချိန် ကျွန်တော့်မျက်လုံးထောင့်စွန်းက လှစ်ခနဲ တစ် ယောက်ယောက် ပြေးသွားတာကို တွေ့လိုက်ရတယ်။ ကျွန်တော် ဖျပ်ခနဲ ကြည့်လိုက်တော့ ကလေးမလေးတစ်ယောက်။ ကျွန်တော် အမြန်ပြေး သွားပြီး ကလေးမလေးရှေ့က လက်ဆွဲပိတ်ရပ်လိုက်တယ်။

"ဟေ့ . . . ဘယ်သွားမလို့လဲ"

ကလေးမလေးက မျက်ရည်တွေ ပြည့်နှက်နေတဲ့ မျက်နှာ နဲ့ . . .

"ဖေဖေ့ကို သွားရှာမလို့"

"ဘယ်ကို သွားရှာမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"မသိဘူး။ ဖေဖေက သမီး ရေဆာလို့ဆိုပြီး သူက ရေသွားရှာတယ်။ ကြာလှပြီ ပြန်မလာသေးဘူး"

"သမီး လိုက်ရှာလို့ မဖြစ်တော့ဘူး။ အချိန်မရှိဘူး။ ရဟတ်ယာဉ်တွေနဲ့ လိုက်သွားရတော့မယ်"

"ဟင့်အင်း . . . သမီးမှာ ဖေဖေမရှိလို့ မဖြစ်တော့ဘူး။ သမီးတို့က သားအဖနှစ်ယောက်တည်း ရှိတာ"

ပြောရင်း ငိုနေတယ်။ ကျွန်တော် စိတ်မကောင်းဘူး။

"ဒါဖြင့် ဒီလိုလုပ်။ ဦး လိုက်ရှာပြီး ခေါ်ခဲ့ပေးမယ်။ သမီးက ရဟတ်ယာဉ်နဲ့ အရင်လိုက်သွားနှင့်"

"ဦးလေး . . . တကယ်ပြောတာလား"

"ကတိပေးတယ်။ သမီးအဖေပုံစံကို ပြောပြ"

ကလေးမလေးက ပြောပြတယ်။ ပြီးတော့ ကျွန်တော် သူ့ကို ရဟတ်ယာဉ်ဆီ ချီသွားလိုက်တယ်။ ပြီးတော့ ကျွန်တော် ကလေးမလေးရဲ့အဖေကို ရှာဖို့ တောင်ဆင်းလမ်း တောထဲဘက် ထွက်ခဲ့တယ်။ ကျွန် တော် တောင်အောက်လမ်းထဲ ရောက်ချိန်မှာပဲ ရဟတ်ယာဉ်တွေ တဒက် ဒက်နဲ့ စတင်ပျံသန်းနေတာကို တွေ့ရတယ်။

ကျွန်တော် ကလေးမလေးရဲ့အဖေကို လိုက်ရှာတယ်။ ကျွန်တော် အားလျော့ပြီး ရှာမတွေ့တိုင်း ကလေးမလေးရဲ့ မျက်ရည်မျက်နှာကို မြင်ယောင်မိတယ်။ ဒါကြောင့် အချိန်တော်တော်ကြာအောင် ကျွန်တော် အသေးစိတ် ရှာခဲ့တယ်။ လျှိုမြောင်တွေ ကြားထဲကအစ ကျွန်တော် ဟိုဒီအနှံ့ ကြည့်ရင်းရှာတုန်းပဲ . . .

"အား . . ."

ဆင်ခြေလျှောတစ်ခုမှ ကျွန်တော် ချော်ပြီး ဒရွတ်ပါသွားတယ်။ ဒရွတ်လမ်းကြောင်းမှာ ငေါထွက်နေတဲ့ ကျောက်စွန်းက ကျွန်တော့်ပေါင်သားကို ခြစ်ခွဲသွားပေါ့။ အား . . . ခနဲ ကျွန်တော် မျက်ဖြူစိုက်မတတ် နာကျင်စိမ့်သည်သွားတယ်။ ပေါင်ကို



လက်နဲ့အုပ်ပြီး တအားအားအော်မိတယ်။ အောက်ရောက်တော့ ကျွန်တော် မထနိုင်ဘဲ အော်နေမိတယ်လေ။ အော်လို့မောမှ ဘေးဘီကြည့်မိတယ်။ ကျွန်တော့် ဘေးမှာ အလောင်းတစ်လောင်း။ နဖူးကွဲကြောင်းနဲ့ အလောင်းတစ် လောင်း။ ပါးစပ်က ဟစိပွင့်လို့။ ဟတဲ့ပါးစပ်ထဲက ရွှေရောင်သွားတစ် ချောင်းကို တွေ့လိုက်တယ်။ ပြီးတော့ မေးစေ့ကို ချက်ချင်းကြည့်လိုက် တော့ မှည့်တစ်လုံး။ အရပ်အမောင်းကို ခန့်မှန်းကြည့်တော့ (၆)ပေ လောက်။

ထင်တဲ့အတိုင်းပဲ။ ကလေးမလေးရဲ့အဖေ သေနေပြီ။ ကလေးမလေးပြောပြခဲ့တဲ့ သူ့အဖေရဲ့ ပုံစံဟာ ဒီလူ့ပုံစံပဲလေ။ နာရီတချို့ကြာအောင် ရှာခဲ့ပြီး အဆုံးမှာတော့ ရလဒ် ဆိုးရွားခဲ့တယ်။ ကလေးမလေး ပြန်လာရှာရင် အလွယ်ပြန်တွေ့နိုင်အောင်လို့ ကျွန်တော် အလောင်းကို မြေမြှုပ်လိုက်တယ်။ မှတ်တိုင် စိုက်လိုက်တယ်။ ပြီးတော့မှ တောင်ပေါ်ကို သေကောင်ပေါင်းလဲ ပြန်တက်လာခဲ့တယ်။

တောင်ပေါ်ရောက်တော့ ဘယ်သူမှ မရှိတော့ဘူး။ အားလုံး တိတ်ဆိတ်နေပြီ။ သွားပြီ။ အားလုံး ကျွန်တော့်ကိုမေ့ပြီး ချန်ပြီးထားခဲ့ကြပြီ။ ကျွန်တော်လည်း အား, လုံးဝ မကျန်တော့တာမို့ လဲကျသွားပါတော့တယ်။

ပြီးတော့ ကျွန်တော် ခဏ မေ့သွားတယ်ထင်တယ်။ ဒါမှမဟုတ် သတိဝင်တစ်ချက်၊ လွတ်တစ်ချက် ဖြစ်နေတာ ထင်တယ်။ ဆူညံကျွက်ပျက်ခဲ့တဲ့ တောင်ပေါ်မှာ အခုတော့ ကျွန်တော်တစ်ယောက်တည်း တိတ်ဆိတ်စွာ ကျန်ခဲ့ပါလား။ ကျွန်တော် တစ်နေ့လုံး ပင်ပန်းကြီးစွာ ကယ်ဆယ်ခဲ့တဲ့လူတွေ အခု အားလုံး ကျွန်တော့်ကို မေ့ထားခဲ့ပြီလား။ ကျွန်တော့်ပေါင်ဒဏ်ရာက သွေးတွေစီးပြီး နာစိမ့်စိမ့်လေးဖြစ်နေတဲ့ အရသာကို ကျွန်တော် ခံစားနေရတယ်။ ကျွန်တော် ဒီတောင်ပေါ်မှာ ရေငတ်ရင်း သေဆုံးသွားမယ်ထင်တယ်။ ကျွန်တော်နိုးလာတော့ ပတ်ဝန်း

www.burmeseclassic.com

ကျင်က မှောင်ညို့ညို့ဖြစ်နေတယ်။ ကျွန်တော့် နားထဲကလား၊ စိတ်ထဲကလား မသဲကွဲဘူး။ တဒတ်ဒတ်နဲ့ ရဟတ်ယာဉ်တစ်စင်း လာနေသလိုပဲ။ ကျွန်တော် ဖြည်းဖြည်းချင်း မျက်လုံးဖွင့်မိတယ်။ ကိုက်ခဲနာကျင်နေပြီး တစ်ကိုယ်လုံး ထုံနေတဲ့ခန္ဓာကိုယ်ကို အားယူပြီး ထလိုက်တယ်။ မြင်ကွင်းဟာ ဝေဝါးနေတယ်။ မှုန်ရီနေတယ်။

မကြည်လင်တဲ့ မြင်ကွင်းထဲ တရွေ့ရွေ့ မြင်လာရတာတော့ လည်နေတဲ့ ဒလက်တစ်ခု။ ပိုပြီး ကြည်ကြည်လင်လင် မြင်လာတော့ သိလိုက်တာ ဒါ ရဟတ်ယာဉ်တစ်စင်းဆိုတာပဲ။ ကျွန်တော် ပျော်သွားတယ်ထင်တယ်။ ဒါပေမဲ့ သူတို့ကတော့ ကျွန်တော့်ကို မမြင်သေးဘူး။

"ဟေး . . . "

"ဟေး . . . "

အော်ဟစ်ပေမယ့် ကျွန်တော့်အသံက တိုးနေတယ်။ သူတို့ကလည်း မကြားဘူး။ လည်ချောင်းက ကျဉ်းနေသလိုပဲ။ ပြီးတော့ နာနေတယ်။

"ဟေး . . . "

ထပ်အော်လည်း မထူးတာမို့ ကျွန်တော် ခြေထောက်တစ်ရွတ်နဲ့ပဲ ပြေးပြီး လက်ပြနေမိတယ်။ လက်လေးဖက်နဲ့ ဝှေ့ယမ်းပြတာမို့ သူတို့ မြင်သွားတယ်ထင်တယ်။ ရဟတ်ယာဉ် ပြန်ကွေ့လာတယ်။

ရဟတ်ယာဉ် ကျွန်တော့်ဆီရောက်လာအောင် ကျွန်တော် မစောင့်နိုင်ဘူး ဖြစ်သွားတယ်။ ကျွန်တော် နာကျင်လျှက် ပြေးသွားနေမိတယ်။ ရဟတ်ယာဉ် ကြိုးလှေကားချပေးတာလည်း မစောင့်နိုင်ဘူး။ ကျွန်တော် သွေးရူးသွေးတန်း 'လွှတ်'ပြီး ပြေးနေမိတယ်။ ရဟတ်ယာဉ် တောင်အစွန်းနားရောက်ချိန်မှာ ကျွန်တော်လည်း တောင်အစွန်းနား ရောက်နေခဲ့ပြီ။ ရဟတ်ယာဉ်နဲ့ ကျွန်တော် ဘယ်လောက်အကွာအဝေးမှ မရှိတော့ဘူး။ အဲ့ဒါကြောင့် ကျွန်တော် တောင်အစွန်းကို ခြေထောက်နဲ့ အားကန်ပြီး အစွမ်းကုန် ခုန်လိုက်တယ်။



ရဟတ်ယာဉ်ပေါ်က ကယ်ဆယ်ရေး စစ်သားကလည်း အမြန်လက်ကမ်းပေးတယ်။ ဒါပေမဲ့ . . . ဒါပေမဲ့ . . အဲ့ဒါက ဆိုးသွားတာ။

ဟုတ်တယ် . . . အဲ့ဒါ ဆိုးသွားတာ။ ကျွန်တော် သွေးရူးသွေးတန်း ရဟတ်ယာဉ်ဆီ ခုန်လိုက်ချိန်မှာ ကျွန်တော် ကယ်ဆယ်ရေးစစ်သားရဲ့ လက်ကမ်းမှုကို မြင်လိုက်တယ်။ အဲ့ဒီအချိန် ကျွန်တော့် အာရုံတစ်မျိုး ဖြစ်သွားတယ်။ အဲဒီ ကယ်ဆယ်ရေးစစ်သားကို ကယ်ဆယ်ရေးစစ်သားလို့ မမြင်ဘဲ တန်ခိုးရှင်တစ်ယောက်လို့ မြင်မိသွားတယ်။

ဘယ်လို တန်ခိုးရှင်လည်း တိမ်တိုက်တစ်ခုပေါ်မှာ အလင်းတွေနဲ့ တောက်ပပြီး ကျွန်တော့်ကို ကယ်တင်ဖို့ စောင့်ကြိုနေတဲ့ ဘုရားသခင်လို တန်ခိုးရှင်မျိုးလို့ ထင်မိသွားတယ်။ ကျွန်တော် ဒီလိုအခြေအနေမျိုး အိပ်မက်ထဲမှာ မက်ဖူးတယ်လေ။ (၁၈) နှစ်ပြည့်တဲ့ညက အိပ်မက်မှန်း ကျွန်တော် မှတ်မိသွားတယ်။ ကြင်နာမှုအပြည့်နဲ့ ကယ်တင်မယ့်တန်ခိုးရှင်ကို ကျွန်တော် ကျေးဇူးတင်တယ်။ ကျွန်တော့်လက်ကို မရွံမရှာကမ်းလင့်နေတဲ့ သူ့ရဲ့လက်တစ်ဖက်ကို ကျွန်တော် ကျေးဇူးတင်တယ်။ ဒါပေမဲ့ ကျွန်တော့်လက်တွေနဲ့ ပြန်ကမ်းရမှာတော့ အားနာစိတ်မကောင်းဖြစ်မိတယ်။

ဒါကြောင့် . . .

"ဟာ . . ."

ကယ်ဆယ်ရေးစစ်သားရဲ့ အကြီးအကျယ် အာမေဍိတ်သံ။

ကျွန်တော့်လက်နဲ့ ကယ်ဆယ်ရေးစစ်သားလက်တို့ ထိလုထိစဉ်မှာပဲ ကျွန်တော် လက်ပြန်ရုပ်မိသွားတယ်။

လေထဲပြန်ကျသွားတဲ့ ကျွန်တော့်ကို ကယ်ဆယ်ရေးစစ်သား မျက်လုံးပြူး၊ ပါးစပ်အဟောင်းသားနဲ့ ကြည့်နေခဲ့ပေါ့။ ကျွန်တော်ဟာ ရဟတ်ယာဉ်ကိုလည်း မမီ၊ တောင်ပေါ်လည်း ပြန်မကျတော့ဘဲ ဟိုးတောင်အောက် လေထဲ . . . ပက်လက် မျောလွင့်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ကျွန်တော် ပြုံးနေတယ်။ ကောင်းကင်အောက်ပြုတ်ကျရင်း ကျွန်တော် ပြုံးနေတယ်။ လီလီရေ . . . ငါ ပြုံးသွားခဲ့တယ်နော်။ လေထဲမှာ ကျွန်တော့်အပြုံးတွေ ပျံ့လွင့်ကုန်မလား။

တကယ်ပဲ ကျွန်တော် ပြုံးခဲ့သင့်တယ်။ ကမ္ဘာကြီးထဲမှာ ပါဝင်ခဲ့ဖူးတဲ့ လူသားအဖြစ်၊ အမှိုက်ကောက်တဲ့သူဟာ အမှိုက်မဟုတ်ဘူးတဲ့ . . လီလီပြောတယ်။ ကမ္ဘာပေါ်မှာ အမှိုက်တစ်ယောက်လို မနေခဲ့တဲ့အတွက် ကျွန်တော် ပြုံးခဲ့မယ်။ ကျွန်တော် ဝိညာဉ်ဖြစ်သွားရင်ကော ကျွန်တော့် ဝိညာဉ်ဟာ လက်လေးဘက်နဲ့ပဲလား။ ကျွန်တော် မစဉ်းစားဘဲ ပြုံးခဲ့ချင်တယ်။

ကျွန်တော် အဖေနဲ့အမေနောက် လိုက်သွားရတော့မယ်။ ဒေါ်လေးနဲ့လည်း ပြန်တွေ့ရတော့မယ်။ ပြီးတော့ ကျွန်တော့်ရဲ့ လီလီလေးနဲ့လည်း ပြန်ဆုံဆည်းရတော့မယ်။ အဲဒီအတွက် ကျွန်တော် ပြန်ခဲ့မယ်။ အဆိုးဆုံးတွေ ပေးခဲ့ဖူးပေမယ့် ကမ္ဘာကြီးကို ကျွန်တော် ကျေးဇူးတင်စွာ ပြုံးခဲ့မယ်။

"ငါ့မှာ လက်အပိုနှစ်ဖက်ကြီး ပါနေတာတောင် နင် ဘာလို့ ငါ့ကိုချစ်တာလဲ"

"ငါ့မှာလည်း နင့်အတွက် မမြင်ရတဲ့ နှလုံးသားအပိုတစ်ခု ပါလာလို့ နေမှာပေါ့"

အဲဒီလို ပြောကြားခဲ့တဲ့ ကောင်မလေးနဲ့ ကျွန်တော် ပြန်တွေ့ရတော့မယ်။

တမလွန်မှာ လေတွေတိုက်နေမလား။ လီလီလည်း ဝိညာဉ်ဖြစ်ပေမယ့် ရွှေရောင်ဆံပင်လေးနဲ့ လှနေလိမ့်ဦးမယ်လို့ ကျွန်တော် ယုံတယ်။ အဲဒီဆံပင်တွေကြားက မျက်လုံးပြာလေးကို ပြန်လိုက်ရှာမယ်။ လီလီနဲ့ တမလွန်မှာ တောင်တက်မယ်၊ ဓာတ်ပုံရိုက်မယ်၊ အမှိုက်ကောက်မယ်၊ ငှက်ကလေးတွေကို ချစ်မယ်။

လီလီရေ . . .



လီလီရေ . . . ငါ့ကို ကြိုနော်။

လီလီရေ . . .

ငါ ကမ္ဘာမြေကို အကောင်းမပြောဘူး။ လောကတွေ၊ ကံကြမ္မာတွေကို မညည်းညူတော့ဘူး။ ငါ ပြုံးပြခဲ့တယ်။

လီလီရေ . . . ငါ နင့်စကားနားထောင်ဖို့ နင့်ဆီလာနေပြီ။

ကျွန်တော် ပြုံးနေတယ်။ အပေါ်ကနေ ပြုတ်ကျလာတဲ့ ကျွန်တော့်ကို လေတွေက ဖွားရရား ပင့်တိုက်နေတယ်။ ရေပြင်၊ မြေပြင်ထိ ပြုတ်မကျမချင်း ကျွန်တော် နောက်ဆုံး ရှင်သန်ရဦးမယ်။ လက်လေးဘက်လုံးငြိမ်သက်ရင်း လေစီးကြောင်းထဲမှာ ကျွန်တော့် နောက်ဆုံးအချိန်ကို ကျွန်တော်စောင့်ဆိုင်းရင်း ပြုံးနေခဲ့မိတယ်။

ကျွန်တော် မျက်လွှာချရင်း ဆက်ပြုံးသွားခဲ့တယ်။

• • •

ကျွန်တော့်ကို ဆွဲပါ
ပန်းချီကားတစ်ချပ် ဖြစ်ချင်လို့
ကျွန်တော့်ကို ဆိုပါ
သီချင်းတစ်ပုဒ် ဖြစ်ချင်လို့
ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ပါ
လူတစ်ယောက် . . .
ဖြစ် . . .
ချင် . . .
လို့ . . . . . . . . . . . . . . ။

သူဝေ

**July, 2014**

**02:21 PM**



www.burmeseclassic.com